နိုင်ငံတော် သံဃမဟာနာယက
ဆရာတော်ကြီးများ
မြန်မာ့ အသံမှ ဟောကြားအပ်သော

# ဧချင်းသံ
# တရားတော်များ

ကောင်းကြွယ် စီစဉ်သည်

(ဒုတိယအကြိမ်)

နိုင်ငံတော်

သံဃမဟာနာယက ဆရာတော်ကြီးများ

မြန်မာ့အသံမှ အသံလွှင့်ဟောကြားအပ်သော

# ေလကျင်းခံ
# တရားတော်များ

ကောင်းကွယ်
စီစဉ်သည်


ကျေးဝေတယန် စာပေ

စာတိုက်သေတ္တာ ၈၇

ဗဟိုစာတိုက်ကြီး ရန်ကုန်

ပုံနှိပ်မှတ်တမ်း
ဒုတိယအကြိမ်
၁၉၉၂ ခုနှစ် နိုဝင်ဘာလ

အုပ်ရေ ၃၀၀

စာမူခွင့်ပြုချက်အမှတ်(၇၄၄/၉၂ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၂/၉၂) (၇)

မျက်နှာဖုံး ကျော်ဖြူစံ

မျက်နှာဖုံးရိုက် ဦးကျော်စိန်

ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်

တန်ဖိုး ၄၀ ကျပ်

ဦးမြသန်း မြဲ(၀၁၀၅၀) အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ ဇဲ့စုံလမ်း
ကမ္ဘာအေးရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်သန်းကြည် (မြဲ ၀၂၆၇၀)

ဝင်းရွှေစင် ပုံနှိပ်တိုက်
၂၆၊ ၉၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တွင်
ရိုက်နှိပ်သည်။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤစာအုပ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများ မြန်မာ့အသံမှ အလှည့်ကျဟောကြားထုတ်လွှင့်တော်မူခဲ့ကြသော ဆရာတော်ကြီး ဆယ့်လေးပါးတို့၏ တရားတော် ဆယ့်ခြောက်ပုဒ်ကို စုစည်းထားပေသည်။ ဆရာတော်ကြီးများသည် အချိန်ကာလနှင့် လိုက်လျောညီထွေရှိမည့်တရားတော်များကို ဘုရားဟော ပိဋကတ်တော်များမှ ထုတ်နုတ်၍ ဟောကြားတော် မူခဲ့ကြသော တရားတော်များ ဖြစ်ပေသည်။ ထို့ပြင် မြန်မာ့အသံမှ အသံလွှင့်ဟောကြားရသော တရားတော် အစီအစဉ်တိုင်းသည် အချိန်အတိုင်းအတာနှင့် ဟောရသော တရားများဖြစ်ပေသည်။ ထို့ကြောင့် တိုတောင်းသော အချိန်ပိုင်းအတွင်း ဝယ် လိုရင်းတိုရှင်းဖြင့် တရားနာပရိသတ်များ သိနားလည်လွယ်အောင် ဟောကြားရပေသည်၊ သို့ဖြစ်၍ မျက်မှောက်ခေတ်ကာလ တရားနာ ပရိသတ်များနှင့် အထူးကိုက်ညီဆီလျော်သော ခေတ်မီတရားဒေသနာများဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

မျက်မှောက်ခေတ် ကာလတွင် ကျား-မ မဟူ အချိန်ကို တန်ဖိုးထားကာ အလုပ်ကို ကြိုးစား၍ လုပ်နေကြပေသည်၊ ဤသို့သော အချိန်ကာလမျိုးတွင် တရားဟောသူအတွက်ရော၊

တရားနာသူအတွက်ပါအချိန်နည်းနည်းနှင့်ဗုဒ္ဓ၏ လိုရင်းအနှစ်ချုပ် တရားတော်များကို ဟောကြားသည့် ပုဂ္ဂိုလ်များဘက်က ဟောကြားရန် လိုအပ်သကဲ့သို့ နာယူသူများဘက်ကလည်းထိုသို့ လိုရင်းတိုရှင်း တရားတော်များကို နှစ်သက်တတ်ကြသည်။ သို့ဖြစ်၍ ဤစာအုပ်သည် ယင်းသို့သော တရားဟော တရားနာ ပုဂ္ဂိုလ်များအတွက် ရည်ညွှန်းကာ စုစည်းမှုပြု၍ စီစဉ်လိုက်ခြင်း ဖြစ်ပေသည်။

ထုထဲသော တရားစာအုပ်ကြီးများသည် ခရီးသွားရင်း လာရင်း လူထဲတွင် ယူဆောင်ဖတ်ရှုသွားရန် ခဲယဉ်းသကဲ့သို့ ဝယ်ယူ ဖတ်ရှုသူတို့အတွက်လည်း အခက်အခဲရှိပေသည်။ ဤ တရားစာအုပ်သည် ခရီးသွားရင်း လာရင်းလည်း လူထဲတွင် ယူဆောင်ဖတ်ရှုရန် လွယ်ကူမည် ဖြစ်သကဲ့ကို ဝယ်ယူဖတ်ရှုသူများအတွက်လည်း တန်ဖိုးမကြီးလှသဖြင့် တတ်နိုင်ပေသည်။ ခရီးသွားရင်းလာရင်း အချိန်တိုတိုအတွင်းမှာပင် ဗုဒ္ဓဘုရားရှင်၏အဆုံးအမ လမ်းညွှန်ဖြစ်သော တရားဓမ္မများကိုမှတ်သားရှုပွားလေ့လာထားနိုင်မည် ဖြစ်ပေသည်။ စီစဉ်သူသည် ဤသို့ စိတ်စေတနာ မေတ္တာကို အရင်းခံကာ စီစဉ်လိုက်ခြင်း ဖြစ်ပေသည်။

တရားစာမြည်း အနေအားဖြင့် ဆရာတော်ကြီးများ၏ အောက်ပါ တရားဓမ္မများကို ဖော်ညွှန်းတင်ပြအပ်ပေသည်။

၀

ဆရာတော်ကြီးများ၏

# စာမြည်းတရားစမ္ဗူများ

၁

နှစ်သက်စရာကောင်းတဲ့ အဆင်းအနံ့ အရသာအတွေ့အထိတွေ၊ ချစ်စရာကောင်းတဲ့ ယောကျ်ားမိန်းမတွေ သက်ရှိအာရုံတွေ၊ လိုချင်စရာကောင်းတဲ့ အဝတ်တန်ဆာ တိုက်တာနေအိမ်စတဲ့ အသုံးအဆောင်တွေကိုဝတ္ထုကာမလို့ ခေါ်တယ်။အဲသည်သက်ရှိသက်မဲ့ဖြစ်တဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို မက်မောတဲ့တဏှာလောဘကြောင့် အဲသည် အာရုံတွေကို ရအောင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးဝှက်တိုက်ခိုက်ခြင်း စတဲ့မကောင်းမှုတွေကို ပြုကြတဲ့အတွက်အပါယ်လေးပါး ကျပြီးဒုက္ခရောက်ကြရတယ်။

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ) မကွေး။

---

လူ့ဒါန်းပေးကမ်းဆဲ ခဏလေးမှာ ဘုံသုံးပါးကို လိုချင်မှု၊ အာရုံငါးပါးကို တွယ်တာမှုတွေကို ဖြတ်ထားပါ။

ဘဒ္ဒန္တခေမာဝံ့ဝ (အဂ္ဂမဟာပဏ္ဍိတ) ဟသ်ာတ။

---

လောကဌ် တစ်ခါတစ်ရံ အားနည်းသူသည် အားကြီးသူ၏ချွတ်ယွင်းချက် ချို့တဲ့ချက်များကို မြင်နိုင်သည်။တစ်ခါတစ်ရံအားကြီးသူက အားနည်းသူ၏ ချွတ်ယွင်းချက် ချို့တဲ့ချက်များကို မြင်တတ်ပြန်သည်။

ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မန္တလေး။

ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို လိုက်နာကျင့်သုံးကြသူများတွင် အချို့အကျိုးအကြောင်း၊ အဆိုးအကောင်းတွေကို သိကြရ၏။ တချို့ ဈာန်ရ၍ ဈာန်ဖြင့် မွေ့လျော်ကြရ၏။ တချို့ ရုပ်နာမ်ခံမှု သင်္ခါရတို့၏ အဖြစ်အပျက်တွေကို ဆင်ခြင်သုံးသပ် ရှုမှတ်၍ သိမြင်ရခြင်းကြောင့် ပျော်ရွှင်နေကြရ၏။

ဘဒ္ဒန္တပညိန္ဒ (တမူးဆရာတော်)။

---

ခန္ဓာရလာကြတဲ့ သတ္တဝါမှန်သမျှ ခန္ဓာက လူသတ်သမား အစစ် ဖြစ်နေသည့်အတွက် သွားလေရာ နေလေရာ ထိုင်လေရာ အိပ်လေရာတို့၌ လူသတ်သမားက ကိုယ့်နောက်က အမြဲပါလာနေပါတော့တယ်။ လူသတ်သမားက အခွင့်ရတဲ့ အချိန်မှာ သတ်မှာဖြစ်တော့ သွားရင်းလဲ သေတယ်၊ နေရင်း ထိုင်ရင်း အိပ်ရင်းလဲ သေရပါတယ်။ ခန္ဓာရလာတဲ့ သတ္တဝါမှန်သမျှ သေတဲ့ အမျိုးချည်းပဲလို့ မှတ်ရပါမယ်။

ဘဒ္ဒန္တကေလာသ (မိတ္ထီလာ-ပျံလွန်)။

---

တမလွန်ဇာဝ တိုးတက်ကြီးပွားရေးအတွက် ဒါနမှုတွေ ပြုလုပ်နေတာ၊ သီတင်းသီလ ကျင့်သုံးဆောက်တည်နေတာ၊ သမထဝိပဿနာ ဘာဝနာအလုပ်တွေကို ကြိုးစားအားထုတ် ပွားများနေတာဟာလဲ ဒီလုပ်ငန်းတွေကို ပြုလုပ်တဲ့အတွက် ရရှိလာမည့် အကျိုးကျေးဇူးတွေကို သက်ဝင်ယုံကြည်လို့ ခံယူချက် အမြင် ကြည်လင်ပြတ်သားစေတဲ့ သဒ္ဓါတရားက ဦးဆောင် လမ်းညွှန်ပေးလို့ပဲ ဖြစ်ပါတယ်။

ဘဒ္ဒန္တကဝိန္ဒာစာရ (လားရှိုး)။

အကုသိုလ်တရားများသည် သံသရာအတွက် ဆုတ်ယုတ်မှုများဖြစ်၍ ကုသိုလ်တရားများကသာ သံသရာအတွက် တိုးတက်ကြီးပွားမှုများ ဖြစ်ပါသည်။

ဘဒ္ဒန္တလာဘသာမိ(ဟင်္သာတ)။

---

အခုမှနဲ့ ဓမ္မလမ်းရယ်လို့ လမ်းနှစ်သွယ်ရှိရာတွင် ဘယ်လမ်းကိုရွေးပြီးပါပြီလဲ၊ မည်သည့်လမ်းကိုမှ မရွေးဘဲ ခြေစုံရပ်နေ၍ မဖြစ်နိုင်ပါ၊ တစ်လမ်းလမ်းသို့ မြန်းရမည်မှာ ဧဝကန်အမှန်ဖြစ်ပါတော့တယ်။

ဘဒ္ဒန္တဩသဓာဘိဝံသ (ညောင်တုန်း)။

---

ကြီးလေးသော မကောင်းမှု အကုသိုလ်ကို ပြုလုပ်ခဲ့သူများ ကြီးလေးသော မကောင်းမှုမျိုး မဟုတ်သော်လည်း မကောင်းမှုမျိုးစုံကို ပြုလုပ်ခဲ့သူများနှင့် မကောင်းမှု တစ်မျိုးတည်းကပင် ခဏခဏ အကြိမ်ကြိမ် အထပ်ထပ် ပြုလုပ်ခဲ့သူများသည် ကွယ်လွန်ပြီးနောက် ဆင်းရဲမျိုးစုံရာ ငရဲခန်းအတွင်း တိုက်ရိုက်ရောက်သွားရပါသည်။

ဘဒ္ဒန္တဝိမလာဘိဝံသ(ရွှေဘို)။

---

ကုသိုလ်တရားကို ရယူထားပြီးနောက် မိမိရရှိသော ကုသိုလ်အဖို့ကို မိမိနေထိုင်ရာ မြို့ရွာဒေသမှာ ရှိနေကြသည့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့အား အမျှပေးဝေသော အားဖြင့် မြတ်နိုးကော်ရော် ပူဇော်ပသလိုက်ပါ၊ ကုသိုလ်အဖို့ကို အမျှပေးဝေသောအားဖြင့် မြတ်နိုးကော်ရော် ပူဇော်ပသခြင်း

ခံကြရသည့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့က အမျှပေးဝေပြီး ပူဇော်ပသသည့် ပညာရှိပုဂ္ဂိုလ်ကို တုန့်ပြန်၍ ပူဇော်ကြပါလိမ့်မည်၊ တုန့်ပြန်၍ မြတ်နိုးကြပါလိမ့်မည်။

ဘဒ္ဒန္တကေသရ (သရက်)။

---

စိတ်ကလည်းဖြူစင် မြင့်မြတ်တဲ့စိတ်၊ မည်းနက် ယုတ်ညံ့တဲ့စိတ်လို့ ရှိနေတော့ ပုဂ္ဂိုလ်သတ္တဝါကလည်း ဖြူစင်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ၊ မည်းနက်ယုတ်ညံ့တဲ့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ဖြစ်လာပါတယ်။

ဘဒ္ဒန္တကုသလသာမိ (မော်လမြိုင်ကျွန်း)။

---

ဗုဒ္ဓဘုရားရှင်သည် သက်တော်ရှစ်ဆယ်၊ ဝါတော်လေးဆယ့်ငါးဝါ ကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါအများတို့၏ လောကီလောကုတ္တရာ အကျိုးစီးပွားနှင့် ဆက်နွှယ်သောတရားတော်များကို မခနမနား ဟောကြားတော် မူသွားခဲ့ပေသည်။ ယခုအခါ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသည်မှာပင် နှစ်ထောင့်ငါးရာကျော်ပေပြီ။ သို့သော် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သောတရားဓမ္မများက လူနတ်ဗြဟ္မာ သတ္တဝါအများတို့၏ လောကီလောကုတ္တရာ အကျိုးစီးပွားဖြစ်ထွန်းကြောင်းများကို လမ်းညွှန်ပြနေဆဲပင် ဖြစ်လေသည်။

ယင်းသို့သော တရားတော်များကို ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသည့် နောက်ပိုင်းအချိန်ကာလမှစ၍ မျက်မှောက်ခေတ်ကာလအထိ ဗုဒ္ဓဘုရားရှင်၏အနွယ်တော်မှစဉ်ဆက်မပြတ်

သင်း သက်သာခဲ့ကြသော ရဟန်းတော်များက လက်ဆင့်ကမ်း ပြောကြားကာ ဗုဒ္ဓသာသနာတော် ထွန်းကားရာ ထွန်းကားကြောင်း တာဝန်များကို ထမ်းဆောင်လျက် ရှိကြပါသည်။

ဤစာအုပ်တွင်လည်း ယင်းသို့သော ဗုဒ္ဓသာသနာတော် ထွန်းကားရာထွန်းကားကြောင်းထမ်းဆောင်ကြရာတွင်မြန်မာပြည်၏ သာသနာပြု မီးရှူးတန်ဆောင်ကြီးများ ဖြစ်တော်မူကြသော နိုင်ငံတော် သုံးဆယ်ဟာနာယက ဆရာတော်ကြီးများ၏ တရားစုံများကို စေတနာကောင်းဖြင့် စုစည်းပြီး စီစဉ်ကာ သာသနာပြုလိုက်ခြင်းပင် ဖြစ်ပါသည်။

အရှင်ကုသလဗုဒ္ဓိ (ကောင်းကြွယ်)

စီစဉ်သူ

၂၁-၁၂-၀၉

(ည)

သားသားမီးမီးတို့ကို ဘာသာယဉ်ကျေးမှုနဲ့ ပြည့်ဝသူများ

ဖြစ်စေချင်သလား။

အရှင်ကုသလဗုဒ္ဓိ

(ကောင်းကြွယ်) ရေးတဲ့

**ဗုဒ္ဓယဉ်ကျေးမှု ကျင့်ဝတ်များ**

စာအုပ်ကို ဝယ်ပေးထား

တစ်အုပ်လုံး ခေတ်မီကွန်ပြူတာ လေဆာစာလုံးများဖြင့်
ရိုက်နှိပ်ထားသည်။

တတိယအကြိမ် ထပ်မံပုံနှိပ်ခြင်း ထွက်ပြီ။

ရောင်းဈေး ၂၀ ကျပ်

ကိုယ်စားလှယ်နှုန်း ၁၀ ကျပ်။

ကျေးစေတမန်စာပေ

သားသားမီးမီးတို့ကို လိမ္မာယဉ်ကျေးအောင်မွေ့စေချင်သလား

ကောင်းကြွယ် ရေးတဲ့

ဗုဒ္ဓဝင်နှင့်လောကနီတိ

ကလေးကဗျာများ စာအုပ်ကို ဝယ်ပေးထား

ဘစ်အုပ်လုံး ခေတ်မီကွန်ပျူတာ စာအုပ်များဖြင့်

ရိုက်နှိပ်ထားသည်

တတိယအကြိမ် ထပ်မံပုံနှိပ်ခြင်း ထွက်ပြီ

ရောင်းဈေး ၁၅ ကျပ်

ကိုယ်စားလှယ်နှုန်း ၁၃ ကျပ်

ကျေးစေတမန် စာပေ

မိဘကျေးဇူးသိတတ်တဲ့ သားသမီး ဖြစ်စေချင်သလား

ကောင်းကြွယ်ရေးတဲ့

**အလိမ္မာမလေး အမောပြေ နှင့်**

**အခြားသော ပုံပြင်**

များစာအုပ်ကို ဝယ်ပေးထား

တစ်အုပ်လုံး ခေတ်မီ ကွန်ပျူတာ

လေဆာစာလုံးများဖြင့်

ထွက်ပြီ

ရောင်းဈေး ၃၂ ကျပ်

ကိုယ်စားလှယ်နှုန်း ၂၈ ကျပ်

ကျေးစေတမန် စာပေ

ပထမပြန် စာသင်သား ရှင်ရဟန်းများနှင့်

ကလေးသူငယ်များ

မိဘကျေးဇူးသိတတ်ရေးအတွက် ရည်ရွယ်လျက်

သုဝဏ္ဏသာမ ဇာတ်တော်ကြီးကို

ပစ္စုပ္ပန် အတိတ် နှစ်ပိုင်းခွဲခြားပြီး

စိတ်ဝင်စားဖွယ် ဖြစ်အောင် ရေးသားထားတဲ့

ကလေးကဗျာဆရာ

ကောင်းကြွယ်ရဲ့

ဒုတိယမြောက် လက်ရာဖြစ်တဲ့

**သားကောင်းရတနာ**

**ကဗျာများ**

မကြာမီ ထွက်တော့မည်

နယ်ကိုယ်စားလှယ်တော်ကြီးများ

အမှာစာ ပေးပို့နိုင်ကြပါပြီ

ကျေးစေတမန်စာပေ

အချစ်ကြောင့် သောကဖြစ်နေရသူများ

မလွှဲမရှောင်သာသည့် သေခြင်းတရားကြောင့်

ခွဲခွါသွားသူများကြောင့် သောကရောက်နေရသူများအတွက်

အရှင်ကုသလ ဗုဒ္ဓိ

(ကောင်းကြွယ်)

ရေးသားပြုစုသည့်

**သောကကင်းဝေး ချမ်းသာရေးတရားတော်များ**

ဆက်လက်ထွက်ပါမည်

မျှော် မျှော် မျှော်

လေလှိုင်းသံတရား ဒုတိယတွဲ ဆက်လက် ထွက်ပါမည်။ မျှော်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သြဃတရဏသုတ္တန် တရားတော် | ၁ |
| ၂။ | ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော် | ၁၂ |
| ၃။ | စခန်းမထောင့် မဂ်လမ်းဖြောင့် တရားတော် | ၂၀ |
| ၄။ | နယုန်လပြည့် မဟာသမယ အခါတော်နေ့ တရားတော် | ၃၉ |
| ၅။ | သုံးပါးရတနာ ကိုးကွယ်ရာ တရားတော် | ၅၃ |
| ၆။ | ကိုယ့်ရန်သူဟာ ကိုယ့်ခန္ဓာ တရားတော် | ၆၃ |
| ၇။ | တရား၄ါးပါး စိမ့်ထိုးပွား လားရထက်နတ်ရွာ တရားတော် | ၇၂ |
| ၈။ | နှစ်သစ်မင်္ဂလာ ကျင့်ဖွယ်ရာ တရားတော် | ၈၈ |
| ၉။ | ဓမ္မစကြာဒေသနာအကြောင်း တရားတော် | ၉၈ |
| ၁၀။ | ကြိုက်ရာရွေးချယ် လမ်းနှစ်သွယ် တရားတော် | ၁၀၉ |
| ၁၁။ | အနတ္တလက္ခဏသုတ္တန် တရားတော် | ၁၂၃ |
| ၁၂။ | ဒေဝဒူတသုတ္တန် တရားတော် | ၁၃၁ |
| ၁၃။ | နောင်တဆယ်ပါး တရားတော် | ၁၄၇ |
| ၁၄။ | ဘုရားဟောသော နတ်ပူဇော်နည်း တရားတော် | ၁၆၂ |
| ၁၅။ | စိတ်တလုံး အသုံးချပုံ တရားတော် | ၁၇၆ |
| ၁၆။ | စစ်မှန်သော ကိုးကွယ်ရာ တရားတော် | ၁၈၇ |
| ၁၇။ | စက်လေးပါးစုံ လှည့်လည်ပုံ တရားတော် | ၁၉၉ |
| ၁၈။ | ဇရာသုတ္တန်တရားတော် | ၂၁၂ |

## ပိန္နဲသီးလိုလူမျိုး

*

ပိန္နဲသီးမှည့် မျက်နှာငယ်၊
ဆူးကြောင် အလှကွယ်
အလှဝယ် မရှိလည်း
ချိုမြရသ ကဲ။

သူတော်ကောင်းလည်း ထို့တူလျှင်
ပိန္နဲသီးသို့ပင်။
နှလုံးစိတ်တွင် လှပါဘိ
လောကနီတိ မိန့်ဆို၏။

# လေလှိုင်းသံတရားတော်များ

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဩဃတရဏသုတ္တန် တရားတော်

ယနေ့မြန်မာ့အသံမှအသံလွှင့်ဟောကြားမည့် တရားတော်ကတော့ နိကာယ်ငါးရပ်အနက် သံယုတ္တနိကာယ်မှ အစဦးဆုံးသဂါထာဝဂ်ထဲကပါတဲ့ ဩဃတရဏသုတ္တန်တရားတော်ဖြစ်ပါတယ်။ ဩဃတရဏသုတ် ဆိုတာ ဘုရားရှင် ကိုယ်တော်မြတ်ကိလေသာရေအလျဉ်ကို ကူးမြောက်တော် မူခဲ့ပုံကို ဟောကြားထားတဲ့ သုတ်ပါပဲ။ ဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် တစ်ခုသောညဉ့်အခါမှာ ရုပ်ဝေဆြာမြင့်မြတ်တဲ့ နတ်သားကြီးတစ်ဦးဟာ ဘုရားရှင်ထံတော်မှောက် ဆိုက်ရောက်လာပြီး ဘုရားရှင်ကို ရှိခိုးဦးချလျက် သင့်တော်တဲ့နေရာမှာ နေပြီးတော့–

"ကထံ နု တွံ မာရိသ ဩဃမတရိ"။

ရှင်တော်မြတ်ဘုရား–ရှင်တော်မြတ်ဘုရားသည် အဘယ်သို့သောအကြောင်းဖြင့် ဩဃလေးသွယ်ကိလေသာရေပင်လယ်ကို ကူးမြောက်တော် မူခဲ့ပါသနည်း–လို့ လျှောက်ထား မေးမြန်းပေတယ်။

လောကမှာ အင်း အိုင် ချောင်း မြောင်း မြစ် သမုဒ္ဒရာတွေထဲက ရေအလျဉ်တွေကို လူတိုင်းသိကြပါတယ်။ အဲသည် ရေ

အလျဉ်တွေထဲ ကျရောက်သွားလျှင် မျောပါနစ်မြုပ်ပြီး သေတတ်တယ်။ ဒါ့ကြောင့် အဲဒီသည့်ရေ အလျဉ်တွေကို ဩဃ-လို့ ခေါ်တယ်။ တိုနည်းအတူပဲ လောဘ ဒိဋ္ဌိ မောဟဆိုတဲ့ ကိလေသာတွေဟာလဲ သတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲမှာ မျောပါနစ်မြုပ်ပြီး ဒုက္ခရောက်စေတတ်တယ်။

ဒါ့ကြောင့် အဲဒီသည့် လောဘ ဒိဋ္ဌိ မောဟဆိုတဲ့ ကိလေသာတွေကိုလဲ ဩဃ-လို့ ခေါ်တယ်။ အဲဒီသည့်ဩဃ-က ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃသို့ လေးမျိုးရှိတယ်။ အဲဒီသည့် လေးမျိုးထဲမှာ နှစ်သက်ချစ်ခင်လိုချင်စရာကောင်းတဲ့ကာမဂုဏ် အာရုံတွေကို နှစ်သက် ချစ်ခင် လိုချင်တပ်မက်မောတဲ့ တဏှာလောဘကို ကာမောဃလို့ ခေါ်တယ်။ နှစ်သက်စရာကောင်းတဲ့ အဆင်း အသံ အနံ့ အရသာအတွေ့အထိတွေ၊ ချစ်စရာကောင်းတဲ့ ယောကျ်ား မိန်းမစတဲ့သက်ရှိအာရုံတွေ၊ လိုချင်စရာကောင်းတဲ့ အဝတ်တန်ဆာ တိုက်တာနေအိမ်စတဲ့ အသုံးအဆောင်တွေကို ဝတ္ထုကာမလို့ ခေါ်တယ်။

အဲဒီသည့် သက်ရှိသက်မဲ့ဖြစ်တဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို မက်မောတဲ့ တဏှာ လောဘတွေကြောင့် အဲဒီသည့် အာရုံတွေကို ရအောင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးဝှက်တိုက်ခိုက်ခြင်း စတဲ့မကောင်းမှုတွေကိုပြုကြတဲ့အတွက် အပါယ်လေးပါးကျပြီး ဒုက္ခရောက်ကြရတယ်။ တချို့ကတော့ နောက်ဘဝတွေမှာ လူ နတ်တို့ရဲ့ စည်းစိမ်တွေရအောင်လို့ ဒါန သီလစတဲ့ ကောင်းမှုတွေကိုပြုကြတဲ့အတွက်လူ့ ဘဝနတ်ဘဝတွေရောက်ပြီး သံသရာမှာ ကျင်လည် ကြရတယ်၊ သံသရာမှာ ကျင်လည် ကြရတော့ အိုရ နာရ သေ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရခြင်းစတဲ့

သံသရာဆင်းရဲတွေနဲ့ တွေ့ကြရတာပေါ့။ ဒါဟာ ကာမဘဝ ခေါ်တဲ့ ကာမဝေယျဉ်ကြောမှာ မျောပါနစ်မြုပ် ဒုက္ခရောက်ရ ပုံပါပဲ။

ရုပအရူပချာန်နှင့်အဲသည်ဈာန်ရဲ့ အကျိုးဝိပါက်ဖြစ်တဲ့ ရူပ ဘဝ အရူပဘဝကို သာယာနှစ်သက်တပ်မက်တဲ့ တဏှာလောဘ ကို ဘဝေါဃ-လို့ ခေါ်တယ်။ အချို့ ပုဂ္ဂိုလ်တွေဟာ ရူပ အရူပ ဗြဟ္မာဘဝတွေကို လိုချင်တာနဲ့ ရူပ အရူပဈာန် တွေကို ရအောင် သမထဘာဝနာကိုအားထုတ်ကြတဲ့အတွက် ရူပ အရူပ ဈာန်ကိုရလို့ ဗြဟ္မာ့ဘုံတွေကိုရောက်ပြီးကမ္ဘာပေါင်းများစွာ ချမ်းသာနေကြတယ်။

ခပ္ပလောက်တော့ သက်သာရာ ရသွားတယ်လို့ ဆိုရမှာ ပေါ့။ ဒါပေမဲ့ သက်တမ်းကုန်တဲ့အခါ ဗြဟ္မာ့ဘုံက စုတေပြီး လူ့ပြည်နတ်ပြည်ရောက် အဲသည်ကတစ်ဆင့် အပါယ်လေးပါး ကျပြီး ဒုက္ခရောက်သွားရပြန်တာပဲ။ အဲ့ဒါဟာ ဘဝေါဃခေါ် တဲ့ ဘဝဝေယျဉ်ကြောမှာနစ်မြုပ် ဒုက္ခရောက်ပုံပါပဲ။

၆၂-ပါးသောမိစ္ဆာဒိဋ္ဌိလို့ ခေါ်တဲ့အယူမှားတွေကိုဒိဋ္ဌော ဃ-လို့ခေါ်တယ်။ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးဆိုတော့ အလွန်များ တယ်၊ ဒါပေမဲ့ အကျဉ်းချုပ်လိုက်လျှင်တော့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးသော အရင်းခံရှိပါတယ်။

အဲသည်နှစ်ပါးထဲက သဿတဒိဋ္ဌိ ဆိုတာ သတ္တဝါတွေမှာ အသက်လိပ်ပြာခေါ်တဲ့ အတ္တရှိတယ်။ သတ္တဝါတွေ သေသော် လည်း အဲသည်အသက် လိပ်ပြာခေါ်တဲ့ အတ္တက မပျက်စီးပဲ တစ်ဘဝမှ တစ်ဘဝသို့ကူးသွားပြီး အမြဲ တည်နေတယ်လို့ မှား ယူကဲ့ အယူပါပဲ။

ဥစ္ဆေဒဒိဋ္ဌိဆိုတာကတော့ သတ္တဝါတွေမှာ အသက်လိပ်ပြာ ရောက်တဲ့အတ္တရှိတယ်။ သတ္တဝါတွေ သေတဲ့အခါ အဲသည်အတ္တဟာ ပြတ်စဲ သွားတယ်။ သေပြီးတဲ့နောက် ဘာမှ မဖြစ်တော့ဘူးလို့ ယူတဲ့ အယူပါပဲ။ (လူဆိုတာ ပုခက်နဲ့ ခေါင်းကြားမှာသာရှိတယ်လို့ ယူတဲ့အယူသဲ ဥစ္ဆေဒဒိဋ္ဌိပါပဲ)။

အဲသည်ဥစ္ဆေဒအယူရှိတဲ့သူဟာ နောက်ဘဝမရှိဘူးလို့ ယုံကြည်နေတဲ့အတွက် နောက်ဘဝမှာ ခံရစံရမည့် ကုသိုလ် အကုသိုလ်တို့၏ အကျိုးအပြစ်သဲမရှိဘူး။

ဒါ့ကြောင့် ကုသိုလ်ကိုလဲ ပြုဖို့မလိုဘူး။ အကုသိုလ် ကိုလဲ ရှောင်ဖို့မလိုဘူး။ ကိုယ်လုပ်ချင်တာ လုပ်နိုင်တယ်လို့ ယူသွားတယ်။ ဒါ့ကြောင့်ကုသိုလ်ဖြစ်ဖို့မရှိပဲ အကုသိုလ်တွေသာများပြီးလျှင် သေတဲ့အခါ အပါယ်လားသွားရတယ်။

သဿတဒိဋ္ဌိ အယူရှိသူတွေမှာတော့ တချို့ကနောင်ဘဝကောင်းစားအောင်လို့ ဒါန သီလစတဲ့ ကုသိုလ်ပြုကြတဲ့အတွက် လူ့ဘဝနတ်ဘဝတွေမှာဖြစ်ပြီးသံသရာမှာကျင်လည်ကြရတယ် တချို့ကတော့လဲ သတ္တဝါတွေသတ်ပြီး ယစ်ပူဇော်ခြင်းစတဲ့ အလုပ်တွေကို ကောင်းမှုကုသိုလ် ထင်ပြီး ပြုမှားမိတဲ့အတွက် အပါယ်လေးပါးလားကြရတယ်။ ဒါတွေဟာ ဒိဋ္ဌေသာခေါ်တဲ့ ဒိဋ္ဌိရေယဉ်ကြောမှာ မျောပါနစ်မြုပ် ဒုက္ခရောက်ရပုံပါပဲ။

သစ္စာလေးပါးကိုအမှန်အတိုင်းမသိအောင်ဖုံးလွှမ်းတတ်တဲ့ မောဟကို အဝိဇ္ဇောဃ-လို့ခေါ်တယ်။ အမျှားနားလည်အောင် ဆိုနည်းယော်ရှင်းပြပါဦးမယ်။

သတ္တဝါတွေရဲ့သန္တာန်မှာဖြစ်နေသမျှတဏှာမှကြွင်းကျန်တဲ့ နာမ်ရုပ်တရားတွေဟာ ဆင်းရဲစစ် ဆင်းရဲမှန် ဒုက္ခသစ္စာချည်း ပါပဲ။

ဒါပေမဲ့ လူအများစုကတော့ ဆင်းရဲလို့မထင်ဘဲချမ်းသာလို့ ထင်နေကြတယ်၊ နောက်ပြီးတော့ နှစ်သက်ချစ်ခင် လိုချင်မက်မောတဲ့တဏှာကိုဒုက္ခဖြစ်ရခြင်း၏အကြောင်းသမုဒယသစ္စာလို့ မသိကြဘူး။ တဏှာအကြွင်းမရှိအောင် ချုပ်ငြိမ်းသွားခြင်းကို ဒုက္ခချုပ်ငြိမ်းမှု နိရောဓသစ္စာ (နိဗ္ဗာန်)လို့ မသိကြဘူး။ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်ရှစ်ပါးကို ဒုက္ခချုပ်ငြိမ်းမှုနိရောဓခေါ်တဲ့ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မှန် မဂ္ဂသစ္စာလို့လဲ မသိကြဘူး။

အဲသည်လိုအထင်လွဲတာ မသိတာတွေဟာ အဝိဇ္ဇာဖုံးလွှမ်းမှုချည်းပါပဲ။ အဝိဇ္ဇာဖုံးလွှမ်းလို့ အကောင်းထင်နေတော့လိုချင်မက်မောတဲ့တဏှာဖြစ်တယ်၊ လိုချင်တဲ့တဏှာဖြစ်တော့စွဲလမ်းတဲ့ ဥပါဒါန် ဖြစ်တယ်။ စွဲလမ်းတော့ ရရအောင် အားထုတ်တဲ့ လောကီကုသိုလ် အကုသိုလ်ကံတွေ ဖြစ်တယ်။ အဲသည်ကံတွေကြောင့် အထက်ဘဝဂ် အောက်အဝီစိအထိ ဘဝများစွာမှာ ကျင်လည်ပြီး ဒုက္ခတွေ ရောက်ကြရတယ်။ ဒါဟာ အဝိဇ္ဇာဟု ခေါ်တဲ့ ရေယဉ်ကြောမှာ မျောပါနစ်မြုပ် ဒုက္ခရောက်ရပုံပါပဲ။

ဒီသြဃလေးဖြာ ကိလေသာ ရေယဉ်ကြီးတွေဟာ အလွန်ကြောက်စရာကောင်းတယ်။ ပကတိ ရေအလျဉ်ထဲ နစ်မြုပ်ရတာက တစ်ဘဝသာ သေရတာပါ၊ ဩဃလေးဖြာ ကိလေသာ ရေအလျဉ်ကြီးတွေထဲ မျောပါနစ်မြုပ်ကြရတာကတော့ အခါမထင် သံသရာတစ်ခွင်က ယနေ့အထိပါပဲ။ နောင်လဲ ဆိုင်ရာမဂ်

ဖြင့် မကူးနိုင်သေးသမျှ မျောပါနစ်မြုပ် ဒုက္ခရောက်နေကြရဦးမှာပဲ။ ဒီကိလေသာ ရေအလျဉ်ကြီးတွေကို ကူးဖို့ရန် မလွယ်ဘူး။

ဒါ့ကြောင့် ဗြဟ္မာကြီးက- ရှင်တော်မြတ်ဘုရား၊ ရှင်တော်မြတ်ဘုရားသည် ကြည်းလေးသွယ် ကိလေသာရေပင်လယ်ကြီးကို ဘယ်လိုအကြောင်းဖြင့် ကူးမြောက်တော် မူပါသလဲလို့မေးလျှောက်ခြင်း ဖြစ်ပါတယ်။

ဒီအမေးကို ဘုရားရှင်က- အပ္ပတိဋ္ဌံ ခွာဟံ အာဝုသော အနာယူဟံ ကြည်းမတရိံ၊ ဒါယကာဗြဟ္မာကြီး- ငါဘုရားသည် ရပ်လည်း မရပ်တည်ဘဲ အားလည်း မထုတ်ဘဲ ကြည်းလေးသွယ် ကိုလေသာရေပင်လယ်ကို ကူးမြောက်တော်မူခဲ့ပြီလို့ ဖြေတော်မူပါတယ်။

ဒီအဖြေကိုကြားရတော့ဗြဟ္မာကြီးရဲ့စိတ်ထဲမှာ မြစ်ချောင်းအားအိုင်စသည့်တွေထဲက ရေအလျဉ်ကို ကူးတဲ့သူတွေဟာ ရပ်သင့်တဲ့နေရာမှာရပ်တည်လို့ ကူးသင့်တဲ့နေရာမှာ အားထုတ်ပြီး ကူးရတယ် ဒါမှ ကိုယ်လိုရာ ရောက်နိုင်ကြတယ်။ ဘုရားရှင်ကတော့ အောက်အဝီစိ အထက်ဘဝဂ်အထိ ပျံ့နှံ့ စီးသွားနေတဲ့ ကိလေသာ ရေပင်လယ်ကြီးကို ရပ်သဲ မရပ်တည်ဘဲ အားလဲ မထုတ်ဘဲ ကူးမြောက်ခဲ့တယ်လို့ ဟောတော်မူထယ်။

ဒါဟာ ဘယ်လိုပါလဲလို့ တွေဝေသွားတယ်။

ဒါ့ကြောင့် ယထာ ကထံ ပန တွံ မာရိသ အပ္ပတိဋ္ဌံ အနာယူဟံ ကြည်းမတရိံ၊ ရှင်တော်မြတ်ဘုရား၊ ရှင်တော်မြတ်ဘုရားသည် ရပ်လဲရပ်တည်မနေဘဲ အားလဲမထုတ်ဘဲ ကိုလေသာ ရေပင်လယ်ကိုဘယ်ပုံဘယ်နည်းကူးမြောက်တော်မူခဲ့ပါသနည်းလို့ ထပ်ပြီးလျှောက်ထားမေးမြန်းပါတယ်။ ဒီတော့ဘုရားရှင်က—

ယဒါဿာဟံ အာဝုသော သန္တိဋ္ဌာမိ၊ တဒါဿု သံသီဒါမိ။
ယဒါဿာဟံ အာဝုသော အာယူဟာမိ၊တဒါဿု နိဗ္ဗုယှာမိ၊
ဧဝံဟံ အာဝုသော အပ္ပတိဋ္ဌံ၊ အနာယူဟံ ဩဃမတရိံ။

ဒါယကာပြဟ္မာကြီး၊ ငါဘုရားသည် ရပ်တည်နေလျှင် နစ်မြုပ်သွားရတယ်၊ အားထုတ်လျှင်လည်း မျောသွားရတယ်၊ ငါဘုရားသည် ဤအပြစ်နှစ်ပါးကို သံမြင်သောကြောင့်ရပ်လဲ ရပ်တည်မနေအားလဲမထုတ်ဘဲ ဩဃလေးဖြာကိလေသာအလျဉ်ကို ဤပုံဤနည်း ကူးမြောက်တော်မူခဲ့တယ်လို့ ဖြေတော်မူပါတယ်။

ဒီလိုဖြေဆို ဟောကြားလိုက်တော့ ပြဟ္မာကြီးကတော့ သိသွားပြီ၊ ဒါပေမယ့်အများပရိသတ်သိသာထင်ရှားအောင်ရှင်းပြရဦးမယ်၊ ရပ်တည်နေ လျှင်နစ်မြုပ်သွားရပုံ၊ အားထုတ်လျှင် မျောပါသွားရပုံကို အဋ္ဌကထာမှာ ခုနစ်မျိုးနဲ့ပြီး ရှင်းပြထားသော်လည်း အချိန်ကိုင့်ရတဲ့အတွက် နှစ်မျိုးလောက်သာပြောပြပါမယ်။

ကိလေသာတွေဖြစ်နေတာကို ရပ်တည်နေတယ်လို့ ခေါ်တယ်။ ကိလေသာ ဖြစ်ပြီး ရပ်တည်နေလျှင် သံသရာရေအလျဉ်ထဲမှာ နစ်မြုပ်သွားတော့တာပဲ၊ အဘိသင်္ခါရ ခေါ်တဲ့လောကီကုသိုလ် အကုသိုလ်ကံတွေ ပြုလုပ်နေတာကို အားထုတ်တယ်လို့ ခေါ်တယ်၊ လောကီကုသိုလ် အကုသိုလ်ကံတွေကို ပြုလုပ်ပြီး အားထုတ်နေလျှင် သံသရာရေယဉ်ကြောမှာ မျောပါသွားတာပဲတဲ့။

နောက်တစ်မျိုးကတော့ကာမဂုဏ်ချမ်းသာကို ငြိကပ် တွယ်တာသောအားဖြင့် အားထုတ်နေတာ၊ ဖြစ်စေတာ၊ ခံစားနေ

တာကို ရပ်တည်နေတယ်လို့ ခေါ်တယ်၊ ကာမဂုဏ်ချမ်းသာကို ခံစားပြီး ရပ်တည်နေလျှင်သံသရာရေလျဉ်ထဲမှာ နစ်မြုပ်သွားတော့တာပဲ၊ အစာ မစားခြင်း၊ ဆူးခုပေါ် အိပ်ခြင်း၊ ရေစိမ်ခြင်း၊ မီးလှုံခြင်း၊ နေလှန်းခြင်းစတဲ့ခန္ဓာကိုယ်ပင်ပန်းကြောင်းအကျင့်တွေကို ကျင့်နေတာကို အားထုတ်တယ်လို့ ခေါ်တယ်၊

အဲသည်လို ခန္ဓာကိုယ် ပင်ပန်းအောင်ကျင့်ပြီး အားထုတ်နေလျှင် သံသရာရေယဉ်ကြောမှာ မျောပါသွားတော့တာပဲတဲ့။ ဒါကြောင့်ဘုရားနောက်ကြဲ သူတော်စင်အပေါင်းတို့သည်းကိုလေ့လာ အစွန်း၊ ကာမသုခလိကာနုယောဂ အစွန်းဖြင့် ရပ်တည်မနေကြဘဲ အတ္တကိလမထာနုယောဂ အစွန်းဖြင့် အားမထုတ်ကြဘဲ ဩဃလေးဖြာ ကိလေသာ ရေအလျဉ်ကြီးတွေကို ကူးကြရမယ်။ ကူးဖို့ရန် ကျင့်စဉ်ကိုလဲ ဘုရားရှင်က....

သဗ္ဗဒါ သီလသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
အဇ္ဈတ္တစိန္တီ သတိမာ၊ ဩဃံ တရတိ ဒုတ္တရံ။

လို့ ဟေမဝတသုတ္တန်မှာ ဟောကြားတော်မူခဲ့ပါတယ်။

ဒီဂါထာမှာ–သဗ္ဗဒါ သီလသမ္ပန္နော–ဆိုတဲ့ပုဒ်ဖြင့် သီလသိက္ခာကို ပြတော်မူတယ်၊ သတိမာ သုသမာဟိတော–ဆိုတဲ့ နှစ်ပုဒ်ဖြင့် သမာဓိသိက္ခာကို ပြတော်မူတယ်။ အဇ္ဈတ္တစိန္တီ ပညဝါ–ဆိုတဲ့ နှစ်ပုဒ်ဖြင့် ပညာသိက္ခာကို ပြတော်မူတယ်၊ ဒါကြောင့် ဩဃလေးဖြာ ကိလေသာ ရေအလျဉ်ကြီးတွေကို ကူးမြောက်လိုတဲ့ သူတော်စင်သည် ရှေးဦးစွာသီလသိက္ခာနှင့် ပြည့်စုံအောင် အားထုတ်ရမယ်။

ဒါကြောင့်-သဗ္ဗဒါ သီလသမ္ပန္နော-လို့ ဟောတော်မူတယ်။ သဗ္ဗဒါ သီလသမ္ပန္နော၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း သီလနှင့် ပြည့်စုံရမယ်ဘဲ၊ လူပုဂ္ဂိုလ်ဖြစ်လျှင် ငါးပါးသီလနှင့် ပြည့်စုံရမယ်၊ ရဟန်းဖြစ်လျှင် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံရမယ်။ အဲသည်လို အခါခပ်သိမ်း သီလစင်ကြယ်နေပါမှ ကိုယ့်သီလကို ပြန်ဆင်ခြင်တဲ့အခါမှာ စိတ်နှလုံး သာယာရွှင်လန်းပြီး ဝမ်းမြောက်မှု ပါမောဇ္ဇ၊ နှစ်သက်မှုပီတိ၊ ငြိမ်းအေးမှု ပဿဒ္ဓိ၊ ချမ်းသာမှု သုခ၊ တည်ကြည်မှု သမာဓိရပြီး ယထာဘူတဉာဏ်ခေါ်တဲ့ ဝိပဿနာဉာဏ် ဖြစ်နိုင်တယ်။

ဝိပဿနာဉာဏ်ဖြစ်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီး သြဃံလေးဖြာ ကိလေသာ ရေအလျဉ်ကြောကြီးတွေကို ကူးမြောက်နိုင်တယ် ဒါကြောင့် ရှေးဦးစွာ အခါခပ်သိမ်း သီလနှင့် ပြည့်စုံရမယ်-လို့ ဟောတော်မူပါတယ်။

သီလသိက္ခာနှင့် ပြည့်စုံပြီးတဲ့နောက်သမာဓိသိက္ခာနှင့်ပြည့်စုံအောင် အားထုတ်ဖို့ရန် သတိမာ သုသမာဟိတာ၊ လို့ဟောတော်မူပါတယ်၊ သတိမာ သုသမာဟိတာ၊ သိက္ခာသုံးရပ် အမြဲမပြတ်ဖြစ်အောင် ရှက်ဆောင်ရာတတ်ဘဲ့ သတိရှိလျက် ကောင်းစွာတည်ကြည်သော ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့နှင့် ပြည့်စုံရမယ်ဘဲ၊ တတ်နိုင်လျှင် အပ္ပနာသမာဓိခေါ်တဲ့ ဈာန်ရအောင် သမထ ကမ္မဋ္ဌာန်းကိုအားထုတ်ရမယ်။ရူပဈာန် လေးပါး၊ အရူပဈာန်လေးပါး၊ အဲသည် ဈာန်သမာပတ် ရှစ်ပါးလုံးရအောင်အားထုတ်နိုင်လျှင် အကောင်းဆုံးပဲ။ ရှစ်ပါးလုံးရအောင် အားမထုတ်နိုင်လျှင် တစ်ပါး နှစ်ပါး စသည် တတ်နိုင်သလောက်ရအောင် အားထုတ်ရမယ်၊

ဈာန်ရအောင် အားမထုတ်နိုင်လျှင်တော့ ဈာန်၏ အနီး အပါးမှာဖြစ်တဲ့ ဥပစာရသမာဓိဖြစ်အောင် အားထုတ်ရမယ်။

သမထကမ္မဋ္ဌာန်းကို သီးခြားအားမထုတ်နိုင်တဲ့ပုဂ္ဂိုလ်များ အတွက်တော့ဖြစ်ဆဲနာမ်ရုပ်ကို ရှုမှတ်ပြီး ဥပစာရ သမာဓိနှင့် တူညီတဲ့ ခဏိကကေဂ္ဂတာခေါ်တဲ့ သမာဓိမျိုးဖြစ်အောင်အား ထုတ်ရမယ်။ အောက်ထစ်ဆုံး အဲဒီဥပစာရ သမာဓိ သို့မဟုတ် ခဏိကကေဂ္ဂတာခေါ်တဲ့ သမာဓိမျိုးလောက်တော့ ပြည့်စုံမှ စိတ်ဟာ နီဝရဏ အညစ်အကြေးကင်းလို့ သန့်ရှင်းစင်ကြယ်ပြီး စိတ္တဝိသုဒ္ဓိဖြစ်နိုင်တယ်။ စိတ္တဝိသုဒ္ဓိဖြစ်မှလဲ ဝိပဿနာဉာဏ်တွေ ဖြစ်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်။ ဒါမှ သြဿလေးဖြာ ကိလေသာ ရေအလျဉ်ကြောကြီးတွေကို ကူးမြောက်နိုင်တယ်။

ဥပစာရသမာဓိ သို့မဟုတ်ခဏိကကေဂ္ဂတာခေါ်တဲ့သမာဓိ လောက်မှ မပြည့်စုံလျှင် စိတ်ဟာ နီဝရဏအညစ်အကြေးတွေမှ မစင်ကြယ်ဘူး၊ စိတ္တဝိသုဒ္ဓိ မဖြစ်ဘူး။ စိတ္တဝိသုဒ္ဓိ မဖြစ်လျှင် ဝိပဿနာဉာဏ်လဲ မဖြစ်နိုင်တဲ့အတွက်မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုမရ နိုင်ဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုမရလျှင် သြဿလေးဖြာကိလေ သာ ရေအလျဉ်ကြောကြီးတွေကို ဘယ်မှာ ကူးမြောက်နိုင်ပါ့ တော့မလဲ။

ဒါကြောင့် ဒုတိယအဆင့်အနေနဲ့ သိက္ခာသုံးရပ်ကို အမြဲ မပြတ်ဖြစ်အောင် ဆောင်ရွက်နိုင်တဲ့အထိ ကောင်းစွာ တည် ကြည်မှု သမာဓိနှင့် ပြည့်စုံရမယ်လို့ ဟောတော်မူပါတယ်။

သမာဓိသိက္ခာနှင့် ပြည့်စုံပြီးတဲ့နောက် တတိယဆင့်အနေနဲ့ ပညာသိက္ခာနှင့် ပြည့်စုံအောင် အားထုတ်ဖို့ရန်- အဇ္ဈတ္တစိန္တိ ပညဝါ-လို့ ဟောတော်မူပါတယ်၊ ဒီ-အဇ္ဈတ္တ စိန္တိဆိုတဲ့ ပုဒ်မှာ

ဇမ္ဗူတ္တ-အရ နိယကဇ္ဈတ္တကို ယူရမယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ နိယကဇ္ဈတ္တဆိုတာ မိမိ၏ အတွင်းသန္တာန်မှာ ဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါး နာမ်ရုပ်တရားတွေကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုးစူးစိုက်စိုက် ရှုနေလျှင်၊ ပညာ၀ါ၊ ဉာဏ်ပညာနှင့် ပြည့်စုံ၏တဲ့။

ဘယ်လိုဉာဏ်ပညာနှင့် ပြည့်စုံသလဲဆိုလျှင် မိမိ၏ အတွင်းသန္တာန်မှာ ဖြစ်ပျက်နေတဲ့ နာမ်ရုပ် တရားတွေကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုနေတဲ့ ယောဂီမှာ နာမ်နှင့်ရုပ်ကိုပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြား သိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ နာမ်ရုပ်တို့၏ အကြောင်းအကျိုးဆက်ပြီး ဖြစ်နေပုံကို သိမြင်တဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ နာမ်ရုပ်တရားတွေဟာ ဖြစ်ပေါ်လာပြီးနောက် ချုပ်ပျောက် ပျက်စီးနေတာကိုသိမြင်ရတဲ့အတွက် မမြဲတဲ့အနိစ္စတွေပဲ၊ ဆင်းရဲဒုက္ခတွေပဲ၊ အသက်လိပ်ပြာ အနှစ်သာရ အတ္တ မဟုတ်၊ သဘောတရားသက်သက်မျှ အနတ္တတွေပဲလို့ သိမြင်တဲ့ သမ္မသနဉာဏ်စတဲ့ လောကီ ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်လာတယ်။

ဝိပဿနာဉာဏ် အထွတ်အထိပ် ရောက်တဲ့အခါမှာ နိဗ္ဗာန်ကို မျက်မှောက်ပြု သိမြင်တဲ့ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်။ သကဒါဂါမိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ အနာဂါမိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်။ အရဟတ္တ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတဲ့ လောကုတ္တရာ ဉာဏ်ပညာတွေ အစဉ်အတိုင်း ဖြစ်ပေါ်ကြတယ်။

အဲသည် သီလသမာဓိ ပညာ သိက္ခာသုံးပုံကြံအင်စုံတဲ့ပုဂ္ဂိုလ်သည်- ဩဿ တရတိ ဒုတ္တရံ၊ ကူးမြောက်ဖို့ရန် ခဲယဉ်းလှတဲ့

ညြဿလေးသွယ် ကိလေသာ ရေပင်လယ်ကြီးကို ကူးမြောက်နိုင်တယ်တဲ့။

ဘုရားရှင် ကိုယ်တော်မြတ်သည် ရပ်တည်နေလျှင် နစ်မြုပ်သွားတဲ့အပြစ်၊ အားထုတ်လျှင် မျောပါသွားတဲ့ အပြစ်များကို မြင်တော်မူတဲ့အ ... က် ရပ်လဲမရပ်တည်၊ အားလည်း မထုတ်ဘဲ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် ညြဿလေးသွယ် ကိလေသာ ရေပင်လယ်ကြီးကို ကူးမြောက်တော် မူခဲ့ပါတယ်။ ဒီပြဿနာ၏ အဖြေကို ကြားနာရတဲ့အတွက် ဗြဟ္မာကြီးဟာ သောတာပန် ဖြစ်သွားပါတယ်။ သောတာပန်ဖြစ်သွားတဲ့ ကြည်ညိုတဲ့ အတွက်–

စိရဿ ဝတ ပဿာမိ၊ ဗြာဟ္မဏံ ပရိနိဗ္ဗုတံ။
အပ္ပတိဋ္ဌံ အနာယူဟံ၊ တိဏ္ဏံ လောကေ ဝိသတ္တိကံ။

လို့ ဥဒါန်းကျူးရင့်ပါတယ်။

လောက၊ သတ္တလောကဟူ၍။ အပ္ပတိဋ္ဌံ ရပ်လည်းရပ်တည်မနေဘဲ။ ... ယူဟံ၊ အားလည်းမထုတ်ဘဲ ဝိ ... တ္တိကံ၊ တဏှာအလျဉ်ကို။ တိဏ္ဏံ၊ ကူးမြောက်တော်မူပြီးတော့။ ပရိနိဗ္ဗုတံ၊ ကိလေသာငြိမ်းအေးတော်မူပြီး ... ာ မြတ်စွာဘုရားကို။ စိရဿ၊ ကြာမြင့်မှ ... ၊ ပဿာမိ ... ၊ ဖူးမြင်ရလေစွတကား–လို့ ဝမ်းမြောက်ကြည်နူးခြင်း ဥဒါန်းစကား ... လျှောက်ထားပြီး ကွယ်သွားပါတယ်။

ဤဩဃတရဏသုတ္တန်တရားကို နာခံမှတ်သား ကြားနာကြရတဲ့ သူတော်စင် အပေါင်းတို့သည် ကိလေသာအစွမ်း၊ ကာမသုခလ္လိကာနုယောဂ အစွမ်းဖြင့် ရပ်တည်မနေဘဲ အတ္တကိလမထာ

အစွမ်းဖြင့် အတ္တကိလမထာနုယောဂအစွမ်းဖြင့်အားမထုတ်ကြဘဲ သြယနလေးသွယ် ကိလေသာရေပင်လယ်ကြီးကို ကူးမြောက်နိုင်အောင် သီလသမာဓိပညာ သိက္ခာသုံးပါး အကျင့်တရားတို့ကို ပွားများ အားထုတ်ကြကုန်ရာသတည်း။

၁။ ဟောကြားသောဆရာတော်....ဆရာတော် ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)။ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ တွဲဘက်အကျိုးတော်ဆောင်။

၂။ နေရပ်....မဟာဝိသုဒ္ဓာရာမတိုက်၊ မကွေးမြို့။

၃။ ဟောကြားသည့်ရက်....၁၃၄၈-ခုနှစ်၊ ဝါဆိုလကွယ်နေ့၊ (၅-၈-၈၆)။

၄။ ဟောကြားသည့်နေရာ....မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

# ကဆုန်လပြည့် ဗုဒ္ဓနေ့
## ဘုရားတော်

တရားတော်ကို နာကြားကြသော ဒိုသူတော်စင်အပေါင်းတို့- ယနေ့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဖြစ်ပါသည်။ ဘာကြောင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟု သတ်မှတ်ရသနည်း ဆိုလျှင် ဤကဆုန်လပြည့်နေ့သည် ဘုရား အလောင်းတော်ကြီးများ နိယတဗျာဒိတ် ခံတော်မူသည့်နေ့၊ ဘုရားအလောင်းတော်များဖွားမြင်တော်မူသည့်နေ့၊ ဘုရားဖြစ်တော်မူသည့်နေ့၊ ပရိနိဗ္ဗာန် စံတော်မူသည့်နေ့များ ဖြစ်သဖြင့် ဗုဒ္ဓရှင်တော်မြတ်နှင့် စပ်၍ အလွန်ထူးမြတ်သောနေ့ ဖြစ်ပါသည်။ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံတော်မူသည့်နေ့က–

တာရာဂဏာ ဝိရောစန္တိ၊ နက္ခတ္တာ ဂဂနမဏ္ဍလေ။
ဝိသာခါ စန္ဒိမာယုတ္တာ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။

"အို–သုမေဓာရှင်ရသေ့မြတ်–ရှေးရှေးဘုရားအလောင်းတို့ နိယတဗျာဒိတ် ခံတော်မူသောနေ့မှာ ကောင်းကင် အပြင်၌ နက္ခတ်ကြယ်တာရာအပေါင်းတို့ တင့်တယ်ကြမြဲ ဖြစ်ပါကုန်၏။ ဝိသာခါနက္ခတ်သည် စန်းဟုခေါ်သော လပြည့်ဝန်းနှင့်ယှဉ်မြဲ ဖြစ်ပါ၏။ ယနေ့လည်း ထိုနမိတ်တို့ ထင်ကြပါကုန်၏။ ထို့ကြောင့် အရှင်ရသေ့မြတ်သည် မချွတ်ဧကန် ဘုရားဖြစ်တော်မူပါလိမ့်မည်"ဟု နတ်ဗြဟ္မာများက ကောင်းချီးစကား ပြောကြားကြသည်။ ဤစကားရပ်တွင် ဝိသာခါနက္ခတ်သည် စန်းဟု

ခေါ်သော လပြည့်ဝန်းနှင့် ယှဉ်မြဲဖြစ်ပါ၏ ဟူသော စကား အရ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ချိန်သည် ကဆုန်လပြည့်နေ့ သာ ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားအလောင်းတော်များ နိယတဗျာဒိတ် ခံတော်မူသည့်နေ့သည် ကဆုန်လပြည့်နေ့ ဖြစ်ပါသည်။ ထိုသို့ ဘုရားအလောင်းတော်များ နိယတဗျာဒိတ် ခံတော်မူရာနေ့ ဖြစ်သည့်အတွက် ကဆုန်လပြည့်နေ့သည် နေ့ထူးနေ့မြတ် ဖြစ် ပါသည်။

ဒုတိယ အချက်မှာ ကဆုန်လပြည့်နေ့သည်နောက်ဆုံးဘုရား ဖြစ်မည့်ဘဝမှာ ဘုရားအလောင်းတော်များ ဖွားမြင်တော်မူ သော နေ့လည်း ဖြစ်ပါသည်။ ဘုန်းကြီးတို့ဂေါတမရှင်တော် မြတ်ဘုရားသည်လည်း မဟာသက္ကရာဇ် ၆၈-ခုနှစ်၊ ကဆုန် လပြည့်နေ့မှာ ဖွားမြင်တော်မူပါသည်။ ထိုသို့ဘုရားအလောင်း တော်များ ဖွားမြင်တော်မူသောနေ့ ဖြစ်ခြင်းကြောင့်လည်း ကဆုန်လပြည့်နေ့သည် နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

တတိယအချက်မှာ ကဆုန်လပြည့်နေ့သည် ဘုရားရှင်တိုင်း ဘုရားဖြစ်တော်မူသောနေ့လည်း ဖြစ်ပါသည်။ ဘုန်းကြီးတို့ ဂေါတမရှင်တော်မြတ်ဘုရားလည်း ကဆုန်လပြည့်နေ့ မှာပင် ဘုရားဖြစ်တော်မူခဲ့ပါသည်။ ထိုအကြောင်းကို တရားနာယူကြ သော သူတော်ကောင်းများ ကြည်ညိုသဒ္ဓါပွားရအောင်အနည်း ငယ်ချဲ့ပြီး ဟောပါဦးမည်။ ဘုရားအလောင်းတော်သည် မဟာ သက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့် တနင်္ဂနွေ၊ သက်တော် နှစ်ဆယ်ကိုးနှစ် အရွယ်မှာ ယိုးနန်း စည်းစိမ်းကို စွန့်လွှတ်ပြီး မြတ်သော တောထွက်ခြင်း ဖြင့် တောထွက်တော်မူကာ အလွန်

အလွန် ပြုကျင့်ဖို့ရန် ခဲယဉ်းလှသော ဒုက္ကရစရိယာအကျင့်မြတ်ကို ခြောက်နှစ်ပတ်လုံး ကျင့်တော်မူပါသည်။ ခြောက်နှစ်ကြာ ကျင့်ပြီးသောအခါ ထိုဒုက္ကရစရိယာအကျင့်ဖြင့် သဗ္ဗညုတဉာဏ်ကို မရနိုင်၊ ဘုရားမဖြစ်နိုင်ဟု သိတော်မူသောကြောင့် မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင်အကျင့်ကို ပြောင်းပြီး ကျင့်တော် မူပါသည်။

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ညနေချမ်း အချိန်ရောက်တော့ မဟာဗောဓိပင်ကို နောက်မှီထားပြီးအရှေ့ အရပ်သို့ မျက်နှာတော်မူကာ အရေမျှကျန်လိုလျှင်ကျန်ပစေ၊ အကြောမျှ ကျန်လိုလျှင် ကျန်ပစေ၊ အရိုးမျှကျန်လိုလျှင် ကျန်ပစေ၊ ငါ့ကိုယ်လုံးက အသားအသွေး အားလုံးတို့ ခန်းခြောက်သွား လျှင် သွားပစေ၊ ငါသည် ဘုရားမဖြစ်သမျှ ယခုဖွဲ့ခွထားသော တင်ပျဉ်ကို ဘယ်နည်းနှင့်မျှ ဖျက်လိမ့်မည် မဟုတ်ဟု ဧကဂ္ဂါ သားပါ၍ ဝီရိယဖြင့် ဆောက်တည်တော် မူလျက် ရတနာပလ္လင်တော်ပေါ်မှာ တင်ပျဉ်ခွေထိုင်နေတော် မူပါသည်။

ထိုအခါ သိကြားမင်းက ဝိဇယုတ္တရ ခရုသင်းကိုမှုတ်လျက် ပဉ္စသိခနတ်သားက ဗေဠုဝစောင်းကိုတီးလျက်၊ သုယာမနတ်မင်းက သားမြီးယပ်ကိုခပ်လျက်၊ သန္တုဿိတနတ်မင်းက ပတ္တမြားယပ်တောင်ကိုခပ်လျက်၊ သဟမ္ပတိဗြဟ္မာမင်းက သုံးယူဇနာ ရှည်သော ထီးဖြူကို ဆောင်းမိုးလျက်ပူဇော်ကြပါသည်။ ကာလ နာဂါးမင်းလည်း ... ချီးမွမ်း၍ နာဂါးမယားပေါင်း ခြံရံလျက် ထောမနာ ... ချီးမွမ်းမှုပြုရာ ပေါင်းများစွာ ရှစ်ဆယ်ကား ပူဇော်ပါ၏။ ကြေငြာပေါင်းတိုက်တစ်သောင်းရှိကြသောနတ်

ဗြဟ္မာအပေါင်းတို့ကလည်းအလွန်မွှေးကြိုင် လှပသောပန်း နံ့သာ နံ့သာမှုန့် အခိုးအထုံတို့ဖြင့် ပူဇော်လာကြပါသည်။

ထိုအခါ ဝသဝတ္တီနတ်ပြည်မှမာရ်နတ်သားကယူဇနာတစ်ရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်ကြီးကိုစီးလျက် လက်ရုံးတစ်ထောင်ဖန်ဆင်းပြီး လက်နက်အမျိုးမျိုးကိုကိုင်ဆောင်ကာ ရှေ့ဘက်က ဆယ့်နှစ်ယူဇနာ၊ လကျာ်ဖက်ကဆယ့်နှစ်ယူဇနာ လက်ဝဲဖက်က ဆယ့်နှစ်ယူဇနာ အထက်ကကိုးယူဇနာ၊ နောက်ဖက်က စကြဝဠာ တိုက်စွန်းအထိ များပြားလှသော စစ်တပ်ကြီးဖြင့် လာရောက်တိုက်ခိုက်ပါသည်။ မာရ်နတ်၏ စစ်တပ်ကြီး ချီတက်လာသောအခါ စောစောကဘုရားအလောင်းတော်ကို ပူဇော်နေကြသော သိကြားမင်းနှင့် နတ်ဗြဟ္မာများ တစ်ဦးတလေမျှ မနေဝံ့ကြတော့ဘဲ ထွက်ပြေးတိမ်းရှောင်ကြပြီးဘယ်သနိုင်လို့ ဘယ်သူရှုံးမလဲ-ဟု အဝေးကသာ ကြည့်ရှုနေကြပါသည်။

ဘုရားအလောင်းတော်လည်း၊ မာရ်နတ်သားစစ်ချီလာတာကို မြင်သောအခါ ပါရမီတော်ဆယ်ပါးကိုသာ ဆင်ခြင်တော်မူနေပါသည်။ မာရ်နတ်နှင့် မာရ်နတ်၏စစ်သည်များက ဘုရားအလောင်းတော်ကို လက်နက်အမျိုးမျိုးဖြင့် ပစ်ခတ်တိုက်ခိုက်ကြပါသည်။ သူတို့ပစ်ခတ်လိုက်သော လက်နက် အားလုံးသည် ဘုရားအလောင်းတော်၏ ခြေတော်ရင်းရောက်သာအခါ ပန်းပေါက်ပေါက်တွေ နံ့သာမှုန့်တွေ ဖြစ်ကုန်ကြပါသည်။

ထိုသို့ လက်နက်ဖြင့် တိုက်ခိုက်လို့မရတော့ မာရ်နတ်က-

''အိုသိဒ္ဓတ္ထ သင်သည် ငါ၏ဥစ္စာ ဤအပရာဇိတပလ္လင်တော်နေရာ၌ အဘယ့်ကြောင့် နေထိုင်ဘိသနည်း၊ ငါ၏ဥစ္စာ ငတနစ

ပလ္လင်မှ ယခုပင် ဆင်းလော့၊ ဤပလ္လင်သည် ငါ၏ဥစ္စာ ဖြစ်ကြောင်း၊ ဤစစ်သည်ဗိုလ်ပါ အပေါင်းတို့သည် ငါ၏သက်သေဖြစ်သည်။ သင့်မှာ သက်သေ ပြစရာ ဘယ်သူရှိသနည်း'' ဟု ပြောသောအခါ မာရ်နတ်၏ ပရိသတ်ကြီးက တပြိုင်နက်ထပြီး သက်သေခံကြသည့်အသံကြီးသည် မိုးကြိုးပြိုမတတ် ဆူညံသွားပါသည်။

ထိုအခါ ဘုရားအလောင်းတော်က....

ပလ္လင်္ကံ မမ ဘာဝါယ၊ ကိမဒ္ဒေသနေ သက္ခိနေ၁။
ကမ္ပိတာ မဒ္ဒိယာ ဒါနာ၊ သက္ခိ ဟောတိ အယံ မဟီ။

ဟယ် မာရ်နတ်–ငါသည် ဤအပရာဇိတပလ္လင်ကို လိုသားတောင့်တသဖြင့် ဘဝများစွာ ကမ္ဘာဘာတို့၌မလှူခဲ့ဘူးသော ဒါနဟူ၍ မရှိ၊မစောင့်ထိန်းခဲ့ဘူးသော သီလဟူ၍မရှိ၊ မကျင့်ခဲ့ဘူးသော ဒုက္ကရအကျင့်ဟူ၍မရှိ၊ ဟယ်မာရ်နတ်-ဘဝများစွာ အတိတ် ဖြစ်သောကမ္ဘာဘာကလှူဒါန်းခဲ့တဲ့ဒါနပါရမီစသည့်တို့ကို ထားလိုက်ဦးတော့၊ ဝေဿန္တရာ ဘဝတစ်ခုတည်းမှာပင် မဒ္ဒီမိဖုရားကို လှူခြင်းစသောအလှူကြီးများကို ပေးလှူတဲ့အခါ မဟာပထဝီဤမြေကြီးသည့်ခုနစ်ကြိမ်တိုင်တိုင် တုန်လှုပ်ခဲ့လေပြီ။

''ဟယ် မာရ်နတ်-စိတ်စေတနာမဲ့ရှိသောမဟာပထဝီဤမြေကြီးသည်ပင် ငါ၏သက်သေဖြစ်ပေလတံ့''ဟုမိန့်တော်မူလျက် လက်ျာတော်ဖြင့်မဟာပထဝီမြေကြီးကို ရှုရှုညွှန်ပြတော်မူလိုက်သောအခါ မဟာပထဝီမြေကြီး သည်လည်းအိုးထိန်းစက်သဖွယ် သွက်သွက်လည်ပြီး ကြောက်မက်ဖွယ်အသံကြီး မြည်ဟည်းလာသည်။ တောင်စဉ်ခုနစ်ထပ်နှင့် ဟိမဝန္တာစသောတောင်တို့သည်

လည်းပြင်းပြင်းထန်ထန် ကြောက်မက်ဖွယ်မြည်ဟည်းကြသည်။ ဝါးတောကြီး မီးလောင်သောအခါမှာ တဖျောင်းဖျောင်း တဖျန်းဖျန်း မြည်ဟည်းနေသလို စကြဝဠာတိုက်ကြီး တစ်တိုက်လုံး ကြောက်ခမန်း လန့်ခမန်းကြမ်းတမ်း ပြင်းထန်သောအသံကြီးတွေ မြည်ဟည်းနေသည်။ ကောင်းကင် တစ်ပြင်လုံးလည်း မိုးတိမ်မရှိဘဲ ကြောက်မက်ဖွယ်ထစ်ချုန်းပြီး ရဲရဲပြောင်ပြောင် တောက်လောင်နေသော မီးကျည်တော့လို မီးပေါက်မီးပွားတွေကလည်း မိုးရွာနေသလို တဖွားဖွားကျ၊ မိုးကြိုးတွေကလည်း တဖျန်းဖျန်းတအုန်းအုန်းကျလာသည်တွင် မာရ်နတ်ကြီးသည် အလွန်အမင်း ကြောက်လန့်ပြီး လက်နက်တွေကို စွန့်ပစ်ပြီးဂိရိမေခလာဆင်ကြီးကိုတောင် ပြန်မကြည့်နိုင်ဘဲ ဦးတည်ရာထွက်ပြေးပါတော့သည်။ မာရ်နတ်ကြီး ထွက်ပြေးလျှင်ပင် သူ၏စစ်တပ်ကြီးလည်း ဖရိုဖရဲ ပြိုကွဲပျက်စီး ကာ ခြေဦးတည်ရာ ထွက်ပြေးပြီး ဝသဝတ္တီနတ်ပြည်သို့ ပြန်သွားကြသည်။

မာရ်နတ်ကြီးနှင့် သူ့စစ်တပ်ကြီး ကစဉ့်ကရဲထွက်ပြေးသည့်အခါ စောစောက တိမ်းရှောင်နေကြသော နဂါး ဂဠုန်နတ်ပြဟ္မာတို့သည်-

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊ မာရဿ စ ပါပိမတော ပရာဇယော။

''ကျက်သရေရှင် ဘုရားသခင်ဘ အောင်မြင်ပြီဟေ့၊ မာရ်နတ်မိစ္ဆာ အယုတ်တမာကား ရှုံးပြီဟေ့''ဟုကြွေးကြော်ကာ ပန်းနံ့သာစသည် လက်စွဲလျက် ဘုရား အလောင်းတော် ရှိရာ မဟာဗောဓိပလ္လင်တော်သို့ တညီတညွတ်တည်းစည်းဝေးရောက်ရှိလာကြသည်။

ယခု ဟောပြောခဲ့သည့်အတိုင်း မြတ်စွာဘုရား အလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန် လပြည့်နေ့ နေ့မဝင်မီ ဒေဝပုတ္တမာရ်ဟုခေါ်သော မာရ်နတ်သား ရန်ကို အောင်မြင်တော်မူပြီးနောက် ထိုနေ့ ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်-ဟူသော ဝိဇ္ဇာသုံးပါးကို အစဉ် အတိုင်း ရတော်မူပြီး အရဟတ္တဖိုလ်သို့ရောက်တော်မူလျှင်ပင်အလွန်စင်ကြယ်သောစိတ်ရှိလျက်ပဋိသမ္ဘိဒါဉာဏ်လေးပါးအသာဓာရဏဉာဏ်တော်ခြောက်ပါး၊ဗုဒ္ဓဉာဏ်တော် တစ်ဆယ့် လေးပါး၊ အာဝေဏိကဂုဏ်တော်တစ်ဆယ့်ရှစ်ပါးဝေသာရဇ္ဇဉာဏ်တော် လေးပါးအစရှိတဲ့ ဘုရားရှင်တို့၏ ဂုဏ် ကျေးဇူးတို့နှင့် တကွ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူပြီး၊ကဆုန်လပြည့်နေ့မိုးသောက်ယံအချိန့်မှာ သမ္မာသမ္ဗုဒ္ဓသုံး လောကထွတ်ထားဘုရားရှင်အဖြစ်သို့ ရောက်တော်မူပါသည်။ ယခုလို ဘုရား ဖြစ်တော်မူရာနေ့ ဖြစ်သည့်အတွက်ကြောင့်လည်း ကဆုန်လပြည့်နေ့သည် နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

သဗ္ဗညုရွှေဉာဏ်တော်နှင့်တကွဘုရားဘုန်းဂုဏ်အလုံးစုံတို့ကို ပြည့်စုံစွာ ရတော်မူပြီးနောက် "ငါသည်ကြီးစွာသောသံသရာဝဋ်မှ လွတ်မြောက်ရလေပြီတကား၊ငါသည်အလွန်မြတ်လှစွာသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထားဘုရားအဖြစ်ကို ရခဲ့လေပြီတကား၊ကြီးစွာသောအောင်ပွဲသဘင်ကိုဆင်ယင်ကျင်းပနိုင်ခဲ့လေပြီတကား၊ငါသည်လူ၊နတ်၊ဗြဟ္မာသတ္တဝါအပေါင်းကို ဘဝ သုံးပါးတည်းဟူသောအနှောင်အဖွဲ့မှလွတ်မြောက်စေနိုင်သူ ဖြစ်ပေပြီတကား"ဟုဆင်ခြင်တော်မူသောအခါ မြတ်စွာ

ဘုရားသန္တာန်တော်မှာ အလွန့်အလွန်ဝမ်းမြောက်မှု ပီတိတရားများဖြစ်ပွားလာသည်။ ထိုပီတိအဟုန်ဖြင့် အလုံးစုံသောဘုရားရှင်တို့ ဘုရားဖြစ်လျှင် ကျူးရင့်တော်မူမြဲ ဓမ္မတာ ဖြစ်သည့် အနေကဇာတိ သံသာရံ-စသော ဥဒါန်းနှစ်ဂါထာကို ကျူးရင့်တော်မူပါသည်။

ထို့နောက် ကဆုန်လပြည့်ကျော် တစ်ရက်နေ့ တစ်နေ့ပတ်လုံး အရဟတ္တဖိုလ်စသုခချမ်းသာ ကိုဝင်စားလျက်ဝိမုတ္တိချမ်းသာကို ခံစားတော်မူပြီး၊ ညဉ့်ဦးယံမှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ· အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရသုံးပါးတို့သည် ဖြစ်ကြလေသည်တကား စသည်ဖြင့် သံသရာ ဝဋ္ဋဒုက္ခ ဖြစ်စဉ် အနုလောမအားဖြင့် လည်းကောင်း၊ အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော- "အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာအကြွင်းမရှိအောင် ချုပ်ခြင်းကြောင့် သင်္ခါရသုံးပါးတို့ ချုပ်ကြလေသည်တကား" စသည်ဖြင့် သံသရာ ဝဋ္ဋဒုက္ခချုပ်စဉ် ပဋိလောမအားဖြင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူသည်။ ယခုလိုဆင်ခြင်သည့်အခါ လွန်စွာနှစ်သက်မှု ပီတိတရားတို့ ဖြစ်ပွားလာခြင်းကြောင့် ယဒါ ဟဝေ-စသော ဥဒါန်းဂါထာကို ကျူးရင့်တော်မူပါသည်။

သန်းခေါင်ယံ မိုးသောက်ယံတို့မှာလည်း ညီနည်းအတိုင်း ပဋိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံ ဆင်ခြင်တော်မူပြီး၊ ယဒါ ဟဝေ စသော ဥဒါန်းဂါထာများကို ကျူးရင့်တော်မူပါသည်။ ယခုကာလ ဘုရားရှင်ကိုယ်တော်စား ရုပ်ပွားဆင်းတုထုလုပ်ကိုးကွယ်ကြရာမှာ ဆင်းတုတော်ကို အနေကဇာတိ သံသာရံ-စသော ဥဒါန်းဂါထာကို ကျူးရင့်နိုင်သည့် အတွက် ရဟန်းတော်များ

က-အနေကဲ ဇာတိ' သံသာရ'စသော ဥဒါန်းကိုကျူးရင့်ပူဇော်ခြင်းကို အနေကဇာတင်သည်ဟု ခေါ်ကြပါသည်။

စတုတ္ထအချက်မှာ ကဆုန်လပြည့် နေ့သည် ဘုရားရှင်တို့ပရိနိဗ္ဗာန်စံတော်မူသော နေ့လည်း ဖြစ်ပါသည်။ ဘုန်းကြီးတို့ဂေါတမဘုရားရှင်လည်း မဟာသက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့်အင်္ဂါနေ့ မိုးသောက် ယံအချိန်မှာ ပရိနိဗ္ဗာန်စံတော်မူပါသည်။ ထိုသို့ဘုရားရှင်တို့ပရိနိဗ္ဗာန် စံတော်မူသောနေ့ဖြစ်သည့်အတွက်လည်း ကဆုန်လပြည့် နေ့သည် နေ့ထူး နေ့မြတ် ဖြစ်ပါသည်။ ထို့ကြောင့်—

ဗျာဒိတ်ခံ၊ ဖွားသစ်၊ ဘုရားဖြစ်၊ စံလစ်နိဗ္ဗာန်ဆို။

ကဆုန်လပြည့် ဗုဒ္ဓနေ့

မှတ်လောက်များဗိုလ်လူ ဆိုသည့်အတိုင်း ကဆုန်လပြည့်နေ့ကိုဗုဒ္ဓနေ့ဟု သတ်မှတ် ကြပါသည်။ တရားခင်မင် သူတော်စင်အပေါင်းတို့၊ ဤကဆုန်လပြည့်နေ့သည် ဗုဒ္ဓရှင်တော်မြတ်နှင့်စပ်၍ ထူးမြားသည့်နေ့ဖြစ်သည့် အားလျော်စွာ ယနေ့အဖို့မိမိတို့ စိတ်အစဉ်ကို သီလရေစင်ဖြင့် ဆေးကြောပြီး ဘုရားရှင်၏ ဂုဏ်တော်များကို အဖန်ဖန်အထပ်ထပ် အမှတ်ရ ပွားများနေကြရမည်။ မြတ်စွာဘုရားက မဟာနာမ် သာကီဝင်မင်းကြီးအား "မဟာနာမ်၊ အရိယာ ဖြစ်သော ငါဘုရား၏တပည့်သည်ငါဘုရား၏ အရဟံစသော ဂုဏ်တော်များကို အဖန်ဖန် အထပ်ထပ် နှလုံးသွင်း အမှတ်ရ ပွားများနေကြ"ဟု ဟောတော်မူခဲ့ပါသည်။ ဘယ်လိုအမှတ်ရ ပွားများနေရမလဲဆိုလျှင်— "ထိုငါတို့၏ ဆရာသခင်ရှင်တော်မြတ်ဘုရားသည် ဤသို့တစ်ထောင့်ငါးရာ ကိုလေသာရန်သူတို့ကို ပယ်သတ်တော် မူတတ်သော

အကြောင်း၊ မကောင်းမှုပြုရန် ဆိတ်ကွယ်ရာ အရပ် ရှိတော် မမူသော အကြောင်း၊ ပူဇော်အထူးကို ခံတော် မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူပါပေ၏။

–အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော် မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည် တော် မူပါပေ၏။

–အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏတို့နှင့် ပြည့်စုံတော်မူ သော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ–မည် တော်မူပါပေ၏။

–ကောင်းသော စကားကို ဆိုတော်မူတတ်သော အ အကြောင်းကြောင့်လည်းသုဂတမည်တော်မူပါပေ၏။

–လောကကို သိတော် မူသော အကြောင်းကြောင့် လည်း လောကဝိဒူ မည်တော်မူပါပေ၏။

–ဆုံးမထိုက်သူတို့ကို ဆုံးမတော်မူတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဓမ္မသာရထိ-မည်တော် မူပါပေ၏။

–နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့် လည်း သတ္ထာဒေဝမနုဿာနံ-မည်တော် မူပါပေ၏။

–သစ္စာလေးပါးတို့ကို သိတော်မူတတ်သောအကြောင်း ကြောင့်လည်း ဗုဒ္ဓ-မည်တော်မူပါပေ၏။

–ဘုန်းတန်ခိုးကြီးတော် မူသော အကြောင်းကြောင့် လည်း ဘဂဝါ မည်တော်မူပါပေ၏။

ဟု အဖန်ဖန် အထပ်ထပ် အမှတ်ရ ပွားများ ရမည်။ ဘယ် လောက်များများ အမှတ်ရပွားများရမလဲဆိုလျှင်ဘုရားရှင်က–

'ငါဘုရားဂုဏ်တော်ကို အဖန်ဖန်အမှတ်ရမှု ဗုဒ္ဓါနုဿတိ-ကို သွားနေစဉ်လဲ ပွားများရမယ်၊ ရပ်နေစဉ်လဲ ပွားများရမယ်၊ ထိုင်နေစဉ်လဲ ပွားများရမယ်၊ အိပ်နေစဉ်လဲ ပွားများရမယ်၊ လုပ်ငန်းကိစ္စတွေ ပြုလုပ်နေစဉ်လဲ ပွားများရမယ်၊ သားတွေ သမီးတွေနှင့်ကျဉ်းမြောင်းတဲ့အိမ်မှာနေစဉ်လဲ ပွားများရမယ်' ဟု ဟောတော်မူပါသည်။

ထိုသို့ ပွားများနေလျှင် ခေမဟုခေါ်သော စွဲငြိမှု ကာမ ဂုဏ် ငါးပါးမှ ကျွတ်လွတ် ထွက်မြောက်နိုင်ပါသည်။ ကိလေသာ စင်ကြယ်သူဖြစ်နိုင်သည်'' ဟုလည်း ဟောတော်မူပါသည်၊ ကစ္စာယနသုတ်မှာတော့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည်-

''သတ္တာနံ ဝိသုဒ္ဓိယာ၊ သတ္တဝါတွေ ကိလေသာမှ စင်ကြယ် ဖို့ရန်။ သောကပရိဒေဝါနံ သမတိက္ကမာယ၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ် ခြင်းတွေကို လွန်မြောက်ဖို့ရန်။ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်းတွေချုပ်ငြိမ်း ဖို့ရန်။ ဉာယဿ အဓိဂမာယ၊ အရိယမဂ်ကို ရဖို့ရန်။ နိဗ္ဗာန သစ္ဆိကိရိယာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် ဖြစ်သည်'' ဟု ဟောတော်မူပါသည်။

ထို့ကြောင့် တရားခင်မင် သူတော်စင် အပေါင်းတို့သည်း ငါတို့၏ဆရာသခင် ရှင်တော်မြတ်ဘုရားသည် ဘယ်အကြောင့်ငါ ရော ကိလေသာရန်သူကိုကို ပယ်သတ်တော်မူပြီးသောကြောင့် အ ရ ဟံ မည်တော်မူပါပေ၏ဟု ဘုရားရှင့်သန္တာန်တော်မှာ ကိ လေ သ ာ အညစ်အကြေး ကင်းဝေး စင်ကြယ် နေပုံကို အာရုံပြုကြသည်သို့ ပြီး၊ အရဟံဂုဏ်တော်ကို အဖန်ဖန်အ ထပ်ထပ် ပွားများနေကြ

ရမည်။ ထိုသို့ဂုဏ်တော် တစ်ပါးပါးကို အဖန်ဖန် အထပ်ထပ် အမှတ်ရ ပွား များနေသည့်အခါမှာ-

ယသ္မိံ မဟာနာမ သမယေ အရိယသာဝကော တထာ-
ဂတံ အနုဿရတိ၊ နေဝဿ တသ္မိံ သမယေ ရာဂ-
ပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န ဒေါသပရိယုဋ္ဌိတံ စိတ္တံ
ဟောတိ၊ န မောဟပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ ဥဇုဂတ
မေဝဿ တသ္မိံ သမယေ စိတ္တံ ဟောတိ၊ တထာဂတံ
အာရဗ္ဘ-

ဟူသော ဒေသနာတော် အတိုင်း ရာဂ, ဒေါသ မောဟ ယောင်းသွန်းသော စိတ်တွေ မဖြစ်ဘဲ ဘုရားဂုဏ်ကို အာရုံပြုပြီး စိတ်ဖြောင့်မတ် နေလိမ့်မည်။ စိတ်ဖြောင့်မတ်လာလျှင်-

ဥဇုဂတစိတ္တော ခေါ ပန မဟာနာမ အရိယသာဝကော
လဘတိ အတ္ထဝေဒံ၊ လဘတိ ဓမ္မဝေဒံ၊ လဘတိ
ဓမ္မူပသံဟိတံ ပါမောဇ္ဇံ-

ဟု ဆိုသည့်အတိုင်း ပါဠိတော်၏ အနက်ကိုမှီးပြီး နှစ်သက်မှု၊ တရားနှင့်ယှဉ်သော ဝမ်းမြောက်မှုတို့ ရလာမည်။ ပမုဒိတဿ ပီတိ ဇာယတိ၊ ဝမ်းမြောက်မှု ပါမောဇ္ဇဖြစ်သည့် ပုဂ္ဂိုလ်မှာ နှစ်သက်မှုပီတိများ တဖွားဖွားဖြစ်လာပါသည်။ ပီတိမနဿ ကာယော ပဿမ္ဘတိ၊ ပီတိဖြစ်သောသူမှာ ကိုယ်စိတ်နှစ်ပါး၏ငြိမ်းအေးမှု ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ တရားများဖြစ်ပွားလာသည်။ ပဿဒ္ဓိ ကာယော သုခံ ဝေဒယတိ၊ ငြိမ်းအေးမှုပဿဒ္ဓိဖြစ်လာလျှင် ချမ်းသာမှုသုခကိုခံစားရသည်။ သုခိနော စိတ္တံ သမာဓိယတိ ချမ်းသာမှု သုခဖြစ်လျှင် တည်ကြည်မှု သမာဓိ ရလာသည်။ အယံ ဝုစ္စတိ မဟာနာမ အရိယသာဝကော ဝိသမဂတာယ ပဇာ

ယ သမပ္ပတ္တာ ဝိဟရတိ၊ အဗျာပဇ္ဇာယ ပဇ္ဇာယ အဗျာပဇ္ဇော ဝိဟရတိ၊ သမာဓိ ရနေသောပုဂ္ဂိုလ်ကို ရာဂ, ဒေါသ, မောဟတို့ဖြင့် ငြိမ်းအေးသော သတ္တဝါအပေါင်းတွင် ငြိမ်းအေးခြင်းသို့ ရောက်ပြီး နေနိုင်သူ၊ ရာဂ, ဒေါသ, မောဟတို့ဖြင့် ဆင်းရဲခြင်း ရှိနေသော သတ္တဝါအပေါင်းတွင် ဆင်းရဲခြင်းကင်းပြီး နေနိုင်သူ-ဟု ဆိုရပါမည်။ ထိုသို့ငြိမ်းအေးငြိမ်သက်၍ ဆင်းရဲခြင်းကင်းနေသောအခါ စိတ်သည် နိဝရဏကင်း၍ သန့်ရှင်းစင်ကြယ်ပြီး စိတ္တဝိသုဒ္ဓိ ဖြစ်နေပါသည်။ ထိုပုဂ္ဂိုလ်ကို—

ဓမ္မသောတံ သမာပန္နော၊ ဗုဒ္ဓါနုဿတိံ ဘာဝေတိ။

ဓမ္မသောတံ၊ ဝိပဿနာ တရားအလျဉ်သို့။ သမာပန္နော၊ ကောင်းစွာ ဆိုက်ရောက်လျက်။ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိကို။ ဘာဝေတိ၊ ပွားများနေသူဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်သည်ဟု မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ဝိပဿနာတရား အလျဉ်သို့ ဆိုက်ရောက်ပြီး ဗုဒ္ဓါနုဿတိ ပွားများသူ ဟု ခေါ်ဆိုရသည်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိပွားများ၍စိတ္တဝိသုဒ္ဓိ ဖြစ်လာလျှင် ဝိပဿနာရှုရသည်။ ဝိပဿနာ ရောက်သည့် အခါ ဥပဒါနက္ခန္ဓာ ငါးပါးခေါ်သည့် နာမ်ရုပ်နှစ်ပါးကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုပွားသွားရသည်။

မြင်ဆဲခဏ၊ ကြားဆဲခဏ၊ နံ့ဆဲခဏ၊ စားဆဲခဏ၊ ထိသိဆဲခဏ၊ ကြံသိဆဲခဏ၊ သွားဆဲခဏ၊ ရပ်ဆဲခဏ၊ ထိုင်ဆဲခဏ၊ လျောင်းဆဲခဏ၊ ကွေးဆဲခဏ၊ ဆန့်ဆဲခဏ၊ စသောခဏတိုင်း ခဏတိုင်းမှာ ဥပါဒါနက္ခန္ဓာ ငါးပါး ဟုခေါ်ရသော နာမ်ရုပ်တရားတွေဖြစ်နေသည်။ ထို နာမ်ရုပ်တရားများကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်သွားလျှင် နာမ်နှင့်ရုပ်ကွဲသည်။ အကြောင်း

အကျိုးဆက်ပြီး ဖြစ်နေပုံကို သိသည်။ရှုလိုက်တိုင်းရှုလိုက်တိုင်း ဖြစ်ပေါ်လာပြီး ချုပ်ပျောက်သွားတာကိုချည်း သိမြင်နေသည့်အတွက် မမြဲဆင်းရဲ အစိုးမရသောသဘောတရားများသာ ဖြစ်သည်ဟု သိပြီး ဝိပဿနာဉာဏ်တွေ ဖြစ်လာပါသည်။ဝိပဿနာ ခေါင်ထိပ်ရောက်သည့်အခါ ဒုက္ခချုပ်သိမ်း သင်္ခါရချုပ်သိမ်း ငြိမ်းသည့် နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက်သွားသည်။

ထို့ကြောင့် တရားတော်ကို လိုလားခင်မင် သူတော်စင်အပေါင်းတို့သည် ထူးမြတ်လှသော ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ငုဒ္ဓရှင်တော်မြတ်၏ ဂုဏ်တော်များကို အဖန်ဖန် အထပ်ထပ် အမှတ်ရ ပွားများကြ၍ ဒုက္ခချုပ်သိမ်း အေးငြိမ်းရာနိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

၁။ ဟောကြားသောဆရာတော်- ဆရာတော် ဦးကုမာရ (အဂ္ဂမဟာပဏ္ဍိတ)(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်)။

၂။ နေရပ်- မဟာဝိသုတာရာမကျောင်းတိုက်၊ မကွေးမြို့။

၃။ ဟောကြားသည့်ရက်- ၁၃၅၀ ပြည့်နှစ်၊ကဆုန်လပြည့် (၃၀-၄-၈၈)

၄။ ဟောကြားသည့်နေရာ မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

*

# စခန်းမထောင့် မဂ်လမ်းဖြောင့်
## တရားတော်

သံသာရသောတံ ဆိန္ဒိတွာ၊ ဝိဒ္ဓံသေတွာ တယောဘဝေ။
ဓမ္မနာဝံ သမာရုယှ၊ တရိဿာမ အနာလယံ။

သံသာရသောတံ၊ တစ်ခုပြီးတစ်ခုထပ် ရုပ်နာမ်တို့၏ကြား မလပ်အောင် ဖြစ်တတ်တဲ့အစဉ် သံသရာဟည်းဟူသော အလျဉ်ကို၊ ဆိန္ဒိတွာ၊ ဖြတ်တောက်ကြကုန်၍ တယောဘဝေ၊ ကာမ ရူပ အရူပဟု ဘဝသုံးရပ် ဘုံသုံးထပ်တို့ကို။ ဝိဒ္ဓံသေတွာ၊ ဘဝ တစ်ခုမျှရှာမရအောင် ဖျက်ဆီးကြကုန်သည်ဖြစ်၍၊ အနာလယံ တော်ဘူမာဒုက္ခမြို့နှင့် ခေါင်းများစွာဝဋ်ချမ်းသာကို တွယ်တာ ကင်းပလွှတ်ရှင်းကြကုန်သည်ဖြစ်၍၊ ဓမ္မနာဝံ၊ ဖိုလ်ထိပ်ဖြူကနက် ဆင်တဲ့မဂ္ဂင်တည်း-ဟူသော ဖောင်တော်ကြီးကို။ သမာရုယှ၊ ငြိမ့်ငြိမ့်ညောင်းညောင်း သားသမီးမိတ်ဆွေအပေါင်းတို့နှင့် တကွပျော်ကောင်းကြီးတက်စီးကြကုန်သည်ဖြစ်၍။ တရိဿာမ၊ ကူးမြောက်ကြပါကုန်အံ့သတည်း၊ တရိဿာမ၊ ဘယ်ဘုံဘယ် နန်း ဘယ်ကြငှန်းကိုမှ မဝင် ခရီးစဉ်စခန်းမထောင့်ဘဲ လမ်း ဖြောင့်ဖြောင့် ကူးမြောက်ကြပါကုန်အံ့သတည်း။

ဤဒေသနာတော်အရ စိစစ်ခေါ်ဖန် ကြည့်ကြလျှင် မဂ္ဂင် ဖောင်ကြီး ငြိမ့်ငြိမ့်စီးကြရန်အတွက် ပဌမ-သံသာရသောတံ ဆိန္ဒိတွာအရ သံသရာအလျဉ်ကိုဖြတ်ရမည်ဒုတိယ-ဝိဒ္ဓံသေတွာ တယောဘဝေ အရ ဘုံသုံးပါးကို ဖျက်ဆီးရမည်။ တတိယ- အနာလယံ အရ ဝဋ်ချမ်းသာများကို တောင့်တ တွယ်တာမှု

ကင်းကြရမည်။ ဤသုံးပါးနှင့်ပြည့်စုံသောအလုပ်ဆိုလျှင် မဂ္ဂင်ဖောင်ကြီး တက်စီ ဖို့ရန်အကြောင်း ဖြစ်ပါသည်။

ပထမ သံသာရဝဋ်အရက်ကို သိဖို့လိုပါသည်။ ထို့ကြောင့် အဋ္ဌကထာက သံသာရဝဋ်သောတန္တိ ကမ္မကိလေသဝသေန ယောနိဂတိ ဝိညာဏဋ္ဌိတိ နဝသတ္တာဝါသေသု ဤတော စိတော စ သံသရဏံ သံသာရော-ဟု ဖွင့်ဆိုထားပါသည်။

သံသာရဝဋ်သောတန္တိ၊ သံသာရဝဋ်သောတ ဟူသည်ကား။ ကမ္မကိလေသဝသေန၊ ကံကိလေသာတို့၏အစွမ်းအားဖြင့်၊ ယောနိဂတိဝိညာဏဋ္ဌိတိ နဝသတ္တာဝါသေသု၊ ပဋိသန္ဓေအားဖြင့်လေးပါး၊ လားရာဂတိအားဖြင့် ငါးပါး၊ ဝိညာဏ်၏ တည်ရာအားဖြင့် ခုနစ်ပါး၊ သတ္တာဝါသအားဖြင့် ကိုးပါးတို့၌ ဣတော စိတော စ၊ ဤမှထိုမှလည်း။ သံသရဏံ၊ ကျင်လည်ခြင်း။ သံသာရော၊ ကျင်လည်ခြင်းတည်း။ ကျင်လည်ခြင်းဆိုသည်မှာ အခြေခံအားဖြင့် ကံကိလေသာကြောင့် ကျင်လည်ခြင်းကိုဆိုပေသည်။ ဘယ်နေရာတွေမှာ ကျင်လည်ပါသနည်းဆိုလျှင် ပဋိသန္ဓေတစ်ခုမှပဋိသန္ဓေတစ်ခုသို့၊ လားရာဂတိတစ်ခုမှ လားရာဂတိတစ်ခုသို့၊ ဝိညာဉ်တစ်ခုမှ ဝိညာဉ်တစ်ခုသို့၊ သတ္တာဝါတစ်ခုမှ သတ္တာဝါတစ်ခုသို့ ပြောင်းရွှေ့နေရခြင်းကို ကျင်လည်ခြင်းဟု ဆိုပါသည်။

ယခုပြောနေသည်မှာ သံသရာ၏ အဓိပ္ပါယ်ပင် ဖြစ်သည်။ သံသာရနဲ့ဝဋ်သောတ မည်ကဲ့သို့ဆက်စပ်ပါသလဲဆိုလျှင်—

သံသာရော စ သော သောတဥ္စာတိ သံသာရသောတံ-သံသာရသောတ၊ သံသာရတည်းဟူသော အလျဉ်ဟု စပ်လိုက်တော့ သံသာရနဲ့သောတအရတူ အဓိပ္ပါယ်တူ ဖြစ်သွားလေ၏။

တစ်နည်းအားဖြင့်–အထ၀ါ သံသာရဿသောတံ သံသာရ သောတံဟုအဋ္ဌကထာဆရာများကဖွင့်ဆိုထားပြန်သောကြောင့် သံသာရဿ၊ သံသရာ၏။ သောတံ၊ အလျဉ်ဘည်း။ သံသာရသောတံ၊ သံသရာ၏အလျဉ်-ဟု အဓိပ္ပါယ်ရပါသည်။

သံသရာ၏အလျဉ်မှာ အဓိပ္ပါယ် မပေါ်လွင်ခဲ့သေးသဖြင့် သံသာရကာရဏံ တဏှာသောတံ ဆိန္ဒိတွာတိ အတွော- သံသရာ အကြောင်းဖြစ်သော (ဝါ) ကျင်လည် ရခြင်း၏ အကြောင်း ဖြစ်သော်ာတဏှာကိုသံသာရသောတဟုဖွင့်ပြထား သောကြောင့် ထိုတဏှာကို ဖြတ်တောက်လိုက်ခြင်းကိုပင်လျှင်သံသာရသောတံ ဆိန္ဒိတွာ-ဟု ဆိုပါသည်။

ဒုတိယ–ဝိဒ္ဓံသေတွာ တယော ဘဝေ၊ ဘုံသုံးပါး တို့ကို ဖျက်ဆီးကြကုန်၍ဟူသော အဓိပ္ပါယ်ကား–

တယောဘဝေတိ ကာမရူပါ ရူပဘဝေ။

တိဘဝနိဗ္ဗတ္တက ကမ္မ ကိလေသာ တယော ဘဝေါတိ အဓိပ္ပေတာ–

ဟု ဖွင့်ဆိုချက်အရ ကာမဘုံ ရူပဘုံ အရူပဘုံတို့ကို ဘုံသုံး ပါးဟု ခေါ်ဆိုပါသည်။ သို့သော်ထိုဘုံသုံးပါးကိုဖျက်ဆီးရမှာ ထား၊ ဤသို့လည်းမဟုတ်ပါ၊ တိဘဝ နိဗ္ဗတ္တက ကမ္မကိလေသာ ဘုံသုံးပါးတို့၌ဖြစ်စေဘတ်သော ကံကိလေသာတို့ကို ဆိုသို့ရင်း ဘုံသုံးပါးဟု မှတ်ပါ။ ဘုံသုံးပါးကိုဖြစ်စေသော တောင့်တမှု လောဘတဏှာကိုဖျက်ဆီးခြင်း၊ မဖြစ်ပေါ်လာအောင်ပယ်ခွါ ခြင်းကို ဆိုသိုပါသည်။

တတိယ-အနာလယံဟူသော အဓိပ္ပါယ်ကား-- ဘုံသုံးပါး အတွင်း၌ ဖြစ်ပေါ်နေသော ဝတ္ထုအာရုံကာမဂုဏ်တို့ကို(ဝါ)

ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဟုဆိုအပ်သော ကိလေသာအာရုံကာမဂုဏ်တို့ကို တွယ်တာမက်မောခြင်းမှ ကင်းတာကို ဆိုလိုပါသည်။ ဤအင်္ဂါအခြေခံအကြောင်းအချက်နှင့်ပြည့်စုံပါက မိမိတို့ပြုကြသော ကုသိုလ်မှုတို့သည် မဂ္ဂင်ဖောင်ကြီး ငြိမ့်ငြိမ့် စီး၍ ခရီးမထောက် လမ်းဖြောင့်ဖြောင့်ဖြင့် မဂ်ဖိုလ်သို့ ပေါက်ရောက်ကြမည်ဖြစ်ပါသည်။ ဤနေရာ၌ မဂ္ဂင်တရားဆိုသည်မှာ ဖောင်ကြီးနှင့် အလားသဏ္ဍာန်တူပါသည်။ ထို့ကြောင့် ဓမ္မနာဝ န္တိအရိယံ အဋ္ဌင်္ဂိကံမဂ္ဂံ-ဟု ကျမ်းဂန်များက ဆိုပါသည်။ အရိယာတို့၏ မဂ္ဂင်ရှစ်ပါးသည် ဖောင်နှင့်တူသောကြောင့် ဓမ္မနာဝ၊ ဟု ဖွင့်ဆိုကြခြင်း ဖြစ်ပါသည်။

ဤဂါထာ၏အဓိပ္ပါယ်ကို အကျဉ်းချုပ်လိုက်လျှင်-

၁။ သံသရာဟု ဆိုအပ်သော ကျင်လည်ခြင်း၏အကြောင်း တဏှာလောဘကို ဖြတ်ပါ။

၂။ ဘုံသုံးပါးကိုတောင့်တခြင်းဘဝတဏှာကိုလည်းဖျက်ဆီးပါ။

၃။ ဝဋ်ဆင်းရဲထဲမှာ ဖြစ်နေသော ဤလူ့ ကန္ဓာ မနာပ-ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတွေကို တွယ်တာမှုမရှိအောင် လုပ်ပါ။

ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံသောကုသိုလ်ဖြစ်ကြလျှင် နိဗ္ဗာနဂါမိ ဘာဂိယကုသိုလ်ဖြစ်ပါသည်။ ထို့ကြောင့် ငါဝဋ္ဋံ ဥဒ္ဒိဿ ဥပစိတံ နိဗ္ဗာနဘာဂိယကုသလံ ဥပနိဿယော-ဟု ဖွင့်ဆိုထားပါသည်။

ဝိဝဋ္ဋံ၊ ဝဋ်ဘေးရားတို့၏ ကင်းပြတ်ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သော နိဗ္ဗာန်ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ (ဝါ)ဦးတည်ရှေ့ရှုအာရုံပြု၍။ ဥပစိတံ၊ဆည်းပူးစုဆောင်းအပ်သော။ နိဗ္ဗာနဘာဂိယ

ကုသလံ၊ သိစ္စာလေးပါး မြတ်ဗုဒ္ဓ ကို ပိုင်းခြားဆင်ခြင် ထိုး ထွင်းသိမြင်ခြင်းလျှင် အဖိုးရှိသော ကုသိုလ်သည်။ ဥပနိဿယော၊ အားကောင်းသော အကြောင်းတရားသည်။ ဟောတိ၊ ဖြစ်၏။

ကုသိုလ်ပြုကြသည့်အခါ သံသရာလည်စေတတ်သော ကမ္မ ကိုလေသတွေ မပါအောင် သတိထားကြရပါမည်။ လူ့ဘဝ လူ့စည်းစိမ်၊ နတ်ဘဝ နတ်စည်းစိမ်တွေကို တွယ်တာတောင့်တ ပြီး ကုသိုလ်ပြုကြလျှင် ကုသိုလ်ကံနောက်က တွယ်တာမှုတဏှာ လောဘကိလေသာတွေ ပါလာတတ်ပါသည်၊ ကိလေသာအခြံ အရံပါသော ကုသိုလ်မျိုးကို ကမ္မကိလေသဟု ဆိုပါသည်။ ထို့ကြောင့်-

> ကမ္မကိလေသဝသေန ယောနိ ဂတိ ဝိညာဏဋ္ဌိတိ
> နဝသတ္တာဝါသေသု ဣတော စိတော သံသရဏံ
> သံသာရော-

ဟု ဟောတော်မူခဲ့ပါသည်။ လျှို့ဒါန်း ပေးကမ်းဆဲ ခဏလေး မှာ ဘုံသုံးပါးကိုလိုချင်မှု၊ အာရုံငါးပါးကို တွယ်တာမှုတွေကို ဖြတ်ထားပါ။ ဖြတ်နည်း ငါးမျိုးရှိသည့်အနက် အရေးအကြီး ဆုံး သုံးမျိုးကို ပြောပြပါမည်။

ထိုသုံးမျိုးဆိုသည်ကား-

၁။ တဒင်္ဂပဟာန၊

၂။ ဝိက္ခမ္ဘန ပဟာန၊

၃။ သမုစ္ဆေဒ ပဟာန-တို့ ဖြစ်ပါသည်။

အဓိပ္ပါယ်ကတော့-

ဝိပဿနာယ ကိလေသာ တဒင်္ဂဝသေန ပဟီယန္တိတိ
ဝိပဿနာ တဒင်္ဂပဟာနန္တိ ဝေဒိတဗ္ဗာ။

ဝိပဿနာယ၊ ဝိပဿနာကုသိုလ်သည်။ ကိလေသာ၊ ကိလေသာတို့ကို။ တဒင်္ဂဝသေန၊ တဒင်္ဂ၏ အစွမ်းအားဖြင့်။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာကုသိုလ်ကို။ တဒင်္ဂပဟာနန္တိ၊ တဒင်္ဂပဟာန-ဟူ၍။ ဝေဒိတဗ္ဗာ သိအပ်၏။

တဒင်္ဂပဟာန အရာ၌ ဝိပဿနာကုသိုလ်ကို ဥက္ကဋ္ဌပရိစ္ဆေဒ၏ အစွမ်းအားဖြင့် ဆိုထားသဖြင့် ဒါနကုသိုလ်၊ သီလကုသိုလ်များကိုလည်း တဒင်္ဂပဟာန-ဟု ဆိုရပါမည်။ တဒင်္ဂပဟာနဆိုသည်မှာ ထိုထိုသို့သော အကုသိုလ်ကို ပယ်ခြင်းကို ဆိုလိုပါသည်။ အချုပ်ကတော့ ကာမာဝစရကုသိုလ်ဖြစ်လျှင် အကုသိုလ်မဖြစ်ဘဲ ချုပ်ငြိမ်းနေသည့်အတွက် ကာမာဝစရ ကုသိုလ်စိတ်ကို တဒင်္ဂပဟာန-ဟု ဆိုပါသည်။ ထို့ကြောင့်-တဒင်္ဂဝိမုတ္တိံ-တ္တ ကာမာဝစရ ကုသလစိတ္တံ-ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ဆိုထားပါသည်။

သမာပတ္တိ ပန ကိလေသေ ဝိက္ခမ္ဘေတီတိ သာ ဝိက္ခမ္ဘနပဟာနန္တိ ဝေဒိတဗ္ဗာ။

သမာပတ္တိ၊ သမာပတ် ဝင်စားခြင်းသည်။ ကိလေသေ၊ ကိလေသာတို့ကို။ ဝိက္ခမ္ဘေတိ၊ ခွါတွက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ၊ ထိုစျာန်သမာပတ် ဝင်စားခြင်း မဟဂ္ဂုတ်စိတ်ကို။ ဝိက္ခမ္ဘနပဟာနန္တိ၊ ဝိက္ခမ္ဘနပဟာနဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

မင်္ဂလ သမ္မုတ္တိန္နလောက္ခ ဟောတိ။

မင်္ဂလ၊မင်္ဂလ်သည်။သမ္မုတ္တိန္နလောက္ခ၊အကြွင်းမဲ့ ဖြစ်တောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဒါနမှု၊ သီလမှု၊ ဘာဝနာမှု ပြုကြသည့်အခါ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို တွယ်တာမှု၊ ဘဝကိုတွယ်တာမှု-ဟု ဆိုအပ်သော ကိလေသာတရားတွေကို တဒင်္ဂပဟာန၏အစွမ်းအားဖြင့်ပယ်ခွါပြီး ပြုကြပါမှ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်သော နိဗ္ဗာန ဂါမိကုသိုလ် ဖြစ်နိုင်ကြပါမည်။

ဤနိဗ္ဗာန်ဂါမိယ ကုသိုလ်မဖြစ်ကြလို့ ရှည်လျား လှစွာသော သံသရာကြီးထဲမှာ ငါဘုရားသခင် ကိုယ်တော်မြတ်သည်လည်းကောင်း၊သင်တို့သည်လည်းကောင်း၊ လူးလာတုံ့ ခေါက် လျှောက်၍ ကျင်လည်ခဲ့ရလေပြီ-ဟု မိန့်တော်မူပုံက—

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ၊ ဧဝမိဒံ ဒီဃမဒ္ဓါနံ သံဓာဝိတံ သံသရိတံ မမဥ္စေဝ တုမှာကဥ္စ—

ဟု ဟောတော်မူပါသည်။ ဘိက္ခဝေ၊ မီးဆယ့်တစ်တန် လွတ်ကြောင်းဖန်၍ နိဗ္ဗာန်ရည်မှန်း အိုရဟန်းတို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂ တစ်ဖြာ လေးပါးသောသစ္စာတို့ကို။ အနနုဗောဓာ၊ လျော်စွာ မသိခြင်းကြောင့်။အပ္ပဋိဝေဓာ၊ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့၊ ဒီဃံ၊ ရှည်လျားလှစွာသော၊ ဤဒံအဒ္ဓါနံ၊ ဤ သံသရာ အခွင့် ကာလပတ်လုံး။ မမဉ္စ၊ သင်တို့၏ဆရာ ငါ ဘုရားသခင် ကိုယ်တော်မြတ်သည် လည်းကောင်း။ တုမှာကဥ္စ၊ သင်တို့သည်လည်းကောင်း။ သန္ဓာဝိတံ၊ ပြေးသွားရ ဤဘဝဒွိ

ရပ်၍ မတည် အခြားသောဘဝသို့ ပဋိသန္ဓေအစွမ်းအားဖြင့် ပြောင်း၍ တည်ရခြင်းသည်လည်းကောင်း။ သံသရိတာ၊ဤဘဝမှ ထိုဘဝ, ထိုဘဝမှ ဤဘဝသို့ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် လူးလာတုံ့ ခေါက် လျှောက်ခဲ့ကြရခြင်းသည် လည်းကောင်း။ အနေ့ဟာသိ၊ ဖြစ်ခဲ့ကြရလေပြီတကား။

ဤပါဠိတော်စကားကို-

အနနုဗောဓာတိ ဉာတပရိညာဝသေန အနနုဗုဇ္ဈနာ။

အနနုဗောဓာတို၊ လျော်စွာမသိခြင်း ဆိုသည်ကား။ ဉာတပရိညာဝသေန၊ ဉာတပရိည၏အစွမ်းအားဖြင့်၊ အနနုဗုဇ္ဈနာ၊ လျော်စွာမသိခြင်းကြောင့်။

အပ္ပဋိဝေဓာတိ တီရဏပ္ပဟာနပရိညာဝသေန အပ္ပဋိဝိဇ္ဈနာ။

အပ္ပဋိဝေဓာတိ၊ ထိုးထွင်း၍မသိခြင်းဆိုသည်ကား။ တီရဏပ္ပဟာနပရိညာဝသေန၊ တီရဏပရိညာ ပဟာနပရိညာ၏အစွမ်းအားဖြင့်။ အပ္ပဋိဝိဇ္ဈနာ၊ ထိုးထွင်း၍မသိခြင်းကြောင့်-ဟူ ဖွင့်ဆိုသောကြောင့် ဉာတပရိညာ၏အစွမ်းအားဖြင့်ထိုးထွင်း၍မသိခြင်းကို အနနုဗောဓ၊ ဉာတပရိညာဖြင့် ထိုးထွင်း၍ သိခြင်းကို အနုဗောဓဉာဏ်-ဟု မှတ်ရပါမည်။ ထို့ကြောင့် ဉာတပရိညာသိသိဖို့သိုပါသည်။ ဉာဘပရိညာဆိုသည်မှာ အဘယ်နည်း။

တတ္ထရုပ္ပနလက္ခဏံ ရူပံ၊ ဝေဒယိလက္ခဏာ ဝေဒနာတိ ဧဝံ တေသံ တေသံ ဓမ္မာ နံ ပစ္စတ္တလက္ခဏသလ္လက္ခဏ ဝသေန ပဝတ္တာ ပညာ ဉာတပရိညာ နာမ။

တတ္ထ၊ ထိုရိည သုံးပါးတို့တွင်။ ရူပံ၊ ရုပ်သည် ရုပ္ပန လက္ခဏံ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ ဝေဒနာ၊ ဝေဒန

သည်။ ဝေဒယိတလက္ခဏာ၊ အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိ၏။ ဣတိစေ၊ ဤသို့။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို သို့သော ပရမတ္ထတရားတို့၏။ ပစ္စတ္တလက္ခဏသင်္ခါတဝသေန၊ သီးခြား ကိုယ်ပိုင်ဖြစ်သော လက္ခဏာကို ပိုင်းခြား မှတ်သား သည်၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ အသိ ဉာဏ်ပညာသည်။ ဉာတပရိညာနာမ၊ ဉာတပရိညာမည်၏။

ဝိပဿနာရှုသောပုဂ္ဂိုလ်သည်ပထမရှေးဦးစွာ မိမိရှုနေသော အာရုံအားလျော်စွာ ပေါ်လာသော ပရမတ္ထ၏ ကိုယ်ပိုင်လက္ခ ဏာကို (ဝါ) အခြားပရမတ္ထတို့နှင့်မဆက်ဆံ၊ မိမိရှုနေသော ပရမတ္ထနှင့်သာ ဆက်ဆံသော လက္ခဏာသာ ဖြစ်သောကြောင့် ပစ္စတ္တလက္ခဏာ (ဝါ) သီးခြားလက္ခဏာကိုရှုမိ၍ သိနေသော ဉာဏ်ကို ဉာတပရိညာဟု ခေါ်ပါသည်။ယင်းဉာတပရိညာအား ဖြင့် သိခြင်းကို အနုဗောဓဉာဏ်ဟု မှတ်ကြရပါမည်။ (ဖြစ်ပေါ် လတံ့သောပဋိဝေဓဉာဏ်ဖြစ်ဖို့ရာဖြစ်သဖြင့် လျော်စွာသိသော ဉာဏ်)ဟု ဆိုပါသည်။

တီရဏ ပရိညာက ဘာတွေကို သိသလဲဆိုတော့....

ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ ဝေဒနာ အနိစ္စာ ဒုက္ခာ-အနတ္တာတိ အာဒိနာနယေန တေသံ တေသံ ဓမ္မာနံ သာမညလက္ခဏံ အာရောပေတွာ ပဝတ္တာ လက္ခဏာ-ရမ္မဏိကာ ဝိပဿနာ ပညာ တီရဏပရိညာနာမ။

အနက်မပေးပဲ မြန်မာလိုပဲပြောကြပါစို့။ ရုပ်တရား၏အနိစ္စ ဒုက္ခ အနတ္တ၊ ဝေဒနာ၏ အနိစ္စ ဒုက္ခ အနတ္တ။ ဤသို့စသော

နည်းဖြင့်ထိုထိုသို့သော ပရမတ္ထတို့၏သာမညလက္ခဏာသို့တင်၍ ဖြစ်သော လက္ခဏာနှလျှင် အာရုံရှိသော ဝိပဿနာပညာသည် တိရဏပရိညာမည်၏။

တတိယမြောက် ပဟာန ပရိညာသိ-အရ ဆိုလျှင် ဘင်္ဂါ- နုပဿနာ အာဒိ ကမှာ ဥပရိပဟာန ပညာယ ဘူမိ ဘင် ဉာဏ်မှစ၍ သစ္စာနုလောမဉာဏ် တိုင်အောင် ပဟာနပရိညာ၏ အရာဖြစ်ပါသည်။ ဤပဟာနပရိညာ၏အတွင်းမှာတော့ အနိစ္စ တော အနုပဿနန္တာ နိစ္စသည့် ပဇဟတိ၊ အနိစ္စ လက္ခဏာ အားဖြင့် ရှုနေသောပုဂ္ဂိုလ်သည် နိစ္စသညာကိုပယ်ရ ရာက်၏။ ဒုက္ခတော အနုပဿန္တော သုခံ သညံ ပဇဟတိ၊ ဒုက္ခလက္ခဏာ ကိုရှုခိုက် သုခသညာကို ပယ်၏။ အနတ္တတော အနုပဿန္တော အတ္တသညံ ပဇဟတိ၊ အနတ္တ လက္ခဏာကို ရှုဆင်ခြင်နေစဉ် အတ္တသညာကို ပယ်၏။

ဤသို့ စသော သက်ဆိုင်ရာတို့ကိုပယ်ခြင်းကိုပြီးစေကုန်သော ခုနစ်ပါးသော ရှုဆင်ခြင်မှုတို့သည် အစိုးရကုန်၏၊ ခုနစ်ပါး သော ရှုခြင်းတို့တွင် နောက်ဆုံး ပဋိနိဿဂ္ဂါနုပဿနာ အာဒါနံ ပဇဟတိ၊ သင်္ခါရနိမိတ်တို့ကို စွန့်ဘာခဲမင်ခြင်းမှကင်းသော အားဖြင့် ယင်းသင်္ခါရနိမိတ်ဟုဆိုအပ်သောအာရုံကို ရှုဆင်ခြင် သော ယောဂီပုဂ္ဂိုလ်သည် သင်္ခါရနိမိတ်ကို ယူခြင်းမှ ကင်းပြီး သည်၏အဆုံး၌ နိဗ္ဗာန်သို့ပြေးဝင်သော ဂေါတြဘူ စိတ်ဖြင့် ငြိမ်းချမ်းသော သန္တိသုခဓာတ်ကို အာရုံပြုပြီးသည်၏ ဖအဆုံး၌ မဂ်စိတ်ဖိုလ်စိတ်ဖြစ်ကြလေ၏။

ထို့ကြောင့် ယခုဟောခဲ့သည့်လမ်းစဉ်အတိုင်းသွားကြလျှင် ထိုပုဂ္ဂိုလ်တို့သည် ဘယ်ပုံ ဘယ်နည်း ဘယ်ကြင့်နန်းကိုမှုလဲမဝင်၊ ခရီးစဉ်စခန်းမထောင့်ဘဲ မဂ်လမ်းဖြောင့်ဖြောင့်ဖြင့် နိဗ္ဗာန်သို့ ကူးမြောက်နိုင်ကြပါကုန်အံ့သတည်း။ ။

၁။ ဟောကြားသောဆရာတော်....ဆရာတော် ဘဒ္ဒန္တခေမာဂုဒ (အဂ္ဂမဟာပဏ္ဍိတ)။ (နိုင်ငံတော် သံဃနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ)။

၂။ သီတင်းသုံးရာနေရပ်....လယ်တီကျောင်းတိုက်၊ဟင်္သာတမြို့

၃။ ဟောကြားသည့်ရက်....၁၃၄၉-ခုနှစ်၊ ဝါဆိုလပြည့်ကျော်နေ့

၄။ ဟောကြားသည့်နေရာ....မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

# နယုန်လပြည့်

## မဟာသမယ အခါတော်နေ့ တရားတော်

●

ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့၊ ယနေ့သည်နယုန်လပြည့် မဟာသမယနေ့ဖြစ်ပါသည်။ ဤသို့ နယုန်လပြည့် မဟာသမယ နေ့ ဖြစ်သည့်အတိုင်း ယင်း မဟာသမယ သုတ်တော်ကို သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်ဘုရားဟောကြားတော်မူပုံ အတ္ထုပ္ပတ္တိအကြောင်း နိဒါန်းကို ရှေးဦးစွာ အကျဉ်းချုပ်မျှ ဟောကြားပါမည်။

အခါတစ်ပါး တစ်ခုသော နယုန်လပြည့်နေ့မှာ ကောလိယမင်းမျိုးနှင့် သာကီယမင်းမျိုးတို့သည် ကပိလဝတ်မြို့တော်နှင့် ကောလိယမြို့တော်တို့၏အလယ်၌ စီးသွားသောရောဟိနီမြစ်ကို ပိတ်ဆို့တားဆီး၍တာတမံတစ်ခုတည်းဖြင့် လယ်ယာစိုက်ပျိုးမှုပြုလုပ်ကြရာ မိုးရေနည်းပါးသဖြင့် ကောက်ပင်တို့ညှိုးခြောက်လုဆဲဆဲတွင် ရေကို အလုအယက် ယူကြသော လယ်သမားအချင်းချင်း အငြင်းပွားကြရာမှ အစပြု၍ ဆွေချင်းမျိုးချင်း နှစ်ပြည်ထောင်မင်းတို့ စစ်ခင်းရွှေသော အခြေသို့ ဆိုက်ရောက်လေသည်။

ဤသို့ နှစ်ပြည်ထောင်မင်းတို့ စစ်မက်အင်္ဂါလေးပါးစီမံပြီးလျှင် မြစ်ဆိပ်နေရာသို့ ဦးတည်၍အသီးအသီး ချီဘက်လာခဲ့ကြလေသည်။ ထိုနေ့ မိုးသောက်အခါမှ ဗုဒ္ဓရှင်တော်ဘုရားသည်

မဟာဂရုဏာတော် သမာပတ်မှ ထတော်မူ၍ ရှေ့ညာဘက်တော် ကွန့်ယက်ကို ဖြန့်ကြက်ကာ လောကကြီးကို ကြည့်ရှုတော်မူရာတွင် စစ်တိုက်ရန်ထွက်လာကြသည့် ဆွေတော် မျိုးတော်တို့ကို မြင်တော်မူလေသည်၊ ထိုသို့မြင်တော်မူသောအခါ ရှင်တော်မြတ်ဘုရားသည် ဤသို့ ဆင်ခြင် သိမြင်တော်မူသည်။

“ငါဘုရား ကြွသွားတော်မူ၍ မင်းမျိုးတို့ကို ရန်ငြိမ်းစေခြင်းအကျိုးငှာ ဖန္ဒနဇာတ်၊ ဒုဒ္ဒုဘဇာတ်၊ လဋုကိကဇာတ် ဤဇာတ်သုံးဇာတ်တို့ကို ဟောကြား၍ သုံးမလျှင် ရန်သည် ငြိမ်းလတံ့၊ ထို့နောက်တွင်ဖန် ရုက္ခဓမ္မဇာတ်၊ ဝဋ္ဋဇာတ်ဤနှစ်ဇာတ်ကို ဟောကြားလျှင် မင်းအပေါင်းတို့သည် ညီညွတ်ကြလတံ့၊ ထိုအခါ နှစ်ဘက်သောမင်းတို့က နှစ်ရာငါးဆယ်စီသော မင်းသားတို့ကို ငါ့အားပေး၍ ထို သာကီဝင်မင်းသား ငါးရာတို့ရဟန္တာဖြစ်ကြလတံ့၊ ထိုအခါအလွန်ကြီးကျယ်သော နတ်ပြဟ္မာအစည်းအဝေးသဘင်မဟာသမယကြီးဖြစ်၍အတိုင်းမသိ များလှစွာသော နတ်ပြဟ္မာတို့ကျွတ်တမ်းဝင်ကုန်သတံ့” ဟု မြင်တော်မူသည်။

ထို့ကြောင့် ရှင်တော် မြတ်ဘုရားသည် မည်သူ တစ်စုံတစ်ယောက်ကိုမျှ မပြောကြား မသိစေဘဲကိုယ်တော်တစ်ပါးတည်းသာ သပိတ်သင်္ကန်းကိုယူ၍ ကြွသွားတော်မူပြီးလျှင် စစ်တပ်နှစ်ခုတို့၏ အလယ် ကောင်းကင်၌ ထက်ဝယ် ဖွဲ့ခွေနေတော်မူလျက် နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ ဟူသော ရောင်ခြည်တော် ခြောက်ပါးတို့ကိုလွှတ်၍ စံနေတော်မူသည့်ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့်တင့်တယ် ကွန့်မြူးကြည်နူးဖွယ် စံပယ်နေတော်မူသော မြတ်ဗုဒ္ဓရှင်တော်

ဘုရားကို နှစ်ဖက်သောမင်းမျိုးတို့သည် ဖူးမြင်ကြရလေသည်။ ထိုအခါ ကောလဒတ် မင်းမျိုးတို့က ဤသို့ ကြံဆ ဆုံးဖြတ်ကြသည်။

''ငါတို့၏ ဆွေမျိုး ဖြစ်တော်မူသော ဗုဒ္ဓ ရှင်တော်ဘုရားသည် ငါတို့ ခိုက်ရန် ဖြစ်ပွား၍စစ်တိုက်မည် ပြင်ဆင်နေသည်ကို သိမြင်တော်မူ၍ ကြွတော်မူလာသည်ဖြစ်မည်။ မြတ်စွာဘုရားရှင်၏ရှေ့တော်မှာ ကျွန်ုပ်ငါတို့သည်သူတစ်ပါးတို့အားလက်နက်ဖြင့် ပုတ်ခတ်သတ်ဖြတ်ရန် မပြုစကောင်းပေ။ တစ်ဖက် ရန်သူဖြစ်သော ကောလိယ မင်းမျိုးတို့က ငါတို့ကို သတ်လိုလျှင်လည်း သတ်ပစေ၊ နှင်းနိမ့် နှိပ်စက်လိုလျှင်လည်း နှင်းနှိမ့် နှိပ်စက်ကြပစေတော့''ဟု ပြောဆိုကြပြီးလျှင် မိမိတို့ စွဲကိုင်ထားသော လက်နက်တို့ကို စွန့်လွှတ်၍မြတ်စွာဘုရားရှင်ကိုရှိခိုး ဝပ်တွားကာ ထိုင်နေကြသည်။ ကောလိယ မင်းမျိုးတို့သည် ကပိလဝတ်မင်းမျိုးတို့နည်းတူစိတ်၌အကြံဖြစ်ပြီးလျှင်လက်နက်များကို စွန့်ပစ်ကြ၍ ဘုရားရှင်ကို ရှိခိုးဝပ်တွားကာ ထိုင်နေကြသည်။

ထိုအခါက ရှင်တော် မြတ်ဘုရားသည် နှစ်ဖက်သော မင်းတို့အား-အဘယ်အကြောင်းကြောင့် ဤအရပ်သို့ စည်းဝေးရောက်ရှိလာကြကုန်သနည်း-ဟု သိတော်မူလျက်သာလျှင် မေးတော်မူသည်။ ထိုအခါ နှစ်ဖက်သော မင်းတို့က ဤသို့ လျှောက်ထားကြသည်။

''အရှင်ဘုရား တပည့်တော်တို့သည် ဤမြစ်ဆုံအရပ်သို့ လာကြခြင်းမှာ ရေဆိပ်၌ ရေကစားရန် လာကြသည် မဟုတ်ပါ၊ အမှန်စင်စစ်မှာ ဤနေရာသို့ တပည့်တော်

တို့သည် တစ်ဖက်နှင့်တစ်ဖက် အနိုင်အထက် စစ်တိုက်သတ်ဖြတ်ရန် လာရောက်ကြပါသည် ဘုရား''-ဟု လျှောက်ထားကြသည်။

ထို့နောက် ရှင်တော်မြတ်ဘုရားသည် အောက်ပါအတိုင်း ဆက်လက် မေးမြန်းတော်မူသည်။

''အို-ကပိလဝတ်၊ ကောလိယ မင်း အပေါင်းတို့၊ သင်တို့သည် အဘယ် အရာကို အကြောင်းပြု၍ ရန်ပွဲဆင်ယင်ကြသနည်း''။

''အရှင်ဘုရား ဘပည့်တော်တို့သည် ရေကိုအကြောင်းပြု၍ စစ်တိုက်ရန် ပြင်ဆင်ကြခြင်း ဖြစ်ပါသည်''

''အို-မင်းအပေါင်းတို့၊ ရေသည် အဘယ်မျှလောက် အဖိုး ထိုက်တန်ပါသနည်း''။

''အရှင်ဘုရား-ရေသည် မဖြစ်စလောက်အနည်းငယ်မျှသာ အဖိုးထိုက်တန်ပါသည်''။

''အို-မင်းအပေါင်းတို့၊ မြေကြီးသည် အဘယ်မျှလောက် အဖိုးထိုက်တန်ပါသနည်း''။

''အရှင်ဘုရား မြေကြီးသည် အဖိုး များစွာ ထိုက်တန်ပါသည် ဘုရား''။

''အို-မင်းအပေါင်းတို့၊မင်းမျိုးတို့သည်အဘယ်မျှလောက် အဖိုးထိုက်တန်ပါသနည်း''။

''အရှင်ဘုရား မင်းမျိုးကို့သည် အဖိုး မဖြတ်နိုင်အောင် ထိုက်တန်ပါသည်ဘုရား''။

ထိုအခါ မြတ်စွာဘုရားက နှစ်ဖက်သော မင်း ပေါင်းတို့ အား-''အဖိုးအနည်းငယ်သာ ထိုက်တန်သည့်ရေကို အကြောင်း

ပြု၍ အဖိုးအနဂ္ဃမရေမတွက်နိုင်အောင်ထိုက်တန်သောမင်းမျိုးတို့ကို ဖျက်ဆီးသတ်ဖြတ်ခြင်းငှာ မသင့်ချေ’’-ဟု ဟောကြားတော်မူသည်။ ထို့နောက် မင်းအပေါင်းတို့ ခိုက်ရန် ငြိမ်း၍ ညီညွတ်ချစ်ခင်စေရန် အောက်ပါ ဇာတ်တော်များကို ဆက်လက် ဟောကြားတော်မူသည်။

ရှေးအခါက မပြောပလောက်သည့် အကြောင်းကြောင့် ဝက်ဝံနှင့် ရုက္ခစိုးနတ်တို့သည်ရန်ငြိုးဖွဲ့မှား၍နှစ်ဦးစလုံးပျက်စီးကြရာ ဘဒ္ဒာဘမ္ဗုပတ်လုံး ရန်ငြိုး မပြေနိုင်ဘဲ ရှိခဲ့ကြောင်း-ဟောရသက နိပါတ် ဖန္ဒနဇာတ်ကို အကျယ်ဟောတော်မူသည်။ အထူးသဖြင့်ကြီးကြပ်အုပ်ချုပ်မင်းလုပ်သူများသည် ပြောတိုင်းမယုံကြလွန်အပ်ကြောင်း၊ သူတစ်ပါးတို့၏စကားကိုယုံကြည်မိ၍ ဘသက် ပျက်စီးသေဆုံးကြဖူးကြောင်း၊ မဆင်မခြင်ပြောသော ယုန်တစ်ကောင်၏ စကားကို ယုံကြည်မိသော ကြောင့်ယူဇနာသုံးသောင်းကျယ်သောဟိမဝန္တာတော၌နေကြသည့်အခြေလေးချောင်း ရှိသောတောတိရစ္ဆာန်တို့သည် မဟာသမုဒ္ဒရာသို့ ပြေးဝင်ကြဖူးကြောင်း အစချီ၍ စတုက္ကနိပါတ် ဒုဒ္ဒုဘ ဇာတ်ကို ဟောကြားတော်မူသည်။

မလောက၌ တစ်ခါတစ်ရံအားနည်းသူသည် အားကြီးသူ၏ ချွတ်ယွင်းချက်ချို့တဲ့ချက်များကို မြင်နိုင်သည်။ တစ်ခါတစ်ရံ အားကြီးသူက အားနည်းသူ၏ ချွတ်ယွင်းချက်ချို့တဲ့ချက်များကိုမြင်တတ်ပြန်သည်။ အားအားကိုကြီးသည်ငယ်သည်-ဟုမမှတ်အပ်ပေ။ အားနည်းသည့်ဗီလုံးငှက်မကလေးသည်ပင်ဆင်ပြောင်ကြီးကို သေစေခဲ့ဖူးပြီ-ဟုမိန့်တော်မူ၍ ပဥ္စကနိပါတ် ဇာတ်ကို အကျယ် ဟောကြားတော်မူသည်။

ဤသုံးဇာတ်ကိုဟောပြီးသောအခါ နှစ်ဖက်သော မင်းတို့၏ ခိုက်ရန်သည် ငြိမ်းသွားတော့သည်။ ထို့နောက်တစ်ဦးနှင့် တစ်ဦးချစ်ခင်ညီညွတ်လျှင် ဘေးရန်ကင်း၍ အချင်းချင်း မညီမညွတ် ခိုက်ရန်ဖြစ်ပွားကြလျှင် ဘေးဒုက္ခရောက်တတ်ကြောင်း ဆက်လက်၍ အောက်ပါ ဇာတ်နှစ်ဇာတ်ကို ဟောတော်မူပြန်လေသည်။

အသက်ရှိသည့် ညီညွတ်သောသူတို့ကိုမဆိုထားဘိဦး၊ တစ်စုတစ်ဝေးတည်း ညီညွတ်စွာ ပေါက်ရောက်နေသော အသက်မဲ့ သစ်ပင်တို့သည်ပင်လျှင် ဘေးရန်မှ ကင်းလွတ်နိုင်သည်ဟု ရုက္ခဓမ္မဇာတ်ကို ဟောကြားတော်မူသည်။

အချင်းချင်းညီညွတ်နေသည့်အခါ ဘေးရန်မှ ကင်းလွတ်၍ အချင်းချင်း မညီမညွတ် ခိုက်ရန်ဖြစ်ပွားကြသည့်အခါငုံးငှက်တစ်သိုက်တို့သည် မုဆိုးသက်၌ အသက်သေဆုံးဘူးပြီ-ဟု အစချီကာ ဝဋ္ဋကသမ္မောဒမာနဇာတ်ကိုအကျယ်ဟောကြားတော်မူသည်။

ဤသို့ ခိုက်ရန်ဖြစ်ခြင်း၏ အပြစ်နှင့်ညီညွတ်ခြင်း၏အကျိုးကို ပြဆိုရာ ဖြစ်သော ဇာတ်ငါးဇာတ်တို့ကိုဟောကြားတော်မူပြီ နောက် မိမိတို့ကိုယ်ကို မိမိတို့ ထိန်းသိမ်း ဆုံးမကြရန် အတ္တဒဏ္ဍသုတ်ကို ဟောကြားတော်မူပြန်သည်၊ ဇာတ်တော်ခြောက်ခုကိုဟောကြားပြီးသောအခါ နှစ်ဖက်သော မင်းမျိုးတို့သည် မြတ်စွာဘုရားရှင်ကိုအထူးကြည်ညိုကြ၍ ဤသို့ရိုက်၌ ကြံစည်ကြကုန်၏။

အကယ်၍ မြတ်စွာဘုရားသည် ဤအရပ်သို့မကြွလာခဲ့ပါမူ ငါတို့သည် အချင်းချင်းသတ်ဖြတ်ကြ၍ သွေးချောင်းစီးကာ

သေသုံးကြရတော့မည်။ ငါတို့၏ သား မယား ညီအစ်ကိုတို့ကို အိမ်တံခါးဝ၌ တွေ့မြင်ကြရတော့မည်မဟုတ်ပေ၊ မြတ်စွာဘုရားရှင်ကိုသာ အမှီပြု၍ ငါတို့သည် အသက်မခံသေ ချမ်းသာရာရကြပေသည်။

အကယ်၍ မြတ်စွာဘုရားသည် အိမ်ရာထောင်သော လူ့ဘောင်၌ နေခဲ့ပါမူ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိသော ကျွန်းကြီးလေးကျွန်းကို ပိုင်သစိုးအုပ်ရသည့် စကြဝတေးမင်းကြီးဖြစ်ပြီးလျှင် လှည့်လည်သွားလာသောအခါ မင်းမျိုးအခြံအရံတို့ဖြင့်သာ ခမ်းနားတင့်တယ်စွာ လှည့်လည်ပေမည်။ ထိုကဲ့သို့ စည်းစိမ်မျိုးကိုစွန့်တော်မူ၍ တောထွက်ပြီးလျှင် ဘုရားအဖြစ်သို့ ရောက်အောင် ကျင့်တော်မူခဲ့ပေသည်၊ ယခုအခါ၌လည်း မင်းမျိုးအခြံအရံရှိ၍သာလျှင်လှည့်လည်တော်မူသင့်ပေသည်-ဟု ကြံစည်ကြကာ နှစ်ဘက်သော မင်းမျိုးတို့သည် တစ်ဘက်လျှင် ပျိုမျစ်သော မင်းသားငယ် နှစ်ရာ့ငါးဆယ်စီ (နှစ်ရပ်ပေါင်း) ငါးရာတို့ကို မြတ်စွာဘုရားအား အပ်နှင်းကြလေသည်။

ထိုအခါ ရှင်တော်မြတ်ဘုရားသည် မင်းသားငယ် ငါးရာတို့ကို ရဟန်းပြုပေးပြီးလျှင် ဧတူခေါ်တော်မူ၍ မဟာဝုန်တောသို့ ကြွတော်မူသည်။ မင်းသားငယ်ငါးရာတို့သည်ရဟန်းပြုလိုသော ဆန္ဒမရှိကြပါပဲလျက် ဘုရားရှင်ကို ရိုသေလေးစားသော အားဖြင့်သာလျှင် ရဟန်းပြုကြရသောကြောင့် ရဟန်းအဖြစ်၌မပျော်မွေ့ကြပေ။ ထို့ပြင်မီးလောင်ရာလေပင့်သကဲ့သို့ ၎င်းတို့၏ အိမ်သူကြင်ယာ ဟောင်းများက ဖြားယောင်းသွေး

ဆောင်သောသဘင်းစကားများပေးပို့ပြီးလျှင် လူထွက်စေရန် မှာကြားကြသဖြင့် အလွန်ပင် ငြီးငွေ့ကြရှာလေသည်။

ရှင်တော်ဘုရားသည် သာကီဝင်မင်းသားငါးရာတို့ ရဟန်းဘဝ၌ငြီးငွေ့ကြသောအဖြစ်ကိုသိတော်မူ၍ "ဤရဟန်းတို့သည် ငါကဲ့သို့သော ဘုရားရှင်နှင့်အတူ နေရပါလျက် ငြီးငွေ့နေကြပေသည်။ ၎င်းတို့အား ဟိမဝန္တာ၌ရှိသော ကုဏာလအိုင်၏သာယာကြည်နူးဖွယ်ဂုဏ်များကို ဟောကြားပြီးလျှင် ထိုအိုင်ရှိရာသို့ ကိုယ်တော်တိုင် ခေါ်ဆောင်သွားပြီးနောက်၎င်းတို့၏ငြီးငွေ့၍ မမွေ့မလျော်မပျော်ပိုက်ခြင်းကို ပယ်ဖျောက်တော်မူအံ့"ဟုကြံစည်တော်မူပြီးလျှင် ရဟန်းငါးရာတို့အား ကုဏာလအိုင်ကြီး၏ ကြည်နူးအံ့သြဖွယ်ရာဂုဏ်တို့ကို ဟောကြားတော်မူလေသည်။ ရဟန်းတို့၌လည်း ကုဏာလအိုင်ကြီးကို ကြည့်ရှုလိုစိတ်များ ဖြစ်ပေါ်လာကြလေသည်။

ထိုအခါ ရှင်တော်မြတ်ဘုရားက ရဟန်းတို့အား 'ကုဏာလအိုင်ကို ကြည့်ရှုလိုကြသလော'ဟု မေးတော်မူရာ ရဟန်းတို့က ကြည့်ရှုလိုကြောင်း ပြန်ပြောင်းလျှောက်ထားကြသည့် အခါ 'ယခုပင် သွားကြအံ့'ဟု မိန့်တော်မူသည်။ ထိုအခါရဟန်းတို့က 'တန်ခိုးရှိသော သူတို့သာ သွားနိုင်သည့် အရပ်သို့တပည့်တော်တို့သည် မည်သို့ သွားနိုင်ပါမည်နည်း'ဟု ပြန်ကြား လျှောက်ထားလက်သော် မြတ်စွာဘုရားရှင်က 'သင်တို့မှာ သွားလိုသော ဆန္ဒကိုသာ ဖြစ်ကြပေကုန်လော့၊ ငါသည် သင်တို့အား ငါ၏ တန်ခိုးအာနုဘော်ဖြင့် ဆောင်ယူသွားအံ့'ဟုမိန့်တော်မူ၏။

မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ငါးရာသောရဟန်းတို့ကိုကုဏာလအိုင်ကြီးသို့ကောင်းကင်ခရီးဖြင့်ခေါ်ဆောင်

၍ သွားတော်မူသည်။ ကုဏ္ဍာလအိုင်ကြီးသို့ရောက်သောအခါ မြတ်စွာဘုရားက ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူသည်။

'ရဟန်းတို့၊ ကုဏ္ဍာလအိုင်၌ ရှိသော ရေ သတ္တဝါတို့၏ လည်းကောင်း၊ သစ်ပင် ပန်းပင်တို့၏ လည်းကောင်း၊ မြေ နှစ်ချောင်း, မြေလေးချောင်း ရှိကုန်သော သားငှက်တို့၏ လည်းကောင်း အမည်များကို မေးကြကုန်လော့' ဟု ခွင့်ပြုတော်မူသည်။ ရဟန်းတို့ မေးတိုင်းမေးတိုင်းလည်း ဘုရားရှင်က ဖြေကြားတော်မူသည်။ ရဟန်းငါးရာတို့သည် ကုဏ္ဍာလ အိုင်၌ သာယာကြည်နူးဖွယ်တို့ကိုတွေ့မြင်ကြရသဖြင့် စိတ်ကြည်လင် ပျော်ရွှင်ကြသည်။

ထိုသို့ အိုင်၏ ကြည်နူးဖွယ်တို့ကိုကြည့်ရှုနေကြစဉ်ဥဩငှက် နှစ်ကောင်က အစွန်းတစ်ဘက်စီကို နှုတ်သီးဖြင့် ကိုက်ချီ၍ ပျံသန်းယူဆောင်လာသော တုတ်တစ်ချောင်းအလယ်၌နား၍ အခြံရံများနှင့် လာသော ဥဩငှက်မင်းကို မြင်ကြလေသည်။ ရဟန်းတို့က– 'ဤဥဩငှက်အား ငှက်မင်းဖြစ်ဟန်တူ၍ အခြား ငှက်များမှာ အခြံအရံများ ဖြစ်ဟန်တူပါသည်'ဟု မေးမြန်း လျှောက်ထားရာ ဘုရားရှင်က 'သင်တို့ လျှောက်ထားသည် အတိုင်း မှန်ပေသည်၊ ဤဥဩငှက်မင်း၏ အမျိုးအနွယ်သည် ငါဘုရားနှစဉ်က အမျိုးအနွယ် ဖြစ်ခဲ့သည်။ ငါ ဘုရားသည် နှစဉ်အခါက ဤကုဏ္ဍာလအိုင်အရပ်၌ ဥဩငှက်မင်း ဖြစ်ခဲ့ဘူး သည်'ဟု စကားပျိုးတော်မူလိုက်ရာ ရဟန်းတို့က 'ရှင်တော် ဘုရား၏ နှစဉ်ဘဝက်ဖြစ်ခဲ့ပုံကို ဟောကြားတော်မူပါ' ဟု တောင်းပန်ကြသဖြင့် ဂါထာတစ်ရာရှိသည့် အသီတိနိပါတ် ကုဏ္ဍာလဇာတ်တော်ကို ဟောကြားတော်မူသည်။

ထိုအခါ အိမ်သူကြင်ယာတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်သောရဟန်းတို့၏ မမွေ့မလျော်ခြင်းတို့မှာ လုံးဝပြေပျောက်သွားလေတော့သည်၊ ထိုနောက် သစ္စာလေးပါးတရားတို့ကို ဟောကြားတော်မူလေရာ ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် သောတာပန်များ ဖြစ်ကြလေသည်။ ရဟန်းငါးရာတို့သည် သောတာပတ္တိမဂ်ကို ရသည်နှင့် တစ်ပြိုင်နက် တန်ခိုးအဘိညာဉ်တို့သည်လည်းဖြစ်လာကြသည်။ ထို့နောက်မြတ်စွာဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည် အနီးရှိ မဟာဝုန်တောသို့ ပြန်လည်ကြွတော်မူသည်။ ထိုအခါ သောတာပန်ရဟန်းငါးရာတို့သည်လည်း မိမိတို့ တန်ခိုးဖြင့်ပင် ကောင်းကင်ထက်ဝယ် ရှင်တော်ဘုရားကို ခြံရံ၍ လိုက်ပါလာကြသည်။

မဟာဝုန်တောသို့ ရောက်သောအခါ မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာတို့၌ ထိုင်တော်မူ၍ ရဟန်းတို့ကို မခါတော်မူပြီးလျှင် ကြွင်းကျန်သော ကိလေသာတို့ကို ပယ်သတ်ရန် အလို့ငှာ အထက်မဂ်သုံးပါးအတွက် ကမ္မဋ္ဌာန်းကို ပေးသနားတော်မူသည်။ ရဟန်းတို့လည်း ကမ္မဋ္ဌာန်းကိုကြားနာကြပြီးလျှင်ခြေတော်အစုံကိုရှိခိုးပြီးနောက် ဘုရားရှင်၏ထံတော်မှောက်မှ ထလာခဲ့ကြ၍ အသီးသီးသင့်တင့်ရာ သစ်ပင်ရင်းစသည်သို့ သွားကာ ကမ္မဋ္ဌာန်းတရား ပွားများကြသည်။

ရဟန်းများ ထွက်ခွာကြပြီးနောက် မြတ်စွာဘုရားသည် ဤသို့ ဆင်ခြင် သိမြင်တော်မူသည်၊ 'ဤရဟန်း အားလုံးတို့သည် ရဟန္တာဖြစ်ပြီးလျှင် မိမိရရှိသည့် တရား ထူးကို အသီးသီး လျှောက်ထားကြရန် ကြံရွယ်၍ ငါ့ထံသို့လာကြလိမ့်မည်၊ ထိုအခါကြွဝင္ဒောတစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း

တို့ စည်းဝေးလာ ရောက်သည့်အခါ ကြီးစွာသော အစည်းအဝေး(မဟာသမယ ကြီးဖြစ်လတံ့-ဟု ကြိုတင်သိမြင်တော်မူသဖြင့် ဆိတ်ငြိမ်ရာအရပ်၌နိသီဒိုင်(နေရာခွင်း)ကို ခင်းကာ တစ်ပါးတည်း ထိုင်နေတော်မူသည်။

ရှေးဦးစွာကမ္မဋ္ဌာန်း ယူ၍သွားသောရဟန်းသည်ပဉ္စသမ္ဗဂ္ဂီဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ရဟန္တာ ဖြစ်၏။ ထို့နောက် တစ်ပါးပြီးတစ်ပါးရဟန္တာအဖြစ်သို့ရောက်ကြ၏။ အသက်အရွယ် ပျိုနုနယ်သော ပွင့်သစ်စရဟန္တာငါးရာတို့သည် ဘုရားရှင်၏ ထံတော်မှောက်သို့ လာရောက်ကြ၍ ဝန်းခြံရံမိသည်နှင့်တစ်ပြိုင်နက် ဤ ရှေ့လောကဓာတ်မှလပြည့်ဝန်းကြီးသည်လည်း ထိန်ညီး ပေါ်ထွန်းလာသည်။ အချိန်ကာလကား နယုန်လပြည့် နေ့ညနေ စောင်းအခါ ဖြစ်သည်။ ဤသို့ ဆီ နှင်းမြူတိမ်သုတ်နှင့် မီးခိုးညစ်မျိုးငါးအင် ကင်းဝေးစင်သော ကောင်းကင်ပြင်ဝယ် ငွေစန္ဒာ လပြည့်ဝန်းကြီးထိန်ညီး ထွက်ပေါ်လာချိန် အခိုက်အတန့်အခါ၌ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ပြီးသော ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်ခါစသန့်လှင်ပျိုမျစ်သော ရဟန္တာ အရှင်မြတ်အပေါင်း ငါးရာတို့ခြံရံကာ တင့်တယ်စွာ သီတင်းသုံး စံပယ်တော်မူသည်။

ဤသို့ တင့်တယ်စံပယ်ပုံ အလုံးစုံတို့ကို ရှေးဦးစွာ ဖူးတွေ့ရသော မဟာဝုန်ဒေဝတာကြီး တစ်ခွင် ထက်ဝန်းကျင်ရှိ နတ်အပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် ဖြစ်ကြ၍ ဤသို့ကြွေးကြော်ကြလေသည်။

"အိုအချင်းနတ်အပေါင်းတို့၊ လာကြပါကုန်လော့၊ မြတ်စွာဘုရားထံဘောသို့ သွားကြပါကုန်အံ့၊ ဘုရားရှင်ကိုဖူးမြင်ရခြင်းသည် ကျေးဇူးများလှပေသည်၊ တရားတော်ကို ကြားနာရခြင်းသည်လည်း အလွန်ကျေးဇူးများပါပေသည်။ သံဃာတော်ကို ဖူးမြင်ရခြင်းသည်လည်း အလွန်ကျေးဇူးများပါပေသည်။ အို-နတ်များတို့သည်-လာကြပါကုန်လော့ ယခုပင် သွားကြပါအံ့" ဟုဟစ်အော် ကြွေးကြော်ကြကာဘုရားရှင်တော်နှင့်သစ်လွင်ပျိုမျစ် ဖြစ်သစ်စ ရဟန္တာငါးရာတို့ထံ လာရောက်ကြပြီးလျှင် ရှိခိုး၍ သင့်တင့်သောနေရာတို့၌ နေကြလေသည်။ မဟာဝုန်တောမှ နတ်တို့၏ ကြွေးကြော်သံကိုဘစ်ဆင့်တစ်ဆင့်ကြားရ၍ ဤစကြဝဠာမှစ၍ စကြဝဠာတိုက်တစ်သောင်းတို့၌ ရှိကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည်ဘုရားရှင်ရှိတော်မူရာမဟာဝုန်တောသို့ စည်းဝေး ရောက်လာကြလေသည်။

ဤစကြဝဠာ မြေမျက်နှာပြင်မှ ပထမဈာန်ဗြဟ္မာဘုံအထိ အလွန်ကျယ်ပြန့်သောနေရာ၌ နတ်ဗြဟ္မာတို့ဖြင့် အပြည့် ဖြစ်သည်။ ဤစကြဝဠာတစ်တိုက်လုံးသည် အပ်အပြည့်ထည့်ထားသော ကျည်တောက်ကဲ့သို့ အကြားမလပ် ကြပ်၍နေလေသည်။ သားမြီးဖျားမျှသော ခနရာ၌ပင် နတ်ပေါင်း တစ်ကျိပ်မှ ခြောက်ကျိပ်အထိ ဖန်ဆင်း၍နေကြရလေသည်။ မြတ်စွာဘုရားသည် စည်းဝေးရောက်လာကုန်သော နတ်ဗြဟ္မာ အပေါင်းတို့၏ စိတ်အကြံကိုသိတော်မူ၍စကြဝဠာတစ်သောင်းမှလာရောက်ကြကုန်သော နတ်ဗြဟ္မာအားလုံးတို့၏ အမည်အနွယ်ကို ထုတ်ဖော်၍ ဟောကြားရန် ကြံစည်ဆုံးဖြတ်တော်မူပြီးလျှင်ဖြစ်သစ်စ ဖြစ်သော ရဟန္တာငါးရာတို့အား ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့ ယခုအခါ အလွန်ကြီးကျယ် များပြားသော နတ်,ဗြဟ္မာ အစည်းအဝေး မဟာသမယကြီးသည် ဖြစ်လေပြီ၊ ဤသို့သော နတ်,ဗြဟ္မာ အစည်းအဝေးကြီးသည် ရှေးဘုရားရှင်များ ပွင့်တော်မူစဉ်ကလည်း ဖြစ်ခဲ့လေပြီ၊ နောင် ပွင့်တော်မူလာတံ့သောဘုရားရှင်တို့၏မျက်မှောက်၌လည်းဤမျှကြီးကျယ်များပြားသော နတ်,ဗြဟ္မာအစည်းအဝေးကြီးသည်ဖြစ်လတံ့၊ ဤ အစည်းအဝေးကြီးသို့ လာရောက်ကြကုန်သော နတ်,ဗြဟ္မာ အပေါင်းတို့၏ အမည်အနွယ်တို့ကို သင်တို့အား ဟောကြားပေအံ့"ဟု မိန့်တော်မူပြီးလျှင် မဟာသမယ သုတ်တော်ကို ဟောကြားတော်မူပါသည်။ ယင်းမဟာသမယ သုတ်တော်ကို ယခုသံဃာတော်များရွတ်ဆိုတော်မူကြပါမည်။ ရှိသေစွာနာယူကြပါကုန်လော့။

(မဟာသမယသုတ် ရွတ်ဖတ်တော်မူချိန်)

ဘဂဝါ တေဒဝေါစ....
သိလောကမနုပယာမိ၊ ယတ္ထ ဘုဒ္ဓါ တဒသိတာ။
ယေ သိတာ ဂိရိဂဗ္ဘရံ၊ပဟိတတ္တာ သမာဟိဘာဝ-ပ-။
သဗ္ဗေ ဝိဇိတ သင်္ဂါမာ၊ဘယာတီတာ ယသဿိနော
မောဒန္တိ သဟ ဘူတေဟိ၊ သာဝကာ တေ ဇနေ
သုတာတိ။

ဤသို့ နယုန်လပြည့်နေ့ မဟာသမယအခါတော်နေ့၌မဟာသမယသုတ်တော်ကိုယခုအခါမြန်မာ့အသံမှ ကြားကြရနာကြရသော ဓမ္မသဝန ကုသိုလ်ကံစေတနာတို့ကြောင့်ပြည်ထောင်စုမြန်မာနိုင်ငံသူနိုင်ငံသား ဗုဒ္ဓဘာသာဝင် သူတော်စင်များနှင့်

တကွ ကမ္ဘာသူကမ္ဘာသားတို့သည်ဘေးကင်းရန်ကင်းဆောင်ရွက်ကင်း ရောဂါဟူသမျှ ကင်းရှင်းကြပြီး၊ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ-ချမ်းသာကြပါစေသတည်း။ ။

၁။ ဟောကြားသောဆရာတော်.... ဆရာတော်ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)။ (နိုင်ငံတော်သံဃာ မဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ)။

၂။ သိတင်း သုံးရာ နေရပ်.... မိုးကောင်း ကျောင်းတိုက်၊ မန္တလေးမြို့။

၃။ ဟောကြားသည့်ရက်— ၁၃၄၉-ခုနှစ်၊ နယုန်လပြည့်နေ့၊ (၁၁-၆-၈၇)။

၄။ ဟောကြားသည့်နေရာ....မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

# သုံးပါးရတနာ ကိုးကွယ်ရာ
## တရားတော်

ဘုန်းကြီး ယနေ့ဟောကြားမည့် တရားတော်သည် သုံးပါးရတနာ ကိုးကွယ်ရာ ဖြစ်ပါသည်။ သုံးပါးရတနာ ဆိုရာတွင် ရတနာဟူသောစကားလုံးကို စသုံး အနေဖြင့် နားကြားကြရအောင် သူတော်ကောင်းအပေါင်းတို့။

နှစ်သက်ခြင်းကို ဖြစ်စေတတ်သောကြောင့် ရတနာမည်၏၊ ပျော်ရွှင်ခြင်းကိုဖြစ်စေတတ်သောကြောင့်လည်းရတနာမည်၏၊ ထို့ပြင် အကြင်အရာသည်အရိုအသေအလေးအမြတ်ပြုအပ်၏။ အဖိုးများစွာ ထိုက်တန်၏၊ အတုလည်းမရှိ၊ တွေ့မြင်ရန်လည်း ခဲယဉ်း၏၊ မြတ်သောသူတို့သာ သုံးဆောင်ရာလည်းဖြစ်၏၊ ထိုအရာမျိုးသည် ရတနာမည်၏။ (သုတ္တနိပါတ်၊ ဋ္ဌ၊ ၂၇၂)၌ လာ၏။

ရတနာဟူသည် လောကီရတနာ၊ လောကုတ္တရာရတနာဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ ထိုတွင်-ရွှေရတနာ၊ ငွေရတနာ၊ ပုလဲရတနာ၊ ကြောင်မျက်ရွဲရတနာ၊ ကျောက်သလင်းရတနာ၊ ခရုသင်းရတနာ၊ သန္တာရတနာ၊ ပတ္တမြားရတနာ၊ ပတ္တမြားပြောက်ရတနာ၊ ပတ္တမြားနီရတနာအားဖြင့် ဆယ်ပါး။

ဆင်ရတနာ၊ မြင်းရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာ၊ မိဖုရားရတနာ၊ စကြာရတနာ၊ ပတ္တမြားရတနာအားဖြင့် ခုနစ်ပါး။ ဤရတနာများကား လောကီ ရတနာများ ဖြစ်ကြပါသည်။

လောကုတ္တရာ ရတနာမှာမူ- ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ-ဟူသော ရတနာသုံးပါးတို့ သည်ကား လောကုတ္တရာရတနာများ ဖြစ်ကြပါသည်။

ထိုရွှေ့ငွေစသောပစ္စည်းဝတ္ထုများကိုတွေ့သူမြင်သူကြားသူတို့က လိုချင်မှု ခင်မင်မှု တွယ်တာမှု နှစ်သက်မြတ်နိုးမှုတ်များ တဖွာ ဖွားဖြစ်ပေါ်နေတတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုရွှေ့ငွေစသောပစ္စည်းတို့သည်အရောင်အဆင်းအားဖြင့်လည်း နှစ်သက် မြတ်နိုးဖွယ် လိုချင်ဖွယ်ရှိ၏၊ တန်ဖိုးအားဖြင့်လည်း မြင့်မောက်၍ ခရီးရောက်သည်။ တန်ဆာအဖြစ် ဝတ်ဆင်ကြရလျှင်လည်း ဝမ်းသာအားရ နှစ်သက်ကြရပြန်ပါသည်။ စိန်တွေမြတွေကို ဆင်မြန်းရမည်ဆိုလျှင် ပို၍ပင်နှစ်သက်အားရ၍ မဆုံးနိုင်အောင် ဖြစ်ကြရပါသည်။

ငွေများများရှိလျှင် လိုအပ်သလို သုံးရ စားရ သောက်ရ ဝတ်ရ ရုပ်ရှင်စသည်ကိုကြည့်ရ၍ ပျော်ရွှင်ကြရသည်။ ရွှေတွေ စိန်တွေ ပတ္တမြားတွေပါ ရှိဦးမည်ဆိုလျှင် မိုးမမြင် လေမမြင် စိတ်ကြီးဝင်၍ တစ်မိုးအောက် တစ်ယောက်ထင်ပြီး ပျော်ရွှင်နေကြမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ လောကတွင် ရတနာများကိုထိုက်သည့်အားလျော်စွာ သူ့နေရာနှင့်သူ လေးစားအပ်မြတ်နိုးအပ်သင့်သည်၊ အထူးအားဖြင့် စကြာမင်း၏ စကြာရတနာ ပတ္တမြားရတနာ ပေါ်ပေါက်လာသောအခါ လူများသည် နတ်စသည်ကို ပူဇော်ခြင်းမပြုကြပဲ ထိုစကြာရတနာ ပတ္တမြားရတနာတို့ကိုသာ ပန်း နံ့ သာစသည်တို့ဖြင့် ရိုသေ လေးစားစွာ မြတ်မြတ်နိုးနိုး ပူဇော်ကြပါသည်၊ ပူဇော်၍ ဆုတောင်းသည့်

အခါ လိုရာဆုပြည့်ဝကြသည်။ ထို့ကြောင့် ဤရတနာများကို အလေးအမြတ် ပြုအပ်ပြုထိုက်ခြင်း ဖြစ်ပါသည်။

ရွှေ၊ ငွေစသည်တို့၏အဖိုးများစွာထိုက်တန်ပုံကို အထူးပြောဖွယ်မလိုပါ ရွှေတစ်ကျပ်သားဈေးနှုန်းမည်၍မည်မျှဟုကြားသိရခြင်းစသည်ဖြင့်ပင် သိနိုင်ကြပါသည်။ ရွှေ၊ ငွေစသော ရတနာတို့သည် အခြား တစ်ပါးသော ပစ္စည်းဝတ္ထုများနှင့် အရောင်အားဖြင့်လည်း မတူကြပါ၊ အဆင်းအားဖြင့်လည်း ကွာခြားကြပါသည်။ နှစ်သက်မြတ်နိုးဖွယ်အားဖြင့်လည်းမနှိုင်းယှဉ်သာ၊ အဖိုးထိုက်တန်ရာမှာလည်း သာလွန်သောကြောင့် အတုမရှိပါ။ ထူးအားဖြင့် စကြာမင်း၏ရတနာခုနစ်ပါးအသီးသီးတို့သည် သက်ဆိုင်ရာ အလွန်ထူးခြားသော အကျိုးများကို ပြီးစေနိုင်သောကြောင့် လောကီရတနာများတွင်အတုမရှိသော ရတနာများ ဖြစ်ကြပါသည်။ စကြာမင်းဖြစ်ပေါ်ရန် ခဲယဉ်းသကဲ့သို့ စကြာရတနာ စသည်များ ကိုလည်း တွေ့မြင်ရန် ခဲယဉ်းလှပေသည်။

ဒွန်းစဏ္ဍားစသော သူများသည် ကုဋေတစ်သိန်း ပစ္စည်းဥစ္စာပေါများ၍ ဘုံခုနစ်ဆင့်ရှိသောပြာသာဒ်၌ နေနိုင်ကြစေကာမူ စကြာရတနာ စသည်တို့ကို အိပ်မက်ထဲမှာပင် မသုံးဆောင်နိုင်ကြပါ။ ယင်းစကြာရတနာစသည်များကို လူမွန်လူမြတ် တို့သာ သုံးဆောင်ကြရပါသည်။ ဤသို့လျှင်လောကီရတနာအကြောင်းတွေကြားနာပြီးသည့်နောက် ရတနာသုံးပါး အကြောင်း ထပ်လောင်းကာ နာယူကြရအောင် သူတော်ကောင်းတို့၊

မြတ်စွာဘုရားသည် ဘိုးတော်အဥ္စနမင်းကြီးဖြိုကြွင်းသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်တက်ချိန်မှာ

လောကသုံးပါး အတုမထားပဲ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ တရားတော်ကိုကား- မြတ်စွာဘုရား ပွင့်ပြီးနောက် နှစ်လမြောက်မှာ ဣသိပတန အမည်ရသော မိဂဒါဝုန်တော၌ သုဝယာ ရှင်ပြုံး သီတင်းသုံးပြီး ဝါဆိုလပြည့်နေ့၌ ပဉ္စဝဂ္ဂီငါးဦး အမှူးထားလျက် နတ်ဗြဟ္မာ အပေါင်းတို့အား ဟောကြားတော်မူပါသည်။ ထိုအခါ တရားဟောနေ ပေါ်ပေါက်လာပါသည်။ ထိုနေ့သို့လျက် ဘုရားပွဲနှင့်ပင် အရှင်ကောဏ္ဍည သစ္စာလေးပါးတရားသိမြင်၍ ဘုရားရှင်က- ဟေဘိက္ခု ခေါ်တော်မူ၍ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်တော်မူသဖြင့် သံဃာရတနာ စတင်ပေါ်ပေါက်တော်မူလာပါသည်။

အလုံးစုံသော လူ နတ် ဗြဟ္မာ တို့၏ အစီးအပွား အလို့ငှာ မြတ်စွာဘုရား ပွင့်တော်မူလာပါသည်။ ဘုရားရတနာသည်း ထိုကမ္ဘာသူကမ္ဘာသားတို့၏ ချမ်းသာသုခ ပြည့်ဝစေဖို့ရန် ပေါ်ပေါက်လာပါသည်။ သံဃာရတနာ သည်လည်း အပုံစုံသော သုံးဆယ့်တစ်ဘုံ သားသတ္တဝါများ၏ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပေါ်တော်မူလာပါသည်။ ဘုရားရတနာပွင့်တော်မူလာ၍ ဟောကြားတော်မူအပ်သောတရားတော် ကုသိုလ် အကုသိုလ် ကိုလည်းကောင်း၊ ထိုထိုဘုံဘဝကိုလည်းကောင်း သိကြရပါသည်။ ယင်းသို့သိကြရသဖြင့် မကောင်းသော ဘုံဘဝသို့ သွားကြောင်းဖြစ်သော အကုသိုလ်ကိုရှောင်ကြဉ်၍ ကောင်းသောဘုံဘဝ သို့လည်းကောင်း၊ ဘုံဘဝမှ လွတ်မြောက်ရာနိဗ္ဗာန်သို့ လည်းကောင်း၊ ရောက်ကြောင်း ရောက်ကြောင်းကုသိုလ်များကို ကြိုးစားပြုလုပ်၍ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိနိုင်ကြပါသည်။ မြတ်စွာဘုရား၏

တရားတော်များကို ဘုရားလက်ထက်မှ စ၍ အဆက်ဆက် ဆောင်ယူလျက် ပို့ချဟောကြား စောင့်ရှောက်တော်မူသော သံဃာတော်များ ရှိသောကြောင့်သာ ယနေ့အထိ ဘုရားစစ် တရားမှန်များ တည်ရှိနေခြင်း ဖြစ်ပါသည်။

ယင်း ဘုရားစစ် တရားမှန်များအတိုင်းကျင့်ကြံပွားများ၍ နိဗ္ဗာန်တိုင်အောင် အကျိုးတရားများကို ရနိုင်ကြပါသည်။ သုံးလူ့ထွတ်ထား သဗ္ဗညု မြတ်စွာဘုရား၏ ရှင်သင့်တော်အသုံးဆယ် နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့နှင့် ပြည့်စုံသောကြောင့် တင့်တယ်သပ္ပာယ် ကြည်ညိုဖွယ်သော ရူပ အစိန္တေယျဂုဏ် အသံတော်ကသည်း ပဲ့တင်လုံးထပ် ရှစ်ရပ်သောအသံတော်နှင့် ပြည့်စုံသောကြောင့်သာယာနာပျော်ဖွယ် ဝါစာ အစိန္တေယျဂုဏ်၊ စကားလုံးလှ အဓိပ္ပာယ်ပြည့်ဝသော တရားတော်များကိုဟောကြားတော်မူနိုင်သောဉာဏအစိန္တေယျ ဂုဏ်၊ ဤသို့ စသော ဂုဏ်တော်ပေါင်းသော် ဘုရားရှင်ကို ဖူးမြင်ရလျှင် ဖြစ်စေ၊ တရားတော်ကို ကြားနာရလျှင်ဖြစ်စေ၊ သံဃာတော်ကို ကြည်ညိုရလျှင် ဖြစ်စေ၊ ပုထုဇဉ်အများပင်နှစ်သက်မှု မိကြသူ ဖြစ်ကြပါ၏၊ ဘုရားသိမြင်အရိယာရှင်တို့၏နှစ်သက်မှုမှာ ဆိုဖွယ်ရာ မရှိသောကြောင့် ဘုရား၊ တရား၊ သံဃာသည် ဂုဏ်ရည်ပေါင်းသိမ်းရာ နေရာအစစ် မည်ပါသည်၊

ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို လိုက်နာကျင့်သုံးကြသူများတွင် တချို့ အကျိုးအကြောင်း အဆိုးအကောင်းတွေကို သိကြရ၏၊ တချို့ ဈာန်ရ၍ ဈာန်ဖြန်းပျော်မွေ့ကြရ၏၊ တချို့ ရုပ်နာမ်ခန္ဓာ သင်္ခါရတို့၏ အဖြစ်အပျက်တွေကို ဆင်ခြင်သုံးသပ်

ရှုမှတ်၍ သိမြင် ရခြင်းကြောင့် ပျော်ရွှင်နေကြရ၏။ တချို့ ဝိပဿနာဉာဏ် ရှင်သန်လျက် မဂ်ဖိုလ်ချကာသမာပတ်ချမ်းသာကို ခံစားရသောကြောင့် ပျော်ရွှင် နေကြရပါသည်။ ဤအကြောင်းနှင့် ပတ်သက်၍ သာဓကဝတ္ထုတစ်ခု ထုတ်၍ပြောကြားပါမည်။

ရှင်တော်မြတ်ဘုရားသည်ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ ပစ္စည်းဉစ္စာဆင်းရဲနွမ်းပါး တောင်းရမ်းရှာဖွေ၍ စားသောက်နေရသောသုပ္ပဗုဒ္ဓဟုမည်ရှိသောအထီးကျန် လူနူတစ်ယောက်ရှိ၏။သုပ္ပဗုဒ္ဓသည် တစ်နေ့သောအခါ အစာအာဟာရ ဆာလောင်လှ၍ထိုမှဤမှ လှည့်ပတ်တောင်းခံရာ အစာအာဟာရ မျှတလောက်ရုံပင် မရသောကြောင့် တစ်ဖန် လှည့်လည်ပြန်သော် အရပ်တစ်ဆူ ဖြစ်တော်မူသော သယမ္ဘူထွတ်ထား ရှင်တော်မြတ်ဘုရားသည် ပရိသတ်လေးပါးတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူရာ နေရာအနီးသို့ရောက်လေသည်။ သုပ္ပဗုဒ္ဓသည် ပရိသတ်လေးပါးကိုမြင်လျှင် ဤနေရာ၌ တစ်စုံတစ်ခုသော စားဖွယ်သောက်ဖွယ် ရလိမ့်မည်အထင်နှင့် ပရိသတ်အနီးသို့ ချဉ်းကပ်သွား၏။ ပရိသတ် လေးပါးတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော် မူနေသော ရှင်တော်မြတ်ဘုရားကို မြင်လေလျှင် ဪ-ငါကား လူအများ စားသောက်ရန် စီမံနေသော နေရာဟုထင်မှတ်မိသောကြောင့် ချဉ်းကပ်လာခဲ့ပေသည်။ ယခုမူကား လူသူလေးပါး စားသောက်ရန် စီမံသောနေရာမဟုတ်၊ ရဟန်းဂေါတမတရားဟောပြောနေသော နေရာပါတကား၊ သို့သော်လည်း ငါသည်

ရဟန်းဂေါတမ ဟောပြောသော တရားကို မှတ်သားမိအောင် နာဦးအံ့ဟု ကြံ၍ ပရိသတ် အစွန်အဖျားး၌ သွားရောက်ချဉ်းကပ် နေထိုင်ပြီး တရားတော်ကို ရိုသေစွာ နာယူပါသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် တရားတော်ကို ဟောကြားတော်မူလျက်သာ ကျွတ်ထိုက်သော သတ္တဝါကို ရှေးဉာဏ်တော်ဖြင့် ဝေဖန်ကြည့်ရှုတော်မူသောအခါ ထိုပရိသတ် အစွန်အဖျားက တန့်နားချဉ်းကပ်လျက် တရားတော်မြတ်ကို ရိုသေစွာ နာကြားနေသော သူဆင်းရဲ နူနာစွဲသုပ္ပဗုဒ္ဓကို မြင်တော်မူ၍ ထိုသူကို ရည်ညွှန်းအကြောင်းပြုလျက် ဒါနကထာ သီလကထာ စသော တရားတော်တို့ကို အစဉ်အတိုင်း ဟော မြွက်တော်မူသောအခါ ဒေသနာ၏အဆုံးသို့ကျရောက်လျှင်ပင် သုပ္ပဗုဒ္ဓလူနူသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ထိုသုပ္ပဗုဒ္ဓသည် သယမ္ဘူထွတ်ထားရှင်တော်မြတ်ဘုရားကို ချဉ်းကပ်ဝပ်လျှိုး ရှိခိုးပူဇော်လျက် မိမိရအပ် ရောက်အပ်သော တရားတော်မြတ်ကိုလျှောက်ထားလိုပါသော်လည်း လူပရိသတ်တို့၏ အလယ်၌ သွားခြင်းငှာ မစွမ်းနိုင်သောကြောင့်ရှင်တော်မြတ်ဘုရားကျောင်းတော်သို့ပြန်ကြွတော်မူသောအခါမိမိရအပ်သော တရားတော်ကိုရှင်တော်မြတ်ဘုရားအား လျှောက်ထား လိုသဖြင့် ကျောင်းတော်သို့ လိုက်သွားလေသည်။ သုပ္ပဗုဒ္ဓလူနူသည် မြတ်စွာဘုရားသခင်၏ ကျောင်းတော်သို့ သွားနေစဉ် နတ်တို့ကို အစိုးရသော သိကြားမင်းသည် ‘ သုပ္ပဗုဒ္ဓ လူနူအား မိမိရအပ်သော တရားတော်၏ ဂုဏ်ကျေးဇူး ကို ရှင်တော်မြတ် ဘုရားအား လျှောက်ထားရန် ကျောင်းတော်သို့သွားလေပြီ၊ ထိုသုပ္ပဗုဒ္ဓအား စုံစမ်းဦးအံ့ ’ဟု ကြံပြီးလျှင်ကောင်းကင်မှရပ်

လျက် ''ဟယ်-အချင်းသုပ္ပဗုဒ္ဓ၊ သင်ကား လူ့ဘောင်လောက၌ အဆင်းရဲဆုံး ဒုက္ခိတတစ်ယောက် ဖြစ်ပေသည်။ သင်သည် စားရေးသောက်ရေးကိုလည်း ရှာဖွေစားသောက်ရသည့်အထီးကျန်ဖြစ်ပေသည်။ သို့ဖြစ်၍ သင့်အား ငါသည် ပစ္စည်းဥစ္စာရတနာတို့ကို တစ်ခါတည်း ကြွယ်ဝ ချမ်းသာ သွားအောင် ပေးကမ်းပါမည်၊ သင်သည် ဘုရားကို ဘုရား မဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကိုသံဃာမဟုတ်၊ ဘုရားဖြင့် ငါ အလိုမရှိ၊ တရားဖြင့် ငါအလိုမရှိ၊ သံဃာဖြင့် ငါအလိုမရှိ''ဟု ပြောဆိုပါလော့ဟု သိကြားမင်းက တိုက်တွန်း၏။

ထိုအခါ သုပ္ပဗုဒ္ဓက အသင်မည်သူနည်းဟုမေးသောအခါ ငါ သိကြားမင်းဖြစ်သည်ဟု ပြန်ပြောလေလျှင် အသင်သိကြားမင်းသည် မိုက်မဲလေစွတကား၊ အရှက်မရှိလေစွတကား၊ ငါသည် ဆင်းရဲပင်ပန်းသူ အထီးကျန်သူမဟုတ်ပါ၊ ငါသည်ချမ်းသာခြင်းအထွတ်အထိပ်သို့ ရောက်သောပစ္စည်းဥစ္စာကြွယ်ဝသူသာတည်း-ဟု သိကြားမင်းအား ပြန်ပြောလေသည်။

ဤဝတ္ထုသက်သေ သာဓကကို ကြည့်သောအားဖြင့် စိန်ရွှေငွေဥစ္စာ လောကီရတနာများသည် တကယ့်အစစ်ချမ်းသာများ မဟုတ်ကြပါ၊ လောကလူသားများက ချမ်းသာအစစ်ဟုထင်မှတ်လျက် ရှာဖွေစုဆောင်းနေကြပါသည်။ တကယ့်သေရေးအတွက်မူ ထိုရတနာများကို အားကိုး၍ မရပါ။ သဒ္ဓါ သီလ ဟိရီဩတ္တပ္ပ သုတ စာဂ ပညာ ဟူသောသူတော်ကောင်းဥစ္စာက သာလျှင် တကယ့်သေရေးအတွက် အားကိုးရပါသည်။ ထိုရတနာမျိုးကို အလိုရှိလျှင် ဘုရားတရား သံဃာ သုံးဖြာရတနာကို ဆည်းကပ်ကိုးကွယ်မှသာလျှင် ရရှိနိုင်ပါသည်။

ပြည့်တန်သော ပဋ္ဌာန်ရတနာနှင့် စကြာရတနာ စသည် တို့ကို မသိသေးဘိ သာမန် စိန်၊ ရွှေ၊ ငွေ စသော ရတနာများ သည်ပင် ရှေးကံပြည့်စုံသူတို့၏ အသုံးအဆောင်မဟုတ်ကြဘဲ ရှေးကုသိုလ်ကံမိုးမောင်း၍ စည်းစိမ်ဥစ္စာကြွယ်ဝသောသူအချို့ တို့သာ သုံးစွဲဖို့ ဖြစ်သကဲ့သို့ ထို့အတူ ဗုဒ္ဓ ဓမ္မ သံဃာရတနာ များသည်လည်း ရှေးရှေးဘဝက ဘုန်းကံပါလာကြသူအချို့ လူတို့သာ ကိုးကွယ် ဆည်းကပ်သောအားဖြင့် သုံးစွဲနိုင်ကြပါ သည်။ ဘေးရန်အမျိုးမျိုးကို ပယ်ချီးတား မြစ်လျက် အကျိုး တက်အောင် ပြုတော်မူတတ်သော ဘုရားရတနာ၊ ဘဝခရီးခဲမှ ထုတ်ဆောင်၍ ချမ်းသာသုခ နိဗ္ဗာန်ကျအောင် ပို့ဆောင်တော် မူတတ်သော တရားရတနာ၊ လှူဒါန်းဖွယ်ရာ အနည်းငယ်ဖြစ်သော်လည်း ဧကျိုးဖလ ကြီးမားစွာရရှိစေနိုင် သော သံဃာရတနာ ထိုရတနာသုံးပါးကို မတုန့်မလှုပ်သက်ဝင် ယုံကြည်သူတို့ကို လေးရာဂတိမြဲသောကြောင့် သောတာပန်ဟူ ဆိုရိုးပြုကြပါသည်။

သုပ္ပဗုဒ္ဓသည် ကိုးကွယ်ရာအစစ် ဖြစ်တော်မူသည့် ဘုရား တရား၊ သံဃာ-ဟု ဆိုအပ်သော ရတနာသုံးပါးကို မှီခိုဆည်း ကပ်ရလေသောကြောင့် သောတာပန်တည်းဟူသော အရိယာ စခန်းသို့ တက်လှမ်းသွားရပါသည်။ ဤသည်ပင်လျှင် သုံးပါး ရတနာ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်း၏ အကျိုးတရား တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။

ငြိမ်းအေးမှု အသိသပြု၍ တရားတော်ကို နိဂုံးချုပ်ပါမည်။ ယခုဟောကြားခဲ့သော သုံးပါးရတနာကိုးကွယ်ရာတရားတော် မြတ်ကို ရှိသေစွာမှတ်သားနာယူကြကုန်သော သူတော်ကောင်း

အပေါင်းတို့သည် ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍သက်ဝင်ယုံကြည်သော စိတ်ထားဖြင့်ရှိသေလေးမြတ်ဆည်းကပ်ကိုးကွယ်ကြ၍ အဋ္ဌရာယ်ဟူသမျှမြူမျှခဲ့တဲ့အရိယာအပေါင်းခိုအောင်းပျော်ရွှင် သူတော်စင်တို့ သိမြင် အပ်သော သစ္စာ လေးပါး သိကာ နိဗ္ဗာန်ခွင်သို့ ဝင်စံနိုင်ကြပါစေကုန်သတည်း။

၁။ ဟောကြားသောဆရာတော်- ဆရာတော် ဘဒ္ဒန္တပညိန္ဒ (စွန်လည်) (နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်)။

၂။ သီတင်းသုံးရာနေရပ်- ဂဏပါမောက္ခကျောင်း၊ တမူးမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဟောကြားသည့်ရက်- ၁၃၄၇-ခုနှစ်၊ တော်သလင်းလကွယ်၊(၃.၁၀.၈၅)။

၄။ ဟောကြားသည့်နေရာ- မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

# ကိုယ့်ရန်သူဟာ ကိုယ့်ခန္ဓာ

တရားတော်

●

ဝဓကော ပဥ္စ တေ ခန္ဓာ၊ သတ္တိသူလူပမာ ခရာ။

ပဥ္စက္ခန္ဓနံ ကာယေန၊ သတ္တာ နဋ္ဌာ မရုပ္ပလာ။

ဘောဓေတ္တော သပ္ပုရိသာ၊ အို တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ပဥ္စ၊ ရုပ်ကတစ်ဖြာ ဝေဒနာနှင့် သညာ သင်္ခါရ ဝိညာဏာဟု ငါးခုပိုင်းခြား ရေတွက်ကိန်းထားရကုန်သော၊ တေခန္ဓာ၊ ထိုခန္ဓာသမုတ် နာမ်နှင့်ရုပ်တို့သည်။ သတ္တိသူလူပမာ၊ လှံ သွားအသွင်တံကျင်တန္တုနှိုင်းပြုစရာဥပမာရှိကြကုန်သည်ဖြစ်၍။ ခရာ၊ ညှာမတာ အရာရာတွင်လွန်စွာနှိပ်စက်မပျက် ပျက်အောင် နှိပ်စက် ညှင်းပန်းတတ်ကြလေကုန်၏။ ပဥ္စက္ခန္ဓနကာယေန၊ ခန္ဓာငါးပါး တည်းဟူသော ဤ ကိုယ်ကောင်ကြီးဖြင့်(ဝါ) ခန္ဓာငါးပါးတည်းဟူသော ဤ ကိုယ်ကောင်ကြီးကြောင့်၊သတ္တာ၊ကြီ ကြီးငယ်ငယ် ရွယ်ရွယ်စားစား လူနတ်ဗြဟ္မာ သတ္တဝါ အများတို့သည်၊ နဋ္ဌာ၊ ဘယ်ဘဝ ဘယ်ဇာတိမှာမှ မိမိရရအခြေစိုက်ပြီး နေလိုက်ခွင့်မရကြကုန်ဘဲ ခဏခဏပျက်ကြွေ၍ အသက်တွေ ဆုံးရှုံးလျက် လုံးလုံးကြီးသာ အနစ်နာခံခဲ့ကြရလေကုန်၏။ သတ္တာ၊ သတ္တဝါမှန်သမျှတို့သည် မရုပ္ပလာ၊ဖြစ်လျှင်အမှန်ကေန်သေမျိုးမို့ သေကျိုးတစ်ခုတည်းသာ ရှိကြမဲ့ မွေဘာဝသာလျှင်တည်း။

ဤဒေသနာတော်ရဲ့ဆိုလိုရင်းအဓိပ္ပါယ်ကတော့တရားဟော တရားနာပြုနေကြတဲ့ ခန္ဓာငါးပါးပိုင်ရှင် ပုဂ္ဂိုလ်တွေကို ဘယ်

ရန်သူကမှ သေအောင်မသတ်နိုင်ကြပါဘူးတဲ့။ မိမိရဲ့ခန္ဓာကပဲမိမိတို့ကို သေအောင်သတ်နေပါ၊ ဒါကြောင့်ကိုယ့်ရန်သူ အစစ်ဟာ ကိုယ့်ခန္ဓာပဲဖြစ်တယ်လို့ ဆိုလိုပါတယ်။

နားလည်သဘောပေါက်အောင် ရှင်းပြရမည် ဆိုပါလျှင် အနည်းငယ် မိမိတို့ ခန္ဓာကိုယ်ကို ဥာဏ်စိုက်ထားစေချင်တယ်။ ခန္ဓာဆိုတာ ရုပ်ခန္ဓာ နာမ်ခန္ဓာရယ်လို့ မူရင်းနှစ်မျိုးရှိပါတယ်။ ရုပ်ခန္ဓာဆိုတာ ဖောက်ပြန်တတ်သော သဘောရှိသော ကောတိမျက်စိဖြင့် မြင်နေရတဲ့ ကိုယ်ခန္ဓာကြီးကိုပဲအကြမ်းစားအားဖြင့် မှတ်ထားပါ။ နာမ်ခန္ဓာဆိုတာကတော့ ပကတိမျက်စိဖြင့် မြင်ကောင်းတဲ့တရားမျိုး မဟုတ်ပါဘူး၊ သိမှုသဘော မျှသာ ဖြစ်ပါတယ်။ရုပ်ခန္ဓာဆိုတဲ့ ခန္ဓာကိုယ်ကြီးဟာလဲ အမှန်တော့ ပထဝီ(မြေဓာတ်) အာပေါ(ရေဓာတ်) တေဇော(မီးဓာတ်) ဝါယော(လေဓာတ်) ဟူသော ဇာတိကကျတဲ့ ဓာတ်ကြီး လေးပါးပေါင်းဆောင်သော ယောကျ်ားမှာ ရုပ် နှစ်ဆယ့်ခုနစ်ပါး၊ မိန်းမမှာ ရုပ် နှစ်ဆယ့်ခုနစ်ပါးစီ ပေါင်းစုပြီး ဖြစ်နေကြပါတယ်။

မိမိ ရုပ်ခန္ဓာက မိမိကို သတ်ပုံကို ရှင်းပြပါမယ်။ ဥပမာ- အဆိပ်ပြင်းတဲ့ မြွေဟောက်လူတစ်ယောက်ကို ကိုက်လို့ ထိုလူသေသွားပါလျှင်မြွေကိုက်လို့သေတယ်လို့ မြွေကိုပဲသေသူ၏ရန်သူသဖွယ်ပြောဆိုကြပါတယ်၊အမှန်ကတော့ ဒီလိုပါ မြွေကကိုက်ရုံကိုက်တာပါ၊ မြွေ၏အဆိပ်သည် ကိုက်တဲ့နေရာမှာသာ တည်ရှိနေမယ်ဆိုလျှင် အလွန်ဆိုးအဆိုးဆုံး အနာဖြစ်ရုံပါပဲ၊ မသေနိုင်ပါ၊အခုတော့ မြွေဆိပ်သည် လူ၏ရုပ်ခန္ဓာတွင် အပါအဝင်ဖြစ်သော သွေးဟူသော အာပေါဓာတ်ရုပ်တရားနှင့်ပေါင်းဆုံ

မိပါတယ်။ ထိုအာပေါခတ်နှင့် ပေါင်းဆုံမိတဲ့ မြွေဆိပ်ကို ရုပ်ခန္ဓာတွင် အပါအဝင်ဖြစ်တဲ့ ဝါယော (လေခတ်)က တွန်းပို့ပြီး၊ အဆိပ်ကို ဦးနှောက် သို့မဟုတ် နှလုံးသားထဲ အထိ သယ်ဆောင် သွားပါတယ်။ ထိုအခါ မြွေကိုက်ခံရသူ သေကြေပျက်စီးခြင်းသို့ ရောက်ရပါတယ်။

အမှန်တော့ မြွေဆိပ်ကြောင့်သေသည်မဟုတ်၊ ထိုသူ၏သွေး ဟူသော အာပေါရုပ်၊ လေဟူသောဝါယောရုပ်တို့က နှိပ်စက် သဖြင့်သာ သေရခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် မိမိကို မဒသာ သေအောင် သတ်မည့်ရန်သူအစစ် ဖြစ်တယ်ဟု ပြောဆိုရခြင်း ဖြစ်ပါတယ်။

နာမ်ခန္ဓာက သတ်ပုံကိုလည်း ရှင်းပြပါဦးမယ်။ နာမ်ခန္ဓာ ဆိုတာ ဝေဒနာက္ခန္ဓာ (ခံစားမှုသဘော) သညာက္ခန္ဓာ (မှတ်သားမှု သဘော)၊ သင်္ခါရက္ခန္ဓာ (ပြုပြင်မှုသဘော)၊ ဝိညာဏက္ခန္ဓာ (သိမှုသဘော) ဟု လေးမျိုးလေးစားရှိပါတယ်။ ထိုလေးပါး တို့တွင် ရှေးခန္ဓာသုံးပါးက စေတသိက်နာမ်ခန္ဓာများ ဖြစ်ကြ ပါတယ်။ နောက်ဆုံးခန္ဓာက စိတ်နာမ်ခန္ဓာတရား ဖြစ်ပါတယ်။ ယခုကာလ သားရေး၊ သမီးရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ပညာရေးစသည်တို့ကြောင့် စိတ္တဇ ရောဂါရှင်တွေဖြစ်ပြီး စိတ် ထိခိုက်ကာ သေကြရတဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်ဟူသော ဝိညာ- ဏက္ခန္ဓာခေါ်တဲ့ သူ၏နာမ်ခန္ဓာက သူ့ကို သတ်တာ-ဟု ဆိုရ ပါတယ်။

လေးလေးနက်နက် စဉ်းစားစေချင် ပါတယ်။ သေနတ်နှင့် အပစ်ခံရလို့ ဓားနှင့်အခုတ်ခံရလို့ သေတဲ့သူတွေကို ကြည့်ကြ ပါစို့။ ဘယ်သူတွေက သေနတ် ဘယ်လောက်များများနှင့်ပဲ

စိုင်းပြီးပစ်ပစ်မှန်စရာခန္ဓာမရှိလျှင်သေစရာမလိုပါဘူး။ ဓားနှင့်ဘယ်လောက်ခုတ်ခုတ် ခုတ်စရာ ခန္ဓာကိုယ်မရှိလျှင် ခုတ်မရပါဘူး။ဒါကြောင့် ခန္ဓာကိုယ်ရှိလို့သာ သေနတ်နဲ့ လှာပစ်ရတယ်၊ ဓားနဲ့လာခုတ်ရတယ်။ ဒါကြောင့် ခန္ဓာသာ လူသတ်သမားအစစ် ဖြစ်ပါတယ်၊ ခန္ဓာသာ မိမိရန်သူအစစ် ဖြစ်ပါတယ်-ဟု ဟောကြားရခြင်း ဖြစ်ပါတယ်။

ခန္ဓာက သတ္တဝါတွေကို မသေအောင်လဲသတ်တယ်၊မသေမီအတွင်းမှာလဲ အာနကြပ် အထိုင်ကြပ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့်ကြုံရအောင်လဲ အမျိုးမျိုး နှိပ်စက်ပါသေးတယ်။ သွေးတိုးရောဂါ နှလုံးရောဂါအာဂအိမ်ရောဂါ အဆုတ်ရောဂါ မျက်စိရောဂါ သွားရောဂါ စသည်တို့ဖြင့် မထနိုင် မထိုင်နိုင်အောင် မအိပ်နိုင်အောင် အမျိုးမျိုးစိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုနှင့် ကြုံရအောင်လဲ နှိပ်စက်ပါသေးတယ်၊ခန္ဓာညှာဉ်းရောက်ကြ၊ တရားသဘောနားမလည်ကြသူတွေကတော့ တကယ်တခေါ်ခေါ်ဖြင့် ရန်သူအစစ်ကိုတွေ့အောင်မရှာနိုင်ဘဲ ဟိုလူ့အပြစ်တင်ချင်သလိုလို ဒီလူ့အပြစ်တင်ချင်သလိုလို သားသမီးတွေက မစောင့်ရှောက်လို့ဘဲ ဖြစ်နေရသလိုလို အတွေးချော်ပြီး စိတ်ဆင်းရဲရပါသေးတယ်။ အမှန်ကတော့ ဘယ်သူနှင့်မှမဆိုင်ပါ၊ မိမိခန္ဓာက မိမိကိုနှိပ်စက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် အစနားမှာ ဆရာတော်က- တေခန္ဓာ၊ ထိုခန္ဓာသမုတ် နာမ်နှင့်ရုပ်တို့သည်။ သတ္တိသူလူပမာ လုံသွားအသွင်တံကျင်တန္တို၊ နှိုင်းပြစရာ ဥပမာရှိကြကုန်သည်ဖြစ်၍။ခရာ၊မညှာမတာအရာရာတွင် လှန်စွာနှိပ်စက်ညှဉ်းပန်းတတ်ကြ လေကုန်၏-ဟု ရွတ်ဆိုကာ ဟောကြားခဲ့ခြင်း ဖြစ်ပါတယ်။ ခန္ဓာဟာ သတ္တဝါတွေကို မခံသာအောင်

နည်းအမျိုးမျိုးဖြင့် နိပ်စက်ညှဉ်းပန်းတတ်ကြပါတယ်၊ နှိပ်စက်ညှဉ်းပန်းရုံသာမက နောက်ဆုံး သေသည့်အထိ သတ်လဲ သတ်တတ်ပါတယ်။ နှိပ်စက် ညှဉ်းပန်းမှု သတ်မှုတို့ကလဲ တစ်ကြိမ်တစ်ခါလားဆိုတော့ မဟုတ်ပါဘူးတဲ့။ ဘယ်ဘဝရောက်ရောက် ရောက်တဲ့ဘဝမှာရတဲ့ခန္ဓာက ခန္ဓာပိုင်ရှင်သတ္တဝါကို ထာဝစဉ်အမြဲတမ်း နှိပ်စက်တယ်။

သတ်လဲ သတ်ပါတယ်။ သတ္တဝါ တွေကို သေချိန်ကျမှ သတ္တဝါတွေက သေချင်ပါတယ် ဆိုမှ သတ်တာလားဆိုတော့ ဒီလိုမဟုတ်ပါဘူးတဲ့။ သူ့သဘောအတိုင်းသာ သူသတ်ချင်တဲ့ အချိန်မှာ သတ်လိုက်တာပါပဲ။ ဒါ့ကြောင့် သတ္တဝါတွေဟာ လူဖြစ်တဲ့ဘဝ လူလိုနေရအောင်ဟဲ့၊ လူလိုဝတ်ရအောင် စားရအောင်ဟဲ့ဆိုပြီး အားထုတ် ပါးထုတ်အလုပ်တွေ ကြိုးစားလုပ်နေစဉ် စိမ်ကိန်းတွေချနေစဉ်မှာပဲ ခန္ဓာရဲ့အသတ်ခံရလို့ ဘယ်ဘဝမှာမှ စိတ်တိုင်းကျနေသွားရတယ်မရှိပါဘူးတဲ့။ ဒါ့ကြောင့် ပဋ္ဌကွာနန္ဒန ကာသယေန၊ ခန္ဓာငါးပါး တည်းဟူသော ဤကိုယ်ကောင်ကြီးဖြင့်(ဝါ) ဤ ကိုယ်ကောင်ကြီးကြောင့်၊ သတ္တာ၊ ကြီးကြီးငယ်ငယ် ရှယ်ရှယ်စားစား လူ နတ် ဗြဟ္မာ သတ္တဝါအများတို့သည်။ နင္ဒာ၊ ဘယ်ဘဝ ဘယ်ဇာတ်မှာမှ မိမိရရ အခြေစိုက်ပြီး နေလိုက်ခွင့် မကြုံကြိုက်နိုင်ပဲ ခဏခဏ ပျက်ကြွေ၍ အသက်တွေဆုံးရှုံးလျက် လုံးလုံးကြီးသာ အနစ်နာခံခဲ့ ကြရ ကုန်၏-ဟု ရှုံးဆို၍ ဟောကြားခဲ့ပါတယ်။

ခန္ဓာရလာကြတဲ့ သတ္တဝါမှန်သမျှ ခန္ဓာက လူသတ်သမား အစစ်ဖြစ်သည့်အတွက် သွားလေရာ နေလေရာ ထိုင်လေရာ အိပ်လေရာတို့၌ လူသတ်သမားကကိုယ့်နောက်ကအမြဲပါလာနေပါ

တော့တယ်၊ လူသတ်သမားက အခွင့်ရတဲ့ အချိန်မှာ သတ်မှတ် ဖြစ်တော့ သွားနိုင်လဲသေတယ်၊ မနေရင်းထိုးရင်း အိပ်ရင်းလဲ သေရပါတယ်။ ခန္ဓာရလာတဲ့ သတ္တဝါမှန်သမျှ သေတဲ့အမျိုး ချည်းပဲလို့ မှတ်ရပါမယ်။ နောက်ဆုံးမှာ မည်မျှဘန်ခိုးကြီးကြီး အာဏာရှိရှိပစ္စည်းဥစ္စာရပ်ချောချော အနေအထိုင်များများ ခန္ဓာရှိနေကြတဲ့အတွက် သတ္တဝါတွေဟာ သေခြင်းတရားဆိုတဲ့ သေကျိုးနဲ့သပြီး သတ်ရမည့် ပုဂ္ဂိုလ်တွေချည်းပါပဲ။ ဒါကြောင့်- သတ္တာ ကြီးကြီးငယ်ငယ် ရှယ်ရှယ်စားစား လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအများတို့သည်။ မရှုလာ၊ မြစ်လျှင်အမှန် သေမျိုးမို့ သေကျိုး ဟစ်ခုဘည်းသာရှိကြမြဲ ဓမ္မဘာသာလျှင် တည်း-ဟု ရွတ်ဆို၍ ဟောကြားခဲ့ပါတယ်။

တုပုံရှင် ကိုယ်တော်တိုင်ကလဲ ဇာတိပစ္စယာ၊ ပဋိသန္ဓေ တည်နေသာခြင်းအကြောင်းရင်းကြောင့်(ဝါ) ဇာတိဟူသော ဘဝခန္ဓာလာရခြင်း အကြောင်းရင်းကြောင့်။ ဇရာမရဏံ၊ အိုရ ခြင်းသေရခြင်းဆိုတဲ့ အကျိုးတရားသည်။ သမ္ဘဝတိ၊ မုချမသွေ ဖြစ်ရလေ၏-ဟု ခန္ဓာလာရခြင်းဆိုတဲ့ အကြောင်းကြောင့်သေ ရခြင်းဆိုတဲ့အကျိုးကို ရပါတယ်-ဟု ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်မှာအထင်အရှားဟောကြားတော်မူခဲ့ပါတယ်။ ဇာတိဆို တဲ့ဘဝခန္ဓာလာရမှု၊ ဇရာဆိုတဲ့အိုရမှု၊ မရဏဆိုတဲ့သေရမှုတွေဟာ အမှန်ကတော့ ဒုက္ခသစ္စာတွေချည်းပဲ-ဟု ဘုရားရှင်ဟောကြား တော်မူခဲ့ပါတယ်။ ထိုဒုက္ခသစ္စာတရားတွေဟာ ဘယ်ကျမှကုန် ဆုံးမှာလဲဆိုတော့သန္တိသုခခေါ်လို့ခေါ်ဆိုရတဲ့နိဗ္ဗာန်ကို မျက် မှောက်ပြုရတဲ့ အချိန်ကျမှသာလျှင် ကုန်ဆုံးမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ဒုက္ခကုန်ဆုံးရာ ဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်

ကြောင်း အကျင့်ကောင်းဖြစ်သော သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး တရားများကို ပွားများကြဖို့လိုပါတယ်။ ယနေ့ရာမှာ အခါအခွင့် သင့်သိ မဂ္ဂင်ရှစ်ပါး ... အမှုးအကြီးဆုံး ဖြစ်သော သမ္မာဒိဋ္ဌိ မဂ္ဂင်အကြောင်းကို အနည်းငယ် ရှင်းလင်း ပြောပြသွား လိုပါ တယ်။

သမ္မာ ဒိဋ္ဌိဆိုသော စကားလုံး ဟာ အနှင့် ... သမ္မာ တစ်လုံး ဒိဋ္ဌိ တစ်လုံး စကား နှစ်လုံး ... ဖြစ်ပါတယ်။ သမ္မာ က အမှန်အကိုက်ဟူသော အနက်ကို ဟောပါတယ်။ ဒိဋ္ဌိ က မြင်ခြင်း ဟူသော အနက်ကို ဟောပါတယ်။ ပေါင်းလိုက်လျှင် သမ္မာဒိဋ္ဌိ အမြင်မှန်အတိုင်းမြင်ခြင်းဟု ဆိုလိုပါတယ်။ ... လ မ ... ဆန့် ကျင်ဘက် ... အမြင် ... ဖြစ်ရသော ... ဒိဋ္ဌိ ... များကို မြင်ခြင်းဟု ဆိုရပါတယ်။

ထပ်၍ ရှင်းပြပါဦးမည်။ မိမိ၏ လူ့ဘဝ လူ့ခန္ဓာကိုယ်ဟာ အမှန်စေတော့ နာမ်ရုပ်နှစ်မျိုးသာဖြစ်ပါတယ်။ နာမ်ရုပ်နှစ်ပါး မှ တစ်ပါးအား တရားမှသည် ရှိပါ၊ ဒါပေမယ့် အန္ဓပုထုဇဉ်တို့၏စိတ် အစဉ်မှ တော့ နာမ်ရုပ်သာဖြစ်ပါတယ်၊ နာမ်ရုပ်သာရှိတယ်ဟု မမြင်ပါ။ ငါလို့ပဲထင်တယ်၊ မြင်လဲမြင်တယ်၊ တကယ်မဟုတ် တကယ်မရှိဘဲ ငါလို့ထင်နေမှုမြင်နေမှုစွဲနေမှုဟာမိစ္ဆာဒိဋ္ဌိပါပဲ တစ်နည်း သက္ကာယဒိဋ္ဌိပါပဲ၊ တစ်နည်းအတ္တဒိဋ္ဌိပါပဲ။ ကလျာ ပုထုဇဉ်တို့၏ စိတ်အစဉ်မှာကျတော့ လူ့ဘဝ လူ့ခန္ဓာကိုယ် ဟာ အမှန်စေတော့ နာမ်တရားရုပ်တရားနှင့် နှစ်မျိုးသာရှိတာပါ ကလား၊ ငါဆိုတဲ့တရား ဘယ်နေရာမှာမှ ရှာလို့မရပါလား- ဟု ထင်လဲထင်တယ်၊ မြင်လဲမြင်တယ်။ ထိုသို့နာမ်ရုပ်သာရှိ၏-

ဟု မြင်မှုဟာ အမှန်ကိုမြင်ခြင်းဖြစ်တဲ့အတွက် သမ္မာဒိဋ္ဌိဟု ဆိုရပါတယ်။

လူ့ဘ၀ လူခန္ဓာဆိုတာ နာမ်ရုပ်သာ ဖြစ်တယ်၊ နာမ်ရုပ်မှတစ်ပါး ဘာမှမရှိ၊ ငါဆိုတာမရှိဟုထင်မြင်နေသော ယောဂီသည် ထိုမိမိခန္ဓာဆိုတဲ့နာမ်ရုပ်ကို ဉာဏ်ဖြင့်စိုက်ပြီး ကြည့်သောအခါ နာမ်ရုပ်က သူ့သဘာ၀ဖြစ်သော အနိစ္စလက္ခဏာမမြဲမှုအမှတ်အသားကို ပြလာပါတယ်။ မမြဲမှုအနိစ္စကို ပထမမြင်ပြီးတော့ ထိုမမြဲမှုတို့က အဖန်ဖန် နှိပ်စက်နေပြန်သဖြင့် ဒုက္ခလက္ခဏာဆိုတဲ့ ဆင်းရဲမှု အမှတ်အသားဟာလဲ ပေါ်လာပြန်ပါတယ်။ ထိုမမြဲဆင်းရဲတဲ့သဘောတရားတွေသူ့အလိုအတိုင်းဖြစ်ပြီး သူ့အလိုအတိုင်းချုပ်ပျောက်သွားနေကြတာပါလား ငါ၏အလိုသို့ဘာဘာစ်ခုမျှမလိုက်ပါလား-ဟု ဉာဏ်တွင်ထင်မြင်လာပြန်တယ်။ ထိုသို့ ငါ့အလိုကျဖြစ်တာမဟုတ်-ဟုသိတဲ့အမှတ်အသားဟာ အနတ္တလက္ခဏာ၏ အမှတ်အသားပင်ဖြစ်ပါတယ်၊

ထိုသို့ သမာဒိဋ္ဌိမဂ္ဂင်အရင်းခံပြီး သမ္မသနဉာဏ် အမြင်သန်လာသူမှာ မိမိခန္ဓာအပေါ် အကောင်းထင်မှုခင်မင်မှုဆိုသော တဏှာလောဘအခါ သမုဒယသစ္စာတရား ခေါင်းပါးလာပါတယ်။ ထိုသို့အကြောင်း သမုဒယ သစ္စာ ခေါင်းပါးလာမှသာ အကျိုးဒုက္ခ သစ္စာဟာလဲ နည်းပါးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့အသံမှ ဟောကြားနေသော ဆရာတော်၏ တရားတော်ကို နာယူနေကြသောတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မဂ္ဂင်ရှစ်ပါးတွင် အရေးကြီးသော သမ္မာဒိဋ္ဌိမဂ္ဂင်အမြင်မှန်အောင်ရှေးဦးစွာ လေ့ကျင့်ပေးကြပါ ထို့နောက် မမြဲဆင်းရဲ အလိုသို့မလိုက်ဟူသော လက္ခဏာရေး

သုံးပါးကိုမြင်အောင် ကြိုးစားကြပါ။ မိမိတို့ပါရမီအားလျော်စွာကြိုးစားနိုင်ကြကုန်သည်ဖြစ်၍ အားလုံး ဒုက္ခသစ္စာချည်းပါလား-ဟု ထင်မြင်ပြီး၊ ထိုဒုက္ခသစ္စာကို ရှုမှန်းလျက် သမုဒယသစ္စာကို ပယ်နိုင်ကြကာ ဒုက္ခငြိမ်းရာ နိဗ္ဗုတာသို့ လျင်စွာထုတ်ချောက် မျက်မှောက်ပြုနိုင်ကြပါ စေကုန်သတည်း။ ။

၁။ ဟောကြားသောဆရာတော်-ဆရာတော်ဘဒ္ဒန္တကေလာသ (နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်)။

၂။ သိတင်းသုံးရာဒေသ- သာသနဝေပုလ္လ ကျောင်းတိုက်၊ မိတ္ထီလာမြို့။

၃။ ဟောကြားသည့်ရက်-၁၃၄၈-ခုနှစ်၊ဝါခေါင်လပြည့်နေ့ (၂၀-၈-၈၆)။

၄။ ဟောကြားသည့်နေရာ-မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

*

# တရားငါးပါးစိမ့်ထုံသွား
## လားရထက်နှတ်ရှာ တရားတော်

ယနေ့တရားတော်ကို နာယူနေကြတဲ့ သူတော်ကောင်း အပေါင်းအားတရားငါးပါးစိမ့်ထုံသွား၊ လားရနှတ်ထက်ရှာ ဆိုတဲ့ တရားတော်ကို ဟောကြားပေးဖို့ စီစဉ်ထားပါတယ်။ ကြောက်ရွံ့စိုးရိမ်နေရတဲ့ ခေတ်ကြီး၊ ကျွန်မတို့လောကကြီး မှာရှိနေကြတဲ့လူအပေါင်းဟာများသောအားဖြင့်ကြောက်ရွံ့ မှုတွေ စိုးရိမ်ပူပန်မှုတွေ အမြဲတမ်း လိုလိုရှိနေတတ်ကြပါတယ်၊ ဒီကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်မှုတွေက လွန်မြောက်နိုင်အောင်လဲ အမြဲပဲ ကြိုးစားအားထုတ် လုပ်ကိုင် နေကြရပါတယ်၊ ဒီလို ကြိုးစား အားထုတ်နေကြပေမဲ့ ကြောက်ရွံ့မှု၊စိုးရိမ်ပူပန်မှု တွေကိုလွန်မြောက်နိုင်သလားဆိုတော့မလွန်မြောက်နိုင်ပါဘူး၊ တစ်မျိုးမဟုတ် တစ်မျိုး ကြောက်ရွံ့စရာ စိုးရိမ်ပူပန်စရာတွေ ဟာဖြစ်ပေါ်တွေ့ကြုံနေကြရတာပါပဲ၊ ကြောက်ရွံ့မှု၊စိုးရိမ် ပူပန်မှုတွေက တစ်မျိုးပြီးတစ်မျိုး အမြဲတမ်းလိုဖြစ်နေကြရတဲ့ အတွက် အသစ်အဆန်းလို့ မထင်မှတ်ရလောက်အောင်ဖြစ်နေ ပြီး ရိုးနေသလောက် ဖြစ်နေကြပါပြီ။

မိမိတို့နေ့စဉ်နေ့တိုင်းကြံစည် လုပ်ကိုင် ပြုမူပြောဆိုနေကြ ရတာဟာ ဘာကြောင့်လဲလို့ ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် ကြောက်ရွံ့လို့ စိုးရိမ်ပူပန်လို့ ဆိုတဲ့ အကြောင်းတွေကို ရာခိုင် နှုန်း များဆုံးတွေ့ရမှာဖြစ်ပါတယ်။ ဘာတွေကိုများကြောက် ရွံ့စိုးရိမ်ပူပန်နေကြသလဲလို့ဆက်ပြီး စဉ်းစားကြည့်မယ်ဆိုရင်—

နေ့စဉ် စားသောက်ရေးအတွက် ပြည့်ပြည့်စုံစုံ ဖူဖူလုံလုံ မဖြစ်မှာကိုကြောက်ရွံ့စိုးရိမ်ပူပန်နေကြရတယ်။ ဝတ်စားသန့်ဆာယင်ယံမှုအတွက် တင့်တင့်တယ်တယ် မဖြစ်မှာကိုကြောက်ရွံ့စိုးရိမ်ပူပန်နေကြရတယ်။ နေထိုင်မှု အတွက် သင့်တော်လျောက်ပတ်မှုမဖြစ်မှာကို ကြောက်ရွံ့စိုးရိမ်ပူပန်မှုဖြစ်နေကြရတယ်။ အိမ်ထောင်ရေးနှင့် သားရေး သမီးရေး၊ လူမှုရေး သင့်တင့်လျောက်ပတ်မှု ရှိနေကြတဲ့သူများကျပြန်တော့ လက်ရှိအခြေအနေ လျောကျပျက်စီး ဆုတ်ယုတ်ပြီး သွားမှာကို စိုးရိမ်ကြောင့်ကြ ပူပန် သောက ရောက်နေကြရပြန်ပါတယ်။

နုပျိုလှပကြသူများ ကလည်း နုပျို လှပမှု ပျက်ယွင်းပြီးရော်အိုမင်းမှာကိုလဲ စိုးရိမ်ကြောင့်ကြ နေတတ်ကြတယ်။ ဒါကြောင့်လဲ မိမိတို့ရဲ့နုပျိုလှပမှုမပျက်ယွင်းရအောင် ပြုပြင်မှု အမျိုးမျိုးလုပ်နေကြရတာပေါ့။ အနာရောဂါ အမျိုးမျိုးဖြစ်ပေါ် ကျရောက်ပြီး ဆင်းရဲဒုက္ခရောက်မှာကိုလဲ စိုးရိမ်ပူပန်ကြောက်ရွံ့နေကြပါတယ်။ အနာရောဂါဝေဒနာ မဖြစ်ပေါ် မကျရောက်ရအောင် ဆေးအမျိုးမျိုး၊ ပြုပြင်မှုအဖုံဖုံနဲ့ ကြိုတင်ကာကွယ်နေကြရတာဟာ ရောဂါဝေဒနာ ကျရောက် ဆင်းရဲဒုက္ခရောက်မှာကို စိုးရိမ် ပူပန်ကြလို့ပဲ ဖြစ်ပါတယ်၊ ချစ်ခင်တွယ်တာရတဲ့သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာသတ္တဝါသခါ်ရတွေကို စွန့်ခွာပြီး သေရှာကို လိုက်ရမှာ သေရမှာကိုတော့ "မရဏံ တယံ အဘယာနဂဒသတ္တာနာမနတ္ထိ"။ သေဘေးကိုမကြောက်သော သတ္တဝါမည်သည် မရှိဘူး-ဆိုတဲ့အတိုင်း ပုထုဇဉ်သားတိုင်း သတ္တဝါတိုင်းအကြောက်ဆုံး အစိုးရိမ်ဆုံး အပူပန်ဆုံးပဲ ဖြစ်ပါတယ်။

ဒါတွေထားတော့ တစ်သက်တာတစ်ဘဝတာမှာ ကြောက်ရွံ့ ထိတ်လန့်မှု၊ စိုးရိမ် ပူပန်မှုများ၊ နောက်ကပေါ်လွင် ထင်ရှား တဲ့ စိုးရိမ်ကြောက်ရွံ့မှု၊ ထိတ်တန့်မှု အချို့သာဖြစ်ပါတယ်။ မိမိတို့ ဘဝပေး အခြေအနေအရကြောက်ရွံ့ရာတွေ၊ စိုးရိမ် စရာတွေ၊ ပူပန်စရာတွေဟာ– လူတစ်ခု၊ ပူမှုရယ် ဆယ်ကုဋေ ဆိုတဲ့အတိုင်း မခရမတွက်နိုင်အောင် ရှိနေတတ်ကြပါတယ်။ သူတော်ကောင်း အလောင်းတော်တွေကတော့ ပစ္စက္ခတစ်ဘဝ တာ ဆင်းရဲထက် အပါယ်ဆင်းရဲ သံသရာဆင်းရဲတွေကို ပိုပြီး ကြောက်ရွံ့ထိတ်လန့် စိုးရိမ် ပူပန်တတ်ကြပါတယ်။ ပစ္စက္ခ တစ်ဘဝအတွက်သာကြောက်ရွံ့ထိတ်လန့်စရာတွေ၊စိုးရိမ်ပူပန် စရာတွေ ရှိနေတာလားဆိုတော့ မဟုတ်သေးပါဘူး၊ တမလွန် ဘဝအတွက်လဲ ကြောက်ရွံ့ထိတ်လန့် ပူပန်စရာတွေ ဒုနဲ့ဒေး ရှိနေပါသေးတယ်။

ဘာတွေရှိနေသလဲဆိုတော့ဆင်းရဲဒုက္ခမျိုးစုံတဲ့အပါယ်ဘုံ၊ ငရဲဘုံ၊တိရစ္ဆာန်ဘုံ ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံ ကို ကျရောက်သွားမှာကို ကြောက်ရွံ့ ထိတ်လန့် စိုးရိမ် ပူပန် ကြရပါတယ်။ကြောက်လဲကြောက်စရာပါပဲ၊ ငရဲ ပြိတ္တာ အသူ ရကာယ်ဘုံ လားရောက်ကြရသူတို့ အဘယ်မျှလောက် ဆင်းရဲ ဒုက္ခ ရောက်ကြရမယ် ဆိုတာ မမြင်ရတဲ့ ဆင်းရဲဒုက္ခ ဖြစ်လို့ ထားလိုက်ပါဦးတော့၊ မိမိတို့မျက်မြင်ဖြစ်တဲ့ တိရစ္ဆာန်လောက တိရစ္ဆာန်ဘုံမှာဖြစ်နေကြတဲ့တိရစ္ဆာန်သတ္တဝါများရဲ့ဆင်းရဲကို ပဲ ကြည့်လိုက်ပါဦး။ တိရစ္ဆာန်အချင်းချင်း နှိပ်စက် ညှဉ်းပန်း ကြတာတွေ၊ နိုင်ရာနိုင်ရာ သတ်ဖြတ် စားသောက် နေကြတာ တွေ၊ လူသားတို့ရဲ့ခိုင်းစေမှု အမျိုးမျိုးကို မိုးရွာသည်ဖြစ်စေ၊

နေပူသည် ဖြစ်စေ၊ ဆာလောင် မွတ်သိပ် နေသည် ဖြစ်စေ၊ မှောဟိုက် ပင်ပန်း နွမ်းနယ်နေသည်ဖြစ်စေ၊ ဝန်နဲ့အားမျှသည် ဖြစ်စေ၊ မမျှသည်ဖြစ်စေ၊ အခက်ကြောင်းအကျိုး အကောင်းအဆိုးကို တုံ့ပြန်ပြောဆိုနိုင်ခြင်း အလျဉ်းမရှိဘဲခိုင်းစေသလို လုပ်ကိုင် ကုန်းရုန်းပေးကြရတယ်။ လူသားတို့ မညှာ မတာ ခိုင်းစေမှု၊ နှိပ်စက်ညှင်းပန်းမှု သတ်ဖြတ် စားသောက် မှုများကို မည်သို့မျှ အယူခံဝင်နိုင်ခြင်း၊ တိုင်ကြားတောင်းပန် အသနားခံ ခြင်းမရှိဘဲ လည်စင်းပြီး ခံကြရရှာတယ်။

တိရစ္ဆာန်လောက တိရစ္ဆာန်ဘဝကို စဉ်းစားကြည့်ဘာနဲ့ပဲ တိရစ္ဆာန်လောက ဆင်းရဲထက် အဆပေါင်းများစွာ ဆိုးတဲ့ ပြိတ္တာ၊ အသူရကာယ်၊ ငရဲ အပါယ်ဆင်းရဲဟာ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ လွန်စွာကြီးမားတယ်ဆိုတာ မှန်းဆ သိနား လည်လောက်ပြုပါပြီ။ ဒါကြောင့်သူတော်ကောင်းအပေါင်း အလျာမြတ်ခတွေဟာ အပါယ်ဆင်းရဲသံသရာဆင်းရဲကလွတ်ရာ လွတ်ကြောင်း အကျင့်ကောင်းတွေကို ကျင့်သုံးအားထုတ်ကြ ခြင်း ဖြစ်ပါတယ်။ ဒီလိုဆင်းရဲဒုက္ခအမျိုးမျိုးတွေကို တွေးခေါ် မြော်မြင်ပြီး ငါရှက်တချက် သေဆုံးကွယ်လွန်သွားခဲ့ရင်ဆင်းရဲ မျိုးစုံတဲ့ အပါယ်ဒုဂ္ဂတိဘုံသို့ ကျရောက်သွားလေမလား လို့ တွေးတောပူပန်ပြီး ကြောက်ရွံ့ထိတ်လန့်စွာ မြန်းလျောက်ထားသူ မဟာနာမ် သာကီဝင် ဥပါသကာအား မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ မဟာ ဂ္ဂသံယုတ် တော်လာ ထမ မဟာနာမ သုတ္တန် တရားတော်ကို တရားငါးပါး၊ စိမ့်ထုံးပွား၊ လားရထက်နတ်ရွာ တရားတော်အဖြစ် ဆင်လျက် ဟောကြားပါမယ်။

တစ်ချိန်က ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်
တော်မြတ်သည် သက္ကတိုင်း ကပိလဝတ်မြို့တော် နိဂြောဓာရုံ
ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအချိန်
မှာ မဟာနာမ် အမည်ရှိတဲ့ သာကီဝင် ဥပါသကာတစ်ယောက်
ဟာ မြတ်စွာဘုရားထံတော်မှောက်သို့ ကပ်ရောက်ပြီး ဘုရား
ရှင်ကို ရိုသေစွာ ရှိခိုးလျက် သင့်တင့်လျောက်ပတ်တဲ့ နေရာမှာ
ချဉ်းကပ်ထိုင်နေပါတယ်။ သာကီဝင် ဥပါသကာ မဟာနာမ်
သည် ဘုရားရှင်နှင့်အတူ သူ့ကြည်ညိုလေးစား စိတ်နှလုံးကို
တိုးပွားစေတတ်တဲ့ သံဃာတော်အရှင်မြတ်များထံကိုအမြဲ
မပြတ် ဆည်းကပ်ခစားရ၍ ကြည်ညိုဖွယ်ရာ ပွားလေ့ ရှိပါတယ်။
ယခုတစ်ခါ မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်ရှိပြီး ရိုသေ
စွာချဉ်းကပ် ထိုင်နေပြီးနောက် မြတ်စွာ ဘုရားရှင်ကို ယခုလို
ထူးထူးခြားခြားလျှောက်ထားပါတယ်။

“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကပိလဝတ်
မြို့ကြီးဟာ စားဖွယ်သောက်ဖွယ်ဆန်းရေစပါး အမျိုးမျိုးသော
အစားအစာတို့နှင့်လည်း ပြည့်စုံ ပေါများလှပါသယ်။ လက်
ကောက်, လက်စွပ်, ပုတီး, နားဒောင်း ဝတ်ကောင်းစားလှ
အဖိုးတန်ရတနာတွေ၊ ထူးထွေဆန်းပြား ဝတ်စား တန်ဆာ
ဆင်မြန်း ဝတ်ဆင်ဖွယ်ရာ အဝတ်အထည် မျိုးစုံတို့ဖြင့်လည်း
ပေါများပြည့်စုံကြွယ်ဝလှပါတယ်။ ဈေးဆိုင်ကနားတိုက်တာ
အိုးအိမ်များ ၎င်း၊ သာယာ စည်ကား လှပါတယ်၊ မြို့နေ
လူဦးရေကလည်း ပေါများ ထူထပ်ပါတယ်။ ကူးသန်း
ရောင်းဝယ်ရေး အသွယ်သွယ်သော အလုပ်ကိစ္စတို့ဖြင့် အနှယ်

နယ်သာ လူအများတို့ အမြဲမပြတ် ဝင်ထွက်သွား၊လာရာအလွန် စည်ကားတဲ့မြို့လည်း ဖြစ်ပါတယ်။

လမ်းမ လမ်းကျယ် လမ်းသွယ် လမ်းတို ထိုထို လမ်းများ လည်း၊ ဆင်ယာဉ်၊ မြင်းယာဉ်၊ လှည်းယာဉ်၊ ရထားယာဉ်တို့ဖြင့် အစဉ်မပြတ်သွားလာ လှုပ်ရှားနေကြသူတွေ၊ ခြေလျင်သွားကြ သူတွေဖြင့်အမြဲ ကျက်ရှုပ်နေတော့ လျှက် ရှိနေပါတယ်”(ကားတွေ လူတွေ အမြဲမပြတ် သွားလာလှုပ်ရှား စည်ကားနေတဲ့ ယခု ရန်ကုန်မြို့ကြီးလို ဖြစ်နေပါပဲ)၊

“ဘုန်းတော်ကြီး တော်မူသော အရှင်မြတ်ဘုရား၊ တပည့် တော်သည် မြို့ထဲ ... ဘုရားရှင်ကိုဖြင့် ... ဟော်ရဲ့ဒိပ်နှလုံး ကို ကြည်လင်နူးညံ့ယက်မှု ... ဖြစ်စေနိုင်တဲ့ သံဃာတော်အရှင် မြတ်များကို ... ၊ ... ပုဂ္ဂိုလ် ... မြိုနိုး ... သာရှိ ကောင်း ... ဒိပ် ... ၊ ဟိုလ ... မြို့တွင်း ဝင် ... ဆိုရင်ပဲ ... မြို့ သွားလာနေကြတဲ့ ဆင်ယာဉ် တို့နှင့်လည်း တွေ့ရပါတယ်၊ အမြန်ပြေးသွားနေကြတဲ့ မြင်းယာဉ် များနှင့်လည်းဆုံရပါတယ်၊ ဖြည်းမှန်မှန်နှင်နေကြတဲ့ ရထား ယာဉ်၊ လှည်းယာဉ်တို့နှင့် တွေ့ကြုံရပါတယ်၊ ထိုထိုကျဉ်းကြ လှည့်လည်သွားလာနေကြတဲ့ လူအများနှင့်လည်း တွေ့ဆုံရပါ တယ်၊ ဒါပေမဲ့ ဒီလိုအခါမျိုးမှာ တပည့်တော်သည် ဘုရားရှင်၏ဂုဏ် တော်တွေကို ပွားများဖို့လည်း၊ သတိမရနိုင်တော့ပါ၊ တရား တော်မြတ်၏ဂုဏ်ကိုအာရုံပြု နှလုံးသွင်းဖို့ရန်လည်း၊ သတိမထား နိုင်တော့ပါ၊ သံဃာတော်အရှင်မြတ်တို့ရဲ့ ဂုဏ်းတော်တွေကို ကြည်ညိုအောက်မေ့ရန် ဆင်ခြင်ပွားများရန်လည်း၊ အမှတ်မရ နိုင်တော့ပါ၊ ဆင်ယာဉ်နဲ့ တိုက်မိမလား၊ မြင်းယာဉ်နဲ့တိုက်မိ

မလား၊ ရထားယာဉ် လှည်းယာဉ်တို့နှင့်ပဲ တိုက်မိခိုက်မိလေ မလားလို့ ကြောက်ရွံ့ထိတ်လန့်ခြင်း များစွာနဲ့သတိထားပြီး သွားလာနေရပါတယ် ဘုရား။

အဲဒီအချိန်အခါမျိုးမှာ ဘပည့်တော်ဒီလိုလည်းတွေးတော ပူပန်မိပါသေးတယ် ဘုရား၊ ခုလို အချိန်မျိုးမှာ တစ်စုံတစ်ခု ဖြစ်ပြီး ရုတ်တရက် ငါသေလွန်ခဲ့ရင်ငါ့ရဲ့လားရောက်မဲ့ဘဝ ဂတိဟာ ဘယ်လို တမလွန် ဘဝမျိုး ဖြစ်သွားလေမလဲလို့ တွေးတောပူပန်စိတ် ကြောက်ရွံ့စိုးရိမ်စိတ်တွေ ဖြစ်ရပါတယ် ဘုရား''လို့ မဟာနာမ် ဉပါသကာကသူ့ရဲ့စိုးရိမ်ကြောက်ရွံ့မှုကို မြတ်စွာဘုရား ရှင်တော်အား တင်ပြ လျှောက်ထား ပါတယ်။

ဒီခါမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က မဟာနာမ် သာကီဝင် ဉပါသကာကို''မာဘာယိ မဟာနာမ မာဘာယိ မဟာနာမ။ ။မဟာနာမ၊ ဒကာတော် မဟာနာမ်၊ တွံ၊ သင်သည်။ မာဘာယိ တစ်စုံတစ်ရာ တွေးပြီး စိတ်မအေးစရာ မကြောက်ရွံ့ မစိုးရိမ်ပါနှင့်။ မဟာနာမ၊ သာကီဝင်မဟာနာမ် တွံ၊ ရတနာသုံးရပ် မပြတ် ဆည်းကပ် ကိုးကွယ်ဘတ်သော သင်သည်။ မာဘာယိ ဘဝနောက် မြော်ထောက် တွေးလျက် စိတ်လေးပူပန် ကြောင့်ကြစိတ် မဝင်ပါနှင့်။

အပါပကံ တေ မရဏံ ဘဝိဿတိ၊

အပါပိကာ ကာလကိရိယာ။

တေ၊ သင့်အား။ အပါပကံ၊ မရဏံ၊ မယုတ်နိမ့်သောသေရ ခြင်း မြင့်မြတ်သော သေရခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့် မည်။ အပါပိကာ ကာလကိရိယာ၊ အောက်တန်း မကျသော

ခုံတော ပြတ်ကြွေ သေလွန်ရခြင်းမျိုးသည်၊ ဘဝိဿတိ၊ ဖြစ်ရလိမ့်မည်''လို့ ဟော ဖော် မိန့်ကြားတော်မူပါတယ်။

''ကြောက်ရွံ့စိုးရိမ်ထိတ်လန့်မှုမဖြစ်ပါနဲ့မဟာနာမ်၊ သင်ရဲ့သေဆုံးကွယ်လွန်ရခြင်းသည် ယုတ်နိမ့်သော အောက်တန်းကျတဲ့ သေဆုံးရခြင်းမျိုး မဖြစ်နိုင်ပါဘူး။ မြင့်မြတ်အထက်တန်းကျတဲ့ သေဆုံး ကွယ်လွန်ရခြင်းမျိုးသာ ဖြစ်ပါလိမ့်မယ်''လို့ ရှင်တော်မြတ်ဘုရားက မဟာနာမ်ဥပါသကာအားအာမခံချက်ရဲရဲကြီး ပေးလိုက်ပါသာယ်။ ဘာ့ကြောင့် ဒီလိုအာမခံချက်ရဲရဲကြီး ပေးနိုင်သလဲဆိုရင် မဟာနာမ်ဥပါသကာရဲ့ စိတ်သန္တာန်မှာ အမြဲမပြတ် တည်ရှိကိန်းအောင်းနေတဲ့တရားတော်တွေကို မြတ်စွာဘုရားရှင် သိမြင်တော်မူထားပြီး ဖြစ်လို့ပါပဲ။ ဒါကို မြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်က မဟာနာမ် ဥပါသကာကောင်းစွာ သိနားလည်အောင် ယုံကြည်စိတ်ချရအောင် ယခုလို ဆက်လက်ပြီး ဟောကြားတော်မူပါတယ်။

ယဿ ကဿစိ မဟာနာမ ဒီဃရတ္တံ၊
သဒ္ဓါပရိဘာဝိတံ စိတ္တံ၊ သီလပရိဘာဝိတံ စိတ္တံ။
သုတပရိဘာဝိတံ စိတ္တံ၊ စာဂပရိဘာဝိတံ စိတ္တံ။
ပညာပရိဘာဝိတံ စိတ္တံ။

မဟာနာမ်၊ မည်သူမဆို တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်၏ စိတ်သည် ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး သဒ္ဓါတရားဖြင့် အမြဲမပြတ် ထုံမွှမ်း၍ ထားအပ်၏။ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး သီလတရားဖြင့် အမြဲမပြတ် စောင့်ထိန်းစိမ့်ထုံ၍ထားအပ်၏၊ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး၊ သုတ တရားဖြင့် အမြဲမပြတ် ဆည်းပူးထုံမွှမ်း၍ ထားအပ်၏။ ရှည်မြင့်စွာသော

နေ့ညဥ့်ပတ်လုံး စာဂတရားဖြင့် အမြဲမပြတ်ကြိုးစားအားထုတ် ပြုလုပ်ထုံမွှမ်း၍ ထားအပ်၏။ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး ပညာတရားဖြင့် အမြဲမပြတ် လေ့လာ ပွားများ စိမ့်ထုံ၍ ထားအပ်၏။

ထိုသို့သော ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကောင်ကြီးသည့်ရုပ်တရား အထင်အရှား၌၏။ ပထဝီ အာပေါ တေဇော ဝါယော ဟူသော မဟာဘုတ်လေးပါး အရင်းခံထား၍ တည်ဆောက် ထားခြင်း ဖြစ်၍၊ မိခင်ဖခင်တို့၏ သွေးသားနှင့် ဆက်စပ်ပြီးဖြစ်ပေါ်လာရ၏။ ထမင်း မုန့် ငါး အသား စားဖွယ်သောက်ဖွယ် အမျိုးမျိုး တို့ဖြင့် တိုးတက် ကြီးပွားရခြင်းဖြစ်၏။ မမြဲသော သဘော၊ နင်းနှိပ်ဘုံးနယ် အသွယ်သွယ်သော နည်းလမ်းတို့ဖြင့် ပြုပြင် ပေးရခြင်းသဘော ၊ ဖရိုဖရဲ ပြိုကွဲပျက်စီး ရခြင်းသဘော ရှိ၏။

ဤအရပ်မှာပဲ သေပြီးတဲ့နောက် ဒီခန္ဓာကိုယ် အလောင်း ကောင်ကြီးကိုကျီးတွေစားချင်စားကြမယ်၊ လင်းတတွေစားချင် စားကြမယ်၊ သိန်း, စွန်တွေစားချင်စားကြမယ်၊ အိမ်ခွေး, တော ခွေးတွေ စားချင်လဲ စားကြမယ်၊ အမျိုးမျိုးသောပိုးလောက် တွေ စားချင်လဲ စားကြမယ်။

သေပြီးတဲ့နောက်ခန္ဓာကိုယ် အလောင်းကောင်ကြီးကို ကျီး, ခွေး, လင်းတ သိန်း, စွန်စတဲ့ သတ္တဝါတွေ စားသောက်ကြလို့ ကုန်ခန်းပျောက်ပျက်ပြီးသွားမှာ ဖြစ်ပေမယ်လို့ သဒ္ဓါတရား သီလတရားသုတတရား စာဂတရား ပညာတရားတို့ဖြင့်ရှည်မြင့် စွာသောကာလပတ်လုံးနေ့ညဥ့်မပြတ်ပြုလုပ်ပွားများလေ့လာ ထားတဲ့စိတ်၊ စိမ့်ထုံထားတဲ့ စိတ်တရား (စိတ်စွမ်းအင်) များ

တော့ အထက် အသက်သို့သော တက်ရောက်လေ့ ရှိပါတယ်။ ထူးခြားတဲ့ လားရောက်ရာသို့ လားရောက်တည်နေလေ့ ရှိပါတယ်၊

မဟာနာမ်-ထင်ရှားသိစရာ လောက ဥပမာ တစ်ရပ်ဖြင့် ထင်ဟပ်ပြီး ဟောကြားရမယ် ဆိုပါလျှင် တစ်စုံတစ်ယောက်သောသူဟာ ကျောက်ခဲ ဆီအိုးကိုဖြစ်စေ ထမ်းဆောင်သယ်ယူပြီး ရေအိုင်ကစ်ခု အတွင်းသို့ သက်ဆင်းလျက် မိမိထမ်းဆောင်သယ်ယူလာတဲ့ ကျောက်ခဲ ဆီအိုးကို ရိုက်ခွဲချလိုက်မယ်ဆိုပါက အိုးစအိုးနှင့်အိုးခြမ်းကွဲတွေသာ ရေ အောက်သို့ကျရောက်နစ်မြုပ်သွားမှာဖြစ်ပါတယ်။ အိုးထဲမှာပါလာတဲ့ ထောပတ်တွေ ... ခြားတဲ့သဘာဝ ... ဖြင့်ရေပေါ်မှာတက် ... သ ... မှာသာ ... လျက်တည်နေမှာ ဖြစ်ပါတယ်၊

အဲဒီ ဥပမာလိုပါပဲ ... သီလ သုတ ... ပညာတရား တို့ဖြင့် ... ခြင်းစွာ နေ့ညဉ့်မပြတ် လေ့ ... များ စိမ့်ဆို ... စိတ် ( ... ) ... သတ္တဝါ ... တဲ့ ပုဂ္ဂိုလ်ရဲ့ ကိုယ်ခန္ဓာကြီး ဟာ ရုပ်တရားဖြင့်ရှ ... တယ်။ မ ... ဘုတ်လေးပါး ... ပြီး တည ... ကျိတ်ထားတာ ဖြစ်တယ်၊ ... တို့ရဲ့အာသေးအသ ... ဖြင့် ... ပေါ်ပေါက်လာရတာဖြစ်တယ် နှင်းနှိပ်ဆုပ်နယ် အသုံးသုံးသော နည်းလမ်းတို့ဖြင့် ပြုပြင်ခဲ့ ... ပို့ကွဲပျက်သဉ်းမှုဖြင့် နောက်ဆုံးမှာ နိဂုံးချုပ်ရတယ်။ ရိုက်ခွဲချလိုက်တဲ့ ထောပတ်အိုးဆီအိုးတို့ရဲ့ အိုးခြမ်းစ အိုးခြမ်းကွဲတွေ ရေအောက်ကို ကျရောက်ပြီး နစ်မြုပ်ပျောက်ကွယ်သွားကြမှာဖြစ်သလို ပြိုကွဲပျက်စီးသည်ဆုံး

ပြီးတဲ့ နောက်ကာလမှာ ဒီခန္ဓာကိုယ် အလောင်းကောင်ကြီး ဟာ ကျီး လင်းတတွေ၊ အိမ်ခွေးတောခွေးတွေ၊ ပိုးလောက်တွေ စားသောက်လို့ ကုန်သွားမယ်၊ ပုပ်ရိ ဆွေးမြေ့ ပျောက်ပျက် သွားမှာ ဖြစ်ပါတယ်။ သဒ္ဓါ သီလ သုတ စာဂ ပညာတရား တို့ဖြင့် နေ့ညမပြတ် လေ့လာပွားများ ထုံမွှမ်းထသွားတဲ့ စိတ် အစဉ်ကတော့ အိုးထဲမှာထည့်ထားတဲ့ ထောပတ်တွေ ဆီတွေ ရေပေါ်မှာပြန်တက် ရေအထက်မှာ ဝေ့ပြန်နေသလို ကောင်း မြတ်သော အကျိုးပေးအနေအထားဖြင့် လူ့ရွာနတ်ရွာသုဂတိ ဘုံဘဝအထက်အရပ်တွေမှာထူးခြားစွာတည်နေမှုဖြစ်ပါတယ် လို့ ဘုရားရှင်ကိုယ်တော်မြတ်ကမဟာနာမ်-ဥပါသကာသဘော ပေါက်အောင်မြင်လွယ်အောင်ပေါ်လွင်သင်ရှားတဲ့အကြောင် အရာနဲ့ ဥပမာဆောင်ပြီး ဟောကြားတော်မူပါတယ်။

ဒီနေရာမှာ သဒ္ဓါ သီလ သုတ စာဂ ပညာတရားငါးပါးကို အနည်းငယ်ချဲ့ထွင်ပြီး ဟောပြောလိုပါတယ်။ ဒီတရားငါးပါး ထဲမှာ ဘာ့ကြောင့်သဒ္ဓါတရားကို အရင်းခံထားပြီး ဘုရားရှင် ဟောကြားတော်မူခဲ့ပါသလဲလို့ စဉ်းစားသင့်ပါတယ်။ ခြုံငုံပြီး ပြောရရင်–အရင်းခံ ပဓာနကျတဲ့ တရားဖြစ်လို့။ ရှေးဦးစွာ အရင်းထားပြီး ဟောကြားတော်မူခြင်းဖြစ်တယ်–လို့ပြောရမှာ ဖြစ်ပါတယ်။

သဒ္ဓါ=ဆိုတဲ့တရားဟာ သက်ဝင်ယုံကြည်မှု သဘောပဲဖြစ် ပါတယ်။ ခံယူချက် အမြင် ကြည်လင် ပြတ်သားစေတဲ့ တရား ပါပဲ၊ ပစ္စက္ခဘဝကို တိုးတက်ကြီးပွားရေးအတွက် ပြုမူလုပ်ကိုင် နေကြတာဟာ မိမိတို့အလုပ်၊ မိမိတို့အလုပ်ရဲ့ အကျိုးအမြတ် ထွက်ပေါ်ရရှိမှာကို သက်ဝင်ယုံကြည်လို့ မိမိတို့ အလုပ်ကိုစွဲ

အပေါ်မှာ ခံယူချက်အမြင် ကြည်လင်လို့ပဲဖြစ်ပါတယ်။ ဒါက လောကဲ့ရေးရာ၊ မိမိတို့ အလုပ်ကိစ္စနဲ့ အလုပ်ကိစ္စမှ ဖြစ်ပေါ်လာမယ့် အကျိုးအမြတ်ပေါ်မှာ တွေးခေါ်မြော်မြင်မှုဆန်တဲ့ သက်ဝင်ယူဆမှု ယုံကြည်မှု သဘောပဲ ဖြစ်ပါတယ်။

တမလွန်ဘဝ တိုးတက် ကြီးပွားရေး အတွက် ဒါနမှုတွေ ပြုလုပ်နေတာ၊ သီတင်းသီလ ကျင့်သုံး ဆောက်တည်နေတာ၊ သမထ ဝိပဿနာ ဘာဝနာအလုပ်တွေကို ကြိုးစားအားထုတ် ပွားများနေတာဟာလဲ ဒီလုပ်ငန်းတွေကိုပြုလုပ်တဲ့အတွက် ရရှိလာမဲ့ အကျိုးကျေးဇူးတွေကို သက်ဝင်ယုံကြည်လို့ ခံယူချက်အမြင် ကြည်လင် ပြတ်သားစေတဲ့ သဒ္ဓါတရားက ဦးဆောင်လမ်းညွှန်ပေးလို့ပဲဖြစ်ပါတယ်။ ဒီနေ့ သီတင်းသီလ ကျင့်သုံး ဆောက်တည်ကြတဲ့ သီတင်းသည်တွေဟာ ဘာ့ကြောင့်သီတင်း သီလ [illegible]သုံးဆောက်တည်ကြတာလဲလို့ ကိုယ့်ကိုယ်ကို ပြန်မေး ကြည့်[illegible]စဉ်းစားကြည့်ပါ၊ သီတင်းနေ့ဖြစ်လို့ကဲ့သို့ရအောင် လို့ စသည်ဖြင့်အမျိုးမျိုး အဖြေထွက်ကောင်းထွက်နိုင်ပါတယ်။ အရင်းခံကြတဲ့ အဖြေကတော့ သက်ဝင်ယုံကြည်မှုရှိလို့ ခံယူချက်အမြင် ကြည်လင်ပြတ်သားစေတဲ့သဒ္ဓါတရားက ဦးဆောင်ပေးလို့ ဆိုတဲ့ အဖြေပဲ ဖြစ်ပါတယ်။

ဘာတွေကို သက်ဝင်ယုံကြည်မှုရှိတာလဲ၊ ခံယူချက်အမြင် ကြည်လင်ပြတ်သား စေတာလဲလို့ ဆက်စဉ်းစား ကြည့်မယ်၊ မေးကြည့်မယ်ဆိုရင်- ရတနာသုံးတန်၊ ပစ္စုပ္ပန်တမလွန်၊ ကံနှင့် ကံ၏အကျိုး၊ ယုံကြည်ကိုး မှတ်ရှိးသဒ္ဓါ သဘောတည်း-ဆိုတဲ့ အတိုင်းရတနာသုံးပါးကဲ့၊ ကံ၏အကျိုးတရားများကို သက်ဝင်

ယုံကြည်မှုရှိတာ ခံယူချက်အမြင် ကြည့်လင်ပြတ်သားစေတာပဲ ဖြစ်ပါတယ်၊ ဒါက သဒ္ဓါရဲ့သဘောပါ။

အကုသိုလ် ကာယကံမှု၊ ဝစီကံမှုတွေကို မလွန်ကျူးမိအောင် ကိုယ်နှုတ်ကို ကောင်းစွာ ထိန်းချုပ် စောင့်စည်းခြင်းဟာ သီလဖြစ်ပါတယ်။ လောကကြီးပွားရေး၊ စီးပွားရေးဗဟုသုတနဲ့ တကွ ဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော်ကို နာယူမှတ်သား ဆောင်ထားခြင်းဟာ သုတဖြစ်ပါတယ်၊ စာဂဆိုတာ ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်းပဲ ဖြစ်ပါတယ်။ လှူဖွယ်ဝတ္ထုနဲ့ စေတနာကိုလဲ စာဂလို့ ဆိုနိုင်ပါတယ်။ ပညာဆိုတာ အပြားအားဖြင့် သိခြင်း၊ သိတတ်တဲ့သဘော ဖြစ်ပါတယ်။ ကုသိုလ် အကုသိုလ်၊ ကံ ကံ၏အကျိုး ကောင်းရှိတယ်လို့ သိတာ၊ အနိစ္စစတဲ့ သဘာဝကိုသိမြင်တာ၊ သစ္စာလေးပါးကို သိမြင်တာဟာ ပညာဖြစ်ပါတယ်၊ ဒီတရား ငါးပါးထဲမှာ အရင်းခံဖြစ်ရမယ့် ခုနတရားကတော့ သဒ္ဓါတရားပဲ ဖြစ်ပါတယ်။ သဒ္ဓါတရား ရှိမယ်ဆိုရင် ကျန်တဲ့တရားကိုလဲ တိုးတက်ပွားများအောင် အားထုတ်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် သဒ္ဓါတရားကို အရင်းခံထားပြီး မြတ်စွာဘုရားရှင် ဟောကြားတော်မူခြင်းဖြစ်ပါတယ်။ ဒီသဒ္ဓါစတဲ့ တရားငါးပါးဟာလွန်စွာ အားကိုးထိုက်တဲ့တရားတွေ ဖြစ်ပါတယ်။ ရောက်လိုတဲ့ဘဝ၊ ဖြစ်လိုတဲ့အဆင့်အတန်းကို ရောက်စေ၊ ဖြစ်စေနိုင်တဲ့အတွက် ဘဝပဲ့ထိန်းစနစ်တရားများလို့ ပင်ဆိုထိုက်ပါတယ်။ ဒီတရားငါးပါးနဲ့ ပြည့်စုံနေသူတွေကိုလဲ ဘဝပဲ့ထိန်းစနစ် တပ်ဆင်ထားကြသူများလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုရင် ဒီသဒ္ဓါစတဲ့တရားငါးပါးနဲ့ပြည့်စုံနေတဲ့

သူဟာ လူ့ဘုံ လူ့ဘဝ၊ နတ်ပြဟ္မာဘုံမှာ နတ်ပြဟ္မာတို့ဘဝ၊ မြင့်မြတ်တဲ့ လူနတ်ပြဟ္မာတို့ရဲ့ အဆင့်အတန်းကို ရလိုလျှင်ရနိုင်တဲ့ အပြင် ယခုဘဝမှာလဲ မှဟန္တာအဖြစ်သို့ ရောက်နိုင်ကြောင်း (ဥပရိပဏ္ဏာသ၊ သဠာယတနဝဂ္ဂ၊ ပိုယ်တ္တိ သုတ္တန်မှာ ဘုရားရှင်ဟောကြား တော်မူထားပါတယ်၊ ဒါကြောင့် သဒ္ဒါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဆိုတဲ့ ငါးပါးနဲ့ နေ့ညမပြတ် မွှေ့ယှက် ပွားများထားတဲ့ စိတ်နှလုံး (စိတ်ရှစ်အား) ရှိသူများဟာ မိမိတို့ရည်မှန်းတဲ့ဘဝ၊ ရည်မှန်းတဲ့ အဆင့်အတန်းစစ်မှန်များကို ပြည့်ဝအောင် ရောက်စေနိုင်တဲ့ လောက ဘဝပဲ ထိန်းချုပ် တပ်ဆင် ထားကြသူများ ဖြစ်ကြောင်း ပြောရခြင်း ဖြစ်ပါတယ်။

မူရင်းဖြစ်တဲ့ မဟာနာမ်သုတ္တန်မှာ မြတ်စွာဘုရားရှင်က မဟာနာမ်သာကီဝင်-သင့်မှာရှိမြင့်စွာသော နေ့ညဥ့်မပြတ်လုံး သဒ္ဓါ သီလ သုတ စာဂ ပညာ ဆိုတဲ့ တရားငါးပါးဖြင့် အမြဲမပြတ် ထုံမွှမ်းပွားများထားတဲ့စိတ်နှလုံး (စိတ်စွမ်းအင်သတ္တိ) ကောင်း အဖြစ်ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်စုံတခုကြုံတွေ့ပြီး စိတ်မအေးဖွယ် မကြောက်ရွံ့ မပူပန်ပါနဲ့၊ ဘဝနောက်ရေး မြောက်ထောက်တွေးပြီး စိတ်လေးပူပန်ကြောင့်ကြတဲ့ စိတ် မဖြစ်ပါနဲ့-လို့ မိန့်ကြားတော်မူပါတယ်။

ပြီးတော့လဲ မဟာနာမ် သင့်ရဲ့သေဆုံးခြင်းဆည်ယုတ်နိမ့်တဲ့ သေရခြင်းမျိုး မဖြစ်နိုင်၊ မြင့်မြတ်တဲ့ သေရခြင်းမျိုးသာဖြစ်ပါလိမ့်မယ်၊ သင့်ရဲ့ကွယ်လွန်ရခြင်းသည် ယုတ်နိမ့်အောက်တန်းကျတဲ့ကွယ်လွန်ရခြင်းမျိုး မဖြစ်နိုင်၊ မြင့်မြတ်အထက်တန်းကျတဲ့ ကွယ်လွန် ရခြင်းမျိုးသာ ဖြစ်ရပါလိမ့်မယ်-လို့ မဟာနာမ်

ဥပါသကာအား ဘုရားက တရားနိဂုံးအဆုံးသတ် အနေအား ဖြင့် ဟောကြားတော်မူလိုက်ပါတယ်။

ဒီနေ့ မြန်မာ့အသံမှတရားတော်ကိုနာယူနေကြတဲ့တရားနာ ပရိသတ်အပေါင်း သူတော်စင် သူတော်ကောင်းတို့လဲပဲ ဤ မဟာနာမ်သုတ္တန် ဒေသနာတော်အတိုင်း လူ့ရွာ နတ်ရပ် မြတ်ထက်မြတ်တဲ့ ဘဝများ၊ အဆင့်အတန်းများကို ရောက်စေ နိုင်၊ ဧါ်ခန်အဘိညာဉ် မဂ်ဖိုလ်နိဗ္ဗာန်တရားတော်များကို ရစေ နိုင်တဲ့ သဒ္ဓါ၊သီလ၊သုတ၊စာဂ၊ပညာ တရားများကို မိမိတို့ စိတ်နှလုံးထဲမှ စိမ့်ထုံ့စွဲမြဲနေအောင် ကြိုးစားပွားများကြပါ။ အလိုရှိအပ် ကောင်းမြတ်တဲ့ အထက်ရပ် ဘုံဘဝများ၊ အဆင့် အတန်းများကို သေချာပေါက် ရောက်စေနိုင်တဲ့ သဒ္ဓါ၊သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ ဘဝပဲ့ထိန်း စနစ်များကို မိမိတို့ စိတ်နှလုံးသားမှာ စွဲမြဲခိုင်ခံ့နေအောင်တပ်ဆင်ထားကြပါလို့ တိုက်တွန်းရင်း တရားငါးပါးစိမ့်ထုံ့ပွား လွှားရထက်နတ်ရွာ တရားတော်ကို ဂါထာပါဠိအနက် ရွတ်ဆိုဟောကြားပြီး နိဂုံး ချုပ်ပါမယ်။

ယဿ စိတ္တံ ဒီဃရတ္တံ၊ သဒ္ဓါဒိ ပရိဘာဝိတံ။
အပါပကံ မတံ တဿ၊ ဟောတိ ဥဒ္ဒဂါမိကံ။

ယဿ၊အကြင်တရားသိမြင်သူတော်စင်၏။စိတ္တံ၊ညစ်ကြေး မတင် သန့်ရှင်းကြည်လင်သော စိတ်အစဉ်သည်။ ဒီဃရတ္တံ၊ နေ့ညဆက်ပွား များပြားသော ကာလပတ်လုံး။ သဒ္ဓါဒိပရိ ဘာဝိတံ၊ သဒ္ဓါသီလ ပွားသုတနှင့် စာဂပညာ ဤငါးဖြာတို့ အခါခါထုံ့မွှမ်းအပ်သည်။ (ဟောတိ) ကသိုလ်ခြံရံသူ့နဂိုဟန် ဖြင့် အလျှံ့သစ်ဝေဖြစ်ပါပေ၏။ တဿ၊ သဒ္ဓါသီလပွား သုတ

နှင့် စာဂပညာ အစဉ်ပါ၍ ညင်သာအေးလူ ထိုစိတ်ကောင်း ရှိသော သူ၏၂ မှတ်၊ ဇာတာဿ မရဏ္ဍံဟောတိ ပါဠိအရဇာတိ က စလာလျှင် မရဏမှာ ဆုံးရသည့် တစ်ဘဝတာရှိထုံးနိဂုံး အနေ စုတေ သေလွန်ရခြင်းသည်။ အပါယ်ဂုံ၊ အပါယ်ဒုဂ္ဂတိ ရောက်မည့်အရေး ကင်းလွတ် ဝေး၍ ကြည်အေး သာယာ မြင့်မြတ်သော သေလွန်ရခြင်းသည်သာ။ (ဟုတ္တာ) ဖြစ်ရ၍။ ဉဒ္ဒဂ္ဂါမိကံ၊ လူ့ရပ်နတ်ရွာ အထက်ထက်သော ဘုံဘဝသို့ သာ လားရောက်ရသည်။ ယေဿတိ၊ မြေကြီး လက်ခတ် မလွဲမှတ်ဖို့ မြင့်မြတ်မွန်စွာ ဖြစ်ပေါ်လိမ့်မည်သာတည်း။

၁။ ဟောကြားသောဆရာတော်–ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒာ စာရ (နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်)

၂။ သီတင်းသုံးရာနေရပ်- မြို့လည်ကျောင်း၊ လားရှိုးမြို့။

၃။ ဟောကြားသည့်ရက်–၁၃၄၈-ခုနှစ်၊ ဝါခေါင်လကွယ် (၃-၉-၈၆)။

၄။ ဟောကြားသည့်နေရာ–မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

# နှစ်သစ်မင်္ဂလာ ကျင့်ဖွယ်ရာ

## တရားတော်

အို-သူတော်ကောင်းအပေါင်းတို့၊ ယနေ့သည် နှစ်ဟောင်းကုန်ပျက် နှစ်သစ်ဆက်သည့် နှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခါတော်နေ့ဖြစ်ပါသည်။ ဤကဲ့သို့ အဟောင်းပျက်၍အသစ်ဆက်ခြင်းနှင့် စပ်လျဉ်း၍ ရုပ်-နာမ်တရားတို့၏ ဖြစ်-ပျက်ပုံသဘောကို ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင် ရှုမှတ် နိုင်စေခြင်းငှာ အနိစ္စာ ဝတ သင်္ခါရာ စသော ဂါထာပါဠိအနက်ဖြင့် တရားစကြရအောင် သဒ္ဓါပွားဖို့ နာကြားကြပါကုန်လော့။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ အကြောင်း အကျိုးဆက်ပြုစီမံ၍ရုပ်နာမ်အသစ် ဖြစ်ဖြစ်သမျှ သင်္ခါရသည် အနိစ္စာ ဝတ၊ စင်စစ်ကေန် အမှန်မုချ မမြဲကြလေကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊ အဖြစ်သဘော ပျက်သဘောတို့ အတောမသတ် အထပ်ထပ်အထွေထွေ လှည့်ပတ်၍ နေကြကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာပြီး၍။ နိရုဇ္ဈန္တိ၊ နောက်ဆုံးရုပ်သိမ်းပြီး ချုပ်ငြိမ်းကြရလေကုန်၏။ တေသံ (သင်္ခါရာနံ)၊ အဖြစ်အပျက်ဒဏ် အမြဲခံရသည့် ရုပ်နာမ် နှစ်ဝ သင်္ခါရတို့၏။ ဝူပသမော၊ ကင်းရာကုန်ရာ ငြိမ်းအေးစွာသည့် နိဗ္ဗာန်ဓာတ် အမြိုက်ရပ်သည်။ သုခေါ၊ ချမ်းသာလှပါပေ၏။ သုခေါ၊ ဖြစ်ပျက်မစဉ် အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသော ချမ်းသာပါပေစွတကား။

ဤဂါထာသည် မြတ်စွာဘုရားသခင်ပရိနိဗ္ဗာန်ဝင်စံတော်မူ ခါစအချိန်မှာ သိကြားမင်းရွတ်ဆိုသော သံဝေဂ ဂါထာ ဖြစ်ပါသည်၊ သင်္ခါရတရား မှန်သမျှသည် မမြဲကြပါတကား၊ ဖြစ်ခြင်းပျက်ခြင်း သဘောရှိကြပါတကား၊ ဖြစ်ပြီးပျက်ကြပါတကား၊ ထိုသင်္ခါရတရားတို့၏ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်သည်သာလျှင် ချမ်းသာပေစွတကား-ဟု ဆိုလိုရင်း ဖြစ်ပါသည်။ သက်ရှိသက်မဲ့ မှန်သမျှ ဘယ်အရာ ဝတ္ထုမှအမြဲမရှိကြပါ။ ရုပ်နာမ်ဟူသော သင်္ခါရတရားများသည် ဥပါဒ်-ဌီ-ဘင်- (ဖြစ်-တည်-ပျက်)ဟု ခဏခဏ ပြောင်းလဲလျက် ရှိကြပါသည်။ အချိန်အခါဆိုသည့်ကာလ ပညတ်တွေသည်းတစ်သမတ်တည်း မတည်ကြပါ၊ ပြောင်းလဲလျက်ရှိကြပါသည်။

ယခုကိုလျှင် နှစ်ဟောင်းအချိန်အခါတွေ ကုန်ပျောက်ပြီး နှစ်သစ် အချိန်အခါသို့ပင် ရောက်လာပါပြီ၊ သင်္ကြန် ကျခဲ့ပြီးပါပြီ၊ သင်္ကြန် ဆိုသည်မှာ သင်္ကန္တဟူသော ပါဠိကို ပါဠိပျက် မြန်မာ ဝေါဟာရအဖြစ်ပြန်ဆိုထားခြင်းဖြစ်ပါသည်။ ပြောင်းရွှေ့သည်ဟု အဓိပ္ပာယ် ရပါသည်၊ နှစ်ဟောင်း၏ နောက်ဆုံးဖြစ်သော မိန်ရာသီမှနှစ်သစ်အစ မိဿရာသီသို့ ပြောင်းရွှေ့ခြင်းကိုပင် သင်္ကြန်ကျသည်ဟု ခေါ်ခြင်းဖြစ်ပါသည်။ အကျဉ်းချုပ်အားဖြင့်-

"သင်္ကြန် ကျတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ-ဟုမေးလျှင် ပြောင်းရွှေ့ခြင်းကို ဆိုသည်ဟုပဲ ဖြေရပါမည်။ ဘာပြောင်းတာလဲ-ဟု တစ်ဖန်ထပ်၍မေးပြန်လျှင် နှစ်ဟောင်းမှနှစ်သစ်သို့ အချိန်အခါ ပြောင်းရွှေ့ပါသည်-ဟု ဖြေရမည် ဖြစ်ပါသည်။ ဤသို့နှစ်တွေ တရွေ့ရွေ့ပြောင်းရွှေ့နေသောသင်္ကြန်ကို အစွဲ

ပြုပြီး မိမိတို့ခန္ဓာကိုယ်အသီးသီးမှာလဲ ရုပ်တရား နာမ်တရား များ တရွေ့ရွေ့ ဖြစ်ပျက်ပြောင်းရွေ့နေသည့် သကြိန်ပဲလို့ သဘောပေါက်ကြရပါမည်။

အပြင်လောကမှာ သကြိန်ကျသလို အတွင်း ခန္ဓာကိုယ်မှာ လည်း ရုပ်နာမ်ဓမ္မတွေဖြစ်ပျက်ပြီး အဟောင်းပျက်၍ အသစ် ဆက်ကာ ပြောင်းရွေ့လာသည့်ခန္ဓာကိုယ်သကြိန်းတွေခဏခဏ ကျနေကြပါတကားဟု သံဝေဂယူပြီး အနိစ္စသဘောကို ရှုမှတ် ကာ ဝိပဿနာဉာဏ်ကိုဖြစ်စေကြရပါမည်။ ဤကဲ့သို့ဖြစ်စေကြ မှသာ မိမိတို့ အတွက်သာသနာတော်နှင့်ကြုံတွေ့ရကျိုးနပ်ကြမှာ ဖြစ်ပါသည်။ အနိစ္စသဘောကိုမစဉ်းစားမတွေးတောဘဲမေ့မေ့ လျော့လျော့ပေါ့ပေါ့တန်တန် နေမိကြမည်ဆိုလျှင် -ပမတ္တဿ နာမ စတ္တာရော အပါယာ သကာဂေဟာသဒိသာ - အပါယ် ဘုံသည် မေ့လျော့သူ၏ အိမ်နှင့်တူ၏ဟူသော ဒေသနာတော် အရ ဘဝပျက်ဘဝဆိုးဖြစ်သည့်အပါယ်လေးဘုံသို့ ဦးတည်၍ ခရီးလျှောက်နေရပါတကားဟု ကျောချမ်းသလောက်အောင် ကြောက်ရွံ့သင့်ကြပါသည်။

"အတိတ်ကို အခြေခံ၊ပစ္စုပ္ပန်ကို သုံးသပ်၊ အနာဂတ်ကို ရှုမျှော်-ဟူသောရှေးပညာရှိတို့ဆောင်ပုဒ်အရမိမိ၏ဆောင်ရွက် ချက်များအပေါ် ကာလသုံးပါးတို့ဖြင့် ပိုင်းခြားပြီး စဉ်းစား သင့်ကြပါသည်၊စဉ်းစား၍လည်းကြည့်ကြပါ။ ဘယ်လိုစဉ်းစား ကြည့်သင့်သလဲ ဆိုလျှင်- သင်သည် ဒီဘဝမှာပင် အတိတ်က လောကရေးအတွက်ဘာတွေများဆောင်ရွက်ခဲ့သလဲ၊လောက မှထွက်မြောက်ရေးအတွက်ရော ဘာတွေများဆောင်ရွက်လုပ် ကိုင်အားထုတ်ခဲ့သလဲ၊သင့်တင့်လျောက်ပတ် ကျေနပ်လောက်

အောင်ပြုလုပ်ဆောင်ရွက်အားထုတ်ခဲ့သလား၊ အပြစ်နှင့်တကွ ဖြစ်သည့်အကုသိုလ်အမှုတွေအဖြစ်များခဲ့သလား၊ ယခု လက်ငင်းအချိန်ကာလမှာရောဘာတွေလုပ်ကိုင်ဆောင်ရွက်နေသလဲ၊ လောကရေးဓမ္မရေးအတွက်ဆောင်ရွက်နေတာ ဟုတ်ရဲ့လား။ ကောင်းသော အကြံအစည်၊ ကောင်းသော အပြောအဆို၊ ကောင်းသောအပြုအမူများဖြင့်အချိန်ကိုအသုံးချမိရဲ့လားသင် ရည်မှန်းသည့်အနာဂတ်ပန်းတိုင်ကဘာလဲ၊ ပကာယ်ချမ်းသာ အစစ်ဖြစ်သည့် နိဗ္ဗာန်ကိုရည်မှန်းတယ်ဆိုလျှင် သာသနာတော်နှင့် တွေ့ကြုံခိုက်ဖြစ်သည့် ယခုလိုအချိန်အခါမှာ လသာတုန်းဗိုင်းငင်၊ မိုးရွာတုန်းရေခံမည်မဟုတ်ပါလား၊ မမေ့ဖို့ရန် သင်အမြဲသတိပြုပါ။ မမေ့လျော့လျှင်တော့ ဒုက္ခ တွေ့ရလိမ့်မည်-ဟုကာလသုံးပါးတို့ဖြင့် ပိုင်းခြား၍ ကိုယ့်ကိုယ်ကိုသတိပေးကြရပါမည်။

အကုသိုလ်တရားများသည် သင့်ဘဝအတွက် ဆုတ်ယုတ်မှုများဖြစ်၍ ကုသိုလ်တရားများကသာ သင့်ဘဝအတွက် တိုးတက်ကြီးပွားမှုများ ဖြစ်ပါသည်။ ထို့ကြောင့် လောကီစီးပွားရေးနှင့်သမီးရေးသားရေးတို့ဖြင့်သာ အချိန်မကုန်စေဘဲ သေရမည့်အရေးကိုလည်း ထည့်၍ တွက်ပါ၊နေရေးထက် သေရေးက ပိုခက်ပါသည်၊ ဘယ်အချိန်ကျမှ သေရမည်ဟု သေမင်းနှင့်အချိန်းအချက်မရှိပါ။ သေရမည့်အသက်အရွယ်၊ သေအောင်နှိပ်စက်မည့် ရောဂါဝေဒနာ၊ သေရမည့်အချိန်အခါ၊ မြှုပ်နှံစဂြိုဟ်မည့်သုဿန်သင်္ချိုင်း၊ လားရောက်ရမည့် ဂတိဟူသော တရားငါးမျိုးကို ဘယ်သူမှကြိုတင်၍မသိနိုင်ကြပါ။ လားရာဂတိကောင်းဖို့အတွက် ကိုယ်ကကြိုတင်ပြီး ကုသိုလ် ကောင်းမှု

တွေကိုစုဆောင်းပြုလုပ်ထားကြရပါမည်။ ဒါန-သီလ-ဘာဝနာတို့ကို သတိမလစ်စေဘဲကုသိုလ်အသစ်သစ်ပြုနိုင်ကြ၍ ရှုမှတ်မှုသဘောမှန်မှန်ဖြင့် သောတာပန်ဖြစ်အောင်ကြိုးစားအားထုတ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ထက်ထက်သန်သန် ဆောင်ရွက်သင့်ကြပေသည်။

ဆောင်ရွက်ကြပါဟုလည်း တိုက်တွန်းခဲ့ပါသည်။ သင့်အတွက် မည်သည့်ရက်၊ မည်သည့်လ၊ မည်သည့်နှစ်မှာ သေလိမ့်မည်၊ မနေမ မလျော့ ကုသိုလ်ဓမ္မဟူသမျှတို့ကိုခဏမကြာ ပြုလုပ်ဆောင်ရွက်ကြဟု တိတိကျကျ သတိပေး နှိုးဆော်နိုင်သူနှင့်တွေ့ဖို့ ခက်လွန်းခဲယဉ်းပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် သတိပေးနှိုးဆော်တော်မူခဲ့သည့်ဝတ္ထုသာဓကများထဲမှ သာဓက တစ်ခုကို ထုတ်ပြပါမည်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာသီတင်းသုံး နေတော်မူစဉ်အခါကဖြစ်ပါသည်။ ဗာရာဏသီပြည်သား မဟာဓနကုန်သည်တစ်ဦးသည် ဆေးဆိုးပန်းရိုက်အဝတ်အထည်တွေကို လှည်းအစီး ငါးရာပေါ်အပြည့်တင်ပြီးအထည်အလက်တွေရောင်းချရန် သာဝတ္ထိပြည်သို့ လာခဲ့ပါသည်။ မြစ်ဆိပ်သို့ရောက်သည့်အခါ မနက်ဖြန်မှပင် မြစ်ကိုကူးတော့မည်ဟု စဉ်းစားပြီး ထိုနေရာမှာပင် လှည်းဖြုတ်အနားယူကြပါသည်။ ညရောက်သောအခါ မိုးကြီး သည်းထန်စွာရွာသွန်းသဖြင့် ခုနစ်ရက်လုံးလုံးမြစ်ရေတွေပြည့်နေသည်နှင့်သာဝတ္ထိမြို့သူမြို့သားများ ခုနစ်ရက်သုံးလုံးပြီး နက္ခတ်သဘင်ပွဲ

ဆင်နွှဲခန့်ခြင်းဟူသော အကြောင်းတွေကြောင့် အရောင်းကိစ္စ မှန်သမျှ ရပ်ဆိုင်းနေကြရပါသည်။

အထည်အဝတ်တွေ မရောင်းရသေးသည့် မဟာဓနကုန်သည်မှာ အကြံတစ်ခုရလာပါသည်။ ငါသည်အဝေးမြို့ရွာက လာပြီး ရောင်းဝယ်မှု ပြုလုပ်နေရ၏။ လောကမှာဆယ် ငါ၏ အဝတ် အထည်တွေမရောင်းရသေးဘဲ ပြန်လိုက်သွားလိုက် လုပ်နေလျှင် အချိန်ကုန် လူပန်းဖြစ်ပေသည်။ ထို့ကြောင့် ဤ အရပ်မှာပင် တစ်နှစ်ပတ်လုံးနေပြီး အဝတ်အထည်တွေကို ရောင်းတော့မည် ဟု စဉ်းစားနေပါသည်။ မြတ်စွာဘုရားသခင်သည် မြို့တွင်းသို့ ဆွမ်းခံဝင်လာသည့်အခါ မဟာဓနကုန်သည်၏စိတ်အကြံကို သိတော်မူသဖြင့် ပြုံးတော်မူ၏၊ ဘုရားရှင် ကိုယ်တော်မြတ် ပြုံးတော်မူသည်ကို ညီတော် အာနန္ဒာက မေးလျှောက်သော အခါ-

"ချစ်သားအာနန္ဒာ၊ မဟာဓနကုန်သည်ကြီး ကိုမြင်ခဲ့ပါ သလား။ သူသည် သူ၏အသက်အန္တရာယ်ကို မသိရှာလို့ တစ်နှစ်ပတ်လုံး အထည်အဝတ်တွေ ရောင်းနေမည် ဟု စဉ်းစားနေခြင်းသာ ဖြစ်ပေသည်။ ထိုမဟာဓနကုန်သည်သည် နောက်ခုနစ်ရက် ရောက်လျှင် ကွယ်လွန်လိမ့်မည်" ဟု မြွက်တော်မူသည်။

ထိုအခါ ညီတော်အာနန္ဒာက မြတ်စွာဘုရားထံ ခွင့်ပန်၍ မဟာဓနကုန်သည်ရှိရာသို့ သွားပြီး အကြောင်းအကျိုးစုံလင်စွာ ပြောကြားလိုက်လေသည်။ အရှင်အာနန္ဒာ ပြောကြားသော စကားတို့ကိုကြားသည်နှင့် တစ်ပြိုင်နက် အလွန်ထိတ်လန့်သော သံဝေဂဖြင့် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကို

ပင့်ပြီး အလှူကြီး ပေးလှူပါသည်၊ ခုနစ်ရက်ပြည့်သော အခါ မြတ်စွာဘုရားသခင်က-

“ကုန်သည် ဒါယကာ၊ ပညာရှိသော သူများသည် ဤနေရာ ဤဖွားနမှာပင် တစ်နှစ်ပတ်လုံးနေပြီး ဤလို စီးပွားရေးကိစ္စ တွေကို ဆောင်ရွက်လုပ်ကိုင်ခနမည် အကြံမပြုသင့်ပေ။ မိမိ၏ အသက် အန္တရာယ် ကိုလည်း စဉ်းစား သင့်သေးသည်” ဟု မိန့်တော်မူပြီး-

ဣဓ ဝဿံ ဝသိဿာမိ၊ ဣဓ ဟေမန္တဂိမှိသု။

ဣတိ ဗာလော ဝိစိန္တေတိ၊ အန္တရာယံ န ဗုဇ္ဈတိ။

ဟူသော ဂါထာကို ဟောတော်မူပါသည်။

ဣဓ၊ သာဝတ္ထိမည် ဤသည့်ပြည်၌။ ဝဿံ၊ နွေညဉ့်မစဲ သဲသဲခြိမ့်ညံ့ နဘ ထစ်ချုန်း မိုးလေးလပတ်လုံး။ ဝသိဿာမိ၊ အကြောင်းမသင့် ရောင်းခွင့်မသာဖြစ်သည့်တာကြောင့် စောင့် ဆာမသွေ နေရပေတော့အံ့။ အထ၊ ထိုသို့မသွေ စောင့်ကာ နေလျက် အခြေတကျ မရောင်းရသေးသည် ရှိသော်။ ဣဓ၊ သာဝတ္ထိဟု ခေါ်မှည့်ပြည်တ် ဤ အရပ်၌။ ဟေမန္တဂိမှိသု၊ ဆောင်းလေးလကုန်မြောက်၍ နွေလေးလ ရောက်ပါစေတော့။ ဝသိဿာမိ၊ မရောင်းရလျှင် ငါပြန် အမှန်ပင် ပျော်ပိုက်၍ နှစ်နှစ်ခြိုက်ခြိုက်ကြီး နေပေတော့အံ့။ ဣတိ၊ ဤသို့။ ဗာလော၊ ဖြစ်ရေးပျက်ရေးကို မတွေးမကြည့် မသိစရိုက် လူအမိုက်သည်။ အန္တရာယံ၊ ဇာတိပိုက်နက် ကျူးလွန်ချက်ကြောင့် မမျက်တွေ့ရ မရဏစာရင်း သေရခြင်းကို။ န ဗုဇ္ဈတိ၊ အစဉ် သာသနာ အမှန်အလျှင် မချည်းသူမို့ ပညာဉာဏ် အမြင့်ကင်းသဖြင့် ထင် အ ၁င်းမသိ နိုင်ပေစွတကာ ၁း။

ဤ ဒေသနာတော် အဆုံးမှာ မဟာခေ ကုန်သည်သည် သောတာ ပန် တည်သွားပါသည်။ မဟာခံေ ကုန်သည်သည် မြတ်စွာဘုရားကို အနည်းငယ်လိုက်ပို့ပြီး ပြန်လာသည့်အခါ ခေါင်းကိုက်သလို ဖြစ်ပြီး အိပ်ရာထဲ လှဲအိပ်ရင်း ကွယ်လွန်၍ တုသိတာ နတ်ဗိမာန်၌ ဖြစ်ရလေသည်။

ဤဝတ္ထုသာဓကကို ထောက်ပြီး စီးပွားရေး ကြီးပွားရေး လူမှုရေးစသည်တို့ဖြင့်သာ အချိန်မကုန်ကြစေဘဲ အပါယ်တံခါး ပိတ်ရေးကိုပါ မျှော်တွေး၍ လေးလေး နက်နက် စဉ်းစား ဆင်ခြင်ကြပြီး ဒါန သီလ ဘာဝနာ ကုသိုလ် တရားတို့ကို ကြိုးစားအားထုတ် ပြုလုပ်သင့်ကြပေသည်။ ဤကဲ့သို့ ကုသိုလ် တရား ပွားများ အားထုတ်သင့်သည့် အားလျော်စွာ သကြ်န် အခါကြီး ရက်ကြီးများမှာ မင်္ဂလာရှိရှိ ဆောင်ရွက်ခဲ့ကြပြီး နောက် ယနေ့သည် နှစ်ဆန်း တစ်ရက်နေ့ဖြစ်၍ ဤ နှစ်ဆန်း တစ်ရက်ကစပြီး နှစ်သစ် အချိန်အခါမှာ မင်္ဂလာကျက်သရေ တိုးတက်စေခြင်းငှာ ဘုန်းကြီးနှင့်တကွ သံဃာတော် ငါးပါး တို့က မင်္ဂလသုတ် ဒေသနာတော်ကို ရွတ်ဆိုတော်မူကြပါမည်။ ရိုသေစွာ နာယူကြပါကုန်လော့။

(မင်္ဂလသုတ် ရွတ်ဆိုတော်မူကြရန်)။

ဤနှစ်သစ် မင်္ဂလာ အခါတော်နေ့မှစ၍ ကုသိုလ်တရား ပွားများကာ ကောင်းကျိုး ချမ်းသာတို့ကို ရရှိကြကုန်လျက် မြတ်စွာဘုရား၏ သာသနာတော်မြ ဘ်ကိုမှီ၍ ဂုဏ်ရည်တိုးတက်

အဆက်ဆက် ဖယ်ရှားကာ ပြီး ပြည်ထောင်စုဖွား တိုင်းရင်းသား ဆွေမျိုးများနှင့်အတူ ရောဂါကင်းရှင်း၍ ချမ်းသာခြင်းရရှိကြ ပါစေဟု အာသီသာပြုကာ ဤဂါထာဖြင့် နိဂုံးချုပ်ကြပါစို့။

ပဒက္ခိဏာနိ ကတွာန၊ လာဘမေတ္တေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ပဒက္ခိဏာနိ၊ ပစ္စုပ္ပန်, တမလွန် နှစ်တန်းအကျိုး တိုးတက် ကြောင်းမှန် ကောင်းမှုကိုကို။ ကတွာန၊ စိတ်ပါလက်ရပြုလုပ် ကြ၍။ ပဒက္ခိဏေ အဆိုးမဖက် တန်ခိုးထက်၍ တိုးတက်ကောင်း မြတ်ကုန်သော။ အတ္ထေ၊ အဆင့်ဆင့်စည်ကား အကျိုးစီးပွား တို့ကို။ လဒ္ဓါ၊ ဘဝအိုးသီ မမှပြည့်၍ ရရှိကြလေကုန်၏။ တေ၊ ထိုမေ့၊ ကုသိုလ်စုဆောင်း သင့်သူတော်ကောင်း တို့သည် အတ္ထလဒ္ဓါ၊ ပေးအပ်သော ကောင်းကျိုးရှိကြကုန်သည်။ သုခိတာ၊ ချမ်းသာခြင်းသို့ ရောက်ကြကုန်သည်။ ဗုဒ္ဓသာသနေ၊ သုံးလူ ထွတ်ထား မြတ်ဘုရား၏ ထင်ရှားပြဲဖော် သာသနာ တော်၌။ ဝိရူဠှာ၊ တိုးတက် စည်ကား ကြီးပွားကြကုန်သည်။ ဟုတ္ဘာ၊ ဖြစ်ကြကုန်၍။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ဆွေမျိုးများတို့နှင့်။ သဟ၊ အတူတကွ။ အရောဂါ၊ ကျန်းမာသန့်ရှင်း ရောဂါကင်းကြ ကုန်သည်။ သုခိတာ၊ ငြိမ်းချမ်းအေးမြ ဘေးမခဘဲ တွေ့ဆ ဝမ်းမြောက်ချမ်းသာခြင်းသို့ ရောက်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောထ၊ ဓိုတ်အစဉ်ကောင်းအဆင့်

ဆင့်လောင်း၍ ကောင်းသော သကြန် ကောင်းသော ကံဖြင့် တင့်လျှံဝေဝေ ဖြစ်ကြပါစေကုန်သတည်း။ ။

**၁။ ဟောကြားသောဆရာတော်**....ဆရာတော် ဘဒ္ဒန္တ လာဘ
သာမိ(နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၊
တွဲဖက် အကျိုးတော်ဆောင်)။

**၂။ သီတင်းသုံးရာနေရပ်**-ရတနာဗိမာန်ကျောင်း၊ ဟသ်ာတမြို့။

**၃။ ဟောကြားသည့်ရက်**–၁၃၄၉-ခုနှစ်၊ တန်ခူးလပြည့်ကျော်
၄-ရက်(နှစ်ဆန်းတစ်ရက်)၊ (၁၇-၄-၈၇)

**၄။ ဟောကြားသည့်နေရာ**....မြန်မာ့အသံမှ အသံလွှင့် ဟော
ကြားသည်။

....o....

# ဓမ္မစကြာ ဒေသနာအကြောင်း

## တရားတော်

မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

မဟာကာရုဏိကော၊ ဘဝမစဲ ဒုက္ခထဲ၌ လဲကြ နစ်ကြ ဝေနေယျကို ကယ်မလိုဘိ အားကြီးသော မဟာကရုဏာရှိတော်မူသော။ နာထော၊ လူသုံးပါးတို့၏ ကိုးစားရာအစစ် အဖြစ်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ သဗ္ဗပါဏိနံ၊ ခန္ဓာဝန်ထမ်း ရေညွန့်လမ်း၌ ပင်ပန်းကြကုန် အလုံးစုံသော သတ္တဝါတို့၏။ ဟိတာယ၊ ဒုက္ခဝဋ်ကြွေး ကျွတ်လွတ်အေး၍ ရန်ဘေး လွင့်ပါး အကျိုးများစေခြင်းငှါ။ သဗ္ဗပါရမီ၊ ဒါန, သီလ, နိက္ခမက စ၍တွက်ရေ အလုံးစုံသော ပါရမီတော်တွေကို။ ပူရေတွာ၊ အယုတ်အလတ်အမြတ်မရွေး ရှာကြံတွေးလျက် မြတ်လေး ကြည်ဖြူဖြည့်ကျင့်တော်မူ၍။ ဥတ္တမံ၊ လူသုံးဦးတို့၏အမှူးဥက္ကဋ္ဌ လွန်ထူးမြတ်သော။ သမ္ဗောဓိံ၊ သဗ္ဗညုအစစ် ဘုရားအဖြစ်သို့။ ပတ္တော၊ ဝဋ်ခန်းကျော်မြောက် တစ်ဖက်ကမ်းပေါက်အောင်လှမ်း ရောက်တော်မူလေပြီ။ ဧတေနသစ္စဝဇ္ဇေန မှန်ကန်သော အားဖြင့်ပြောဆိုရသော ဤသစ္စာစကားကြောင့်။ တေ တုမှာကံ၊ စိတ်ထားဖြူစင် သူတော်စင်ဖြစ်ကြကုန်၍ ဗုဒ္ဓမြတ်စွာဟောမိန့်ရှာသော ဓမ္မစကြာ ဒေသနာကို နာကြလိုငြောင်း ရှင်လူအပေါင်း

ဘို့အား။ သဗ္ဗဒါ၊နေ့ရောညဉ့်ပါ အခါမလင့်။သောတ္တ ၀ိ၊ကိုယ်
ရာစိတ်ပါ ဘယာမခ အေးကြည်မြသည်။ ဟောတု၊ အမှန်
သွေ့ ဖြစ်ကြပါစေသတည်း။

အဲ....ဒီကနေ့မှာ နေ့ဥတုကုန်ဆုံးရက်ဖြစ်သည့် ၀ါဆိုလပြည့်
နေ့သည်ကား ဗုဒ္ဓဘာသာ သူတော်စင်တို့အတွက် မေ့မရ
ကောင်းသော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။ဗုဒ္ဓဘာသာ၀င်
ဘို့၏ ဗုဒ္ဓ၀ါဒတော်ကို စတင်စိုက်ထူသော နေ့မြတ်နေ့ထူးကြီး
ဖြစ်သည်ဟုဆိုလျှင် မမှားပေ။ထို့ကြောင့် ယခုရွတ်ဆိုဟော့ပြ
အပ်တဲ့ဂါထာဖြင့် မဟာကရုဏာတော်ပိုင်ရှင် ဘုရားရှင်အား
မျှတ်နိုးကော်ရော် ပူဇော်လိုက်ရပါသည်။ ထို့ပြင် မဟာကရု
ဏာတော် ရှိတော်မူပုံအကြောင်းကို ဆက်လက်၍ ရှင်းပြလိုပါ
သေးတယ်။ မဟာကရုဏာတော်သခင် ဘုရားရှင်မှာ တစ်ပါး
သူတို့နှင့်မတူ သူတစ်ပါးတို့ထက် အဆအရာ, အဆအထောင်,
အဆအသိန်း သန်းမက လွန်ကဲလှသော မဟာကရုဏာတော်
ဖြင့် ကြင်နာသနားတော်မူလှသော လူသုံးပါးတို့၏ ကိုးစားရာ
အားထားရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆီးမရတား
မရ တစ်ဟုန်ထည်း ယိုစီးကျတဲ့မြစ်မဂင်္ဂါ မဟာသမုဒ္ဒရာကြီးတို့
ပမာ အဝိဇ္ဇာတဏှာ မပြတ်သဖြင့် ဇာတိစသော ဘေးဒုက္ခတို့နှင့်
တွေ့ဆုံနေရသော သတ္တ၀ါတို့အပေါ်မှာသနားကြင်နာတော်
မူလှသည့်အတွက်ကြောင့် ဒီပင်္ကရာဗုဒ္ဓခြေတော်ရင်း၌ ဗျာဒိတ်
ခံတော်မူကတည်းကပင်....

ပထဝိယံ နိပန္နဿ၊ ဧ၀ံ မေ အာသိ စေတသော။
ဣစ္ဆမာနော အဟံ အဇ္ဇ၊ ကိလေသေ ဈာပယေ မမ။

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။
ဟု ကြုံးဝါးတော်မူခဲ့ပါတယ်။

ပထဝိယံ၊ ဒီပင်္ကရာ ထွက်ချာမြတ်ဖျား လျှောက်သွားဖို့ရာ ငါ့တာမပြီး နှံ့အိုင်ကြီး၌။ နိပန္နသာ အသက်ပင် သေသော လျှောက်စေလိုစိတ် မှောက်ကာဒိပ်စဉ်။ မေ၊ သုမေဓာဟုနာမ် တွင်ဘိ ငါရသော့၏။ စေတသော၊ ကရုဏာဖိတ်လျှံ စိတ်အကြံ သည်။ ဧဝံ၊ ဤသို့။ ဘာသိ၊ ဖြစ်ခဲ့ဘူးလေပြီ။ အဟံ၊ ငါသည်။ ဣစ္ဆမာနော၊ တစ်ပါးမထောက် ကိုယ်တစ်ယောက်ကို လွတ်မြောက်စိမ့်ငှာ အကယ်၍မူ-း အလိုရှိခဲ့ငြားအံ့။ အဇ္ဇ၊ ဒီပင်္ကရာ စောမြတ်ရှင်၏ ရွှေဗျာတံဆိပ် ခပ်နှိပ်နှံ့ခပ် ယနေ့၌ပင်လျှင်။ မမ၊ ငါ၏။ ကိလေသေ၊ လျှံဝေဆူအိုက် မာန်မူမိုက်တို့ကို။ ဈာပယေ ဈာပယေယံ၊ လက်ပြောင်ညီးညီး မဂ်လောင်မီးဖြင့် အပြီးဆုပ် ကိုင်ဖုတ်မြိုက်နိုင်၏။ ထာမဒဿိနာ၊ သုံးတွေ့ဘုံသား ဗိုလ်ခြေ များတို့၏ ကိုးစားခိုမှီးစွမ်းအားကိုမြင်ရပြီးသော။ ပုရိသေန၊ စွယ် သွားပြောင်ပေါက် ထောက်ထားလောက်အောင် ယောကျ်ား ကောင်းတစ်ယောက် ဖြင့်ပါလျက်။ ဧကေနတိဏ္ဏေန၊ ဒုက္ခိတ သား ဝေနေယျများကို ပစ်ထားမ-မ တစ်ကိုယ်ဘည်း ကူးသွား ရသဖြင့် ကိံ၊ အဘယ်အကျိုးရှိချေတော့အံ့နည်း။

အဲဒီလို ဝေနေယျဒုက္ခိတတို့အပေါ် ကယ်တင်လိုစိတ်လျှံဖိတ် ကျော်တက်နေပုံကို ကြည်ညိုရပါတယ်။ ဤကဲ့သို့မဟာကရုဏာ တော်သခင် ဘုရားရှင်အဖြစ်သို့ ရောက်မှီအောင်ဆိုတာ မလွယ် တဲ့အတွက် ဘုရားဖြစ်ရန် သုမေဓာအစ ဝေဿန္တရာအထိ တိုင်

အောင် မြှားမြှောင်ယှဉ်သော ဘဝတိုင်း၌-ဒါနံ၀ အာဒိံ ကတွာ ဆိုသည့်အတိုင်း ဒါနစသည့် ပါရမီတော်တို့ကို မဆုတ်မနစ် ဖြည့်ကျင့်တော် မူသည့်အတွက် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ဝယ် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါတယ်။ ထိုကဲ့သို့ ဘုရားအဖြစ်သို့ ရောက်ရှိပြီးချိန်မှ စ၍ နှစ်လတိုင်တိုင် ဗောဓိပင်ဝန်းကျင်၌သာ သီတင်းသုံးနေတော်မူသည်။

နှစ်လမြောက်ဖြစ်သော ဝါဆိုလပြည့် စနေနေ့၌ကား မိမိ ဘုရားဖြစ်ရန် ဒုက္ကရစရိယာကျင့်စဉ်ကာလက ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဆောင်ရွက် လုပ်ကျွေးကြသော ကောဏ္ဍည-ဝပ္ပ-ဘဒ္ဒိယ-မဟာနာမ်-အဿဇိ အမည်ရှိသော ရဟန်းငါးပါးတို့ကို တရားဟောရန်အတွက် မိဂဒါဝုန်တောသို့ ကြွမြန်းတော်မူလေသည်။ ဉရုဝေလတော နေရဥ္စရာ မြစ်ကမ်းအနီး မဟာဗောဓိပင်မှ ပန်းမျိုးပေါင်း စုံလင်လှတဲ့ မိဂဒါဝုန်တောဟာ တစ်ဆယ့်ရှစ်ယူဇနာ ဝေးကွာလှပါတယ်။ ဘုရားရှင်သည်ယင်း တစ်ဆယ့်ရှစ်ယူဇနာ ခရီးကို တစ်နေ့တည်းဖြင့် ခြေလျင်ကြွတော်မူတာဟာ ဆဒ္ဒန်ဆယ်စီးအားကို ဆောင်နိုင်သောကြောင့်သာ ထိုခရီးကိုနေ့ချင်းပေါက်ကြွရောက်နိုင်ပါသည်။ ရှေးနောင်တော် ဘုရားရှင်တို့သည် တရားဦးဟောတော်မူရန် ကောင်းကင်ခရီးဖြင့် ကြွတော်မူမြဲဖြစ်ပါသော်လည်း ငါတို့ ဘုရားရှင်မှာမူ ဉပကအာဇီဝကကြီး၏ မဂ်ဖိုလ်ရခြင်းအကြောင်းကို မြင်တော်မူသဖြင့် ဉပကကြီးနှင့် တွေ့တော်မူရန်အတွက် ခြေလျင်ကြွတော်မူခြင်းဖြစ်သည်။ မဟာဗောဓိမှ သုံးဂါဝုတ်အကွာမှာ ဂယာတောသို့ မရောက်မီ အကြား၌ ဉပကနှင့် တွေ့တော်မူသည်။

ဥပကသည် ဘုရားရှင်နှင့် တွေ့သောအခါ "အို ရဟန်းကြီး၊ သင်၏ မျက်စိစသော ဣန္ဒြေတို့သည် ကြည်လင်လှပါပေသည်။ အရေ အဆင်းကလည်း သန့်ရှင်း စင်ကြယ်လှပါပေသည်။ သင်သည် မည်သူ့ကို ရည်မှန်းကာ ရဟန်းပြုခဲ့ပါသနည်း၊ သင့်ဆရာကား အဘယ်သူပါနည်း" ဟု သိလိုသမျှ မေးမြန်းစုံစမ်းလေသည်။

ဘုရားရှင်က ဤသို့ ပြန်လည်မိန့်ကြားတော် မူခဲ့သည်။

"အို-ဥပက၊ ငါသည် လောကသုံးပါးဘွင် မည်သူမျှ မဆုံးဖြတ်နိုင်သော တရားအလုံးစုံကိုပိုင်ပိုင်နိုင်နိုင်သိပြီးပြီ၊ ခပ်သိမ်းသော တရားတို့၌ ကိလေသာတည်းဟူသော လိမ်းကျံမှု မရှိတော့၊ အလုံးစုံသော ဘုံသုံးပါးရှိ တရားတို့ကို စွန့်ပယ်ပြီးဖြစ်ပြီး တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ အာရုံပြုသော အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြင့် ကိလေသာမှ လွတ်မြောက်ပြီး ငါကိုယ်တိုင် အလုံးစုံသော တရားတော်တို့ကို သိပြီးဖြစ်၍ မည်သူ့ကိုမျှ ဆရာဟု ညွှန်ပြရန် မလိုတော့ပါ၊ ငါ့မှာဆရာမရှိ၊ လောကသုံးခွင် ဘုံအပြင်၌ ငါနှင့်တူသူလည်းမရှိ၊ ငါနှင့်တုဖက် ပြိုင်ဖက် ပုဂ္ဂိုလ်လည်း မရှိတော့ပါ၊ ငါသည် အတုမရှိသော ဆရာ၊ ငါသည် တစ်ဦးတည်းသော ဥဒေ ယျခံတရားတို့ကို ကိုယ်တိုင် ထိုးထွင်း၍ သိပြီးသူဖြစ်သည်။ ငါသည် ကိလေသာဟူသမျှ ငြိမ်းအေးသူဖြစ်ပြီး၊ အမိုက်အတိဖြစ်သော လောကကြီး၌ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူရန် ကာသိတိုင်း ဗာရာဏသီပြည်သို့ သွားပါအံ့၊ အမြိုက်နိဗ္ဗာန်ကို ပေးသော တရားစည်တော်ကြီးကို တီးခတ် ပေတော့အံ့" ဟု ပြောဆို

မိန့်ကြားပြီးလျှင် လမ်းခွဲကာ မိဂဒါဝုန်တောသို့ ကြွမြန်းတော်မူပါသည်။

မမ္မစကြာတရားဟောရန် အချိန်မှာကား ကရကဋ်ရာသီ ဝါဆိုလပုဏ္ဏမီ၏ လမင်းထွက်စ အခါသမယဝယ်' ရှေ့ချာန်ပျံ အရှင် သူတော်စင်တို့ ဝေဟင်မှာ အဇ္ဇောမှ ဆင်းရာသက်လတ် သကတ်လွှမ်းခြုံ ဣသိပတန အမည်ရသော သားငယ်များစွာ သတ္တဝါကို ချစ်ခင်ရင့်ကြွေး ဘေးမဲ့ပေးရာဖြစ်သော တောကြီးရဂုံမိဂဒါဝုန်ဟု ပန်းမျိုးအဖုံဖုံ သားမျိုးစုံယှက်သန်း တောမြိုင်ရပ်စခမ်းမှ အင်္ဂါရှစ်ဖော် အသံတော်ဖြင့် တောမြိုင်ရပ်ကြီး ခိုလှုံမှီးသည့် ပဥ္စဝဂ္ဂီငါးဦးတို့အား-ဒွေ မေ ဘိက္ခဝေ-အစဖြာ သော မမ္မစကြာဒေသနာကို (၀၁) တရားစကြာ ရတနာကို စတင်ကာ လည်စေတော်မူပါသည်။ (၀၁) နဘံ တိမ်စွယ် ကောင်းတင်လယ်၌ ဒွံ့ဖွယ်ထွေသွန် ရေတံခွန်သို့ ဟောဖော် ညွှန်ပြ ဆုံးမတော်မူပါသည်။

တရားတော်၏ အဓိပ္ပာယ်မှာ သံသရာဝဋ်အတွင်းက ဇွတ် အတင်း လွတ်မြောက်လိုသောသူသည် အစွန်းနှစ်ပါးလမ်းမှား နှစ်သွယ်ကို အထူးပင် ရှောင်ရှားပစ်ပယ်ထားရမည်။

လမ်းမှားနှစ်သွယ်ဆိုသည်မှာ-

(၁) ကာမဂုဏ် ချမ်းသာကို တပ်စွဲပြီး တဖန် တလဲလဲ အားထုတ်မှုသည် ပထမလမ်းမှား အစွန်းတစ်ပါး ဖြစ်သည်။ ဤလကျာလမ်းစဉ်မှာ ယုတ်ညံ့သော ရွာသူရွာသားတို့၏ အလေ့အကျင့်ဖြစ်၍ အရိယာ အရှင်မြတ်တို့၏ လမ်းစဉ်မဟုတ်ပေ။လောကုတ္တရာ

အကျိုးစီးပွားနှင့် စပ်သော အကျင့်တရားလည်း မဟုတ်ပေ။

(၂) စားစတ်နေမှု တမင် ခေါင်းပါးအောင် ပြုလျက် ကိုယ်စိတ်ပင်ပန်းအောင် အဖန်တလဲလဲ အားထုတ်မှုသည် ဒုတိယလမ်းမှား အစွန်းတစ်ပါး ဖြစ်ပေသည်။ ဤလက်ဝဲ လမ်းစဉ်ကား ဆင်းရဲရုံမျှသာ ဖြစ်သည်။ သာသနာတော်ပ တိတ္ထိတို့၏ အလေ့အကျင့်သာဖြစ်၍ အရိယာ သူမြတ်တို့၏ ကျင့်စဉ် မဟုတ်ပေ။ လောကုတ္တရာ အကျိုးစီးပွားနှင့် စပ်သော အကျင့်တရား မဟုတ်ပါပေ။ ထို့ကြောင့် ဤအစွန်းနှစ်ပါး အယုတ်တရားကို မမှီဝဲရာ။လက်ဝဲလကျာ အစွန်းနှစ်ပါးကို ပယ်စွန့်ကြရာ၏။

ပဋိမပဋိပဒါခေါ်တွင် အလယ်လမ်း ကျင့်စဉ်သည်(ဝါ) မဂ္ဂင်ရှစ်ပါး မြတ်တရားသည် သစ္စာလေးပါး မြတ်တရားကို သိနိုင်မြင်နိုင်ပါသည်၊ပညာမျက်စိကိုလည်းကောင်း၊အဘိညာဏ်ထင်ရှားဖြစ်စေခြင်းကိုလည်းကောင်း၊ကိလေသာကို ငြိမ်းစေခြင်းကိုလည်းကောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ကိုလည်းကောင်း ဖြစ်စေနိုင်ပါသည်။

ဘဝဖြစ်ခြင်းသည် ဆင်းရဲ၏၊ အိုခြင်း, နာခြင်း, သေခြင်းသည် ဆင်းရဲ၏။မချစ်မနှစ်သက်သည့် အာရုံဝတ္ထု ပုဂ္ဂိုလ်စုနှင့် ကြုံတွေ့ရခြင်း၊ချစ်ခင်နှစ်သက်သည့် အာရုံဝတ္ထု ပုဂ္ဂိုလ်စုနှင့် ကွေကွင်းနေရခြင်းသည် လည်းကောင်း၊ လိုတာမရခြင်း၊မရနိုင်တာကို လိုချင်ခြင်းသည် လည်းကောင်း၊ ဆင်းရဲအစစ်ဖြစ်ပေ၏။ အချုပ်အားဖြင့် ငါဟု စွဲလမ်းခံနေရသည့် ခန္ဓာ

ငါးပါးသည် ဆင်းရဲ၏ဟူ၍ အရိယာတို့ အမြင်မှန်သည် ဒုက္ခသစ္စာ မည်၏။

တဏှာသည် တပ်မက်ခြင်းသဘောရှိ၏။ ကာမစည်းစိမ်ကိုလည်းကောင်း၊ ဘဝကို လည်းကောင်း၊ တပ်မက်တတ်၏။ ဘဝဖြစ်ခြင်းကိုလည်း တပ်မက်တတ်၏။ ဤသို့ သဘောရှိသော တဏှာသည် ဆင်းရဲဖို့ရန် အကြောင်းမှန်ဖြစ်၏-ဟု အရိယာတို့ သိမြင်အပ်သော သဘောတရားသည် သမုဒယသစ္စာမည်၏။

ထိုတဏှာသုံးပါး၏ အကြွင်းမဲ့ချုပ်ခြင်း၊ ယင်း တဏှာကို စွန့်ခြင်း၊ လွတ်လွတ်စွန့်ခြင်း၊ တဏှာမှ လွတ်မြောက်ခြင်းသည်သာ နိဗ္ဗာန်ကို မျက်မှောက် အမှန်ပြုခြင်း ဖြစ်၏-ဟု အရိယာတို့ သိအပ်သော သဘောတရားသည် နိရောဓသစ္စာမည်၏။

အင်္ဂါရှစ်ပါးရှိသောအရိယာမဂ်တည်းဟူသောမဇ္ဈိမပဋိပဒါ အကျင့်မြတ်သည် သာ့လျှင် ဆင်းရဲ ချုပ်ကြောင်း အကျင့်ကောင်း အမှန်ဖြစ်၏-ဟု အရိယာတို့ သိအပ်သော သဘောတရားသည် မဂ္ဂသစ္စာမည်၏။

ဤကဲ့သို့သော တရားဦးဓမ္မစကြာ ဒေသနာတော်ကို ဘုရားရှင်နှုတ် ကြာကမုဒ်မှ ဖွင့်ထုတ်မြွက်ဖော်ဟောကြားတော်မူသည်ရှိသော်။ အကနိဋ္ဌ ဗြဟ္မာ့ပြည်အထိ နေထိုင်လျက် ရှိကြကုန်သော နတ်ဗြဟ္မာတို့သည် တစ်ပြိုင်နက် ကြွေးကြော် ကြလေဟုန်၏။ စကြဝဠာ လောကဓာတ် သည်လည်း ယောဉ်ကျူးသကဲ့သို့ အထူးပင် လှုပ်လေ၏။နတ်ဗြဟ္မာတို့၏ အရောင်အလင်းကို လွှမ်းသော ဘုရားရှင်၏ တရားဉာဏ် အလင်းရောင်သည် ဖြစ်ပေါ်ပေတော့၏။

ဓမ္မစကြာနိဂုံးဆုံးသောအခါ အရှင်ကောဏ္ဍညနှင့်တစ်ဆယ့်ရှစ်ကုဋေကုန်သော တရားနာ နတ်ဗြဟ္မာ အပေါင်းတို့သည် သစ္စာလေးပါး ပိုင်းခြားသိမြင်ကြ၍ မဂ်ဖိုလ်တွင် တည်ကြလေကုန်၏။ ထိုကဲ့သို့ တန်ခိုးရှိန်စော် အာနုဘော်ကြီးမြတ်လှသော ဓမ္မစကြာဒေသနာတော်ကို ထူးမြတ်သောယခုလို ဝါဆိုလပြည့်အချိန်အခါဝယ် တည်ငြိမ်သောစိတ်ထားဖြင့် နာယူမှတ်သားနိုင်ကြပါစေ၊ ဆက်လက်၍ အကျဉ်းချုပ်အားဖြင့် သတိပေးလိုသည်မှာ နာ့ရှုံဖြင့် မရပ်နားဘဲ လက်တွေ့ အကျင့်တရားအနေဖြင့်-

(၁) အာရုံငါးပါး ခံစားမှု ကာမသုခလ္လိကာနုယောဂ၊

(၂) ရေငုံပ်မီးလှုံခြင်းစသော အတ္တကိလမထာနုယောဂ-နှစ်ပါးကိုပယ်နိုင်အောင် ကြိုးစားပြီးလျှင် ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ မည်ပါသည်။ ခန္ဓာငါးပါးကို နှစ်သက် တွယ်တာနေတာ သမုဒယသစ္စာ မည်ပါသည်။ ခန္ဓာငါးပါးနှင့် လောဘတို့၏ မဖြစ်ပေါ်တာသည် နိရောဓသစ္စာ မည်ပါသည်။ နိဗ္ဗာန်ရောက်ရန် မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်ပါသည်။

ဤကဲ့သို့ စွဲစွဲမြဲမြဲသတိထားပြီးလျှင် ဒါန, သီလ, ဘာဝနာမှု မြင်အောင်ရှုမှသာ သမုဒယသစ္စာ လောဘ ပယ်ခွာနိုင်ပါသည်- မဂ္ဂသစ္စာ ပွားများမှသာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာဖြစ်နိုင်ပါသည်။ အချုပ်အားဖြင့် ပြောရလျှင်- နိရောဓသစ္စာပေါ်လိုလျှင် မဂ္ဂသစ္စာပွားများပါ၊ မဂ္ဂသစ္စာ ပွားများမှသာလျှင် လောဘတဏှာကို ပယ်နိုင်ပါသည်။သမုဒယသစ္စာပယ်ခွာ

လိုလျှင် ဒုက္ခသစ္စာဖြစ်တဲ့ ခန္ဓာငါးပါးကို မြင်အောင် ပေါ်အောင် အားထုတ်ရပါမည်။

ဤကဲ့သို့ အကျိုးတရားတွေ ရေတွက်၍ မကုန်နိုင်အောင် ဖြစ်ပေါ်စေနိုင်သော ဗုဒ္ဓမြတ်စွာ၏ တရားဦး ဒေသနာဖြစ်တဲ့ ဓမ္မစကြာ ဒေသနာတော်မြတ်ကို ယခုလို ဝါဆိုလပြည့် အခါ တော်ဝယ် ဘုန်းကြီးနှင့်တကွ အရှင်မြတ်ငါးပါးတို့က ကြည်ညို ဆပွား၍ ဓမ္မစကြာပါဠိတော်များကို ဟောကြား ရွတ်ဆိုကြ သောအခါ တည်ငြိမ်သောစိတ်ထားဖြင့်နာကြားနိုင်ကြပါစေ။

နိဂုံးချုပ်အနေအားဖြင့် တိုက်တွန်းလိုသည်မှာ-

ယေစ ခေါ သမ္မဒက္ခတော၊ ဓမ္မေ ဓမ္မာ နုဝတ္တိနော။
တေ ဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ။

ယေ စ ခေါ၊ နှလုံးပျော့ပျောင်း အကြင်သူတော်ကောင်း တို့သည်။ သမ္မဒက္ခတော၊ လွန်စွာထူးမြတ် ကောင်းစွ ဟောကြား တော်မူအပ်သော။ ဓမ္မေ၊ လောကဓာတ်ကြီးပဲ့ တင်ဟီးအောင် ဟောကြားတော် မူအပ်သော ဓမ္မစကြာ တရားတော် မြတ်၌။ ဓမ္မာနုဝတ္တိနော၊ တရားသိမ်းပိုက် မတိမ်းငိုက်ဘဲ စိုက်စိုက် လိုက် နာ ကျင့်နိုင်ကြကုန်သည်။ ဟောဘန္တု၊ မုချမသွေ ဖြစ်ကြပါစေ ကုန်သတည်း။ တေဇနာ၊ နှလုံး ပျော့ပျောင်း ထို သူတော် ကောင်းတို့သည်။ သုဒုတ္တရံ၊ အလွန်အကဲကူးမြောက်နိုင်ခဲသော။ မစ္စုဓေယျံ၊ သေမင်းနိုင်ငံ ဘုံသုံးတန်ကို။ တရန္တာ၊ ကူးသွား ကျော်လွှားကုန်လျက်။ ပါရံ၊ ထိုမှာဘက် ကမ်းစွန်း နိဗ္ဗာန်

ကျွန်းသို့။ ဃောန္တိ၊ ရောက်ကြရလေကုန်လတံ့ (ဝါ) မလွဲမသွေ ရောက်ကြရကုန်မည်သာတည်း။

၁။ ဟောကြားသောဆရာတော်-ဆရာတော် ဘဒ္ဒန္တဉာဏဝံသ (နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်)။

၂။ သိမ်တင်းသုံးရာနေရပ် - ပြည် ဇောတိ ကာ ရုံ ကျောင်း၊ တိုက်ကြီး မြို့။

၃။ ဟောကြားသည့်ရက် - ၁၃၄၈ - ခုနှစ်၊ ဝါဆိုလပြည့် (၂၁-၇-၈၆)။

၄။ ဟောကြားသည့်နေရာ....မြန်မာ့အသံမှ အသံလွှင့် ဟော ကြားသည်။

# ကြိုက်ရာရွေးချယ် လမ်းနှစ်သွယ်

## တရားတော်

○

အို-ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား-ဗုဒ္ဓဘာသာဝင် သူတော်စင်အများတို့-ယနေ့ ဒကာ ဒကာမလို့၏ သောတ ပသာဒ တည်းဟူသော သိင်္ဂီရွှေခွက်၌ ဘုန်းကြီးက ကြိုက်ရာရွေးချယ် လမ်းနှစ်သွယ်ဆိုတဲ့ တရားတော် ခြင်္သေ့ဆီကို လောင်းထည့်မည်ဖြစ်ပါ၍ ငါးသိုင်းများဟင်းဟုန်၊တရားများ နားထုံ ဆိုသလို မဖြစ်ကြစေဘဲ "သာဓုကံ သုဏောမ မနသိကရောမ" ပါဠိ လာရှိသည်နှင့် လျော်ညီစွာ စိတ်ပါဝင်စားစွာဖြင့် အာရုံပြု၍ နာယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်၊

နဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။
(ဝိသတိနိပါတ်၊ အယောဃရဇာတ်)

ဘော၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြတဲ့ သူတော်စင် အပေါင်းတို့။ ဓမ္မောစ၊ဓမ္မမည်ငြား ကုသိုလ်တရားသည်လည်း ကောင်း။ အဓမ္မောစ၊ အဓမ္မမည်ငြား အကုသိုလ်တရားသည် လည်းကောင်း။ဥဘော၊ နှစ်ပါးကုန်သော ကုသိုလ်, အကုသိုလ် တရားတို့သည်။သမဝိပါကိနော၊တူမျှသော အကျိုးကိုပေးခြင်း ရှိကုန်သည်။ နဟိဟောန္တိ၊ မဖြစ်ကုန်။ အဓမ္မော၊ အဓမ္မ မည် ငြား အကုသိုလ်တရားသည်။ နိရယံ၊ ငရဲသို့။ နေတိ၊ ဆောင် တတ်၏။ ဓမ္မော၊ ဓမ္မမည်ငြား ကုသိုလ်တရားသည်။ သုဂတိံ၊ သုဂတိဘဝသို့။ ပါပေတိ၊ ရောက်စေတတ်၏။

ဤဒေသနာတော်၏ အလင်းသွားကို စဉ်းစားကြည့်လိုက်တော့ ငရဲသို့ သွားတဲ့လမ်းနဲ့ သုဂတိသို့ သွားတဲ့လမ်းဟုလမ်းနှစ်သွယ် ရှိနေပါတယ်။ ပုပ္ပုရွှ မြင်သမျှသတ္တဝါ အနန္တဟူသမျှတို့သည် ပဋိသန္ဓေနေရခြင်း ဇာတိအရင်းခံသဖြင့် ဇာတိပစ္စယာ ဇရာ မရဏံ-ဒေသနာတော် အတိုင်း လွဲဖယ်လို့ မရတဲ့ဇရာ-အိုခြင်း၊ မရဏ-သေခြင်းဆိုတဲ့ ဘေးများကို မုချကိန်းသေတွေ့ကြုံကြရပါလိမ့်မယ်။ ဆံဖြူ၊ သွားကျိုးအမျိုးမျိုး ထိုင်းမှိုင်းပြီး ဝါးကိုင်းလေးလ မဟန်နိုင်တဲ့ အရွယ်ရောက်တဲ့ အခါမှာ ဖြစ်စေ၊ သေရမည့်ဆဲဆဲ သေခါနီး မရဏာသန္နရောက်တဲ့အခါမှာဖြစ်စေ၊ ခလုတ်ထိမှ အမိတ-ဆိုတဲ့ စကားပုံအတိုင်းနောင်တကြီးစွာ ရတတ်ပါတယ်။

ဒီနေရာမှာနောင်တကြီးစွာရတယ်ဆိုတာက အဝမ္မမည်ငြားအကုသိုလ် ဒုစရိုက်မှုတွေ များပြားတဲ့ ပုဂ္ဂိုလ်တွေကို ဆိုလိုပါတယ်။ ဓမ္မမည်ငြား ကုသိုလ် သုစရိုက်တရားတွေ အားထားစရာရှိတဲ့ ပုဂ္ဂိုလ်များကတော့ နောင်တတစ်ဖန် ပူပန်ရန် မရှိတော့ပါ။ နောင်တကြီးစွာရပြီး ပူပန်ရတယ်ဆိုတဲ့ စကားဟာအကြောင်းမပေါ်သေးတဲ့အခါမှာတော့ မထင်ရှား မသိသာသေးသဖြင့် အချို့သောပုဂ္ဂိုလ်များက ယုံကြည်ချင်မှ ယုံကြည်ပေလိမ့်မည်။ ကိန်းသေ တွေ့ကြုံရမည့် အဖြစ်မျိုး ရှောင်လွှဲလို့မရတဲ့ အခါ မျိုးတွေမှာ သတိ သံဝေဂဉာဏ် ရကြစေရန်ဆက်လက်ပြီး ဟောကြနာကြပါဦးစို့။

သတ္တဝါတို့ သန္တာန်မှာ ဒုတိယဘဝ အကျိုးပေးဖို့ရာ ကံတရားဟာ အစီအစဉ်အားဖြင့် လေးပါး ရှိပါတယ်။ ဒီအစီ

အစဉ်ကို ပါက ဒါနပရိယာယ(ပါက-အကျိုး၊ဒါန-ပေးခြင်း၊ ပရိယာယ-အလှည့်အကြိမ်)ဟု ခေါ်ပါတယ်။ယင်းလေးပါး ဟူသည်ကား....

၁။ ဂရုကံ၊

၂။ အာသန္နကံ၊

၃။ အာစိဏ္ဏကံ၊

၄။ ကဋတ္တာကံ-ဟု လေးမျိုး ရှိပါတယ်။

ဂရုကံဆိုတာ ပင်ကိုယ်သဘောအားဖြင့် ကြီးလေးသောကံ ဖြစ်ပါတယ်။ကုသိုလ်အရာ၌ တန်ခိုးအာနုဘော် ကြီးမားသော ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမ ဈာန်-ဟု ဆိုအပ်သော မဟဂ္ဂုတ်ကံ များနှင့် အကုသိုလ်အရာ၌ အပြစ်ကြီးမားသော အနန္တရိယကံများ၊နိယတမိစ္ဆာဒိဋ္ဌိကံများ ဖြစ်ပါတယ်။ အနန္တရိယကံဆိုတာ အခြားမဲ့ ဒုတိယဘဝ၌ အကျိုးပေးလေ့ရှိသောကံ ဖြစ်ပါတယ်။ ယင်း အနန္တရိယကံ သည် မာတုဃာတကကံ၊ အမိကိုသတ်ကြောင်းစေတနာ။ပိတု ဃာတကကံ၊ အဘကိုသတ်ကြောင်း စေတနာ။အမိအဘမှန်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သေစေလို၍ သတ်မိလျှင် ကံကြီးထိုက်ပါတယ်။မိဘတို့က တိရစ္ဆာန်ဖြစ်လျှင်(သို့မဟုတ်) မိမိက တိရစ္ဆာန်ဖြစ်လျှင် အနန္တရိယကံ မထိုက် သော်လည်း အနန္တရိယကံလောက်နီးနီး အပြစ်ကြီးလှပါတယ်၊ အခြားသူ ကို သေစေလို၍ သေနတ်ဖြင့်ပစ်ခတ်ရာ မိဘကို မတော်တဆမှန် ၍သေလျှင် မာတုဃာတကကံ၊ ပိတုဃာတကကံ ထိုက်ပါ တယ်။ အရဟန္တဃာတက၊ရဟန္တာကိုသတ်ကြောင်း စေတနာ၊ လောဟိတုပ္ပါဒကကံ၊ ဘုရားရှင်၌ သွေးကိုဖြစ်စေသော စေ

တနာ၊ သံဃာဘေဒကကံ၊ သံဃာအချင်းချင်း သင်းခွဲကြောင်း စေတနာ။ဤအနန္တရိယကံ ငါးပါးတွင် တစ်ပါးပါးကို ပြုမိလျှင် သေသည်၏အခြားမဲ့၌ အဝီစိကျပါတယ်။ဤကံငါးပါးတွင် သံဃာဘေဒကကံသည် အပြင်းအကြီးဆုံး ဖြစ်ပါတယ်။

နိယတမိစ္ဆာဒိဋ္ဌိအယူဆိုတာ သူတော်သူမြတ်တို့ ဟောဖော်ပညတ်အပ်သော တရားမှန်ကို မလိုက်နာဘဲ မှားယွင်းဖောက်ပြန် မမှန်မကန်သိမြင်တတ်သော ဒိဋ္ဌိစေတသိက်ကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ်။ယင်းသည် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်-ဟူသော ခန္ဓာငါးပါးတွင် တစ်ပါးပါး၌ အတ္တဟုစွဲလမ်းတတ်သော သက္ကာယဒိဋ္ဌိ၊ သီလဗ္ဗတ်နှင့် ဗြဟ္မဇာလသုတ် စသည်၌လာသော ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ၊ သာမညဖလသုတ်၌လာသော နတ္ထိကစသော ဒိဋ္ဌိအားဖြင့် အလွန်များပါတယ်။

ယင်းတို့တွင်-နတ္ထိကဒိဋ္ဌိ၊အဟေတုကဒိဋ္ဌိ၊အကိရိယဒိဋ္ဌိ၊ သုံးမျိုးသည်သာလျှင်ပဓာနဖြစ်ပါတယ်။နတ္ထိကဒိဋ္ဌိဆိုတာ နောက်နောက်ဘဝ၌ အကျိုးမရှိဟု အကျိုးဝိပါက်ကို တားမြစ်ပယ်တတ်သောအယူဖြစ်ပါတယ်။နတ္ထိကဒိဋ္ဌိအယူရှိသောသူဟာ သတ္တဝါသေလျှင် ပြီးတာပဲ ပြတ်တာပဲဆိုတဲ့ ဥစ္ဆေဒအယူလည်း ရှိပါတော့တယ်။ပေးလှူကြောင်းဒါန စေတနာအကျိုး ယစ်ပူဇော်ရကျိုးမရှိ၊ ယစ်ငယ်ပူဇော်ရကျိုးမရှိ၊ကောင်းမှု မကောင်းမှုတို့၌ အကျိုးရင်း အကျိုးဆက်မရှိ၊ ဟိုဘက်ဘဝမှာတည်သူ့အတွက် ဤဘက်ဘဝမရှိ၊ ဤဘက်ဘဝမှာတည်သူ့အတွက် ဟိုဘက်ဘဝလည်း မရှိ၊ မိခင်၌ပြုရကျိုးနောင်အခါမရှိ၊ဖခင်၌ပြုရကျိုး နောင်အခါမရှိ၊ ဥပပါတိကသတ္တဝါ နတ်ဗြဟ္မာဆိုတာ မရှိ၊ အကြင်သူတို့သည် ဤလောက၌ နောက်

လောကသို့ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍ ဟောပြောပြသနိုင်ကုန်၏။ ညံ့ညွတ်သည်၏အဖြစ်သို့ရောက်ကုန်၊ ကောင်းစွာကျင့်ကုန်သော ထိုသမဏ ဗြာဟ္မဏတို့ရှိကုန်၏’ ဤသို့လျှင်နောက်ဘဝ၌ အကျိုးမရှိဟူသောအယူသည် နတ္ထိကဒိဋ္ဌိမည်ပါတယ်။ အကျိုးကိုပယ်လျှင် အကြောင်းရင်းစေတနာမှာလည်း အကျိုးပေးနိုင်စွမ်းသော သတ္တိမရှိရာ ရောက်သောကြောင့် အကြောင်းကံကိုလည်း ပယ်ပြီးသားပင် ဖြစ်ပါတော့တယ်။

အဟေတုကဒိဋ္ဌိဆိုတာက အကြောင်းလည်းမရှိ၊ အကျိုးလည်းမရှိဟု အကြောင်းအကျိုး နှစ်မျိုးလုံးကို တိုက်ရိုက်ပယ်သောအမှုဖြစ်ပါတယ်။ သတ္တဝါတို့ ညစ်နွမ်းပင်ပန်းဖို့ရာဖြစ်စေတဲ့ ဇနကအကြောင်းလည်းမရှိ၊ ထောက်ပံ့တဲ့ဥပတ္ထမ္ဘကအကြောင်းလည်းမရှိကုန်ပဲ သတ္တဝါများ စင်ကြယ်ရတယ်လို့ မှားယွင်းစွာယူပါတယ်။ ဒီအယူ၌ အကြောင်းမရှိဟုဆိုသဖြင့် ထိုအကြောင်းနှင့် ဆက်သွယ်၍ဖြစ်သော အကျိုးလည်းမရှိဟု ဆိုရာရောက်သောကြောင့် အဟေတုကဒိဋ္ဌိက ‘အကြောင်းအကျိုးနှစ်မျိုးလုံးကို ပယ်သည် မည်ပါတယ်။

အကိရိယဆိုတာက - ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုအပ်သည်မမည်၊ပြုရာမမြောက်ဟု အကြောင်းကံကိုတားမြစ်သောအယူဖြစ်ပါတယ်။ ကိုယ်တိုင် ပြုသူသည်လည်းကောင်း၊ သူတစ်ပါးကိုပြုခိုင်းသူသည်လည်းကောင်း၊ ကိုယ်တိုင်ဖြတ်သူသည်လည်းကောင်း သူတစ်ပါးကို ဖြတ်ခိုင်းသူသည်လည်းကောင်း မကောင်းမှုကို ပြုအပ်သည်မမည်၊ ပြုရာမရောက်ဟုစွဲယူခြင်းဖြစ်ပါတယ်။ ဤသို့ယူရာ၌ ကံကိုတားမြစ်လျှင်

ကံ၏အကျိုးလည်းနှောင်အခါ မရှိနိုင်ဟု တားမြစ်ရာရောက် သောကြောင့် ကံကံ၏အကျိုး နှစ်မျိုးလုံးကိုပင် တားမြစ်ရာ ရောက်ပါတော့တယ်။ ဒိဋ္ဌိသုံးမျိုးလုံးပင် ကံကံ၏အကျိုးကို တားမြစ်ကြပါတယ်။ ဘုရားကိုယ်တိုင် ချွတ်လို့မရလောက် အောင် အခိုင်အမာယူသော မက္ခလိဂေါသာလ၊ ပူရဏကဿ ပ၊ အဇိတဆရာကြီးတို့ယူနည်းဆည်နိယတမိစ္ဆာဒိဋ္ဌိ(အလွန်အ လွန်စွဲမြဲသော အမြင်မှား)ဖြစ်ပါတယ်။

ဒိဋ္ဌိနှင့်ပညာသည် ကျောချင်းကပ်၍ပြေးသလို အလွန်စ ခန်းဝေးပါတယ်။ ပညာဘက်က သဒ္ဓါ ဝီရိယ သတိ သမာဓိ တို့ထောက်ခံချက်ဖြင့်တိုးတက်လေရာ အကြင်အခါ သူတစ်ပါး တို့နှောင့်ယှက်လို့မရလောက်အောင် သစ္စာလေးပါးကိုသိ၏၊ ရတနာသုံးပါးကိုယုံကြည်၏။ထိုအခါ သမ္မတ္တနိယတစခန်းသို့ ဆိုက်၍ သောတာပန်ဖြစ်ကာ အပါယ်သို့ကျခွင့်မရှိတော့ပါ ချေ။ထိုနည်းတူစွာပင် ဒိဋ္ဌိဘက်မှာလဲ မိစ္ဆာသတိ မိစ္ဆာဝီရိယ မိစ္ဆာသမာဓိတို့၏ ထောက်ပံ့ကူညီချက်ဖြင့် တိုးတက်လေရာ အကြင်ခါဘုရားရှင်တို့ပင် ချေချွတ်၍ မရနိုင်လောက်အောင် မိစ္ဆာအယူ၌ ခိုင်မြဲ၏။ ထိုအခါ မိစ္ဆတ္တနိယတစခန်းသို့ရောက် ၍ မဂ်ဖိုလ်နိဗ္ဗာန်ရခွင့်မရှိ၊ သေသည်၏အခြားမဲ့၌ အဝီစိမှာ တစ်ကမ္ဘာပတ်လုံးနေရပါတော့တယ်။ သံဃဘေဒကကံထက် ပင် ဤနိယတမိစ္ဆာဒိဋ္ဌိကံက အပြစ်ကြီးလေးပါသတဲ့ အဝီ စိမှာ တစ်ကမ္ဘာမပြည့်သေးလျှင် ကမ္ဘာပျက်သော်လည်း မ ပျက်သောကမ္ဘာသို့ပြောင်း၍ဖြစ်စေ၊ ကောင်းကင်မှာဖြစ်စေ ဆက်လက်၍ခံရပါသတဲ့။ အခုပြောတာက ဂရုကံ--ဆိုတဲ့ ကြီးလေးသောကံရဲ့အကြောင်းဖြစ်ပါတယ်။

အခု ဆက်လက်ပြီးတော့ အာသန္နကံအကြောင်း ပြောပါ့မယ်။ အချို့သော ကုသိုလ် အကုသိုလ်ကံများကို မသေမီ အတော်ဝေးသော ရှေးအဖို့က ပြုထားခဲ့ပြီးနောက် ထပ်ကာထပ်ကာ သတိမရဘဲ သေခါနီးမှ ကပ်ပြီးသတိရတတ်ပါတယ်။ ထိုကံမျိုးသည် အာသန္နကံမည်ပါတယ်။ သေဖို့ရန်အချိန်နီးမှ တရားနာခြင်း၊ ပန်းဆီမီး ပူဇော်ခြင်းစတဲ့ ကုသိုလ် အလုပ်များ တစ်ဦးနှင့်တစ်ဦး သတ်ပုတ်ရိုက်နှက်ခြင်းစတဲ့ အကုသိုလ်အလုပ်များအနေနဲ့ အာသန္နကံ မည်ကြောင်းကိုတော့အထူးပြောဖွယ်ရာ မလိုတော့ပါ။

နောက်အာစိဏ္ဏကံဆိုတာကအကုသိုလ်အရာ၌သူ့အသက်သတ်၍ သူ့ဥစ္စာခိုး၍ အမြဲ အသက်မွေးမှု၊ ကုသိုလ် အရာ၌ အမြဲဒါနပြုမှု၊ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းမှု၊ စာပေ ပို့ချမှု စီသည်ဖြင့် အမြဲမပြတ် လေ့ကျင့်အပ် တိုးပွားစေအပ်သော ကံမျိုးသည် အာစိဏ္ဏကံ မည်ပါတယ်။အကုသိုလ် တစ်ခုခုကို ပြုပြီးတဲ့နောက် ခဏခဏ သတိရ၍ နောင်တတစ်ဖန် ပူပန်ခြင်း ဟူသော ဝိပ္ပဋိသာရ ကုက္ကုစ္စနှင့် နှလုံးမသာမယာမှု ဒေါမနဿတို့ ထပ်ကာထပ်ကာ တိုးပွားနေပြန်လျှင် ထိုသို့ တစ်ကြိမ်တစ်ခါ ပြုမိသော အကုသိုလ်သည်ပင် အာစိဏ္ဏကံ ဖြစ်ပြန်ပါတယ်။ ကုသိုလ် တစ်ခုခုကို အားရပါးရ ပြုလိုက်ပြီးနောက် ထိုကုသိုလ်ကို မကြာမကြာသတိရ၍ ဝမ်းမြောက် ဝမ်းသာသောမနဿ ဖြစ်နေပါမူ ထိုတစ်ကြိမ်တစ်ခါ ကုသိုလ်သည်ပင် အာစိဏ္ဏကံ မည်ပါတယ်။

အာသန္နကံ, အာစိဏ္ဏကံ နှစ်မျိုးတွင် အာသန္နကံထက် အာ[illegible]ကံ ကပိုအားကောင်းပါတယ်။ပင်ကိုယ် သဘောအား

ဖြင့် အာသန္နကံထက် အာစိဏ္ဏကံအား ရှိသော်လည်းအခြား မဲ့ဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးရာဝယ် မရဏာသန္နဇောဝီထိ နှင့်နီးကပ်နေသောအာသန္နကံကသာလျှင်သာလွန်၍အရေးပါ အရာရောက်ပါတယ်။ ပမာအားဖြင့် မနေ့ညနေက ခြံတွင်းသို့ နွားများကို သွင်းထား၍နံနက်အခါခြံတံခါးကိုဖွင့်လျှင်တံခါး အနီးရှိ နွားကြီးသည် နွားအိုကြီးပင် ဖြစ်စေကာမူ ရှေးဦးစွာ ထွက်ရသလိုထို့အတူပင်အာသန္နကံသည်အာစိဏ္ဏကံလောက် အားမရှိစေကာမူ မရဏာသန္နဇောနှင့် နီးကပ်နေသည့်အတွက် ရှေးဦးစွာ ထွက်၍ အကျိုးပေးနိုင်ပါတယ်။

နောက်တစ်မျိုးကတော့ ရှေးရှေးဘဝတို့၌ ပြုအပ်သော စေတနာနှင့် ယခုဘဝတွင် ဂရုက, အာသန္န, အာစိဏ္ဏ အခြေ အခြေအနေသို့ မရောက်တတ်ဘဲ အမှတ်တမဲ့ သာမန် ပြုအပ် သော ကံများကိုကဋတ္တာကံလို့ခေါ်ပါတယ်။ အထက်ပါ ဖော်ပြခဲ့တဲ့အတိုင်း ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးဖို့ အလှည့် အကြိမ် အစဉ်အားဖြင့်ကံလေးမျိုး ရှိရာတွင်ယင်းကံ လေးမျိုးလုံးကို ပြုမိထားသူများအဖို့နောက်ဘဝဝယ် ဂရုကံ က ပဋိသန္ဓေကျိုးပေး၍ အကုသိုလ်ဘက်တွင် ကိန်းသေ အဝီစိ သို့ ရောက်ပါမည်။ ကုသိုလ်ဘက်တွင် ဗြဟ္မာပြည်သို့ ရောက်ပါ မည်။ ဂရုကံလည်းမရှိ၊လောကီစျာန်လည်းမရ၊အနန္တရိယကံ နိယတမိစ္ဆာဒိဋ္ဌိကံလည်းမရှိကြသောယခုကာလ ပုဂ္ဂိုလ်များ၌ သေချိန်နီးမှ ပြုလုပ်သော အာသန္နကံက ပဋိသန္ဓေကျိုးကိုပေး မည် ဖြစ်ပါတယ်။

ဒါ့ကြောင့်အဲဒီအာသန္နကံဟာအလွန်အရေးကြီးပါတယ်။ မရဏာသန္နခေါ်တဲ့သေခါနီးအခါမရောက်မီ အသက်ဝိညာဉ်

ရှိစဉ်အခါက မကောင်းတဲ့အဓမ္မ ဒုစရိုက်မှုတွေပြုလုပ်မိခဲ့တာများလာကြလျှင် သေခါနီးအခါမှာ နောင်တကြီးစွာ ရပြီးတော့ ပြင်းစွာ စိုးရိမ်ပူပန်ရတတ်ပါကယ်။ ဒီလို သေခါနီးအခါမျိုးကတော့ ဘယ်သူမှ လွှဲဖယ်လို့မရ ကိန်းသေတွေ့ရမှာမုချ ဖြစ်ပါတယ်။ အကုသိုလ်ကံ ကအကျိုးပေးတဲ့အခါမိုးဝေးတဲ့ နေ့ရာသီမှာ နေပူ အနူမိနပ် ပျောက်သလို ဒုက္ခကြီးရောက်ရပါလိမ့်မယ်။

အဓမ္မဒုစရိုက်မှုတွေ များခဲ့လို့ သေခါနီးအခါ ပူပန်ရတဲ့သာဓကကို ဆက်လက်ပြီး ဟောကြနာကြပါဦးစို့။ ရှေးအခါက သောဏအမည်ရှိတဲ့ မထေရ်မြတ်၏ ဖခင် ပုဏ္ဏားကြီးဟာသားသမင်တွေကို သတ်ဖြတ်တဲ့ ဒုစရိုက်မှု အကုသိုလ်စုတွေကိုတစ်သက်လုံးပြုလုပ်ခဲ့တာဖြစ်တော့ သား မထေရ်မြတ်ကစောင့်ရှောက်လိုသောအားဖြင့် ကျောင်းကို ခေါ်ပြီးတော့ သင်္ကန်းဝတ်ပေးထားပါတယ်။ တစ်နေ့သောအခါ ဖခင် ရဟန်းကြီးသည် သေရာ ညောင်စောင်း၌ လျောင်းစက်၍ မရဏသန္တိအခါနီးလာတော့ကာ ခွေးတို့သည် မိမိအားလာ၍ ကိုက်တော့မည့်ဟန် ချီတော့ခည့်ဟန်ဖြင့် မကောင်းတဲ့ ငရဲနိမိတ်တွေ ထင်လာတော့ ချစ်သား သောဏ ငါ့ကိုကယ်ပါ၊စောင့်ရှောက်ပါ၊ငါ့အား ခွေးတို့သည် ကိုက်တော့မည်ဟု အပူတပြင်း လွန်လွန်မင်းမင်း ကြောက်လှသဖြင့် ချုံးချငိုကြွေး ပူဆွေးခြင်း ဖြစ်ရပါသတဲ့။နောက်ဆုံးစုတေကာနီး မရဏ သန္တိအခါ ဆိုတာကဘယ်သူမှလွှဲဖယ်လို့မရဘူး မဟုတ်လား၊ ကိန်းသေ ရောက်ကြပါလိမ့်မယ်။ ဒီလိုရောက်တဲ့အခါမှာ အဓမ္မအကုသိုလ်ဒုစရိုက်များခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ ကိုယ့်အတွက်နဲ့ ကိုယ် စူးနှုတ်လို့

မရနိုင်ဘူးဆိုတာလို ကိုယ်ပြုခဲ့တဲ့အမ်မှုက က နှိပ်စက်လာတော့ ကယ်ပါယူပါတစာစာနှင့် ဗျာပါသောက ဒုက္ခမအေး ပူဆွေး ရတဲ့အဖြစ်နဲ့သာ တွေ့ကြုံရပါတယ်။

အဲ့ဒါလို ဖခင်ရဟန်းကြီး၏ အသံကို ကြားရတော့ သား သောဏမထေရ်မြတ်က ငါ့ရဲ့ ဖခင်ကြီးတော့ မကောင်းတဲ့ ငရဲ နိမိတ်တွေ ထင်လေပြီ၊ ငါလိုသားတစ်ယောက်၏ရှေ့မှောက်မှာ ကတိ တိမ်းပါပြီး ချွတ်ချော် မသွားရအောင် ကယ်ဆယ်မှု ဖြစ်တော့မယ်-ဟု စဉ်းစားပြီး ညောင်စောင်းနှင့်တကွ ဖခင် ရဟန်းကြီးကို စေတီတော်ရင်ပြင် အရောက် ရွှေ့ယူပြီး သကာလ သာမဏေများအား ပန်း ဆီမီး အစရှိတဲ့ပူဇော်ဖွယ်ဝတ္ထုများ ကို ယူစေ၍ ပူဇော်လှူဒါန်းစေပြီးလျှင်....

'ဖခင်ရဟန်းကြီး၊ သင်၏ မျက်မှောက်မှာရှိတဲ့စေတီ တော်ကိုဟောဒီ ပန်း ဆီမီးအစရှိတဲ့ လှူဖွယ်ဝတ္ထုတွေ နဲ့ မြတ်စွာဘုရားအား ရည်မှန်း၍ လှူဒါန်း ပူဇော်ပါ၊ ဖူးမြော် ကန်တော့ပါ၊ သင်ဖခင်အတွက် စီမံထားပါ တယ်'

လို့ ကလျာဏမိတ္တဖြစ်တဲ့ သားရဟန်းက တိုက်တွန်းပေးလိုက် ပါတယ်။ သားရဟန်းတော်က တိုက်တွန်းတဲ့အတိုင်း ဖခင် ရဟန်းကြီးသည် ကောင်းသောနှလုံးသွင်း ယောနိသော မနသိ ကာရဖြင့် မြတ်စွာဘုရားအား အာရုံ ပြုလိုက်သည်နှင့် တစ်ပြိုင် နက်မကောင်းတဲ့နိရယ ငရဲနိမိတ်တွေပျောက်ပြီး ကောင်းသော သူတို့လားရာဌာန သုဂတိဘုံဘဝသို့ ရောက်ကြောင်း နိမိတ် ကောင်းတွေထင်လာပြီးတော့ အဲဒီရဟန်းကြီး ဘဝကူး ကောင်း သွားတယ်-လို့ကျမ်းဂန်များမှာ အထင်အရှားရှိပါတယ်။

,သီဟိုဠ်ကျွန်း မဓုရဂ်ဏ ရွာ၌ တံခါးစောင့် ယောကျ်ား တစ်ယောက်သည် အနှစ်ငါးဆယ် ကာလပတ်လုံး ပါဏာတိပါတကံ ဖြင့်သာအသက်မွေးမှုအားထုတ်ခြင်းပြုပြီး၊မကောင်းမှုကိုသာ ပြုလုပ်နေခဲ့ရာ သေခါနီးကာလရောက်လာလေသော်ဂိရိဝိဟာရ၌ သီတင်းသုံးနေတော်မူသော စူဠပိဏ္ဍပါတိကမထေရ်မြတ်က-ဒီဒကာသည် ငါမြင်လျက် ငါသိလျက် ငါ့မျက်မှောက်ဖြစ်လျက် မပျက်စီးစေလင့်-ဟု ကရုဏာစိတ်ဓာတ် လှုံ့ဆော်အပ်ပါသောကြောင့် ဒကာ၏ အနီးအပါးသို့ ကြွသွားတော်မူပြီးလျှင် ဒကာ-သီလဆောက်တည်ပါဟု တိုက်တွန်း လတ်သော် ဒကာကလည်း- ပေးသနားတော်မူပါဘုရားဟု လျှောက်ထား၍မထေရ်က သီလပေးသနားတော်မူရာ သရဏဂုံမျှလောက်ကိုသာယူနိုင်ပြီးလျှင် သီလကို ပီပြင်စွာ မဆိုနိုင်မရွတ်နိုင်ဖြစ်နေပါသတဲ့။

အဲ့ဒီအခါကာလမှာ မထေရ်မြတ်ကလဲ သရဏဂုံမျှဆောက်တည်နိုင်လျှင်လည်း အကျိုးရှိနိုင်ပါပြီဟုနှလုံးပြု၍ပြန်ကြွတော်မူရာ မကြာမြင့်မီ ထိုတံခါးစောင့် ယောကျ်ားခမျာ စုတေပျက်ကြွေ သေလွန်လေလျှင် သေခါနီးကာလ အားထုတ်အပ်သော သရဏဂုံကုသိုလ်ကြောင့် သုဂတိချမ်းသာ နတ်နန်းသို့ ပြောင်းကြွစံမြန်းရကြောင်းကို ကျမ်းဂန်၌ ညွှန်ပြတော် မူထားပါတယ်။ သေခါနီးကာလ မရဏာသန္န အခါမှာ ပြုလုပ်အပ်ဆည်းပူးအပ်တဲ့ အာသန္နကံဟာဘယ့်လောက်အရေးကြီးသလဲဆိုတာ ဘဝတစ်ပါးသို့ အကူးအပြောင်းကိုယင်းကံက ဖန်တီးပေးလိုက်တာ ဖြစ်ပေတယ်။

ယခုပြောခဲ့တဲ့ မုဆိုးကြီးဝတ္ထုနဲ့ တံခါးစောင့် ဝတ္ထုတို့ကို ထောက်ထားလျှင် ကလျာဏ မိတ်ကောင်း ဆွေကောင်းများ ရှိကြပါက ပစ္စုပ္ပန်မျက်မှောက် ဘဝမှာလဲ စား ဝတ် နေရေး ပြေလည်နိုင်ပါတယ်။ သံသရာနောင်ရေးအတွက်မှာလဲသုဂတိ ဘဝအဆက်ဆက်၌အထက်အထက်ကိုသာတက်လှမ်းပြီးနိဗ္ဗာန် ချမ်းသာအထိ အကျိုးခံစားခွင့်ရှိကြောင်းသိနိုင်ပါတယ်။အခု တရားနာနေကြတဲ့ဒကာ-ဒကာမအပေါင်း သူတော်ကောင်း တို့မှာကလျာဏမိတ္တလို့ခေါ်ရမဲ့သားရဟန္တာ၊ တူရဟန္တာများ ရှိကြပါရဲ့လား၊ရှိခဲ့သော်ဒကာ-ဒကာမတို့ကော သားရဟန္တာ တူရဟန္တာကြွလာတဲ့အခါ သိကြမှာလား၊ ဦးဇောက်သေး ကြောပြတ်တဲ့ရောဂါလေဖြတ်ရောဂါစသည်ဖြင့်သတိမရနိုင်တဲ့ ဝေဒနာများဖြစ်နေပါလျှင် ဘယ်ကကို အားကိုးရမှာတုန်း ဒကာ-ဒကာမတို့သန္တာန်မှာအားကိုးလောက်တဲ့ကံများပြု၍ပြီး ကြပါပြီလား။

အဝေမှလမ်းနဲ့ ဝေးလမ်းရယ်လို့ လမ်းနှစ်သွယ်ရှိရာတွင် ဘယ်လမ်းကို ရွေးပြီးပါပြီလဲ၊ မည်သည့်လမ်းကိုမှမရွေးဘဲခြေ စုံရပ်နေ၍မဖြစ်နိုင်ပါ၊ တစ်လမ်းလမ်းသို့ မြန်းရမည်မှာ ဧ ဝကန် အမှန်ဖြစ်ပါတော့တယ်၊ ကိန်းသေရောက်ကြရ၊တွေ့ကြုံ ကြရမယ့် မရဏသန္နအခါဆိုတာ ဘယ်သူမှလွန်ဆန်လို့မရ ပါဘူး။အဲဒီမရဏာသန္နအခါမျိုး သေခါနီး ကာလမှာအား ထုတ်အပ်ပြုလုပ်အပ်တဲ့ အာသန္နကံအရေး အခွင့်ကြုံလာရင် အကုသိုလ်မှု ပြုလာကြတဲ့သူတွေကတော့ အားကိုးစရာမရှိ တော့သဖြင့် ပူပန်ကြရတော့တယ်။ အားကိုးစရာကုသိုလ် စေတနာတွေရှိကြရင်တော့ပူပန်ဖို့မလိုတော့ပါဘူး။

ထို့ကြောင့် မရဏသန္နအခါမရောက်မီ နောင်တပူဆွေး ငိုကြွေးရမဲ့အကုသိုလ်မှုတွေကို ကြဉ်ဖယ်၍ ဘကယ်အားထားရ မပူပန်ရမယ့် ကုသိုလ်အလုပ်တွေကိုသာ ကြိုးစားလို့ လဥဿာဟဖြင့် အားထုတ်ပြုလုပ်ကြစေလိုပါတယ်။

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။

သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

ဟူ၍ တိကအင်္ဂုတ္တရ မင်္ဂလဝဂ် ပုဗ္ဗဏှသုတ်လာသည်နှင့် အညီ ယခုလို တရားဓမ္မကို ကြည်သာ ရွှင်ပြ ကြားနာပြီးတဲ့အချိန်မှ စ၍။ တုမှာက၊ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အား။ သုနက္ခတ္တံ၊ ကောင်းသောနက္ခတ် ဖြစ်ကြပါစေ။ သုမင်္ဂလံ၊ ကောင်းသောမင်္ဂလာဖြစ်ကြပါစေ။ သုပ္ပဘာတံ၊ ကောင်းသော မိုးသောက်ခြင်းလဲဖြစ်ကြပါစေ။ သုဟုဋ္ဌိတံ၊ သာယာသန့်ရှင်း ကောင်းသောအိပ်ယာမှထခြင်းလဲဖြစ်ကြပါစေ။ သုခဏောစ ကောင်းသော ခဏ ဖြစ်ကြပါစေ။ သုမုဟုတ္တောစ၊ ကောင်းသော မုဟုတ်လည်းဖြစ်ကြပါစေ။ ဗြဟ္မစာရိသု၊ မြတ်သောအကျင့်ကိုကျင့်သော သူတော်ကောင်းတို့၌။ သုယိဋ္ဌံ၊ ကောင်းစွာပူဇော်ခြင်းလည်းဖြစ်ကြပါစေ။

သက္ကျာန်၊ သာကီဝင်မင်းသားတို့၏။ နန္ဒိဝဍ္ဍနော၊ အားရနှစ်သက်ခြင်းကို တိုးပွားစေတတ်သောမြတ်စွာဘုရားသည်၊ ဗောဓိယာ ဗောဓိပင်၏။ မူလအနီးတစ်ခွင်အပရာဇိတပလ္လင်၌ ဇယန္တော ယထာ၊ မာရ်ငါးပါးကိုအောင်မြင်တော်မူသကဲ့သို့။ ဧဝမေဝ ဤအတူသာလျှင် တုမှာက၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြတဲ့ သူတော်စင်အပေါင်းတို့အား။ ဇယော၊ ဘေးရန်ခပင်း အောင်မြင်ခြင်းသည်။ ဟောတုဖြစ်ပါစေသတည်း။ ဇယမင်္ဂ

လေ၊အောင်ရာ အောင်ကြောင်း ကောင်းမြတ်သော မင်္ဂလာအပေါင်းတို့ကို၊ ဇယသုံ၊ခရီးရောက်အောင် ပြီးမြောက်လျှင်လျှင် အောင်မြင်ကြပါစေကုန်သတည်း။

**၁။ ဟောကြားသော ဆရာတော်** .... ဆရာတော် ဘဒ္ဒန္တသြဘာသဘိဝံသ(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)။

**၂။ သီတင်းသုံးရာနေရပ်** .... ပုဏ္ဏာရာမ ဈေးကျောင်း၊ညောင်တုန်းမြို့။

**၃။ ဟောကြားသည့်ရက်** .... ၁၃၄၇-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့။

**၄။ ဟောကြားသည့်နေရာ** .... မြန်မာ့အသံမှအသံလွှင့်ဟောကြားသည်။

....o....

# အနတ္တလက္ခဏာသုတ္တန်
## တရားတော်

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ မာရ်င်ါးပါးကို အောင်မြင်တော်မူ၍ ဘုရားဖြစ်တော်မူသည်။ ထိုနှစ် ဝါဆိုလပြည့် စနေနေ့ ညနေချမ်းဝယ် အရှေ့ လပြည့်ဝန်းကြီးတစ်ခြမ်း ပေါ်ထွက်လာချိန် အနောက်၌ နေတစ်ခြမ်းဝင်ချိန် အခါတွင် သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာ ဖြစ်သော မိဂဒါဝုန်တော၌ အတူ သီတင်းသုံးခဲ့ဖူးသည့် အလုပ်အကျွေးပြုခဲ့ကြသူ ပဉ္စဝဂ္ဂီငါးဦးတို့အား- ဒွေမေ ဘိက္ခဝေ အန္တာ- အစချီသော ဓမ္မစကြာတရားဦးကို စတင် ဟောကြားတော်မူသည်။ ဓမ္မစကြာတရားတော်၏အဆုံး၌အရှင်ကောဏ္ဍညသည် ဉာဏ်အလင်းပေါက်၍ သောတာပန်အဖြစ်သို့ရောက်လေသည်။ ထိုသို့ သောတာပန်ဖြစ်ပြီးနောက် ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ခံယူလေသည်။

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ပင် ဝါကပ်တော်မူလျက် ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှစ၍မြို့ရွာအတွင်းသို့ ဆွမ်းခံမျှကြွတော်မမူဘဲ ပဉ္စဝဂ္ဂီရဟန်းတို့၏ ကမ္မဋ္ဌာန်းအလုပ်၌ ဖြစ်ပေါ်လာတတ်သော အညစ်အကြေးအနှောင့်အယှက်တို့ကို သုတ်သင် တားဆီးရန်အလို့ငှာ နေ့ညမပြတ် အမြဲစောင့်ကြပ်လျက် တရားဟောခြင်း အဆုံးအမ ဩဝါဒ ပေးခြင်းဖြင့် ကျောင်းတိုက်အတွင်းမှာပင် သီတင်းသုံးနေတော်မူသည်။ ပဉ္စ

ဝဂ္ဂီ ငါးဦးတို့အနက် နှစ်ပါးသော ရဟန်းတို့ကို အဆုံးအမ ဩဝါဒ ပေးတော်မူစဉ် သုံးပါးသော ရဟန်းတို့သည် ဆွမ်းအတွက် လှည့်လည်ကြကုန်၏။ ထိုရဟန်းသုံးပါးတို့ ဆောင်ယူခဲ့သော ဆွမ်းဖြင့် မြတ်စွာဘုရားရှင်နှင့် တကွ ပဉ္စဝဂ္ဂီငါးဦး-ဤခြောက်ပါးတို့သည် မျှတကြရကုန်၏။ သုံးပါးသောရဟန်းတို့ကိုသာ ဆုံးမဩဝါဒ ပေးတော်မူစဉ် နှစ်ပါးသောရဟန်းတို့သည် ဆွမ်းအတွက် လှည့်လည်ကြကုန်၏။ ထိုနှစ်ပါးသော ရဟန်းတို့ ဆောင်ယူလာခဲ့သော ဆွမ်းဖြင့် မြတ်စွာဘုရားနှင့် တကွ ပဉ္စဝဂ္ဂီငါးဦး အားလုံး ဤခြောက်ပါးတို့သည် မျှတကြကုန်၏။ ဤနည်းအားဖြင့် ထိုပဉ္စဝဂ္ဂီငါးဦးတို့ကို စောင့်ရှောက်တော်မူ၍ အဆုံးအမ ဩဝါဒ ပေးတော်မူရာ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့၌ အရှင်ဝပ္ပထေရ်သည် သောတာပန်ဖြစ်သည်။ ဝါဆိုလပြည့်ကျော် နှစ်ရက်နေ့၌ အရှင်ဘဒ္ဒိယမထေရ်သည် သောတာပန် ဖြစ်သည်။ ဝါဆိုလပြည့်ကျော် သုံးရက်နေ့၌ အရှင် မဟာနာမ မထေရ်သည် သောတာပန်ဖြစ်သည်။ ဝါဆိုလပြည့်ကျော် လေးရက်နေ့၌ အရှင်အဿဇိမထေရ်သည် သောတာပန်ဖြစ်သည်။ ဤသို့အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌တည်ကြ၍ ဧဟိ ဘိက္ခု ရဟန်းအဖြစ်ကို အသီးသီး ခံယူကြလေသည်။

ဝါဆိုလပြည့်ကျော်ငါးရက်နေ့၌ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူသည်။ အနတ္တလက္ခဏသုတ်ကို ဟောကြား ပြီးသည့်အဆုံး၌ ပဉ္စဝဂ္ဂီငါးဦးတို့သည် အရဟတ္တဖိုလ်၌ တည်ကြ၍ ရဟန္တာ ဖြစ်ကြလေသည်။ ပဉ္စဝဂ္ဂီငါးဦးတို့သည် ဂေါတမဗုဒ္ဓ

ဘုရားရှင်၏ သာသနာတော်၌ ရှေးဦးစွာ ရဟန္တာ ဖြစ်ကြသူများ ဖြစ်သည်။ ဝါဆိုလပြည့်ကျော် ငါးရက်နေ့သည် လူသား ငါးဦးတို့ ရှေးဦးစွာ ရဟန္တာဖြင်သောနေ့ ဖြစ်သဖြင့် ရဟန္တာနေ့၊ဟု ဥဒါန်းမော်ကွန်း တွင်လေသည်။

အနတ္တာ=န+အတ္တာ၊ န=မဟုတ်၊ အတ္တ=ငါ့အလိုသို့လိုက်ပါခြင်း၊ အစိုးတရ မိမိဖြစ်ချင်သလို ဖြစ်ခြင်း။ အနတ္တာ=မိမိအလိုသို့ မလိုက်ပါခြင်း၊ အစိုးတရ မိမိဖြစ်ချင်သလို မဖြစ်ခြင်း။ ထိုအတ္တဟူသော သဘောကို အမာခံဖွေရှာ စိစစ်လိုက်သောအခါ အချို့က ဤခန္ဓာကိုယ်ကြီးကို အတ္တဟု ထင်မှတ် စွဲလမ်းကြသည်။ အချို့က စိတ်ကို အတ္တဟု ထင်မှတ်စွဲလမ်းကြသည်။ အချို့က သဘာဝဓမ္မကို အတ္တဟု ထင်မှတ်စွဲလမ်းကြသည်။ အချို့က ဤရုပ်ဤနာမ်မှ အခြား တစ်ပါးသော မပျက်မစီး အမြဲတည်သော အနှစ်သာရ အမာခံ သဘောတရားတစ်ခုကို ကြံဆ၍ အတ္တဟု ထင်မှတ်စွဲလမ်းကြသည်။ ထို့ကြောင့် အနတ္တာ ဟုဆိုလျှင် အထက်ဖော်ပြပါ စွဲလမ်းချက် အားလုံးကို ငြင်းဆိုပြီး ဖြစ်တော့သည်။ တစ်နည်းလည်း အနတ္တသဒ္ဒါသည်-

(၁) အလိုသို့ မလိုက်ခြင်း၊ မိမိ ဖြစ်ချင်သလို မဖြစ်ခြင်း အနက်၊

(၂) ပိုင်ဆိုင်သူ မရှိခြင်းအနက်၊

(၃) ပြုစီမံတတ် ဖန်တီးတတ်သောသဘောမှ ဆိတ်သုဉ်းခြင်း အနက်၊

(၄) တိတ္ထိတို့က မပျက်မစီး အမြဲတည်သည်ဟု စွဲယူသော အတ္တကို ပယ်ခြင်း အနက်-ဟူ၍ အဓိပ္ပာယ် လေးမျိုးပြ၏။

ထိုလေးမျိုးတို့တွင်-

(၁) ဖြစ်ဆဲ ဥပါဒ်ခဏ၌ ရှိသော ရုပ်သည် တည်ဆဲ ဌီခဏသို့မရောက်ပါစေလင့်၊အိုသောရုပ်သည် မပြို မကွဲ မပျက်စီးပါစေလင့် ဤသို့ စသည်ဖြင့် မိမိတို့ တောင့်တတိုင်း မဖြစ်ခြင်း အလိုသို့ မလိုက်ခြင်း အနက်သဘောကြောင့် အနတ္တ မည်၏။

(၂) ရုပ် ဝေဒနာ သညာ စသော တရားတို့သည် မိမိတို့ သဘောအတိုင်းသာ ဖြစ်ပျက်နေကြသည်။ မည်သို့ ဖြစ်စေ မည်သို့ရှိစေဟု အမိန့်ပေးနိုင်သည့် ပိုင်စိုးသူ တစ်စုံ တစ်ယောက်မျှ မရှိခြင်း အနက်ကြောင့် အနတ္တ မည်၏။

(၃) ရုပ် ဝေဒနာ သညာ စသည်တို့သည် ပြုလုပ်တတ် ခံစားတတ် ပြုပြင် စီရင်ဘဲဘဲသော သဘောမှ ဆိတ်သုဉ်းခြင်းအနက် သဘောကြောင့် အနတ္တ မည်၏။

(၄) သာသနာပ တိတ္ထိတို့သည် မပျက်မစီး အမြဲ တည်သော အမာခံ အနှစ်သာရကို အတ္တဟု ကြံဆ စွဲလမ်းကြကုန်၏။ ရုပ် ဝေဒနာ သညာ စသည်တို့ သည် ထိုအမာခံ အတ္တသဘော မရှိခြင်းကြောင့် အနတ္တမည်၏။

ဤအနက်လေးချက်တို့တွင် အလိုသို့မလိုက်ခြင်းအနက်၊ ပိုင် ဆိုင်သူမရှိခြင်းအနက် ဤအနက်နှစ်ပါးကို အနတ္တလက္ခဏသုတ် တော်၌- ''န စ လဗ္ဘတိ ရူပေ၊ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ။

'ငါ၏ရုပ်သည် ဤသို့ဖြစ်ပါစေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်ပါစေလင့်'ဟု မိမိဖြစ်ချင်သလို ဖြစ်ရန် ရုပ်၌ တောင့်တ၍ မရ စကောင်း-စသော စကားရပ်ဖြင့် ဖော်ပြ ဟောကြားတော်မူသည်။ ပြုစိမံမှု ဖန်တီးမှု သဘောမှ ဆိတ်သုဉ်းခြင်းအနက်၊ မပျက်မစီး အမြဲတည်သည့် သဘောရှိသည်ဟု တိတ္ထိတို့စွဲလမ်းယူဆသော အတ္တကို ပယ်ခြင်းအနက် ဤ အနက် နှစ်ပါးကို-

ယသ္မာစ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။

'ရဟန်းတို့၊ ဤရုပ်သည် အနတ္တဖြစ်သောကြောင့် နာကျင်ခြင်း ဖြစ်ရ၏' စသော စကားဖြင့် ဖော်ပြ ဟောကြားတော်မူသည်။

ဤအနတ္တ ဓာတ်သဘောသည် မြတ်စွာဘုရား ပွင့်တော်မူသော သာသနာ အတွင်း၌သော်လည်းကောင်း၊ ပွင့်တော်မမူသော သာသနာပအခါ၌သော် လည်းကောင်း မိမိသဘာဝ အတိုင်း တည်ရှိ၏။ သို့ရာတွင် ဖော်ထုတ် ဟောကြားမည့်သူမရှိလျှင် သတ္တဝါတို့ မသိနိုင်ကြချေ။ မြတ်စွာဘုရားသခင်ပွင့်တော်မူလာသောအခါမှသာ ထိုအနတ္တဓာတ် အနတ္တ သဘောကို ဟောကြားထုတ်ဖော်သဖြင့် လူ နတ်ဗြဟ္မာတို့ သိရှိ နားလည်ကြရလေသည်။ သတ္တဝါတို့သည် မမြဲခြင်း အနိစ္စ သဘော၊ ဆင်းရဲခြင်း ဒုက္ခသဘောကို သိလွယ် မြင်လွယ်ကြသော်လည်း အနတ္တသဘောကိုမူကား သိမြင်ရန်ခက်ခဲလှသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ဥပရိပဏ္ဏာသ ပါဠိတော် ဆဆက္ကသုတ္တန်စသည်၌ထင်ရှားပေါ်လွင်သော အနိစ္စ လက္ခဏာဖြင့် ခက်ခဲသော အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောပြ

တော်မူသည်။ ခန္ဓဝဂ္ဂသံယုတ် အရဟန္တသုတ်စသည်၌ ထင်လွယ် မြင်လွယ်သောအနိစ္စလက္ခဏာတို့ဖြင့် ခက်ခဲသိမ်မွေ့သောအနတ္တ လက္ခဏာကို ထင်ရှားအောင် ဟောပြတော်မူ၏။ ဤ အနတ္တ လက္ခဏာသုတ် ရှေ့ပိုင်း၌ ဒုက္ခ လက္ခဏာဖြင့် အနတ္တသဘောကို ထင်ရှားအောင် ဟောတော်မူ၏။ ဤသုတ် တော ပရိဝဋ္ဋ မမ္မ ဒေသနာစခန်း၌ အနိစ္စလက္ခဏာ , ဒုက္ခလက္ခဏာ နှစ်ရပ်ဖြင့် အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောပြတော်မူသည်။

အနတ္တ လက္ခဏ သုတ်တော်ကို အခန်းအားဖြင့် ဝေဖန် ပိုင်းခြားရလျှင်....

(က) ခန္ဓာငါးပါးတို့၏ အနတ္တဖြစ်ပုံ၊
(ခ) ခန္ဓာငါးပါးတို့၏ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံ၊
(ဂ) ဝိပဿနာပညာ မဂ်ပညာဖြင့် ရှုမြင်ပုံ၊
(ဃ) ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာ ဉာဏ် အဆင့်ဆင့် ဖြစ်ပုံ၊
(င) ပဉ္စဝဂ္ဂီ ရဟန်းတို့ ရဟန္တာ ဖြစ်ကြပုံ-ဟူ၍အပိုင်းကြီး ငါးပိုင်းဖြစ်သည်။

(က) ရူပံ ဘိက္ခဝေ အနတ္တာ-မှ ဧဝံမေ ဝိညာဏံ မာ အဟောသီတိ-တိုင်အောင်သော စကားဖြင့် ခန္ဓာငါးပါးတို့၏ အလိုသို့မလိုက်ခြင်း၊ ပိုင်ဆိုင်သူ မရှိခြင်း၊ ပြုလုပ်ခံစားတတ်ဖန် တီးတတ်သော သဘောမှဆိတ်သုဉ်းခြင်း၊ တိတ္ထိတို့ ယူဆစွဲလမ်း သော အတ္တ ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း အနက်သဘောကြောင့် အနတ္တ ဖြစ်ပုံကို ပြတော်မူသည်။

အာဗာဓာယ သံဝတ္တတိ'' ဟူသော စကားရပ်ဖြင့် နာကျင်မှု ဆင်းရဲဒုက္ခ လက္ခဏာကို အခြေခံထား၍ ခန္ဓာငါးပါး၏ အနတ္တဖြစ်ပုံကို ပြတော်မူသည်။

(ခ) တံ ကိံ မညထ-မှ နော ဟေတံ ဘန္တေ-တိုင်အောင် သောစကားဖြင့် ခန္ဓာငါးပါးတို့၏ အနိစ္စဖြစ်ပုံကို တစ်ကျော့ တစ်ပြန်၊ ဒုက္ခဖြစ်ပုံကို တစ်ကျော့ တစ်ပြန်၊ အနတ္တဖြစ်ပုံကို တစ်ကျော့ တစ်ပြန်အားဖြင့် သုံးကျော့ သုံးပြန် တိုင်အောင် အမေးအဖြေပြု၍ ဟောတော်မူ၏။ ထို့ကြောင့် ဤအပိုင်းသည် တေ ပရိဝဋ္ဋ ဓမ္မဒေသနာမည်၏။

(တေ=သုံးကြိမ်+ ပရိဝဋ္ဋ=ပြန်၍+ ဓမ္မဒေသနာ=တရား ဟောခြင်း)။

(ဂ) တသ္မာ တိဟ-မှ သမ္ပပညာယ ဒဋ္ဌဗ္ဗံ- တိုင်အောင် သောစကားဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အတွင်းအပြင် အကြမ်းအနု အယုတ်အမြတ် အဝေးအနီးဖြစ်သော ခန္ဓာငါး ပါးကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အလိုသို့မလိုက်ဟူ၍ ဟုတ်တိုင်းမှန်စွာ ကောင်းမြတ်သော ဝိပဿနာ ပညာသညာ ဖြင့် သိမြင်စုံကို ဟောတော်မူ၏။

(ဃ) ဧဝံ ပဿံ-မှ ပဇာနာတိ-တိုင်အောင်သော စကား ဖြင့် မဂ်သို့ဆိုက်ရောက်စေနိုင်သည့် အထွတ် အထိပ်ဖြစ်သော ဝိပဿနာဉာဏ် (ဝုဋ္ဌာနဂါမိနီ ဝိပဿနာ)ကိုလည်းကောင်း၊ ထိုမှတစ်ဆင့်တက်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် အဆင့်ဆင့်ဖြစ်ပွားပုံကိုလည်းကောင်း ဟောတော်မူပါသည်။

(င) ဣဒ မဝေါစ- မှ ဝိမုစ္စိံသူတိ- တိုင်အောင်သော

 စကားဖြင့် အနတ္တလက္ခဏသုတ်တော်ကိုနာကြားရသောပဉ္စဝဂ္ဂီ

ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြောင်းသို့ နိဂုံးချုပ်ပြဆို ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဤသို့ ပဥ္စဝဂ္ဂီရဟန်းတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြပုံကိုအတုယူ၍ မဂ်ဖိုလ်တရားထူးကိုရလိုသော ဗုဒ္ဓဘာသာ ကလျာဏနှယ်ဝင် သူတော်စင် အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည် အနတ္တလက္ခဏသုတ်တော်ကြီးကို နေ့ညမပြတ် ရှိသေ့စွာ ရွတ်ဖတ်သရဇ္ဈာယ်ကြ၍ခန္ဓာငါးပါး၌အနတ္တလက္ခဏာ ထင်မြင်လျက် အရဟတ္တဖိုလ် တိုင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။ ယခုဘုန်းကြီး အပါအဝင် သံဃာငါးပါးတို့က အနတ္တလက္ခဏသုတ်တော်ကိုရွတ်ဆိုဟောကြားကြပါမည်၊ ရှိသေစွာ နာကြားကြပါကုန်လော့။

(နမော တဿ........အနတ္တလက္ခဏသုတ်)။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ မြန်မာနိုင်ငံတော်သားများနှင့် ကမ္ဘာသူကမ္ဘာသားသတ္တဝါအများတို့သည်ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကုန်သတည်း။

၁။ **ဟောကြားသောဆရာတော်-** ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)။ (နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ)။

၂။ **သီတင်းသုံးရာနေရပ်** -ဝါးတန်းစာချကျောင်း မိုးကောင်းတိုက်၊ မန္တလေးမြို့။

၃။ **ဟောကြားသည့်ရက်** -၁၃၄၇-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅-ရက်။ (၆-၈-၈၅)။

၄။ **ဟောကြားသည့်နေရာ....**မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

# ဒေဝဒူတသုတ္တန်

## တရားတော်

စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။
တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။

ယေ မာဏဝါ၊ ရှေးက ကောင်းမှု ကောင်းကျိုးပြု၍ လူ့ရွာ ဖြစ်သူ အကြင်လူတို့သည်။ ဒေဝဒူတေဟိ၊ အိုနာသေတွေ့ချိန် မစေ့မီ မမေ့စေရေး အသိပေးဟန် သေမင်းတမန် တို့သည်။ စောဒိတာ၊ အိုနာသေရေး မရောက်သေးမီ အနှေးလက်ငင်း အပြစ်ကင်းသည့် ပြုခြင်း ပြောခြင်း ကြံခြင်းဟုဆို ကုသိုလ် သမိုက် သုစရိုက်ကို ပြုလိုက်ကြလေဟု အထွေထွေပြ အခြေကျ အောင် နှေ့ညမရွေး အသိပေးနေကြရပါကုန်လျက်။ ပမဇ္ဇန္တိ၊ ပြုရကောင်းပင် သိမဝင်နှင့် သိပင်သိလည်း ပြုမူရဲဘဲ ရှောင်လွှဲ ပေါ့ဆ မေ့လျော့နေကြကုန်၏။ တေနရာ၊ ကုသိုလ်ပြုခွင့် ကြုံရ လင့်လည်း လေးဖင့်ပေါ့ပေါ့ မေ့လျော့နေသူထိုထိုလူတို့သည်။ ဟီနကာယူပဂါ၊ သေသည်မှ နောက် ယုတ်ညံ့သော ဘဝသို့ ရောက်ကြကုန်သည်ဖြစ်၍။ ဒီဃရတ္တံ၊ နှစ်ပရိစ္ဆေဒ တွက်မရ အောင် ရှည်စာစုရုံးနှေ့ညဉ့်ကာလပတ်လုံး။ သောစန္တိ၊ ချမ်းသာ ကင်းလွှဲ လွန်ဆင်းရဲလျက် အမြဲဆူပြေး ပူဆွေးကြရလေကုန်၏။

သာသနာတော် သက္ကရာဇ် ၂၅၃၁၊ ကောဇာ သက္ကရာဇ် ၁၃၄၉-ခုနှစ်၊ ဝါခေါင်လပြည့်နေ့ မြန်မာ့အသံမှ မြန်မာ နိုင်ငံအတွင်းရှိ နိုင်ငံတော်သူ-နိုင်ငံတော်သားအားလုံး နာယူ မှတ်သား သတိသံဝေဂတရားဖြစ်ပွားကြပြီး၊ပြုစွမ်းနိုင်လောက်

သည့် ဆိုင်ရာကုသိုလ်ကိစ္စများကို လေးလေးစားစား မြတ်မြတ်နိုးနိုး ပြုလုပ်ပွားများ နိုင်ကြစေရန် ရည်သန်ကာ ဒေဝဒူတသုတ္တန် တရားတော်ကို ဟောပြပါမည်။ ဒေဝဒူတသုတ္တန် တရားတော်သည် ဂေါတမ သဗ္ဗညုမြတ်စွာ ကိုယ်တော်တိုင် ဟောပြအပ်သော တရားဖြစ်သည့်ပြင် ဂေါတမသဗ္ဗညုမြတ်စွာဘုရားအလျှင်ပွင့်ပြီးတော်မူကြသော ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြပြီးကုန်သော ဘုရားရှင် အားလုံးကလည်း ထုတ်ဖော်ဟောပြအပ်သော တရားဖြစ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားအားလုံးသည် ဘာ့ကြောင့် ဤဒေဝဒူတသုတ္တန် တရားတော်ကို မလွှတ်တမ်း ဟောကြားတော် မူခဲ့ကြပါသလဲဆိုသော် ဤဒေဝဒူတသုတ္တန် တရားတော်ကို လေးလေး နက်နက် နာယူမိကြသောပုဂ္ဂိုလ်များသည်မိမိတို့သန္တာန်မှာ သံဝေဂဉာဏ်ပေါ်သော ထိတ်လန့်တုန်လှုပ်သော အခြင်းအရာဖြစ်သော ဩတ္တပ္ပနှင့်တကွ အသိဉာဏ်မဟာကုသိုလ်တရားများ အကြိမ်ကြိမ်ဖြစ်ပွားကြသဖြင့် မကောင်းမှု ဒုစရိုက်တရားတွေကို ကင်းနိုင်သည်ထက် ကင်းနိုင်အောင် ရှောင်ကြဉ်ကြပြီးကောင်းမှု သုစရိုက်တရားတွေကို ပြည့်စုံစေသည်ထက် ပြည့်စုံအောင် လေးစားရိုသေစွာ ပြုလုပ် ဆောင်ရွက် သွားကြမည်ဖြစ်သည့်အတွက် မသေမီအချိန်မှာလည်း ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့် ပြည့်စုံစွာ နေထိုင်နိုင်ကြပါလိမ့်မည်။ သံဝေဂဉာဏ်တွေ အလွန့် အလွန်ဖြစ်၍ တရားကို တကယ့် တကယ်အားထုတ်ကြပါလျှင် ပါရမီအားလျော်စွာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ရသည်အထိ ကောင်းကျိုးတွေနှင့် ပြည့်စုံသွားနိုင်ကြပါသည်။

ဖြစ်နေဆဲဘဝမှ ကွယ်လွန်သည့်အခါမှာလည်း လူကောင်း နတ်ကောင်းအဖြစ်ကို ရနိုင်ကြပါသည်။ ထိထိမိမိ သံဝေဂဉာဏ် ဖြစ်ပွားမိခဲ့ဖူးသည့်အတွက် ဖြစ်ရာ လူနတ် သုဂတိ ဘဝတွေမှာ တစ်ဘဝထက်တစ်ဘဝ မကောင်းမှုတွေကို ဝေးဝေးရှောင်ကြဉ် မှုတွေကို မြင့်သည်ထက်မြင့်အောင် ဖြည့်ကျင့်နိုင်ကြပြီး မဂ်ဖိုလ် တရားတွေနှင့် ပြည့်စုံကာ ဆင်းရဲအားလုံး ငြိမ်းသွားနိုင်ကြပါ သည်။ ဤကဲ့သို့ ဆင်းရဲအားလုံး ငြိမ်းသွားသည်အထိ ကျေးဇူး ပြုပေးနိုင်သည့် အတွက် ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း ဤ ဒေဝဒူတသုတ္တန်တရားတော်ကို မလွတ်တမ်း ဟောကြားတော် မူခဲ့ကြခြင်း ဖြစ်ပါသည်။

(၁) ကလေးငယ်၊
(၂) အိုသူ၊ (၃) နာသူ၊
(၄) မင်းပြစ်မင်းဒဏ်ဖြစ်သော ညှဉ်းပန်းနှိပ်စက်မှု၊ တစ်နည်း-မင်းပြစ် မင်းဒဏ် အတိုင်း စီရင်နေသူ (အာဏာသား)၊
(၅) သေသူ-ဟူသော ဤငါးမျိုးကို ဒေဝဒူတဟု ခေါ် ပါသည်။

ဤငါးမျိုးထဲက ပထမ ကလေးငယ်ဆိုသော ဒေဝဒူတက ကိုယ်တိုင်ဖွင့်ဟ မပြောပေမဲ့ သဘောအားဖြင့် ဤကဲ့သို့ ပြော နေပါသည်။

''အမေတို့ အဖေတို့၊ ဘကြီးတို့၊ ဘထွေးတို့၊ အစ်ကိုတို့၊ အစ်မ တို့၊ ကျုပ်ကို ကြည့်ကြစမ်းပါ၊ သင်တို့လိုပင် ကျုပ်မှာလဲ လက်တွေ ခြေတွေရှိပါတယ်။ ဒါပေမဲ့ ကိုယ့်ကျင်ကြီးကျင်ငယ် တွေထဲမှာ လူးလှိမ့်နေရပါတယ်၊ ကိုယ့်သဘောအတိုင်းထပြီး

ရေမချိုးနိုင်ပါ။ ကျုပ်ကိုယ်ဟာ အညစ်အကြေးတွေ ပေပြီး ညစ်ပတ်နေပါတယ်။ကျုပ် ကို ရေချိုးပေးကြပါလို့လဲ မပြောဆိုနိုင်ပါ၊ ကျုပ်ဟာ ၂ ရုပ်နာမ်အသစ် ဖြစ်ပေါ်ရခြင်း ဇာတိသဘောမှ မလွတ်မြောက်သည့်အတွက် ဒီလိုဖြစ်နေရပါတယ်။ ကျုပ်သာမဟုတ် သင်တို့လဲ ဇာတိမှ မလွတ်မြောက်ကြပါ၊ ကျုပ်ထံ ဇာတိရောက်လာခဲ့သလို သင်တို့ထံလဲ နောက်တစ်ဖန် ဇာတိရောက်လာပါလိမ့်မယ်။အဲဒီဇာတိအသစ် မရောက်လာမီကောင်းတဲ့ အပြုအပြော အကြံအစည်တွေကို ပြုလုပ် ပြောဆိုကြံစည်ကြပါ။

အို သူဆိုသော ဒုတိယ ဒေ၀ဒူတက ဤသို့ ပြောပါသည်-

"ငါ့ သား ငါ့သမီး ငါ့တူ ငါ့မြေးတို့ ငါ့ကိုကြည့်ကြစမ်းပါ၊ ငါလဲ သင်တို့လို ပျိုနုခဲ့တယ်၊ ခြေသလုံးအား ပေါင်အားလက်မောင်းအားတွေနဲ့ ပြည့်စုံခဲ့တယ်၊ လျှင်မြန် ဖြတ်လတ်ပေါ့ပါးခဲ့တယ်၊ယခု ငါ့မှာ အဲဒီအားတွေ လျှင်မြန်ဖျတ်လတ်ပေါ့ပါးမှုတွေ မရှိတော့ဘူး။ လက်တွေ ခြေတွေ ရှိနေပေမဲ့ သွက်သွက်လက်လက် မသွားနိုင် မလုပ်နိုင် မကိုင်နိုင်တော့ဘူး။ ခန္ဓာကိုယ် ရင့်ရော်အိုမင်းမှု ဇရာမှ မလွတ်မြောက်သည့်အတွက် ဒီလိုဖြစ်နေရတယ်။ ငါသာမဟုတ် သင်တို့လဲ ဇရာမှ မလွတ်မြောက်ကြဘူး။ ငါ့ထံ ဇရာရောက်လာသလို သင်တို့ထံလဲ ဇရာရောက်လာလိမ့်မည်။ ဒါကြောင့် ရင့်ရော် အိုမင်းမှု ဇရာမရောက်လာမီ ကောင်းတဲ့ အပြု အပြော အကြံအစည်တွေကို ပြုလုပ် ပြောဆို ကြံစည်ကြပါ"

နာသူဆိုသော တတိယ ဒေ၀ဒူတက ဤကဲ့သို့ ပြောပြနေပါသည်။

"ငါ့သား ငါ့သမီး ငါ့တူ ငါ့မြေး သူငယ်ချင်းမိတ်ဆွေတို့၊ ငါ့ကို ကြည့်ကြစမ်းပါ၊ ငါလဲ သင်တို့လို အနာရောဂါ ကင်းခဲ့ဖူးတယ်၊ ကျန်းမာ သန်စွမ်းခဲ့ဖူးတယ်၊ အခုတော့ နာကျင်မှုဗျာဓိရဲ့ နှိပ်စက်မှုကိုခံနေရတယ်။ ကိုယ့်ကျင်ကြီး ကျင်ငယ်တွေထဲမှာလူးလှိမ့်နေရတယ်။ ထလဲ မထနိုင်ဘူး၊ ငါ့မှာ လက်တွေ ခြေတွေရှိနေပေမယ့်မထောက်နိုင်မသယ်နိုင်တော့ဘူး၊ နာကျင်မှုဗျာဓိသဘောမှ မလွတ်မြောက်သည့်အတွက် ဒီလိုခံစားနေရတာ၊ ငါသာမဟုတ် သင်တို့လဲ ဗျာဓိသဘောမှ မလွတ်မြောက်ကြဘူး၊ ငါ့ထံ ဗျာဓိရောက်လာသလို သင်တို့ထံလဲ ဗျာဓိရောက်လာလိမ့်မယ်။ ဒါကြောင့် ဗျာဓိရောက်မလာမီ ကောင်းတဲ့အပြုအပြော အကြံအစည်တွေကို ပြုလုပ်ပြောဆို ကြံစည်ပါ"။

ညှဉ်းပန်းနှိပ်စက်မှုဆိုသော စတုတ္ထဒေဝဒူတက ဤကဲ့သို့ ပြောပြနေပါသည်။

"ညှဉ်းပန်းနှိပ်စက်မှုဆိုတဲ့ဒုက္ခ ငါတို့ ဖြစ်လာပြီဆိုရင် သစ်ပင်မှာ ကျောက်တုံးကျောက်ခဲမှာ မြေပြင်ပေါ်မှာ ဖြစ်ကြတာ မဟုတ်ဘူး၊ သင်တို့လို ပုဂ္ဂိုလ်တွေရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖြစ်လာကြတာ၊ ဒါ့ကြောင့် သင်တို့ကိုယ်မှာ ငါတို့ လာမဖြစ်ကြရလေအောင်ကောင်းတဲ့ အပြုအပြော အကြံ အစည်တွေကို ပြုလုပ်ပြောဆို ကြံစည်ကြပါ"။

"တစ်နည်းပြောရသော် ညှဉ်းပန်းနှိပ်စက်မှုမျိုး၏အကောင်အထည်ဖော် ပြုပေးကြသော အာဗာဓာသားတွေကို စတုတ္ထဒေဝဒူတ"ဟု ခေါ်သည်။ ဤဒေဝဒူတက ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကိုငါတို့ပြုလုပ်တာ သစ်ပင်မှာ ကျောက်တုံးကျောက်ခဲမှာ မြေပြင်မှာ ပြုလုပ်ကြတာ မဟုတ်ဖူး၊ သင်တို့လို သတ္တဝါတွေ

အပေါ်မှာ ပြုလုပ်ကြတာ၊ ဒါ့ကြောင့် သင်တို့အပေါ်မှာငါတို့က ညှဉ်းပင်းနှိပ်စက်မှု မပြုရလေအောင် ကောင်းသော အပြုအပြော အကြံအစည်တွေကို ပြုလုပ်ပြောဆို ကြံစည်ကြပါ” ဟု ပြောနေပါသည်။

သေနေသူဆိုသော ပဌမမြောက်ဒေဝဒူတကသူ့ကို မြင်တွေ့နေသော လူတွေကို ဤကဲ့သို့ ပြောပြနေပါသည်။

သားတို့ သမီးတို့ မြေးတို့၊ ဘကြီးတို့ ဘထွေးတို့၊ အမေတို့ အဖေတို့၊ မိတ်ဆွေတို့ သူငယ်ချင်းတို့၊ အစ်ကိုတို့ အစ်မတို့ ညီတို့ နှမတို့၊ ညီမတို့ ပက်လက်ကျင်းထားသော ငါ့ကိုကြည့်ကြစမ်းပါ၊ ကျုပ်ကို ကြည့်ကြစမ်းပါ၊ သုသာန်မှာ မြှုပ်နှံသင်္ဂြိုဟ်ဖို့ မီးရှို့သင်္ဂြိုဟ်ဖို့၊ ဂူသွင်းသင်္ဂြိုဟ်ဖို့ ထမ်းလာတဲ့ ဆွဲလာ ကဲ့ ကားနဲ့ တင်လာတဲ့ ငါ့ကိုကြည့်ကြစမ်းပါ၊ ကျုပ်ကို ကြည့်ကြစမ်းပါ၊ သေခြင်းသဘောမှ မလွတ်မြောက်သည့်အတွက် ဒီလို ဖြစ်ရပါတယ်။ ငါသာမဟုတ် သင်တို့လဲ သေခြင်းသဘောမှ မလွတ်မြောက်ကြဘူး၊ ငါ့ထံ သေခြင်းသဘောရောက်လာသလို သင်တို့ထံလဲ ရောက်လာပါလိမ့်မယ်၊ သေခြင်းသဘောမရောက်လာမီ ကောင်းတဲ့ အပြု အပြောအဆို အကြံအစည်တွေကို ပြုလုပ်ပြောဆို ကြံစည်ကြပါ”။

ဒေဝဒူတငါးမျိုးက ဤကဲ့သို့ အသီးသီးပြောပြ အသိပေးနေကြပါသည်။

နတ်များသည် မိမိတို့အလိုသို့ လိုက်ပါစေခြင်းအားဖြင့် လူတွေကို လွှမ်းမိုးနိုင်သလို သေခြင်းသဘောမည်သော သေမင်းသည်လည်း အသက်ရှင်နေသူ ဟူသမျှ တစ်နေ့နေ့မှာ လက်ရှိ

ဘဝမှ ရွေ့လျော ပျက်စီးမှုဆိုသည့် မိမိအလိုသို့လိုက်ပါစေခြင်း အားဖြင့် နတ်နှင့်တူနေပါသည်။

ဤကဲ့သို့နတ်နှင့်တူသည့်အတွက် သေမင်းကို ဒေဝ-နတ်ဟု ခေါ်ရသည်။ဤသေမင်းနတ်က စေလွှတ်ထားသော တမန်များ ဖြစ်၍ ပြောခဲ့သော ကလေးငယ်စသည့် ငါးမျိုးကို ဒေဝဒူတ သေမင်းတမန်ဟု ခေါ်ပါသည်။

နတ်အဝတ်တန်ဆာ အစုံအလင် ဝတ်ဆင်ထားသော နတ်သား၊ သို့မဟုတ် နတ်သမီးတစ်ယောက်ယောက်က ကောင်းကင်မှာ လာရောက်ရပ်တည်ပြီး၊ သင်-ဘယ်ရက်ဘယ်နေ့မှာသေလိမ့်မည်ဟု ပြောခဲ့လျှင် အမှန်ပင် ပြောသည့်အတိုင်း သေမှာဖြစ်၍ ပြောအပ်သော စကားကို ယုံကြည်ထိုက်သလို ပြောပြခဲ့သော ကလေးစသည့် ငါးမျိုးတို့၏ အသီးသီး ပြောပြချက်သည် ပြောသည့်အတိုင်း အမှန်ဖြစ်လာမည် ဖြစ်သည့်အတွက် နတ်များ၏ ပြောစကားနှင့်အ တူနေပါသည်။ ဤကဲ့သို့ နတ်နှင့် တူသော၊တမန်များဖြစ်သည့် အတွက်လည်း ကလေးငယ် စသော ငါးမျိုးကို ဒေဝဒူတ-နတ်တမန်ဟု ခေါ်သည်။ ဒေဝဒူတကို သေမင်းတမန် နတ်တမန်ဟု မှတ်ထားကြရမည်။

ကြီးလေးသော မကောင်းမှုအကုသိုလ်ကို ပြုလုပ်ခဲ့သူများ၊ ကြီးလေးသောမကောင်းမှုမျိုး မဟုတ်သော်လည်း မကောင်းမှုမျိုးစုံကို ပြုလုပ်ခဲ့သူများနှင့် မကောင်းမှု တစ်မျိုးတည်းကိုပင် ခဏခဏ အကြိမ်ကြိမ် အထပ်ထပ် ပြုလုပ်ခဲ့သူများသည် ကွယ်လွန်ပြီးနောက် ဆင်းရဲမျိုးစုံခံရာ ငရဲခန်းအတွင်း တိုက်ရိုက်ရောက်သွားရပါသည်။ မကြီးလေးသော အကုသိုလ်အမှုကို အနည်းအကျဉ်း တစ်ခါတစ်ရံ ပြုခဲ့ဖူးသူများမှာမူ ကွယ်လွန်

ပြီးနောက် ငရဲခန်းအတွင်း တိုက်ရိုက်မရောက်သေးဘဲ ယမမင်းထံ အစစ်ခံပြီးမှ ရောက်သင့်လျှင် ရောက်ကြရမည်၊ ငရဲမှ လွတ်သင့်လျှင် လွတ်ကြရမည်။

ယမမင်းက ရောက်လာသော ငရဲသူ-ငရဲသား များအား ပြောခဲ့သော သေမင်းတမန်နတ်တမန် ငါးမျိုးကို အစဉ်အတိုင်း မေးမြန်းပြောဆိုပြီး၊ သူတို့ပြုခဲ့ဖူးသော ကောင်းမှု ကုသိုလ်ကို ပြန်လည်စဉ်းစား အမှတ်ရစေပါသည်။ ပြုခဲ့ဖူးသော ကောင်းမှု ကုသိုလ်ရှိ၍ ထိုကောင်းမှုကုသိုလ်ကို ပြန်လည် အမှတ်ရသော ငရဲသူ-ငရဲသားသည် ငရဲဘဝမှ ကျွတ်လွန်ပြီး လူ့ပြည်နတ်ပြည်သို့ ရောက်သွားရလေသည်။ တချို့ ငရဲသူ-ငရဲသားမှာမူ သူတို့ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ကို ယမမင်းကိုယ်တိုင်က သာဓုခေါ်၍ ငရဲသူ-ငရဲသားအနေဖြင့် ပြန်လည်အမှတ်မရဖြစ်နေလျှင် ယမမင်းကိုယ်တိုင် ထုတ်ဖော် ပြောပြသဖြင့် ကောင်းမှု ကုသိုလ်ကို အမှတ်ရပြီး ငရဲဘဝမှ လွတ်မြောက်သွားပါသည်။ ဤသဘောကြောင့် ကောင်းမှုကုသိုလ် ပြုပြီးတိုင်း ယမမင်းအား အမျှဝေသောထုံးစံသည် ဗုဒ္ဓဘာသာဝင်တွေမှာရှိနေပါသည်။ ယမမင်းဟူသည် စာတုမဟာရာဇ်နတ်စာရင်းမှာပါသောဝေမာနိကပြိတ္တာမင်း ဖြစ်ပေသည်။ ငရဲဘဝမှလွတ်သင့်သော ပုဂ္ဂိုလ်များ လွတ်ပါစေ-ဟူသော စေတနာကောင်းဖြင့် ငရဲပြည်မှာ သူ့အလိုအလျောက် လာရောက်အမှုထမ်းနေပါသည်။ ပြောခဲ့သည့်သေမင်းတမန်နတ်တမန်များကို ပြန်လည်စဉ်းစား ဘောက်မေ့စေခြင်းဖြင့် ငရဲသူ-ငရဲသားတို့၏ ကောင်းမှုကံ ကို မှတ်သားတတ်လို့ ယမမင်းဟု ခေါ်ပြီး အဝီစိငရဲ၏ တံခါးလေးပေါက်မှာ တစ်ယောက်စီ ရုံးထိုင်နေကြပါသည်၊

မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တစ်စိတ်မျှကို ကြည်ညိုနိုင်ရန်နှင့် သံဝေဂဉာဏ် ဖြစ်ပွားနိုင်ကြစေရန် သာဝတ္ထိ ဇေတဝန်ကျောင်းတော်၌ ဟောကြားသော ဥပရိပဏ္ဏာသ ပါဠိတော် ဒေဝဒူတသုတ္တန်တရား အကျဉ်းချုပ်ကို ဟောပြောပါသည်။

"ရဟန်းတို့-တံခါးပေါက်အသီးသီးကို ဖွင့်လှစ်ထားသော မျက်နှာချင်းဆိုင် အိမ်နှစ်လုံးရှိရာ မျက်စိ အမြင်ကောင်းသူ တစ်ယောက်သည် အိမ်တစ်အိမ်မှနေ၍ အခြားအိမ်တစ်အိမ်ကို ကြည့်ရှုနေစဉ် ကြည့်ရှုအပ်သောအိမ်သို့ ဝင်ထွက် သွားလာသူတို့ကို မြင်ရလေသကဲ့သို့ ငါဘုရားသည် သေနေဆဲသတ္တဝါ၊ ပဋိသန္ဓေနေဆဲ သတ္တဝါတို့က ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်သိတော်မူသည်။ ကောင်းမှုက, မကောင်းမှုက အားလျော်စွာလားရောက်ကြ (ဘဝအသစ်ဖြစ်ကြ) သော သတ္တဝါတို့တွင် ဤသတ္တဝါတို့သည် ကိုယ်,နှုတ်,စိတ်ဖြင့် ပြုအပ်သော သုစရိုက်တရားတို့နှင့် ပြည့်စုံခြင်း၊ အရိယာသူမြတ်တို့ကို မစွပ်စွဲ မကဲ့ရဲ့ခြင်း၊ မှန်ကန်သောအယူနှင့် ပြည့်စုံခြင်း၊ မှန်ကန်သော အယူနှင့် ယှဉ်သော ကောင်းမှုကံတို့ကို ဆောက်တည် ပြုလုပ်ခြင်းတို့ကြောင့် နတ်ပြည်၌ဖြစ်ကြကုန်၏။ဤသတ္တဝါတို့ကား လူ့ပြည်၌ ဖြစ်ကြကုန်၏။

ဤသတ္တဝါတို့ကား ကိုယ်, နှုတ်, စိတ်တို့ဖြင့် ပြုအပ်သော ဒုစရိုက်တရားတို့နှင့် ပြည့်စုံခြင်း၊ အရိယာ သူမြတ်တို့ကို စွပ်စွဲကဲ့ရဲ့ပြစ်တင်ခြင်း၊ မှားယွင်းသောအယူနှင့် ပြည့်စုံခြင်း၊ မှားယွင်းသောအယူနှင့်ယှဉ်သော မကောင်းမှုကံတို့ကိုဆောက်တည် ပြုလုပ်ခြင်းတို့ကြောင့် ပြိတ္တာဘုံ၌ ဖြစ်ကြကုန်၏။ ဤသတ္တဝါတို့ကား တိရစ္ဆာန်ဘုံ၌ ဖြစ်ကြကုန်၏။ ဤသတ္တဝါတို့ကား

ချမ်းသာကင်းရာ မကောင်းမှုပြုသူတို့ လားရောက်ရာ ပျက်စီးကျရောက်ရာ ငရဲပြည်၌ ဖြစ်ကုန်ကြ၏”ဟု ငါဘုရား သိမြင်တော်မူသည်။

ရဟန်းတို့—ငရဲပြည်၌ ဖြစ်လာသူကို ငရဲထိန်း တို့သည် လက်နှစ်ဖက်တို့၌ ဖမ်းကိုင်ကြပြီးလျှင်-“အရှင်ယမမင်း၊ ဤသူသည် မိခင်၏အကျိုးစီးပွား၊ ဖခင်၏အကျိုးစီးပွားကို မပြုမလုပ်ခဲ့ပါ၊ အမိအဖအပေါ်၌ မတော်မလျော် ပြုမူ ပြောဆိုခဲ့သူဖြစ်ပါသည်။ ရဟန်းတော်တို့၏ အစီးအပွား၊ ရဟန္တာ အရှင်မြတ်တို့၏ အစီးအပွားကိုလည်း ပြုလုပ်ခဲ့သူ မဟုတ်ပါ။ ဆွေမျိုးအတွင်း အသက်ကြီးသူ၊ လေးစားထိုက်သူတို့၌ရှိသေဆည်းကပ်မှုကိုလည်း မပြုလုပ်ခဲ့ပါ၊ အရှင်ယမမင်း ဤသူအား အပြစ်ဒဏ်ပေးတော်မူပါ”ဟု ပြောဆို၍ ယမမင်းအား ပြကြလေကုန်၏။

ရဟန်းတို့—ယမမင်းသည် မိမိထံရောက်လာသော ထိုသူကို ငါးမျိုးကုန်သော ဒေဝဒူတ သေမင်းတမန် နတ်တမန်တို့ကို အစဉ်အတိုင်း တွေ့မြင်ခဲ့ရသလော—ဟု မေးမြန်း စိစစ်လေ၏။ ထိုသို့ မေးမြန်း စိစစ်သောအခါ ယမမင်းထံ အစစ်ခံနေသော ငရဲသူ ငရဲသားက အရှင် ကျွန်ုပ်သည် ငါးမျိုးကုန်သော ဒေဝဒူတ သေမင်းတမန် နတ်တမန်တို့ကို တွေ့မြင်ခဲ့ရပါသော်လည်း ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းငှာ မစွမ်းနိုင်ခဲ့ပါ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေခဲ့မိပါသည်—ဟု ပြောဆိုလေ၏။

ရဟန်းတို့—ယမမင်းသည် ထိုငရဲသူ ငရဲသားအား “သင်သည် မေ့လျော့နေမှုအလေ့အကျင့်ကြောင့် ကိုယ်,နှုတ်,စိတ်ပြင့်

ကောင်းမှု မပြုခဲ့သူ ဖြစ်သည်၊ သင်၏ မေ့လျော့မှုက သင့်ကို မကောင်း ပြုလိမ့်မည်။

သင်၏ မကောင်းမှုကံသည် အမိအဘ ညီအစ်ကိုမောင်နှမ ညီမမောင် သားချင်းဆွေမျိုး မိတ်ဆွေ တစ်စုံတစ်ယောက်ကမျှ ပြုလုပ်ပေးသော ကံမဟုတ်၊ သင်ပြုလုပ်သော ကံသာဖြစ်သည်၊ သင်ပြုလုပ်ခဲ့သော ထိုမကောင်းမှုကံ၏ မကောင်းကျိုးကို သင်သာ တွေ့ကြုံ ခံစား ရလိမ့်မည်'' ဟု ပြောဆို၍ စကားမပြော ဆိတ်ဆိတ် နေလေ၏။

ရဟန်းတို့- ထိုငရဲသူငရဲသားကို ငရဲထိန်းတို့သည် အလွန် ပူလောင်သော သံမြေပြင်ပေါ်၌ လေးဘက်လေးတန် ကား၍ အိပ်စေပြီးလျှင်လက်ဖဝါးနှစ်ဘက်၊ ခြေဖဝါးနှစ်ဘက်၊ ရင်ဝ၊ ဤငါးနေရာတို့၌ ငါးချောင်းကုန်သော သံစို့တို့ကို သံမြေပြင် တွင်းသို့စူးဝင်သည်တိုင်အောင်ရိုက်သွင်းခြင်းအားဖြင့် ငါးမျိုးသော ဖွဲ့ချုပ်မှုခေါ် ညှဉ်းပန်းနှိပ်စက်မှုကို ပြုကြလေကုန်၏။

ထိုငရဲသူ ငရဲသားသည် ထက်မြက် ကြမ်းတမ်း ပူလောင် စပ်ခါးလှသော ဆင်းရဲဝေဒနာကို တွေ့ကြုံ ခံစား ရလေ၏။ ထိုငရဲသူငရဲသားသည် မကောင်းမှုကံ မကုန်သေးသမျှ သေ မသွားမူ၍ သုံးဂါဝုတ်မျှကြီးသော ကိုယ်မှအသားတို့ကို အိမ် ကြီးကြီး အမိုး တစ်ဖက်ခန့်ရှိသော ဓားမကြီး တို့ဖြင့် ခုတ် ခွာချခံရခြင်းစသော ဆင်းရဲအမျိုးမျိုးတို့ကိုဆက်ကာဆက်ကာ တွေ့ကြုံ၍ ခံစားရလေ၏။ ပြုခဲ့သော မကောင်းမှုကံ ကုန်မှသာ ငရဲဆင်းရဲမှ လွတ်မြောက်ရလေ၏။

ရဟန်းတို့- ရှေးကဖြစ်ခဲ့ဖူးသည်ကား ယမမင်းအား ဤသို့ သောအကြံအစည်သည် ဖြစ်ပေါ်ခဲ့ဖူးလေ၏။ ''အချင်းတို့-

လူ့လောက၌ ယုတ်မာသောင်းပြောင်း မကောင်းမှု ကံ တို့ကို ပြုခဲ့သူတို့သည် ဤသို့ဤပုံ အမျိုးအမျိုးအဖုံဖုံ ညှဉ်းပန်းနှိပ်စက်မှု မျိုးစုံတို့ကို တွေ့ကြုံခံစားကြရလေကုန်၏။ ငါသည် လူအဖြစ်ကိုရပါမူ ကောင်းလေစွ၊ လူအဖြစ်ကိုရရာအခါ မြတ်စွာဘုရားပွင့်တော်မူ၍ မြတ်စွာဘုရားကို ဆည်းကပ်ဖူးမြော် ပူဇော်ရပါမူ ကောင်းလေစွ၊ ထိုမြတ်စွာဘုရားသည် ငါ့အား တရားဟောတော်မူ၍ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို သိမြင်ရပါမူ ကောင်းလေစွ။

"ရဟန်းတို့-ယမမင်း၏ ထိုသို့ အကြံအစည် ဖြစ်ခဲ့ဖူးသည်ကို ငါဘုရား အခြားသော သမဏ ဗြာဟ္မဏခေါ် သူတော်သူမြတ် တစ်ဦးတစ်ယောက်ထံမှ တစ်ဆင့်သိ၍ ဟောပြသည်မဟုတ်၊ စင်စစ်သော်ကား ငါးဘုရားကိုယ်တိုင်သိ ကိုယ်တိုင်မြင်ကိုယ်တိုင် ထင်ရှားတွေ့ရသည်ကိုသာ ဟောတော်မူခြင်း ဖြစ်ပေသည်"

ဤသို့လျှင်မြတ်စွာဘုရားသည် မေ့မေ့လျော့လျော့နေသူတို့တွေ့ကြုံရမည့် ငရဲဆင်းရဲကို ထုတ်ဖော်ဟောပြတော်မူပြီး၊ မမေ့မလျော့နေသူတို့အဖို့ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် အကြွင်း မရှိသော အနုပါဒိသေသ နိဗ္ဗာန် ဝင်စံ ကြရသည်အထိ တွေ့ကြုံရမည့် အကျိုးပြ ဂါထာတို့ကို ဟော်ပြတော်မူကာ ဒေဝဒူတသုတ္တန် ဒေသနာတော်ကို အဆုံးသတ်တော် မူခဲ့လေသည်။

ယေစ ခေါ ဒေဝဒူတေဟိ၊ သန္တော သပ္ပုရိသာ ဣဓ။
စောဒိတာ န ပမဇ္ဇန္တိ၊ အရိယဓမ္မေ ကုဒါစနံ။
ဥပါဒါနေ ဘယံ ဒိသွာ၊ ဇာတိမရဏသမ္ဘဝေ။
အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏသင်္ခယေ။

တေ ခေမပ္ပတ္တာ သုခိနော၊ ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ။
သဗ္ဗဝေရဘယာတီတာ၊ သဗ္ဗဒုက္ခံ ဥပစ္စဂုံ။

ဣမ၊ ကုသိုလ်ပြုခွင့် အသင့်ကြုံရာ သာသနာနှင့် ဆုံလာတွေ့ရာ ဤလူ့ရွာဌ။ သန္တော၊ တရားရေးဘက် စိတ်အားထက်သဖြင့် ငြိမ်သက်ကြကုန်သော။ ယေစ သပ္ပုရိသာ၊ ကိုယ်နှုတ်စိတ်ထားဤသုံးပါး၌တရားမစောင်း အကြင်သူတော်ကောင်းတို့မှာမူ။ ဒေဝဒူတေဟိ၊ သေမင်းတမန် နတ်တမန်ဟု ဆိုရန်ရွေးချယ် ကလေးငယ်နှင့် အရွယ်အိုလာ ရောဂါ နှိပ်စက်ပြစ်ချက်ခံယူသေသူ တည့်လျှောက် ဤငါးယောက်တို့သည်။ စောဒိတာ၊ ဘဝအသစ်ဖြစ်ရဦးမည် ရုပ်ရည်ပျက်ယွင်း အိုမင်းရမည် အလီလီအလာလာနာရမည်စင်စစ်ကိုယ့်အပြစ်ဒဏ်ကိုယ်ခံရမည်အတည်မကျ ဤဘဝကိုစွန့်ချမသွေ သေရလိမ့်မည် ကြံစည်ဆင်ခြင် ကြိုတင်ကောင်းမှု စုဆောင်းပြုကြလေဟု သေချာညွှန်းဖော် တိုက်တွန်း နှိုးဆော်အပ်ကုန်သည်ဖြစ်၍။ အရိယ--ဓမ္မေ၊ အရင်းခံတရား သုစရိုက်များနှင့် လေးပါး သတိပဋ္ဌာန်အစဖန်သည့် ကိုးတန်လောကုတ် လက်ဆုပ်လက်ကိုင် ရနိုင်ကြောင်းမမှား အရိယာတို့ဟောကြားမြွတ်တရား၌။ ကုဒါစနံ၊ နားလည်ချိန်မှ စ၍ဖန်ဖန် ရာသက်ပန်။ န ပမဇ္ဇန္တိ၊ ကြိုးစားမံယုတ် အားထုတ်လွှေ့လွှေ့ မမေ့မလျော့ကြလေကုန်။

တေ၊ ခမ္မလမ်းကြောင်းမတိမ်းမစောင်းထိုသူတော်ကောင်းတို့သည်။ ဇာတိမရဏသမ္ဘဝေ၊ တစ်ဖန်တစ်ရပ်ဘဝအသစ်ဖြစ်ရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်းတို့၏ မယွင်းစင်စစ်အကြောင်းရင်းဖြစ်သော။ ဥပါဒါနေ၊ လိုချင်နှစ်သက် တပ်မက်သာယာလျက်စွဲလမ်းတတ်သော ကာမုပါဒါန်၊ မကောင်းသော်ရာ မမှန်

ရာကိုအဟုတ်အမှန်ဟုအယူမှားလျက် စွဲလမ်းတတ်သော ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်၌။ ဘယံ၊ စွဲလမ်းမှုအကြောင်းခံ၍ကောင်းမကောင်းတံကိုပြုလုပ်စိမ့်ထိုက ံကြောင့်ကောင်းမကောင်း ဘဝ၌ ရုပ်နာမ် အသစ်ဖြစ်၍ အိုနာ သေအသစ်ပြန်ဖြစ်သွယ်သွယ် ကြောက်မက်ဖွယ်ကို။ ဒိသွာ၊ အစစ်အမှန်အသိဉာဏ်ဖြင့် ဖန်ဖန်မြင်လျက် အစဉ်မပျက် ဆက်လက်သုတ်သုတ် အားထုတ် ကြကုန် သော်ကြောင့်။ အနုပါဒါ၊ သာယာထင်လွဲ အစွဲနှစ်ဖြာ ကင်းကွာမှုကြောင့် တစ်စုတစ်ခန်း တင်နန်းငန်းမိ စွဲလမ်းခြင်းမရှိကြကုန်သည်ဖြစ်၍။ ဇာတိမရဏာ-သင်္ခယေ၊ ဘဝသစ်တစ်ဖန် ဖြစ်ရခြင်း အိုရခြင်း,နာရခြင်း'သေရခြင်းတို့၏ ကုန်ရာအမှန် မြတ်နိဗ္ဗာန်၌။ ဝိမုစ္စန္တိ၊ အရဟတ္တဖိုလ်ရောက် ပေါက်မြောက်သေချာ သိနေကြပါသဖြင့် ကိလေသာကွင်းကျွတ် ကင်းလွတ်ကြလေကုန်၏။

တေသပ္ပဒုရိသာ၊ အရဟတ္တဖိုလ်ရောက် ပေါက်မြောက်ပြီးသူအပေါင်း ထိုသူတော်ကောင်းတို့သည်။ ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ မျက်မှောက်ကာလ ယခုဘဝမှာပင်ကိလေသာဟူ အပူခပ်သိမ်းအငြိမ်းကြီး ငြိမ်းကြကုန်သည်ဖြစ်၍။ ခေမပတ္တာ၊ ဘေးကင်းရာမှန်သဉပါဒိသေသနိဗ္ဗာန်ဝင်စံကြရကုန်သည်၏အဖြစ်ကြောင့်။ သုခိနော၊ ကိုယ်ရောစိတ်ပါ လွန်စွာချမ်းသာကြကုန်၍။ သဗ္ဗဝေရ ဘယတိတာ၊ ဘေးရန်ဟူသမျှ မြူမခသွန်-လွန်ကြကုန်၍။ သဗ္ဗဒုက္ခံ၊ ဆင်းရဲဟူသမျှကို။ ဉပစ္စဂုံ၊ လွန်ကြ ကုန်လေပြီ။ သဗ္ဗဒုက္ခံ ဉပစ္စဂုံ၊ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ဒုက္ခဇာတ်သိမ်း ငြိမ်းကြလေကုန်ပြီ။

မြတ်စွာဘုရား၏မမေ့ထိုက်သောအဆုံးအမ ဂါထာတော်
စကားဖြင့် တရားသိမ်းပါတော့မည်။

ပမာဒံ ဘယတော ဒိသွာ၊ အပ္ပမာဒေ ခေမတော။

ဘာဝေထဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ပမာဒံ၊ ကောင်းရာမလေ့မကောင်းမေ့ ပျော်မေ့လျော့
ခေါ်ငြား ဣရိယာပုထ်လေးပါး၌ တရားမရှိ သတိလွတ်ကင်း
နေထိုင်ခြင်းကို။ ဘယတော၊ အပါယ်ဆင်းရဲ မလွဲ ရောက်
ကြောင်း ကောင်းရာဘဝ ဖြင့်ပြန်ငြားလည်း မလှ ရုပ်ဆင်း
ဆင်းရဲခြင်းနှင့်ထမင်းစားဖွယ် သောက်ဖွယ်ချို့နွမ်း ပင်ပန်း
ကြောင်း ဖြစ်၍ မကောင်းချက်အာသွယ်သွယ်ကြောက်မက်ဖွယ်
ဟု။ ဒိသွာ၊ ဉာဏ်ဖြင့်ဆင်ခြင်သိမြင်ကြကုန်၍လည်းကောင်း။
အပ္ပမာဒံ၊ မကောင်းရာမေ့ကောင်းရာမေ့ ပျော်မမေ့မလျော့
ခေါ်ငြား ဣရိယာပုထ်လေးပါး၌ တရားလက်ရှိ သတိမကင်း
နေထိုင်ခြင်းကို။ ခေမတော၊ ဘေးကင်းရာမှန် နိဗ္ဗာန် ရောက်
ကြောင်း ကြီးပွားကြောင်းဟု။ ဒိသွာ၊ ပစ္စက္ခဉာဏ် အမြင်
မှန်ဖြင့် ဧကန်ထင်ထင် သိမြင်ကြကုန်၍ လည်းကောင်း။
အဋ္ဌင်္ဂိကံ၊ အမြင်မှန် သမ္မာဒိဋ္ဌိ စရှိအင်္ဂါရှစ်ဖြာပါသ သီလ
သမာဓိပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဟူသော။ မဂ္ဂံ၊ သာ
ဝက ပစ္စေကဗောဓိ သမ္မာသမ္ဗောဓိ ရသိစေကြောင်း အမှန်
လမ်းကောင်းကို။ ဘာဝေထ၊ စိတ်တွင်ထင်ရှား ဖြစ်စေသော
အားဖြင့် ပွားများကြကုန်ရာ၏။ ဘာဝေထ၊ မနုဿတ္တဘာဝ
ဒုလ္လဘနှင့် ကြုံရသာသနာ ခေတ်ချိန်ခါဝယ် ဖြစ်လာရကျိုး
ကြုံရကျိုးတို့ အဖြစ်တိုးရန်ဆင်ခြင်ဉာဏ်ထားလွန်လေးစားကာ

ဖြစ်ပွားကြစေကုန်လော့။ သော၊ ရှင်တော်ဗုဒ္ဓ အချုပ်ပြကာ နှုတ်ဟမြွက်ထား ကြစကားသည်။ဗုဒ္ဓါနံ၊ ဂဂ်ါတွင်းစုံ သဲ့ထု မက ပွင့်ကြများဖြင့် ဘုရားရှင်တို့၏။အနုသာသနီ၊ဖြစ်နိုင်စရာ ကိုလေသာနှင့် ခန္ဓာဟူက မြူမျှမလာ ဗလာလုံး၀ အဆုံးကျ အောင် အသုံးချသွားရမည့် အဆုံးအမစကား ဖြစ်ပါပေ သတည်း။

၁။ **ဟောကြားသောဆရာတော်**-ဆရာတော် ဘဒ္ဒန္တ ဝိမလာ ဘိ၀ံသ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)

၂။ **သီတင်းသုံးရာနေရပ်**-ပုခန်းကျောင်းတိုက်၊ ရွှေဘိုမြို့။

၃။ **ဟောကြားသည့်ရက်** - ၁၃၄၉ - ခုနှစ်၊ ဝါခေါင် လပြည့်နေ့

၄။ **ဟောကြားသည့်နေရာ**....မြန်မာ့အသံမှ အသံလွှင့် ဟော ကြားသည်။

# နေ့ခင်တဆယ်ပါး တရားတော်

○

ယနေ့ဟောကြားမယ့်တရားတော်ကား နေ့ခင်ဟဆယ်ပါး တရားတော်ဖြစ်ပါတယ်။ သက်တော်ထင်ရှား မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် ပသေနဒီ ကောသလမင်းကြီးကို ဆုံးမတော်မူခြင်းငှါ ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။ ကောသလမင်းကြီးဟာမင်းစည်စိမ်ချမ်းသာတို့၌ယစ်မူးလျက် ကာမဂုဏ်ချမ်းသာကိုမှီလျက် တရားစီရင်ရေး လုပ်ငန်းတို့၌ လစ်ဟင်းလျက် ရှိပါတယ်။ ဘုရားရှင်အား ဆည်းကပ်မှုတို့၌ မေ့လျော့လျက် နေပါတယ်။

ကောသလမင်းကြီးဟာ တစ်နေ့တော့ ဘုရားရှင်ကို သတိရလာပြီး၊ ကျောင်းတော်သို့ သွားရောက်ကာ ဘုရားရှင်အား ရှိခိုးလျက် ထိုင်နေပါတယ်။ ဘုရားရှင်က ကောသလမင်းကြီးကို ကြာမြင့်စွာမတွေ့ရပါလားလို့ မေးတော်မူတဲ့အခါ ကောသလမင်းကြီးက-ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဿရဝါသော ဗဟုကိစ္စောဆိုသည့်အတိုင်း ကိစ္စတွေ များလှသည့်အတွက် ဘုရားရှင်အားဆည်းကပ်ခစားဖို့ရာ အခွင့်မရ၍မလာရောက်နိုင်ခြင်းပါ ဘုရား-လို့ လျှောက်ထားပါတယ်။

ဘုရားရှင်က-''ကောသလမင်းကြီး - ဩဝါဒပေး ဆုံးမတော်မူတတ်သောသဗ္ဗညု ဘုရားရှင်အမြဲသီတင်းသုံးတော်မူရာ ကျောင်းတော်မှာ ရှိပါလျက် သင်မင်းကြီးရဲ့ မေ့လျော့မှုဟာ

မသင့်လျော်ပါလို့ မိန့်ကြားတော်မူပါတယ်။ ဆက်လက် မိန့်ကြားတော်မူသည်မှာ -ကောသလမင်းကြီး၊ မင်းဆိုသည်မှာ....

၁။ တိုင်းပြည် အုပ်ချုပ် စီမံသည့် မင်းမှု ကိစ္စတို့၌ မမေ့မလျော့ရပါ။

၂။ တိုင်းသူပြည်သားတို့၏ မိဘသဖွယ်ဖြစ်သော မင်းဆိုသည်မှာ အဂတိတရား လိုက်စားမှုကိုလည်း ပယ်ရပါမည်။

၃။ ရာဇဓမ္မဆယ်ပါး(မင်းကျင့်တရားဆယ်ပါး)ကိုလည်း မပျက်စီးစေရပါ။

၄။ မင်းလုပ်သူက တရားစောင့်မှသာ တိုင်းသူပြည်သားများကလည်း တရား စောင့်ကြမှာဖြစ်ပါတယ်။

၅။ ငါဘုရား၏အဆုံးအမကို ခံယူလျက် တရားတော်နှင့်လျော်စွာ သင်မင်းကြီးတိုင်းပြည်ကိုအုပ်ချုပ်နိုင်ခြင်းမှာ အံ့ဩစရာမဟုတ်ပါ။

၆။ ရှေးကပညာရှိများဟာ ဆုံးမနိုင်သူဆရာမရှိဘဲလျက်လည်းမိမိသဘောအတိုင်းဖြင့် သုစရိုက် တရား သုံးပါးမှာ တည်ကာများစွာသောလူ အပေါင်းတို့အားတရားဟောလျက် နတ်ပြည်သို့ ရောက်စေခဲ့ဖူးပြီလို့ မိန့်တော်မူပါတယ်။

ကောသလမင်းကြီး တောင်းပန်မှုကြောင့် အတိတ် ဇာတ်ကြောင်းကို ပြန်လည်၍ မိန့်ကြားတော်မူသည်မှာ....

ရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်း အုပ်ချုပ်မင်းလုပ်နေစဉ် ဘုရားအလောင်းတော်သည် ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားခေါင်ကြီး ဝမ်း[illegible]ကိုက်၌ ပဋိသန္ဓေ နေခဲ့ပ

တယ်။ မွေးဖွားလာတော့ ဇနသန္ဓမင်းသားလို့ အမည်ပေးကြပါတယ်။ အရွယ်ရောက်သည့်အခါ တက္ကသိုလ်မှာ ပညာစုံသင်ကြားပြီးပြန်လာသည့်အခါ အိမ်ရှေ့ဥပရာဇာ မင်းအဖြစ်သို့တင်မြှောက်ခံရပါတယ်။ မင်းအဖြစ်သို့ ရောက်သည့်အခါ မြို့တံခါးလေးပေါက်၊ မြို့လယ် တံခါးပေါက်၊ မင်းတံခါးပေါက် စုစုပေါင်း တံခါးခြောက်ပေါက်တို့၌ အလှူဇရပ် ခြောက်လုံးတို့၌ဆောက်စေပြီး၊ နေ့စဉ်နေ့တိုင်း ခြောက်သိန်းအကုန်အကျခံ၍ပေးလှူစေခဲ့ပါတယ်။ အချုပ်ခန်း မှန်သမျှတို့ကိုလဲ ပယ်ဖျက်ခဲ့ပါတယ်။ တရားသဖြင့် စီးပွားရှာဖွေ စေခဲ့ပါတယ်။ သင်္ဂဟတရားလေးပါးဖြင့် တိုင်းသူ ပြည်သားတွေကို ချီးမြှောက်ပြီးပဥ္စသီလနှင့် ရှစ်ပါးသီလတို့ကိုလဲ စောင့်ထိန်းစေလျက် တရားသဖြင့် မင်းလုပ်ခဲ့ပါတယ်။ အချိန်ရသည့်အခါ တိုင်းသူ ပြည်သားတို့ကို စည်းဝေးစေလျက်....

၁။ အလှူပေးကြပါ၊
၂။ သီလဆောက်တည်ကြပါ၊
၃။ ဘာဝနာသဲ ပွားများအားထုတ်ကြပါ၊
၄။ တရားသဖြင့် အလုပ်တွေလုပ်ကြပါ၊
၅။ ဝိသမလောဘ မဖြစ်စေဘဲ ရိုးရိုးသားသား ကူးသန်းရောင်းဝယ်ကြပါ၊
၆။ ငယ်ရွယ်စဉ်မှာ ပညာသင်ကြားကြပါ၊
၇။ စီးပွားဥစ္စာကို ကြိုးစားရှာဖွေကြပါ၊
၈။ မတရား သက်သေခံခြင်း၊ ခြေထိုးခြင်း၊ အလုပ်တွေကို မလုပ်ကြပါနဲ့၊
၉။ ကြမ်းတမ်းသောစကားတွေ မပြောကြပါနဲ့၊

၁၀။ မိအိုဖအိုများကို ပြုစုံလုပ်ကျွေးကြပါ၊
၁၁။ ကြီးသူများကို ရိုသေလေးစားကြပါ–

လို့ တရားဟောလျက် သုစရိုက်တွေမှာ တည်စေပါတယ်။

တစ်ဆယ့်ငါးရက် ဥပုသ်နေ့မှာ မိမိကိုယ်တိုင် ဥပုသ်ဆောက်တည်လျက် တိုင်းသူ ပြည်သားအား လွန်စွာ စီးပွားချမ်းသာ တိုးတက်စေခြင်းငှာ မမေ့ မလျော့ ခြင်း အကျိုးငှာ တရားဟောဦးမှပဲဟု ကြံစည်တော်မူပြီး၊ တစ်မြို့လုံး စည်တီးနှိုးဆော်စေပါတယ်။ မင်းယင်ပြင်ကိုလည်း တန်ဆာဆင်စေပါတယ်။ တန်ဆာဆင်ထားသည့် မဏ္ဍပ်၏ အလယ်ပလ္လင်မှာထိုင်လျက်– "တိုင်းသူပြည်သား လူအများတို့၊ သင်တို့ရဲ့သန္တာန်မှာဖြစ်ပေါ်ခဲ့တဲ့ ပူပန်မှုတို့ကို လည်းကောင်း၊ ပူပန်ငြိမ်းအေးကြောင်းတရားတို့ကို လည်းကောင်း ဟောကြားပါမယ်၊ နားစိုက်လျက် ရိုသေစွာနာယူကြပါ" လို့ ပြောကြားလျက် တရား ဟောပါတယ်။ ဇနသန္ဓမင်းကြီးဟောကြားတဲ့ တရားကတော့ တရားခေါင်းစဉ်မှာပါတဲ့အတိုင်း နောင်တဆယ်ပါး တရားတော် ဖြစ်ပါတယ်။ ဒီတရားဆယ်ပါးကို ညွှန်ကြား ထားတဲ့အတိုင်း လိုယ်နာကျင့်သုံးပါလျှင် အသက်အရွယ်ကြီးရင့်သည့်အခါ ပူပန်မှုနောင်တတွေမဖြစ်ဘဲ ငြိမ်းချမ်းကြမည်၊ လိုက်နာကျင့်သုံးမှု မပြုပါက အသက်အရွယ်ကြီးရင့်သည့်အခါ နောင်တ ပူပန်မှုတွေကြုံရမည် ဖြစ်ပါတယ်။နောင်တဆယ်ပါး တရားတော်ကို လွယ်လွယ်ကူကူ မှတ်သားနိုင်အောင် မဃဒေဝလင်္ကာမှာ မန်လည် ဆရာတော်ကြီးက....

ဤလူ့လောက၊ လူ့ဘဝဌ-သကျရုပ်၊ မိန့်သံဂါထာ ကျမ်းလာအတိုင်း....

(၁) ငယ်ခါကလျှင်၊ မသင်ပညာ၊
(၂) ဥစ္စာမစု၊
(၃) သူ့ကိုချစ်ဖျက်၊
(၄) သူ့သက်သတ်စား၊
(၅) သူ့မယားနှိုက်၊ ပြစ်မှားတုံဘိ၊
(၆) ပစ္စည်းရှိလျက်၊ စိုးစိမလှူ၊
(၇) မွေးမြူမိဘ၊ မပြုရနှင့်၊
(၈) ဆုံးမ-မနာ၊
(၉) ပညာရှိထံ၊ နည်းခံမမှတ်၊
(၁၀) အမြတ်မကျင့်၊
ဤဆယ်ဆင့်ကား၊ ကြီးရင့်ဇရာ၊
အိုသောခါလျှင်၊ ပူဆာနောင်တ၊
ရတတ်စွတည့်-လို့ စာကမ္ဗည်း တင်တော်မူခဲ့ပါတယ်။

မဃဒေဝလင်္ကာအတိုင်း နောင်တဆယ်ပါးတို့ကို ဆက်လက်ပြီး တစ်ခုစီ မကျဉ်းမကျယ် တင်ပြပါမယ်။

၁။ ငယ်ခါကလျှင်၊ ပညာမသင်-ဟူသော လင်္ကာအရ ငယ်ရွယ်စဉ်အခါ အတတ်ပညာများကို ကြိုးစား သင်ယူကြရမည် ဖြစ်ပါတယ်၊ငယ်ရွယ်စဉ်က ပညာမသင်ယူဘဲ လေလွင့်နေခဲ့ပါလျှင် အသက်ကကြီးပညာ့ကလဲ ဘာမျှမတတ်တော့ ဆင်းရဲချို့တဲ့စွာ အသက်မွေးရပါလိမ့်မယ်။ အသက်က ကြီးလာတော့ ပညာလဲ ဆက်လက် သင်ကြားနိုင်တော့မည် မဟုတ်ပါ၊ ဆက်လက် သင်ကြား ချင်ပေမယ့် အသက် ကြီးတော့ စိတ်သွားတိုင်း ကိုယ်ပါတော့မည် မဟုတ်ပါ၊ ဦးကျည်ပွေ့လို ပုဂ္ဂိုလ်မျိုးက တော့ ရှိတော့ရှိတယ် ရှားတယ်ဆိုတဲ့ သဘောပါ။ ငယ်ရွယ်စဉ်

က အပေါင်းအသင်းမမှားဘဲ ပညာကို ကြိုးစားပြီး မသင်ယူခဲ့လျှင် အသက်ကြီးတဲ့အခါကျတော့မှ- ငါ ပညာမသင်မိခဲ့တာ မှားလေစွ-ဟု နောင်တရတတ်ပါတယ်။ ဒါ့ကြောင့် အသက်ကြီးတဲ့အခါ ချမ်းချမ်းသာသာနေနိုင်အောင် ငယ်ရွယ်စဉ်က ပညာကို ကြိုးစား သင်ယူကြပါလို့ ပြောကြားလိုပါတယ်။

သကျရူပံ ပုရေသန္တံ၊ မယာ သိပ္ပံ န သိက္ခိတံ။
ကိစ္ဆာ ဝုတ္တိ အသိပ္ပဿ၊ ဣတိ ပစ္ဆာနုတပ္ပတိ။

ပုရေသန္တံ၊ ရှေးငယ်စဉ်အခါ၌။ မယာ၊ ငါသည်- သကျ-ရူပံ၊ အလုံးစုံသော ဆင်စီး မြင်းစီး အစရှိသော။ သိပ္ပံ၊ အတတ်ပညာဟူသမျှကို။ နသိက္ခိတံ၊ မသင်ယူမိခဲ့လေ။ အသိပ္ပဿ၊ အတတ်ပညာမရှိသောသူအား။ ဝုတ္တိ၊ အသက်မွေးဝမ်းကျောင်းပြုလုပ်ရခြင်းအမှုသည်။ ကိစ္ဆာ၊ ငြိုငြင် ဆင်းရဲလှပါပေ၏။ ဣတိ၊ ဤသို့။ ပစ္ဆာ၊ နောင် အိုမင်းလာသောအခါ၌။ အနု-တပ္ပတိ၊ စိုးရိမ်ရတတ်ပါပေ၏။

၂။ ဥစ္စာမစု-ဟူသော လင်္ကာအရ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းသင့်တဲ့အချိန် လုပ်နိုင် ကိုင်နိုင် ငယ်ရွယ်စဉ်တုန်းကလုံ့လစိုက်၍ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းမှုမရှိခဲ့လျှင် အသက်ကြီးတဲ့အခါ ပစ္စည်းဥစ္စာမရှိတော့ စိုးရိမ် ပူပန်ရတတ်ပါတယ်။ သူတစ်ပါးတွေက စည်းစိမ် ချမ်းသာများကို ခံစား စံစားနေရတာကို မြင်ရတော့မှ ကိုယ့်အဖြစ်ကိုကြည့်၍ "ငါ ငယ်ရွယ်စဉ်တုန်းက ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းမှု မပြုခဲ့မိတာ မှားလေစွ" ဟု နောင်တကြီးစွာ ရတတ်ပါတယ်။ ဒါ့ကြောင့် အသက်ကြီးတဲ့အခါ ချမ်းချမ်းသာသာ အသက်ရှည်ရှည် နေနိုင်အောင် ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းသင့်တဲ့ ငယ်ရွယ်စဉ် အချိန်မှာ

ပစ္စည်းများကို တရားသဖြင့် ရှာဖွေစုဆောင်းကြပါလို့ ပြောကြားလိုပါတယ်။

အလဒ္ဓါ ဝိတ္တံ တပ္ပတိ၊ ပုဗ္ဗေ အသမုဒါနိတံ။
န ပုဗ္ဗေ ဓန မေသိဿံ၊ ဣတိ ပစ္ဆာ နုတပ္ပတိ။

လဒ္ဓံ၊ရသင့်ရထိုက်သော။ ဝိတ္တံ၊ စည်းစိမ်ဥစ္စာကို။အလဒ္ဓါ၊ မရသည်ရှိသော်။ တပ္ပတိ၊ စိုးရိမ်ပူပန်ရတတ်ပါပေ၏။ ပုဗ္ဗေ၊ ရှေးငယ်ရွယ်စဉ်အခါ၌။ ဓနံ၊ စည်းစိမ်ဥစ္စာ အဖြာဖြာကို။ အသမုဒါနိတံ၊ မရှာဖွေ မဆည်းပူးမိခဲ့လေ။ပုဗ္ဗေ၊ ရှေးငယ်ရွယ်စဉ်အခါ၌။ ဓနံ၊ စည်းစိမ်ဥစ္စာကို။ န ဧသိဿံ၊ ငါမရှာမိခဲ့လေ။ ဣတိ၊ ဤသို့။ ပစ္ဆာ၊ နောင် အိုမင်းသော အခါ၌။ အနုတပ္ပတိ၊ စိုးရိမ် ပူပန်ရတတ်ပါပေ၏။

၃။ သူ့ကိုချစ်ဖျက်—ဟူသောလက်ာအရ ချစ်ကျွမ်းဝင်နေကြသူ သူငယ်ချင်း စသူတို့ကို အချင်းချင်းကွဲပြားသွားအောင်—

(၁) ခြေထိုးတဲ့ လုပ်ငန်းတွေ၊
(၂) ကုန်းတိုက်တဲ့ လုပ်ငန်းတွေ၊
(၃) မတရားသက်သေခံတဲ့ လုပ်ငန်းတွေ၊
(၄) ပိုင်ရှင် ပဟုတ်သည်ကို ပိုင်ရှင်ဖြစ်ပါတယ်—လို့ ပြောတဲ့လုပ်ငန်းတွေကို ငယ်ရွယ်စဉ်က ပြုလုပ်ခဲ့မိလျှင် သေရာညောင်စောင်း လျောင်းရတဲ့အခါကျတော့ "ငါပြုလုပ်ခဲ့တာတွေမှားလေစွ"ဟု နောင်တရတတ်ပါတယ်။ဒါ့ကြောင့်ချစ်ခင်သူများကို ကွဲပြားသွားအောင် ခြေထိုး ကုန်းတိုက်မှု စသည်တို့ကို မပြုလုပ်ကြဘဲ ရှောင်ကြဉ်ကြပါလို့ ပြောကြားလိုပါတယ်။

ကုူဋဝေဒီ ပုရေ အာသိံ၊ ပိသုဏော ပိဋ္ဌိမံသိကော။
စဏ္ဍောစ ဖရုသောစာပိ၊ ဣတိ ပစ္ဆာ နုတပ္ပတိ။

ပုရေ၊ ရှေးငယ်ရွယ်စဉ်အခါ၌။ ကုဋ္ဌဝေဒိ၊ စဉ်းလဲစဉ်းစား ပြုမိသည်(ဝါ)မတရား သက်သေခံမိသည်။ အာသိံ၊ ဖြစ်ခဲ့ပါ၏။ ပိဋ္ဌိမံသိကော၊ လက်ဆောင် တံစိုးယူ၍ ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ဖြစ်အောင်ပြုလျက် သူတစ်ပါး ကျောက်ကုန်းသားကို စားခြင်းနှင့်တူသော။ ပိသုဏော၊ ချောပစ်ကုန်းတိုက်သော စကားကို ဆိုမိသည်။ အာသိံ၊ ဖြစ်ခဲ့ပါပေ၏။ အဟံ၊ ငါသည်။ စဏ္ဍောစ၊ ကြမ်းတမ်းသည်လည်းကောင်း။ ဖရုသောစာပိ၊ ကြမ်းကြုတ်သည် လည်းကောင်း။ အာသိံ၊ ဖြစ်ခဲ့ပါပေ၏။ ဣတိ၊ ဤသို့။ ပစ္ဆာ၊ သေရာညောင်စောင်း လျောင်းရာ နောက်ကာလ၌။ အနုတပ္ပတိ၊ နောင်တပူပန် ရှိတတ်ပါပေ၏။

၄။ သူ့သက်သတ်စား—ဟူသော လင်္ကာအရ ငယ်ရွယ်စဉ်အခါက သနားစိတ်ကင်းမဲ့လျက် သူတစ်ပါးအသက်ကို သတ်မိခဲ့လျှင် (သို့မဟုတ်) သတ်ပြီးချက်ပြုတ်စားသောက်ခဲ့မိလျှင် သေရာညောင်စောင်း လျောင်းရတဲ့အခါကျတော့မှ ငါငယ်ငယ်တုန်းက သတ်မိခဲ့တာတွေ၊ သတ်ပြီးစားသောက်ခဲ့တာတွေ မှားလေစွ-ဟု နောင်တကြီးစွာရတတ်ပါတယ်။ဒါ့ကြောင့် သူတစ်ပါး အသက်ကို သတ်ခြင်း အမှု၊ သတ်ပြီး စားသောက်မှုတွေကို ရှောင်ကြဉ်ကြပါလို့ ပြောကြားလိုပါတယ်။

ပါဏာတိပါတီ ပုရေ အာသိံ၊ လုဒ္ဒေါစာပိ အနာရိယော။
ဘူတာနံ နာပစာယိဿံ၊ ဣတိ ပစ္ဆာ နုတပ္ပတိ။

အဟံ၊ ငါသည်။ ပုရေ၊ ရှေးငယ်ရွယ်စဉ်အခါ၌။ ပါဏာတိပါတီ၊ သူ့အသက်သတ်ခြင်းကို ပြုခဲ့မိသည်။ အာသိံ၊ ဖြစ်ခဲ့ပါပေ၏။ လုဒ္ဒေါစ၊ ကြမ်းကြုတ်သည်လည်း။ အာသိံ၊ ဖြစ်ခဲ့

ပါ၏။ အနာရိယော၊ သူတော်မဟုတ် သူယုတ်သည်။ အာသိံ၊ ဖြစ်ခဲ့ပါ၏။ ဘူတာနံ၊ သတ္တဝါတို့ကို။ နာပစာယိဿံ၊ သည်းခံခြင်း အကျိုးစီးပွား လိုလားခြင်းဟူသော မေတ္တာဖြင့် သနားခြင်းကိုမပြုမိခဲ့။ ဣတိ၊ ဤသို့။ ပစ္ဆာ၊ နောက်အခါကာလ၌။ အနုတပ္ပတိ၊ စိုးရိမ်ရတတ်ပါပေ၏။

၅။ သူ့မယား၌ ပြစ်မှားတုံဘိ—ဟူသော လက်ာအရ၊ လွတ်လွတ်လပ်လပ် အမျိုးသမီးတွေ အများအပြား ရှိပါလျက် သူတစ်ပါး၏ ကြင်ယာသက်ထား ဇနီးမယားကိုမှ လွန်ကြူး ပြစ်မှားသူတို့သည်၊ မယားတစ်ယောက် လင်တစ်ယောက်ထက် မဖောက်ဘယ်မျှ သန္တောသသဟု—ဆိုဘဲ့ အိမ်ထောင်ရေး စည်းကမ်းကို ဖောက်ဖျက်သူတွေသာဖြစ်ပါ၏။ လူမှုရေးဒုက္ခဆိုးကျိုးတွေသာဖြစ်ပါ၏။ သေရာညောင်စောင်း လျောင်းရတဲ့ အခါကျမှ ငါပြုမိခဲ့တာ မှားလေစွဟု နောင်တကြီးစွာ ရတတ်ပါတယ်၊ ဒါ့ကြောင့် မြန်မာ့ အိမ်ထောင်ရေး စည်းကမ်းကို ထိန်းသိမ်းသောအားဖြင့် သူတစ်ပါး၏ ဇနီးမယားတို့၌ ပြစ်မှားမှုတို့ကို ရှောင်ကြဉ်ကြပါလို့ ပြောကြားလိုပါတယ်။

ဗဟူသု ဝတ သန္တီသု၊ အနာပါဒါသု ဣတ္ထီသု။
ပရဒါရံ အသေဝိဿံ၊ ဣတိ ပစ္ဆာ နုတပ္ပတိ။

အနာပါဒါသု၊ သူတစ်ပါးတို့သည် မသိမ်းဆည်းအပ်ကုန်သော။ ဗဟူသု၊ များစွာကုန်သော။ ဣတ္ထီသု၊ မိန်းမတို့သည်။ သန္တီသု၊ ရှိပါကုန်လျက်။ ပရဒါရံ၊ သူ့မယားကို။ အသေဝိသံ ဝတ၊ မှီဝဲမိချေ၏ တကား။ ဣတိ၊ ဤသို့။ ပစ္ဆာ၊ နောက်ကာလ၌။ အနုတပ္ပတိ၊ စိုးရိမ်ရတတ်ပါပေ၏။

၆။ ပစ္စည်းရှိလျက် စိုးစိမ်လှူ—ဟူသော လက္ခဏာရ မိမိမှာ လှူစရာ ပေးစရာ စားစရာ ဝတ်စရာ ပစ္စည်းဥစ္စာတွေ များစွာ ရှိပါလျက် မှဲ့မည့်အရေး ကြံတွေးမလှူ—ဟူသော သဘောမျိုး ပေါက်ကာ လှူလိုက်ပေးလိုက်ပါက မှဲ့သွားလေမလား၊ ဆင်းရဲ သွားလေမလားဟု အတွေးရောက်လျက် စိုးစဉ်းမျှ မလှူမိခဲ့သူ ဟာ သေရာညောင်စောင်း လျောင်းရတဲ့ အခါကျတော့မှ မိမိ အားကိုးစရာ ဘာတစ်ခုမျှမမြင်တော့ ငါမလှူခဲ့မိတာ မှားလေ စွ-ဟု နောင်တကြီးစွာ ရတတ်ပါတယ်။ ဒါ့ကြောင့် မိမိရဲ့ အားကိုးစရာ အားထားစရာရအောင် လှူဒါန်းကြပါလို့ ပြော ကြားလိုပါတယ်။

ဗဟုမ္ပိ ဝတ သန္တမှိ၊ အနုပ္ပါဒေ ဥပဋ္ဌိတေ။

န ပုဗ္ဗေ အဒဒံ ဒါနံ၊ ဣတိ ပစ္ဆာ နုတပ္ပတိ။

ဥပဋ္ဌိတေ၊ ဖြစ်ပေါ် လာသော။ ဗဟုမှိ၊ များစွာသော။ အနုပ္ပါဒေ ထမင်းအဖျော်သည်။ သန္တမှိ၊ ရှိပါလျက်။ အဟော၊ ငါသည်။ ပုဗ္ဗေ၊ ရှေးအခါ၌။ ဒါနံ၊ အလှူဒါနကို။ နအဒဒံ ဝတ၊ မလှူခဲ့မိလေစွတကား။ဣတိ၊ ဤသို့။ပစ္ဆာ၊ နောင် အိုမင်း သောအခါ၌။ အနုတပ္ပတိ၊ စိုးရိမ်နောင်တ ရတတ်ပါပေ၏။

၇။ မွေးမြူ မိဘ၊ မပြုရနှင့်-ဟူသော လက္ခဏာရ အိုမင်း ရင့်ရော် အသက်အရွယ် ကြီးရင့်သော မိဘ နှစ်ပါးကို မိမိက ဥစ္စာအင်အား ကိုယ်စွမ်းအင်အားနှစ်ပါးတို့ဖြင့် ပြုစုလုပ်ကျွေး နိုင်စွမ်းရှိပါလျက် မလုပ်ကျွေး မပြုစုမိခဲ့လျှင်—

ခွေးနှင့်တမျှ၊ ထိုဗာလတို့၊
မိဘနှစ်ပါး၊ ကြီးမားဂုဏ်အင်၊
ကျေးဇူးရှင်ကို၊ ပြုပြင်မရှု၊
မပြုမမွေး၊ မလုပ်ကျွေးဘူး....

ဟူသောဆုံးမချက်အရ ခွေးလောက်မိုက်သူဟု ဆိုခံရမည့် အပြင် မိမိကိုယ်တိုင် မိဘအရွယ်ရောက်တော့ကိုယ့်သားသမီး တွေကကာလဝိဘတ်နောက်ပိုးတက်ပြီးမပြုစု မလုပ်ကျွေးတော့ မှ ငါမိဘနှစ်ပါးကို မပြုစုမလုပ်ကျွေးခဲ့မိတာ မှားလေစွ—ဟု နောင်တကြီးစွာရတတ်ပါတယ်။ ဒါကြောင့်ခွေးလောက်မိုက်သူ မဖြစ်ကြရအောင် မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးကြပါလို့ပြော ကြားလိုပါတယ်။

မာတရံ ပိတရံဝါပိ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟုသန္တော န ပေါသိသံ၊ ဉာတိ ပစ္ဆာ နုတပ္ပတိ။

ဇိဏ္ဏကံ၊ အိုမင်းသည်ဖြစ်၍။ ဂတယောဗ္ဗနံ၊ ကြီးသော အရွယ်သို့ရောက်သော။ မာတရံပိ၊ အမိကိုလည်းကောင်း။ ပိတရံပိ၊ အဘကိုလည်းကောင်း။ ပဟု၊ ဥစ္စာအား ကိုယ်စွမ်း အားဖြင့်စွမ်းနိုင်သည်။ သန္တော ဖြစ်ပါလျက်။ န ပေါသိသံ၊ ငါမပြုစု မလုပ်ကျွေးမိခဲ့လေ။ ဉာတိ၊ ဤသို့။ ပစ္ဆာ၊ နောက် အခါ၌။ အနုတပ္ပတိ၊ စိုးရိမ်နောင်တရတတ်ပါပေ၏။

၈။ ဆုံးမ မနာ-ဟူသော လက်ာအရ မိမိဆုံးမနိုင်တဲ့ မိဘ နှစ်ပါး၊ ဆရာ-ဆရာမများ၊ အစ်ကိုများ၊ ရပ်ကွက်အတွင်းရှိ

လူကြီးသူမများက မိမိ၏အကျိုးစီးပွားကိုလိုလား၍ ကြောင်းကျိုးဖော်ပြလျက်ဆုံးမသွန်သင်မှု မနာယူပါကအသက်အရွယ်ကြီးရင့်လာသည့်အခါ (သို့မဟုတ်)မဖြစ်သင့်တာတွေ ဖြစ်လာတဲ့အခါကျတော့မှ -'ငါဟိုးတုန်းက ဆုံးမသွန်သင်မှုမနာယူမလိုက်နာခဲ့မိတာများလေစွ'ဟုနောင်တကြီးစွာရတတ်ပါတယ် ဒါ့ကြောင့်အကျိုးစီးပွား လိုလားသူမှန်သမျှတို့၏ဆုံးမသွန်သင်မှုကိုနာယူကြပါ၊လိုက်နာကြပါလို့ ပြောကြားလိုပါတယ်။

အာစရိယ မနုသတ္တာရံ၊သဗ္ဗကာမရသာဟရံ။

ပိတရံ အတိမညိဿံ၊ဣတိ ပစ္ဆာ နုတပ္ပတိ။

အာစရိယံ၊ လက်ဦးဆရာဖြစ်သော။ အနုသတ္တာရံ၊အဖန်တလဲလဲ ဆုံးမတတ်သော။သဗ္ဗကာမရသာဟရံ၊ အလုံးစုံသောဝတ္ထုကာမ အရသာကိုဆောင်၍ မွေးကျွေးပေသော၊ပိတရံ၊ဖခင်ကို။အတိမညိဿံ၊မထေမဲ့မြင် ငါပြုခဲ့မိ၏၊ ဣတိ၊ဤသို့။ ပစ္ဆာ၊နောက်ကာလ၌။အနုတပ္ပတိ၊စိုးရိမ်ရတတ်ပါပေ၏။

၉။ ပညာရှိထံ နည်းခံမမှတ်ဟူသော လင်္ကာအရ အသိပညာရှင် အတတ်ပညာရှင်များထံ တန်ရာတန်ဖိုးပေး၍ နည်းပညာခံယူဖို့ရာ ဆောင်ရွက်သင့်ပါလျက် နည်းခံသင့်ပါလျက် အသက်အရွယ် ကြီးလာတဲ့အခါကျတော့မှ ငါဟိုတုန်းက နည်းပညာတွေမခံယူခဲ့မိတာ များလေစွ ဟု နောင်တကြီးစွာရတတ်ပါတယ်။ဒါ့ကြောင့် အသိပညာရှင် အတတ်ပညာရှင်တွေထံ နည်းပညာခံယူကြပါလို့ ပြောကြားလိုပါတယ်။

သမဏော ဗြာဟ္မဏောစာပိ၊သီလဝန္တော ဗဟုဿုတော။
န ပုဗ္ဗေ ပယိရုပါယိဿံ၊ဉာတိ ပစ္ဆာ နုတပ္ပတိ။

သီလဝန္တော၊အကျင့်စာရိတ္တကောင်းကုန်သော။ဗဟုဿုတော များသောအကြားအမြင်ရှိကုန်သော။ သမဏောစာပိ၊ ရဟန်းတို့သို့လည်းကောင်း။ ဗြာဟ္မဏောစာပိ၊ မကောင်းမှုကို အပပြုပြီးသောသူတို့သို့ လည်းကောင်း။အဟံ ငါသည်။ ပုဗ္ဗေ၊ ရှေးအခါကာလ၌။န ပယိရုပါယိဿံ၊ပစ္စည်းလှူလျက်မဆည်းကပ်ခဲ့မိပေ။ဉာတိ၊ဤသို့။ပစ္ဆာ၊ နောက်ကာလ၌။ အနုတပ္ပတိ၊ စိုးရိမ်နောင်တရတတ်ပါပေ၏။

၁၀။ အမြတ်မကျင့်ဟူသောလက်ာအရ စားဝတ်နေရေးနှင့်ပတ်သက်လာလျှင် လော်လီဖေါက်ပြားမှုမရှိအောင်-

၁။ ကာယကံမြောက် လွန်ကျူးမှုမရှိပဲ ရှောင်ကြဉ်ရသောမြတ်သောအကျင့်၊
၂။ ဝစီကံမြောက် လွန်ကျူးမှုမပြုဘဲရှောင်ကြဉ်ရသောမြတ်သောအကျင့်၊
၃။ မနောကံမြောက် လွန်ကျူးမှုမပြုဘဲ ရှောင်ကြဉ်ရသော မြတ်သောအကျင့်၊

ဟူသောအကျင့်တို့ကို ငယ်ရွယ်စဉ်က မကျင့်သုံးခဲ့ပါလျှင် အိုမင်းကြီးရင့်တဲ့အခါ ကျတော့မှ မှားလေစွ ဟုနောင်တကြီးစွာရတတ်ပါတယ်။ ဒါ့ကြောင့် မြတ်သောအကျင့်တရားတို့ကိုကျင့်သုံးကျပါလို့ပြောကြားလိုပါတယ်။

သာဓု ဟောတိ တပေါ စိဏ္ဏော၊
သန္တော စ ပရိရူပါသိတော။
နစ ပုဗ္ဗေ တပေါ စိဏ္ဏော၊
ဉာတိ ပစ္ဆာ နုတပ္ပတိ။

သန္တော၊ ငြိမ်သက်သော။ ပရိရူပါသိတော၊ ဆည်းကပ်အပ်သော။ တပေါ၊ ခြိုးခြံသော။ စိဏ္ဏော၊ အလေ့ အကျင့်သည်။ သာဓု၊ ကောင်းသည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ပုဗ္ဗေစ၊ ရှေးဦးကလျှင်။ မယာ၊ ငါသည်။ တပေါ၊ ခြိုးခြံသော အကျင့်ကို နအာစိဏ္ဏော၊ မကျင့်မိခဲ့။ ဉာတိ၊ ဤသို့။ ပစ္ဆာ၊ နောက်ကာလ၌၊ အနုတပ္ပတိ၊ စိုးရိမ်နောင်တရတတ်ပါပေ၏။

ယခုတင်ပြခဲ့တဲ့ နောင်တဆယ်ပါးတရားတော်ကို ဇနသန္ဓမင်းကြီးက ဆယ့် ငါးရက်တစ်ကြိမ် တိုင်းသူပြည်သားတွေကို ဟောကြားဆုံးမခဲ့ပါတယ်။ တိုင်းသူပြည်သားတွေကလည်း ဆုံးမသည့်အတိုင်း လိုက်နာကျင့်သုံးမှုကြောင့် ကွယ်လွန်သည့်အခါ နတ်ပြည်သို့ရောက်ကြပါတယ်။

ဘုရားရှင်က ဇနသန္ဓမင်းကြီး ဟောကြားခဲ့တဲ့ နောင်တဆယ်ပါးတရားတော်ကိုဆောင်ယူပြီး 'ကောသလမင်းကြီးရှေးကပညာရှိများဟာဆုံးမသူမရှိပေမယ့် ပင်ကိုယ်သဘောအတိုင်း တရားဟောလျှက် နတ်ပြည်လမ်းခရီး၌ တည်စေနိုင်ကုန်ပြီ' ဟု ဒွါဒသကနိပါတ် ဇနသန္ဓဇာတ်တော်ကို ဟောကြားတော်မူပြီး အဲဒီတုန်းက မင်း၏ပရိသတ်တွေဟာ ယခုအခါ ငါဘုရား၏ ပရိသတ်တွေဖြစ်လာပြီး ဇနသန္ဓမင်းကြီးကား ယခုအခါငါ ဘုရားပင်တည်း-ဟု ဇာတ်တော်ကိုပေါင်းတော်မူပါတယ်....။

ယခုဟောကြားတင်ပြခဲ့တဲ့ နောင်တဆယ်ပါး တရားတော်ကို နာယူကြကုန်သော တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့၊ မိမိတို့သန္တာန်မှာ နောင်တဆယ်ပါးဖြင့် ကြုံတွေ့ပြီး စိုးရိမ်ပူပန်မှုတွေ မဖြစ်ကြရလေအောင် သတိပညာဖြင့် ကြိုးစားအားထုတ် နိုင်ကြပါစေကုန်သတည်း။

၁။ **ဟောကြားသောဆရာတော်**....ဆရာတော်ဘဒ္ဒန္တဝဏ္ဏသိရီ (နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့၊ တွဲဘက် အကျိုးတော်ဆောင်)။

၂။ **သီတင်းသုံးရာနေရပ်**- မင်းကျောင်းပထမပြန်စာသင်တိုက်၊ သံလျင်မြို့။

၃။ **ဟောကြားသည့်ရက်** -၁၃၅၀-ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့ (၂၇-၇-၈၈)

၄။ **ဟောကြားသည့်နေရာ**....မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

○

# ဘုရားဟောသော နတ်ပူဇော်နည်း

## တရားတော်

ဒကာ-ဒကာမ အပေါင်းတို့—ယနေ့သည် ၁၃၄၉-ခုနှစ်၊ ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့ ဖြစ်ပါသည်။ ယခုလို နေ့ထူးနေ့မြတ်နှင့် ကိုက်ညီသော ဓမ္မစကြာ တရားတော်ကို မနက်ပိုင်းက ညောင်ရွှေဆရာတော် ဟောကြား သွားပြီး ဖြစ်သည့်အတွက် ဘုန်းကြီးကတော့ ယနေ့အခြေအနေ၊ ယခုခေတ် အချိန်အခါနှင့် ကိုက်ညီသော တရားတော်ကို ဟောကြားပါ မည်။ အာရုံစိုက်ကြပါကုန်—

ဂိဟီန မုပကာရေန္တာနံ၊ နိစ္စံ အာမိသဒါနတော။
ကရောထ ဓမ္မဒါနေန၊ တေသံ ပစ္စုပကာရကံ။

ဘိက္ခဝေ၊ သံသရာဘေးလာမည့်ရေးကို မျှော်တွေးကြည့် ထား အိုချစ်သားတို့။ ယေဂိဟိနော၊ အိမ်၌နေသူ အကြွင်လူ ဒကာ-ဒကာမတို့သည်။ နိစ္စံ၊ နေ့ရောည၌ပါ အခါခပ်သိမ်း။ အာမိသဒါနတော၊ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေးဝါးကောင်း ကို နှစ်ထောင်းဖြည့်တင်း ပေးလှူခြင်း အားဖြင့်။ ဘိက္ခူနံ၊ သာသနာ့တာဝန် လမ်းနှစ်တန်ကို အားသွန်ကြိုးပမ်း ဆောင် ကာတမ်းသည့် ရဟန်းတော်တို့အား။ ဥပကာရေန္တိ၊ တို့သာသနာ တို့ဆရာဟု စိတ်မှာရှေးရှု အားကိုးမှုဖြင့် ကျေးဇူးပြု၍ နေကြ ပေကုန်၏။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေး ကြည့် ထား အိုချစ်သားတို့။ နိစ္စံ၊ နေ့ရောည၌ပါ အခါခပ်သိမ်း။

အာမိသဒါနတော၊ သင်္ဃမ်း, သင်္ကန်း, ကျောင်း, ဆေးဝါး ကောင်းကို နှစ်ထောင်းပြည့်ဘင်း ပေးလှူခြင်း အားဖြင့်။ ဘိဂ္ခုနံ၊ သာသနာ့တာဝန် လမ်းနှစ်တန်ကို အားသွန်ကြိုးပမ်း ဆောင်ကာထမ်းသည့် ရဟန်းတော်တို့အား။ ဥပကရောန္တာနံ၊ တို့သာသနာ တို့ဆရာဟု စိတ်မှာရှေးရှု အားကိုးမှုဖြင့် ကျေးဇူး ပြု၍ နေကြပေကုန်သော။ တေသံ ဂိဟီနံ၊ အိမ်၌နေသူ ထိုဒကာ ဒကာမတို့အား။ တုမ္ဟေ၊ သာသနာ့တာဝန် လမ်းနှစ်တန်ကို အားသွန်ကြိုးပမ်း ဆောင်ကာထမ်းသည့် ရဟန်းဖြစ်နေကြကုန် သော သင်ချစ်သားတို့က။ ဓမ္မဒါနေန၊တရားတော်ကို ပေးလှူ ခြင်းအားဖြင့် (ဝါ)တရားဟောပေးခြင်း၊ တရားသင်ပေးခြင်း၊ တရားပြပေးခြင်းအားဖြင့်။ ပစ္စုပကာရကံ၊ ကျေးဇူးတုံ့ပြန် ခြင်းရှိသူ၏ အဖြစ်ကို (ဝါ) ကျေးဇူးဆပ်ခြင်း အမှုကို။ ကရောထ၊ ဒကာ-ဒကာမ လမ်းမှန်ကျအောင် မုချမှန်စွာ ပြု လုပ်လိုက်ကြပါကုန်လော့။

ရှင်းပြပါဦးမည်၊ ဘုန်းကြီးတို့၏ ဆရာ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်တော် မူပြီးနောက်၊ ပထမဦးဆုံးဝါအဖြစ် မိဂဒါဝုန် ရဂုံသာမော ဘေးမဲ့တော အတွင်းမှာ ပဥ္စဝဂ္ဂီတို့အား တရားဟောပြ ဆုံးမတော်မူပြီး နောက်၊ သီတင်းဝါလကျွတ်သော် တပည့်သာဝက ရဟန္တာ အရှင်မြတ် အပါးခြောက်ဆယ်ကို ရရှိတော်မူပါသည်။ ဤ တပည့် ရဟန္တာ အရှင်မြတ်များကို တစ်နေရာ၌ စုဝေးစေတော် မူပြီး—

''ချစ်သား ရဟန်းတို့၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ရှိနေကြသော လူဒကာ-ဒကာမတို့သည် သာသနာ့ဝန်ထမ်း

ရဟန်းတော်များအတွက် ဆွမ်း သင်္ကန်းစသော ပစ္စည်းအစုစုကို ပေးလှူသောအားဖြင့် ကျေးဇူးပြုနေကြပေသည်။ ဤကဲ့သို့ ကျေးဇူးပြုနေကြသော သာသနာ့ကျေးဇူးရှင် လူဒကာ-ဒကာမ များအား သင်တို့က တရားဟောပေးသောအားဖြင့် ကျေးဇူး ဆပ်ကြချေ''ဟု မိန့်တော်မူပြီး၊ ကျေးဇူးဆပ်တရား ဟော ကြားရန် စေလွှတ်တော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး မိန့်ကြားတော်မူ သော စကားအစဉ်ကို ဦးထိပ်ရွက် ပန်ဆင်ပြီး ယခုခေတ် ရဟန်းတော်များကလည်း အခါအခွင့်သင့်တိုင်း ကျေးဇူးဆပ် တရား ဟောကြားပေးနေကြရပါသည်။

ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့-သာသနာ့ ကျေးဇူးရှင် ဒကာ-ဒကာမများ အားလုံးအတွက် သာသနာ့ ဝန်ထမ်း ရဟန်းသာမဏေများ၏ ကိုယ်စား ဘုန်းကြီးက ယခု ကျေးဇူးဆပ်တရားကို ဟောကြား ပေးခြင်း ဖြစ်ပါသည်။ ဘုန်းကြီးဟောမည့် တရားကို ''ဘုရားဟောတော်မူသော နတ် ပူဇော်နည်း''ဟု နာမည်ပေးထားပါသည်။ ယခုခေတ် ယခု အချိန် အခါမှာ ဒကာ-ဒကာမများစွာတို့သည် ဘုရား၊ တရား၊ သံဃာရတနာ သုံးပါးအပြင် နတ်များကိုပါ ပူဇော်ပသနေကြ ပါသည်။ နတ်များကို ပူဇော်ပသသောအခါ နည်းမှန်လမ်းကျ ပူဇော်ခွင့်ရအောင် ဘုရားဟောတော်မူသော နတ်ပူဇော်နည်း တရားကို ဘုန်းကြီးက ဟောကြားပေးရန် စီစဉ်ထားပါသည်။ ဤစီစဉ်ထားသော တရားကို ဟောကြားနာယူပြီးတော့ကုသိုလ် တရား တိုးပွားအောင် ကြိုးစားကြပါစို့။

ဗုဒ္ဓမြတ်စွာရှေ့လက်ထက်တော်အချိန်အခါတုန်းက မဂဓ တိုင်းရှင်ဘုရင် အဇာတသတ်မှာ အလွန် အားကိုးရသော အမတ်ကြီးနှစ်ယောက်ရှိပါသည်။ အမတ်ကြီး တစ်ယောက်၏ နာမည်ကို သုနိဓဟု ခေါ်ပြီး၊အခြားအမတ်ကြီး တစ်ယောက် ၏ အမည်ကိုမူ ဝဿကာရဟု ခေါ်ပါသည်။ ကုန်းချော ကုန်းတိုက်အလုပ်မှာ အလွန်တရာကျွမ်းကျင်သော နာမည်ကြီး ဝဿကာရပင် ဖြစ်ပါသည်။ အမတ်ကြီးသုဓနိနှင့် ဝဿကာရ တို့နှစ်ဦးသည်ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည်နယ် နယ်စပ် နယ်ခြားမှာရှိနေသောပါဋလိဂါမခေါ် သခွတ်ပင်ကျေးရွာမှာ မြို့သစ်တစ်မြို့တည်ထောင်ဖန်ဆင်းနေကြပါသည်။ ဝေသာလီ ပြည်က ဝဇ္ဇီမင်းများ၏အခွန်အတုတ်ကောက်ယူမှု အန္တရာယ်ကို ကာကွယ်တားဆီးလိုသည့်အတွက် နယ်ခြားမှာ မြို့သွားတည် ခြင်းဖြစ်ပါသည်။ ကိုယ့်ဘက်က လက်ဦးအောင် နေရာယူတား လိုက်သော သဘော ဖြစ်သည်။

ဤကဲ့သို့ ဝဿကာရ အမတ်ကြီးနှစ်ယောက် သခွတ်ပင် ကျေးရွာမှာမြို့သစ်တစ်မြို့တည်ဆောက်နေချိန်မှာမြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီးသည် နောက်လိုက်နောက်ပါ တပည့် သံဃာတော်ပေါင်းတစ်ထောင့်နှစ်ရာ့ငါးဆယ်နှင့်အတူသခွတ် ပင်ကျေးရွာသို့ ဒေသစာရီ ကြွချီတော်မူလာပါသည်။

သခွတ်ပင်ကျေးရွာက ဒကာ-ဒကာမတို့က ဝမ်းမြောက် ဝမ်းသာဆီးကြိုကန်တော့ကြပြီး ကျေးရွာ တည်းခိုရိပ်သာမှာ နေရာတွေ အပြည့်ခင်းခြင်း၊သောက်ရေသုံးရေများ တည်ထား ခြင်း၊ မီးတွေထိန်ညီးနေအောင် ညှိထွန်းခြင်းတို့ကို ပြုလုပ်ကြ ပါသည်။အခမ်းအနားပြင်ဆင်ပြီးနောက်မြတ်စွာဘုရား အမှူး

ပြုသော သံဃာတော်များကို ကျေးရွာ တည်းခိုရိပ်သာသို့ ပင့်ဆောင်ကာ နေရာအလှူ ပေးလှူကြပါသည်။

နောက်တစ်နေ့နံနက်ပိုင်းမှာ သုဓနိနှင့် ဝဿကာရတို့သည် မြတ်စွာဘုရားနှင့် သံဃာတော်များ သခွတ်ပင် ကျေးရွာသို့ ကြွတော်မူလာကြောင်း ကျေးရွာတည်းခိုရိပ်သာမှာ သီတင်းသုံးနေတော်မူကြောင်း ကြားသိရသောအခါ မြတ်စွာဘုရား ထံမှောက် အရောက်သွားကြပါသည်။

မြတ်စွာဘုရားအား ဝမ်းမြောက်ဖွယ်ရာ စကား၊ အသက်ထက်ဆုံး အောက်မေ့ဖွယ်ရာ စကားများ လျှောက်ထားကြပြီးနောက် သင့်တော်သောနေရာမှာ ရပ်နေရင်းကပင် မြတ်စွာဘုရားကို "ရှင်တော်ဂေါတမ-ရှင်တော်ဂေါတမသည်အကျွန်ုပ်တို့လှူဒါန်းမည့်ယနေ့အတွက် နံနက်စာဆွမ်းကို နောက်လိုက်နောက်ပါ သံဃာများနှင့်အတူလက်ခံတော်မူပါ"ဟုလျှောက်ထားကြသောအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း ဆိတ်ဆိတ်နေတော်မူပြီး လက်ခံတော် မူလိုက်ပါသည်။ သုဓနိအမတ်ကြီးနှင့် ဝဿကာရအမတ်ကြီး နှစ်ယောက်သည် မြတ်စွာဘုရားလက်ခံတော်မူကြောင်း သိရသည်နှင့်တစ်ပြိုင်နက် ပြန်သွားကြပါသည်။

ဤနေရာမှာ သတိပြုစရာတစ်ခု ရှိနေပါသည်။ အမတ်ကြီး နှစ်ယောက်သည် မြတ်စွာဘုရားကို လက်အုပ်ချီမိုးရှိခိုးကြသည်။ အရိုအသေပြုကြသည်ဟု ပါဠိတော်မှတ်တမ်းမှာ မရှိပါ။ သူတို့ နှစ်ယောက်သည် ပုဏ္ဏားမျိုးများ ဖြစ်ကြသည် အားလျော်စွာ ဗြာဟ္မဏဝါဒကို လက်ခံယုံကြည်သူများ ဖြစ်ကြသည့် အတွက် မြတ်စွာဘုရားကို အရိုအသေမပေးဘဲ နေကြဟန် လက္ခဏာရှိ

ပါသည်။ သို့သော်လည်း သူတို့၏ အရှင်သခင် ဘုရင်အဇာတသတ်၏ ကျေးဇူးရှင် ဆရာသမား မြတ်စွာဘုရားဖြစ်နေလို့သာ ယခုကဲ့သို့ကြုံကြိုက်ပါလျက်တွေ့ဆုံနှုတ်ဆက်ခြင်း၊ ညွှတ်ခံကျေးမွေးခြင်းမပြုသော် ငါတို့အပေါ်မှာ ရှင်ဘုရင် မျက်နှာတော်ငြိုစရာရှိသည်ဆိုသော အမြင်မျိုးနှင့် ယခုကဲ့သို့ လာရောက်ပင့်ဆောင်ခြင်းဖြစ်သည်ဟုယူဆစရာ ရှိပါသည်။

သုမနိအမတ်ကြီးနှင့် ဝဿကာရ အမတ်ကြီး နှစ်ယောက်တို့သည် မြတ်စွာဘုရားထံတော်မှောက်မှ မိမိတို့ နေရာဌာနသို့ ပြန်ရောက်လာချိန်မှာ မွန်မြတ်ဖွယ်ရာသော ခဲဘွယ်ဘောဇဉ်အဖြာဖြာတို့ကို စီစဉ်စေပြီးနောက် မြတ်စွာဘုရားထံတော်မှောက်သို့ အခါတော်ကြားအောင်အထောက်တော်လွှတ်လိုက်ကြပါသည်။

"ရှင်တော်ဂေါတမ-ဆွမ်းပြင်ဆင်ပြီးပါပြီ၊ဆွမ်းဘုဉ်းပေးကြွတော်မူရန် အချိန်တန်ပါပြီ"ဟုလျှောက်ထားရန်လွှတ်လိုက်ကြခြင်းဖြစ်ပါသည်။အခါတော်ကြားလျှောက်မည့် အဆောင်တော်ဒကာလာရောက်လျှောက်ထားသည့်အခါ ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သင်းပိုင် ကိုယ် ဝတ်သင်္ကန်းတို့ကို ပြင်ဆင်ဝတ်ရုံတော်မူပြီးနောက်သပိတ်နှင့်ဒုကုဋ်သင်္ကန်းတော်ကို ယူဆောင်တော်မူလျက် သုမနိနှင့် ဝဿကာရ အမတ်ကြီးနှစ်ယောက်ရှိရာအရပ်သို့ သံဃာတော်များ နှင့်အတူကြွသွားတော်မူပါသည်။ရောက်သောအခါခင်းလျှုထားသော နေရာပေါ်မှာ နောက်လိုက်နောက်ပါ သံဃာတော်များနှင့် အတူ ထိုင်နေတော်မူပါသည်။

ဤအချိန်မှာ သုမနိနှင့် ဝဿကာရအမတ်ကြီးနှစ်ယောက်တို့သည် မြတ်စွာဘုရားအမှူးရှိသောရဟန်းတော်အပေါင်းကို မွန်မြတ်လှသော ခဲဘွယ်ဘောဇဉ်တို့ဖြင့် မိမိတို့ကိုယ်တိုင် ပြုစုလုပ်ကျွေးကြပါသည်။ မြတ်စွာဘုရားနှင့်သံဃာတော်များဆွမ်းဘုဉ်းပေးပြီးချိန်မှာ သုမနိနှင့် ဝဿကာရတို့သည် သင့်တော်သောနေရာမှာ ထိုင်နေကြပါသည်။

သုမနိအမတ်ကြီးနှင့် ဝဿကာရအမတ်ကြီးတို့အားဘုရားရှင် ကိုယ်တော် မြတ်က-နတ်ပူဇော်နည်း တရားကို ဤကဲ့သို့ ဟောကြားတော်မူခဲ့ပါသည်။

ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။
ယာတတ္ထဒေဝတာအာသုံ၊ တာသံဒက္ခိဏ မာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
တတော နံ အနုကမ္ပန္တိ၊ မာတာပုတ္တံ ဝ ဩရသံ။
ဒေဝတာ နုကမ္ပိတော ပေါသော၊ သဒါဘဒြာနိ ပဿတိ။

ပဏ္ဍိတဇာတိယော၊ တွေးခေါ်မြော်မြင် ပညာရှင်သဘောရှိသော ပုဂ္ဂိုလ်သည်။ ယသ္မိံပဒေသေ၊ အကြင်မြို့ရွာ ဒေသရပ်ကွက်ဌာနၙ။ ဝါသံကပ္ပေတိ၊ နေထိုင်၏။ တတ္ထ၊ ဤ ပညာရှင်ပုဂ္ဂိုလ်နေထိုင်ရာ မြို့ရွာဒေသ ရပ်ကွက် ဌာနၙ။ သီလဝန္တေ၊ သီလတရား ထင်ရှားရှိကုန်သော။ သညတေ၊ ကိုယ်နှုတ်နှလုံးကို စောင့်စည်းကုန် ထသော။ ဗြဟ္မစာရယော့၊ မြတ်သောအကျင့်ကို ကျင့်ကုန်သောပုဂ္ဂိုလ်တို့ကို။ ဘောဇေတွာ့၊ စားသောက်ဖွယ်ရာ အဖြာဖြာတို့ကို သေချာစွာ ကျွေးမွေးပြီးလျှင်။ တတ္ထ၊ ထိုပညာ့

ရှင်ပုဂ္ဂိုလ် နေထိုင်ရာ မြို့ရွာ ဒေသ ရပ်ကွက်၌သာနေ၍။ ယာဒေဝတာ၊ အကြင်နတ်တို့သည်။ အာသုံ၊ ရှိကုန်ရာ၏။ တာသံ၊ ထိုရှိကုန်သော နတ်တို့အား။ ဒက္ခိဏံ၊ မိမိပြုလုပ်ထားသော အလှူ၏ အဖို့ကို။ အာဒိသေ၊ ရည်ညွှန်းပြီးကာ အမျှ ပေးဝေရာ၏။ ပူဇိတာ၊ အမျှပေးဝေသော အားဖြင့် ပူဇော်ခြင်း ခံကြရကုန်သော။ တာဒေဝတာ၊ ထိုနတ်တို့က။ နံ၊ အမျှပေးဝေသော အားဖြင့် ပူဇော်ပသသော ထိုပညာရှင် ပုဂ္ဂိုလ်ကို။ ပူဇယန္တိ၊ တုံ့ပြန်၍ ပူဇော်ကြကုန်၏။

မာနိတာ၊ အမျှပေးဝေသောအားဖြင့် မြတ်နိုးခြင်းခံကြရကုန်သော။ တာဒေဝတာ၊ ထိုနတ်တို့က။ နံ၊ အမျှပေးဝေသော အားဖြင့် မြတ်နိုးမှုပြုသော ထိုပညာရှင် ပုဂ္ဂိုလ်လို။ မာနယန္တိ၊ တုံ့ပြန်၍ မြတ်နိုးကြကုန်၏။ တတော၊ ထိုသို့ အမျှပေးဝေသော အားဖြင့် ပူဇော်ခြင်း၊ အမျှပေးဝေသောအားဖြင့် မြတ်နိုးခြင်း ကြောင့်။ နံ၊ ထိုအမျှပေးဝေသော ပညာရှင်ပုဂ္ဂိုလ်ကို။ မာတာ၊ မွေးသမိခင် ကျေးဇူးရှင်သည်။ သြရသံ၊ မိမိရင်၌ ဖြစ်သော။ ပုတ္တံ၊ သားရင်းကို။ အနုကမ္ပတိဣဝ၊ အစဉ် စောင့်ရှောက် သကဲ့သို့။ ဒေဝတာ၊ အစဉ် မြတ်နိုးကော်ရော် ပူဇော်ခြင်းခံရ သောနတ်တို့က။ အနုကမ္ပန္တိ၊ အစဉ်တစ်လျှောက် စောင့်ရှောက် ကြလေကုန်၏။ ဒေဝတာနုကမ္ပတော၊ နတ်တို့သည်စောင့်ရှောက် အပ်သော။ ပေါသော၊ ပညာရှင်ပုဂ္ဂိုလ်သည်။ သဒါ၊ နေ့ရော ညဉ့်ပါ အခါမပြတ်တရစပ်။ ဘဒြာနိ၊ ကောင်းမြတ်သောအာရုံ တို့ကို။ ပဿတိ၊ တွေ့မြင်ရလေ၏။ ဤနတ်ပူဇော်နည်းနှင့် နတ် ပူဇော်ခြင်းကြောင့် ရရှိနိုင်သည့် အကျိုးတရားများကို ဟော ကြားပြီး အနုမောဒနာ ပြုပေးတော်မူပါသည်။

ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတို့၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ဆရာသခင် ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးကအလွန်တရာကောင်းမွန်မြင့်မြတ်အထက် တန်းကျသော နတ်ပူဇော်ပသနည်းကို ဟောပြ၍ ဆုံးမတော် မူခဲ့ပါသည်။

ရှင်းပါဦးမည်-ပညာရှင်· တစ်ယောက်သည် မိမိနေထိုင်ရာ· မြို့ရွာဒေသ ရပ်ကွက် ဌာနမှာ ရှိနေကြသော ကိုယ်ကျင့်သီလ· တရားထင်ရှား ရှိနေခြင်းကြောင့် ရရှိနိုင်သော သီလဝန္တဂုဏ်၊ ကိုယ်အမူအရာ နှုတ်အမူအရာနှင့် မိမိ၏ စိတ်ကို သေချာစွာ စောင့်စည်း ထိန်းသိမ်းခြင်းကြောင့် ရရှိနိုင်သော ဗြဟ္မစာရီ ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ပုဂ္ဂိုလ်မြတ်ကြီးတို့ကို စား သောက်ဖွယ်ရာ အဖြာဖြာ ကျွေးမွေးပြုစုပြီး ရှေးဦးစွာ ကုသိုလ် တရားကို ရယူထားလိုက်ကြပါ။

ကုသိုလ်တရားကို ရယူထားပြီးနောက်မိမိရရှိသော ကုသိုလ်· အဖို့ကို မိမိနေထိုင်ရာ မြို့ရွာဒေသမှာ ရှိနေကြသည့် နတ်မြတ်· နတ်ကောင်း နတ်အပေါင်းတို့အား အမျှပေးဝေသောအားဖြင့် မြတ်နိုးကော်ရော် ပူဇော်ပသလိုက်ပါ၊ ကုသိုလ်အဖို့ကို အမျှ ပေးဝေသောအားဖြင့် မြတ်နိုးကော်ရော် ပူဇော်ပသခြင်းခံကြ ရသည့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့က အမျှပေးဝေ ပြီး ပူဇော်ပသသည့် ပညာရှင်ပုဂ္ဂိုလ်ကို တုံ့ပြန်၍ ပူဇော်ကြ ပါလိမ့်မည်၊ တုံ့ပြန်၍ မြတ်နိုးကြပါလိမ့်မည်။

ဆက်လက်၍ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က တုံ့ ပြန်၍ ပူဇော်ပုံ၊ တုံ့ပြန်၍ မြတ်နိုးပုံကို ဟောကြားတော်မူပြန် ပါသည်။

"မွေးသမိခင်ကျေးဇူးရှင်ကမိမိကိုယ်တိုင် ရင်ဝယ်ပိုက်ထွေး မွေးမြူထားသော သားအရင်းကို အစဥ်စောင့်ရှောက် ချီးမြှောက်သကဲ့သို့ မြတ်နိုးကော်ရော် ပူဇော်ပသခြင်းခံကြရသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့က သူတို့အား အမျှပေးဝေသောအားဖြင့် မြတ်နိုးကော်ရော် ပူဇော်ပသသည့် ပညာရှင်ပုဂ္ဂိုလ်ကို ပြန်၍ အစဥ်စောင့်ရှောက် ချီးမြှောက်ကြပါလိမ့်မည်၊ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့က ပြန်လည်၍ အစဥ်စောင့်ရှောက် ချီးမြှောက်ခြင်းခံရသော ပညာရှင်ပုဂ္ဂိုလ်သည် အမြဲမပြတ် ကောင်းမြတ်သော အာရုံတို့ကို တွေ့ကြုံရရှိခံစားရပါလိမ့်မည်"။

ယခု ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားညွှန်ပြ ဆုံးမတော်မူသော နတ်ပူဇော်နည်းသည် မိမိဆိုင်ရာ နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ကို တစ်ရက်စာ၊တစ်နှစ်စာ၊တစ်ဘဝစာမျှသာမက ဘဝများစွာ သံသရာမှာ ကောင်းကျိုးချမ်းသာအဖြာဖြာတို့ကို ရရှိခံစားနိုင်အောင် ကုသိုလ်ကောင်းမှု အစုစုကိုအမျှပေးဝေသော ပူဇော်ပသနည်းဖြစ်၍ အင်မတန်ကောင်းမွန် မြင့်မြတ် အထက်တန်းကျသော ပူဇော်ပသနည်း ဖြစ်ပါသည်။ပူဇော်ပသကြသော ပုဂ္ဂိုလ်တို့မှာလည်း ချမ်းသာသုခကို ရရှိစေနိုင်သည့် ကုသိုလ်တရားများကို ပွားကြရပါသည်။ပူဇော်ပသခြင်းခံကြရသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့မှာလည်း ချမ်းသာသုခကို ရရှိစေနိုင်သော ကုသိုလ်တရားများ တိုးပွားကြရပါသည်။ အင်မတန်ကောင်းမွန်သော ပူဇော်ပသနည်း ဖြစ်ပါသည်။

ယခုခေတ် ပူဇော်ပသနေကြသည့် နတ်ပူဇော်နည်းများကတော့ ထေရဝါဒ ပိဋကစာပေအရ အမှားဖြစ်နေကြပါသည်။ ကံတရားကို ကိုးစားယုံကြည်သည့် ပုဂ္ဂိုလ်များအနေဖြင့် တွက်ဆကြည့်လျှင် သိနိုင်ပါသည်။

ယခုခေတ် နတ်ပူဇော်ပသနေကြသည့် ပုဂ္ဂိုလ်အများစုသည် အခြေမရှိသော ငါးစသည့် သတ္တဝါများကို သတ်ဖြတ်ပူဇော်ပသနေကြသည်၊ အခြေနှစ်ချောင်းရှိသောကြက်စသည့်သတ္တဝါများကို သတ်ဖြတ်ပူဇော် ပသနေကြသည်။ အခြေလေးချောင်းရှိသော ဝက်စသည့် သတ္တဝါများကို သတ်ဖြတ်ပြီး ပူဇော်ပသမှု ပြုလုပ်နေကြသည်။ ဤပူဇော်နည်းသည် မပူဇော်မီ ရှေးအဖို့က စတင်ပြီး ပူဇော်မည့် ပုဂ္ဂိုလ်မှာ အကုသိုလ်တွေ ဖြစ်နေပါသည်။ အကုသိုလ်နှင့် ရင်းနှီးပြီးမှ ပူဇော်ပသကြသည့် ပုဂ္ဂိုလ်များအနေဖြင့် ဤပူဇော်ပသမှုကြောင့် မကြီးပွား မတိုးတက်နိုင်ပါ။ အကျိုးဆုတ်ယုတ်မှုသာ ဖြစ်နိုင်ပါသည်။ အကယ်၍ ဤနည်းဖြင့် ပူဇော်ပသပြီးမှ ကြီးပွားတိုးတက်မှု ဖြစ်ပါသည် ဆိုလျှင်လည်း ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ကြုံကြိုက်သကဲ့သို့ တိုက်ဆိုင်မှုသာ ဖြစ်ပါလိမ့်မည်။ ကြီးပွားတိုးတက်ခြင်းကတော့ အတိတ်ကုသိုလ်ကံကြောင့်သာ ဖြစ်နိုင်ပါသည်။

တစ်နည်းအားဖြင့် ကုသိုလ်အဖို့ကို အမျှပေးဝေ ပူဇော်ပသမှုကို ခံယူရသည့် နတ်များ ရရှိနိုင်သော အကျိုးတရားနှင့် စားသောက်ဖွယ်ရာသားငါးများနှင့်ပူဇော်ပသမှုကိုခံယူရသည့် နတ်များ ရရှိနိုင်သော အကျိုးတရားကို နှိုင်းယှဉ်ကြည့်လျှင် တိုင်းတာမရအောင် ကွာခြားလှပါသည်။ ကုသိုလ်အဖို့ကို ရရှိသည့် နတ်များက ဘဝပေါင်းအသင်္ချေအနန္တမှာ ကောင်းကျိုး

တရားတွေကို ခံစားခွင့် ရနိုင်ကြပါသည်။ စားသောက်ဖွယ်ရာများကိုသာရရှိနိုင်သောနတ်များကားအချိန်အနည်းငယ်မျှသာ ခံစားခွင့် ရနိုင်ကြပါသည်။ ထို့ထက်ဆိုးရွားသောပူဇော်ပသနည်းတစ်ခု ရှိသေး၏။၎င်းမှာ-အရက်သေစာနှင့်ပူဇော် ပသသောနည်း ဖြစ်ပါသည်။ အရက်သေစာနှင့်ပူဇော် ပသသည့်အတွက် ဘယ်လိုအဓိပ္ပာယ်ထွက်လာသလဲဆိုလျှင် ကျွန်ုပ်ပူဇော်ပသသောနတ်များသည်အရက်သေစာကို သောက်စား မှောက်မှားပြီး ငါးပါးသီလ ပျက်စီးကာ အပါယ်ရွာကို သေသေချာချာ ကြွပါလေတော့-ဟု အပါယ်လေးဝသို့ တွန်းချလိုက်သည့် အဓိပ္ပာယ် ရောက်နေပါသည်။

ကဲ စဉ်းစားကြည့်စမ်းပါ၊ ဖေါ်ပြခဲ့သလို အဓိပ္ပာယ်ရောက်သည့် ပူဇော်ပသနည်းမျိုးကို ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါတွေက အပူဇော်အပသခံချင်ကြပါ့မလဲ၊ ထို့ကြောင့် ပူဇော်ပသသည့် ပုဂ္ဂိုလ်ရော အပူဇော် အပသခံရသည့် ပုဂ္ဂိုလ်ပါ ကုသိုလ်တရား တိုးပွားပြီး အကျိုးများသည့် ကုသိုလ်ကောင်းမှုပြုလုပ်ပြီး အမျှပေးဝေသော ပူဇော်နည်းကိုသာ အသုံးပြုသင့်ကြပါသည်။ အသုံးပြုကြပါဟု တိုက်တွန်းလိုပါသည်။

ပူဇော်ပသသည့်ပုဂ္ဂိုလ်ရောအပူဇော်အပသခံရသည့်ပုဂ္ဂိုလ်ပါ အကုသိုလ်မကောင်းမှုများ တိုးပွား၍ အပါယ်လေးပါးလားရောက်ရသည့်အထိ မှားယွင်းနေသော ပူဇော် ပသနည်းမျိုးကို အသုံးမပြုဘဲ ရှောင်လွှဲသင့်ကြပါသည်။ရှောင်လွှဲကြပါ။ ဤမျှလောက်ဖြင့် ဘုန်းကြီး ဟောလိုတဲ့-ဘုရားဟောသော

နတ်ပူဇော်နည်း တရားတော် ပြည့်စုံသွားပါပြီ၊ ထို့ကြောင့် တရားကို နိဂုံး အဆုံးသတ်ကြပါစို့။

ပဏ္ဍာ တဇာတိယော၊ တွေးခေါ်မြော်မြင်ပညာရှင် သဘော ရှိသောပုဂ္ဂိုလ်သည်။ ယသ္မိံ ပဒေသေ၊အကြင် မြို့ ရွာ ဒေသ ရပ်ကွက်ဌာနၵ၌။ ဝါသံကပ္ပေတိ၊ နေထိုင်၏။ ဧတ္ထ၊ ဤပညာရှင် ပုဂ္ဂိုလ် နေထိုင်ရာ မြို့ရွာဒေသရပ်ကွက်ဌာနၵ၌။ သီလ ဝန္တေ၊ သီလတရားထင်ရှားရှိကုန်ထသော။ သညတေ၊ ကိုယ်နှုတ်နှလုံး ကို စောင့်စည်းကုန်ထသော။ ဗြဟ္မစာရယော၊ မြတ်သောအကျင့် ကိုကျင့်ကုန်သောပုဂ္ဂိုလ်တို့ကို။ဘောဇေတွာ၊ စားသောက်ဖွယ် ရာအဖြာဖြာတို့ကိုသေချာစွာကျွေးမွေးပြီးလျှင်။ တတ္ထ၊ထိုပညာ ရှင်ပုဂ္ဂိုလ်နေထိုင်ရာ မြို့ရွာ ဒေသရပ်ကွက်ဌာနၵ၌။ယာဒေဝတာ၊ အကြင်နတ်တို့သည်။ အာသုံ၊ ရှိကုန်ရာ၏။ တာသံဒေဝတာနံ၊ ထိုရှိကုန်သောနတ်တို့အား။ ဒက္ခိဏံ၊ မိမိပြုလုပ်ထားသော အလှူ အဖို့ကို။ အာဒိသေ၊ ရည်ညွှန်းပြီးကာ အမျှပေးရာ၏။ (ဝါ) အာဒိသေ၊ ရည်ညွှန်းပြီးကာအမျှပေးဝေသောအားဖြင့်မြတ်နိုး ကော်ရော် ပူဇော်ပသရာသတည်း။ ။

၁။ **ဟောကြားသောဆရာတော်**.... ဆရာတော်ဘဒ္ဒန္တကေသရ (နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်)။

၂။ **သီတင်းသုံးရာနေရာ** .... အောင်မင်္ဂလာ ကျောင်းတိုက်၊ သရက်မြို့။

၃။ **ဟောကြားသည့်ရက်**....၁၃၄၉-ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ (နေ့လယ်ပိုင်း)။

၄။ **ဟောကြားသည့်နေရာ**....မြန်မာ့အသံမှ အသံလွှင့် ဟော ကြားသည်။

# စိတ်တစ်လုံး အသုံးချပုံ

## တရားတော်

ယနေ့ ၁၃၄၇-ခုနှစ်၊ တော်သလင်း လပြည့်ကျော် ဆယ့်ငါးရက်၊ တနင်းလာနေ့မှာမြန်မာ့အသံမှတစ်ဆင့်တရားဟော ကြားခွင့်ရပါတယ်။ဟောကြားမည့်တရားကတော့- စိတ် တစ်လုံး အသုံးချပုံတရား ဟောကြားဖို့စဉ်းစားတတ်ပါတယ်။ဘယ်လိုလဲဆိုတော့ ဤကမ္ဘာလောကကြီးမှာ စိတ်ရှိတဲ့ သတ္တဝါတွေ နေထိုင်ကြပါတယ်။ အဲ့ဒီလိုအသီးသီးမှာနေထိုင်ကြတဲ့သတ္တဝါ အချင်းချင်းဟာ မေတ္တာ ကရုဏာ အခြေခံကာ စိတ်ရင်း စိတ်မှန်နဲ့ မဆက်ဆံကြဘဲ လောဘ, ဒေါသ, မာန် မာနတွေနဲ့သာ ဆက်ဆံနေကြတာတွေ နောက်ဆုံးသံယောဇဉ် အနှောင်အဖွဲ့ မကင်းတဲ့ အိမ်ထောင်စုအတွင်း မိသားစု အချင်းချင်းများ တောင် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြလို့ အငြင်းပွားကြ၊ အချင်းများကြ၊ အိမ်မှဆင်းသွားကြ၊ တရားတွေကြတာ တွေဖြစ်နေတော့ တစ်ယောက် တစ်ယောက် အလစ်မပေးဘဲ အခွင့်အရေးရဖို့သာ အကွက်ရှာနေကြတာတွေကို ကြားသိနေရ ပါတယ်။

အဲဒါတွေကြောင့် ဘုရားရှင်ဘုရားဖြစ်ခါစမှာတရားဟောဖို့ ဆင်ခြင်စဉ်တုန်းကဒါလောက် လောဘ, ဒေါသ, မောဟ, မာန်,မာန စတဲ့ စိတ်ယုတ်စိတ်ဆိုးတွေ လွှမ်းမိုးနှိပ်စက်သောင်း ကျန်းနေတဲ့ သတ္တဝါတွေဟာ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းနဲ့ ရထားတဲ့ ငါဘုရားရဲ့တရားမှန်တွေကို ကေန်ထိုးသွင်းသိဖို့လွယ်

ကူမယ်မဟုတ်တော့ပါဘူးလို့ အကြံဖြစ်တော့ မေတ္တာ ကရုဏာ ရှင်ဗြဟ္မာကြီးက- အချင်းတို့- လောကကြီးတော့ ပျက်စီးတော့မှာပါပဲ-လို့ ဆိုပြီး လျှောက်ထားပုံက- “သတ္တဝါတွေထဲမှာ လောဘ, ဒေါသ, မောဟ, မာန်မာန နည်းပါးကြသူတွေ၊ လောဘ ဒေါသ စသည်မှ ကင်းကွာအောင်ပယ်ခွာထားကြတဲ့သူတွေ၊ တရားမှန်ကို သိလွယ်ကြမည့်သူတွေ၊ ယုံကြည်ထိုက်တာကိုသာ ယုံကြည်တတ်တဲ့ သဒ္ဓါမှန်ရှိသူများက ကိလေသာတွေကိုပယ်ပြီး ဖြစ်တော်မူတဲ့ ပယ်နည်း ကျွမ်းကျင် ဘုရားရှင်ကို ဖူးမြင်လို၊ ပယ်နည်းလမ်းညွှန်ကို နာလိုသူတွေ ရှိနေကြသေးလို့ လမ်းညွှန် ပေးဖို့ရန် တောင်းပန်ရပါသည် မြတ်စွာဘုရား”လို့ လျှောက်ထားပါတယ်။

ရှိပေမှာပေါ့၊ စိတ်ကလည်း ဖြူစင်မြင့်မြတ်တဲ့စိတ်၊ မည်းနက်ယုတ်ညံ့တဲ့စိတ်လို့ရှိနေတော့ ပုဂ္ဂိုလ်သတ္တဝါကလည်း ဖြူစင်မြင့်မြတ်တဲ့ပုဂ္ဂိုလ်သတ္တဝါ၊ မည်းနက်ယုတ်ညံ့တဲ့ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ဖြစ်လာပါတယ်။ ဒီလူဟာ လူကောင်းပါ၊ ဒီလူဟာ လူကောင်းမဟုတ်ဘူး၊ ကြည့်ပေါင်းစတာတွေဖြစ်လာပါတယ်၊ ဒါ့ကြောင့် မည်းညစ်ယုတ်ညံ့တဲ့စိတ်ကိုလည်း ဖြူစင်မြင့်မြတ်လာအောင် မြင့်မြတ်တဲ့ စိတ်ကိုလည်း ထို့ထက် မြင့်မြတ်အောင် ဖြစ်ပေါ်တဲ့စိတ်တစ်လုံးကို အသုံးချဆုံးမဖို့အချိန် ရောက်နေပြီဖြစ်လို့မို့ “လိုရာတောင့်တ၊ ကျင့်တိုင်းရ၊ ဘဝပဒေသာမည်” ဆိုတဲ့ဆောင်ပုဒ်အတိုင်း ဘဝပဒေသာ ရနေကြတဲ့အခါ လိုရာတောင့်တပြီး အခွင့်ကောင်းကို လွန်မြောက် မသွားစေဘဲ လမ်းညွှန်အတိုင်းကျင့်ကြံလို့ ဆုံးမလို့ ဖြူစင်မြင့်မြတ်တဲ့စိတ်

ဖြစ်လာရင်ဖြူစင်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ စိတ်ကောင်းရှိတဲ့ လူကောင်းသူကောင်း ဖြစ်လာမှာပါပဲ။

မြတ်စွာဘုရားကလည်း "စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ ဝိသုဇ္ဈန္တိ" ဟု ဟောတော်မူပါတယ်။အဲဒီပါဠိတော်ကို မြန်မာပြန်ရင် စိတ်ဖြူစင်ပါက သတ္တဝါတွေ ဖြူစင်ကြပေ၏-ဟူ၍ ဖြစ်ပါတယ်။ အဲဒါကြောင့် သတ္တဝါတွေဟာ မြတ်စွာဘုရားရဲ့ အဆုံးအမသာသနာနဲ့တွေ့တဲ့အခါ မိမိ မိမိတို့၏ ဖြူစင်ကောင်း မြတ်မှုကို အားကိုးပြုဖို့ပါပဲ။ ဘာပြုလို့လဲဆိုတော့ စိတ်ဆိုတာ ပါပသ္မိံ ရမတိ မနော-တဲ့၊ ဒါကိုမြန်မာပြန်မည်ဆိုရင်—

စိတ်၏ပင်ကို အလိုဆိုတာ၊ မကောင်းမှု၌ ပျော်မျိုးသာ။
စိတ်၏အကြိုက် လိုက်သူဆိုတာ၊ အပါယ်လျှိုး၊ လွတ်ရိုး မဟုတ်ပါ—

လို့ဆိုထားတော့ လူ့အလိုက ကြောက်စရာကြီးပဲ။ သူ့ဟာ သူ့အလိုအတိုင်း တစ်ကမ္ဘာလုံးတွင် မက တစ်သံသရာလုံးပါ ချိပြီး ကလိကမာ ပလိပလာတွေ အများကြီးနေခဲ့တာမို့ ဖမ်းဖို့ပြုပြင်ဖို့ရာ မလွယ်ကူအောင် သူ ခြယ်လှယ်ချင် သလိုခြယ်လှယ်နေတာခံခဲ့ကြရတယ်မဟုတ်လား၊အတိတ်ကလဲခြယ်လှယ်ခဲ့ပြီးပြီ၊ယခုလဲခြယ်လှယ်ဆဲ၊နောင်ကိုလဲခြယ်လှယ်အုံးမှာမဆုံးပါဘူး။ သူက ဒီလိုခြယ်လှယ်ချင်တိုင်း ခြယ်လှယ်နေတော့ကာ ဘယ်သူတွေ ဘာဖြစ်နေကြသလဲ။

ဖြစ်လို့မဆုံး။ အိုလို့မဆုံး၊နာလို့မဆုံး ၊သေလို့လဲမဆုံး၊ကွဲလို့လဲမွဲလို့မဆုံး၊လဲ့မဆုံးဆုံးကြသေးရဲ့လား၊ ကမ္ဘာမဆုံးမိုးမဆုံးဆိုတာလိုတစ်သံသရာလုံး ဒုက္ခတုံးကြီးတွေ ဖြစ်နေခဲ့ကြတာယနေ့အထိပဲဆိုပါတော့။ ဒီခန္ဓာကိုယ်ကြီးက သူချော့သမျှပျော့နေရ

တယ်၊ အစစအရာရာဆိုတာလိုသူလိုရာသူ့ အကြိုက်ကိုပဲအလိုက်ကြီးလိုက်နေရလို့ ခက်နေပါတယ်။ ပုဂ္ဂိုလ် သတ္တဝါရဲ့အလိုကတော့ ငါ၏ပင်ကိုအလိုဆိုတာ သုခကောင်းကျိုးကြိုက်ရိုးဓမ္မတာဆိုတဲ့အတိုင်းအလိုအမျိုးမျိုး လိုက်နေရလို့ တစ်ခါတစ်ခါတော့လဲ တာဝတိံ ဘုံဖျားတွင်သိကြားမင်းဖြစ်လိုသူ့ ထက်ကဲမဟုတ်လား၊ တစ်ခါတစ်ခါကျတော့လဲ အောက်ငရဲမှာ သေနာနာဆိုမဟုတ်လား။ တစ်ဖန် တစ်ခါကျတော့လဲဗြဟ္မာဖြစ်လိုပြောင်ပြောင်ဝင်း၊ ဝက်စားကျင်းမှာ တရှုပ်ရှုပ်လို့ဗရုတ်သုတ်ခတွေ ဖြစ်နေကြရတယ် မဟုတ်လား။

ဒီလို ဖြစ်ကြရတာဟာ လက်သည်ရှာလိုက်တော့ ဘယ်သူကြောင့်ပါလဲ၊ သူ့ကြော ပဲ မဟုတ်ကြဘူးလား၊ အမှန်အားဖြင့်လဲ ဒီစိတ်တစ်လုံးကို နိုင်အောင်ပိုင်အောင် အသုံးမချနိုင်ကြလို့ပေါ့၊ အသုံးချနိုင်ဖို့အတွက်သဲ ခက်နေကြတယ်မဟုတ်လား၊ ရှုံးနေကြတယ်မဟုတ်လား၊ လန့်နေကြတယ်မဟုတ်လား၊ စိတ်ဆိုတာအတော်လျင်မြန်တာ၊ ဖမ်းလို့ရတာမဟုတ်ဘူး၊ သူသွားချင်ရာသွားနေတာ၊ ခုဘဝတွင်မှ မဟုတ်ဘဲ ဟိုကမ္ဘာလဆန်းသံသရာ လဆန်းကတည်းက သူဆွဲရာ ပါနေကြရတယ်မဟုတ်လား၊ ဒီတော့ကာသူ့ ကိုတယ်မှာနှိမ်လို့ရမလဲ၊ အဲဒီလိုအတွေးတွေနဲ့ အရှုံးပေးနေခဲ့ကြရတယ် မဟုတ်လား၊ အဲဒီလိုအရှုံး ပေးနေခဲ့ကြသူတွေကြောင့်လဲ ကိုယ်ရွှေစိတ်က သိပ်ပြီးဟုန်ကြီးပန်ကြီး လုပ်နေတာထင်ပါရဲ့၊ ကဲ-သူ့ အစွမ်းသိကြရအောင် ဒူရင်္ဂမံ ဧကစရံ-အစရှိတဲ့ ပါဠိတော်၊ ဒုန္နိဂ္ဂဟဿလဟုနော-အစရှိတဲ့ ပါဠိတော်များအရ ဖွဲ့ဆိုထားတဲ့ လင်္ကာလေးက ဒီလိုတဲ့—

ကိုယ်ထည်ပုံစံ၊ အထင်ခံဖြင့်၊ သဏ္ဍာန် စံပြ၊ မတွေ့ရဘဲ၊ ဟာဒယလိုဏ်နန်း၊ ဂူစခန်းဝယ်၊ စံမြန်း နေကာ၊ ကိန်း၍သာလျှင်၊ ဝေးရာရပ်ခြား၊ အာရုံအားဖြင့်၊ ပြေးလွှားမျှော်ကာ၊ ဖော်မပါဘဲ၊လော်မာညစ်ပတ်၊ စိတ်ပရမတ်ကို၊ နှိပ်ကွပ်ဆုံးမ၊ ခက်ခဲလှ၍၊ သူကျလိုရာ၊ ကျရောက်ကာလျှင်၊ မြန်စွာခဏ၊ ပြောင်းလွှဲကြ၏။ ဤမျှဆိုးသွမ်း၊ စိတ်သရမ်းကို၊ စောင့်ဖမ်းထိန်းကာ၊ ရှုမှတ်ပါမူ၊ လိမ္မာ လှပ၊ ယဉ်ကျေး ရ၍၊ သုခချမ်းသာ၊ ပို့ဆောင်ရာသည်၊ မြတ်စွာဗုဒ္ဓ လမ်းညွှန်တည်း။

ဒီလင်္ကာထဲမှာပါသလို စိတ်ဆိုတဲ့ သဘောထား၏ အစွမ်းသတ္တိများကိုလဲ ထင်ရှားစွာ မှတ်ထားကြပါ၊ သိထားကြပါ၊ ပြီးတော့ကာ ဘယ်လောက်ပင် သွမ်းသွမ်း၊ အဖမ်းတတ်ရင် အသွမ်းခတ်တွေကြေပျောက်ကာနိဗ္ဗာန်ရောက် ချမ်းသာမယ် ဆိုတာ အကူး ယုံကြည်စွာဖြင့် သေချာကျနစွာ ဖမ်းကြစမ်းပါ၊ အဖမ်းမတတ်ရင် မြင်ကောင်းတော့ လောဘ ကိလေသာ၊မြင်မကောင်းတော့ ဒေါသကိလေသာတွေ၊ မြင်ကောင်းမကောင်းတော့ မောဟကိလေသာတွေ ဝင်လာနိုင်တယ်။ အာရုံခြောက်ပါး တံခါးခြောက်ပေါက်က ဝင်လာသမျှတွေကို သတိတမန်ဉာဏ်မြေကတုတ် အစွမ်းထုတ်ပြီးတော့ မျက်စိတံခါးကပဲဝင်လာမလား၊ ဝင်လာရင် မြင်သိစိတ်ဖြစ်လာရင် စက္ခုဒွါရ-မြင်ခဏ၊ မြင်ကမြင်တယ် မှတ်ရတယ်။ သောတဒွါရ-ကြားခဏ၊ ကြားက ကြားတယ် မှတ်ရတယ်။ ဃာနဒွါရ-နံခဏ၊ နံကနံတယ် မှတ်ရတယ်။ ဇိဝှါဒွါရ-စားခဏ၊ စားက စားတယ် မှတ်ရတယ်။ ကာယဒွါရ-ထိခဏ၊ ထိက ထိတယ်မှတ်ရတယ်။ မနောဒွါရ-သိခဏ၊ သိက တိတယ် မှတ်ရတယ်-ဆိုတဲ့ဆောင်

ပုဒ်အတိုင်း မမေ့သတိ၊ သိတဲ့ပညာနဲ့ ရှုမှတ်လိုက်ပေါ့၊ ဒီလို ရှုမှတ်ပင်လိုက်ရင် ကိလေသာ အညစ်အကြေးတွေဟာ တစ်ခါလည်းမဝင်လာနိုင်တော့ဘူးမဟုတ်လား၊ အာရုံတိုင်းမှာစွဲကိန်းလာတဲ့ ကိလေသာတွေ မှန်သမျှကို အာရမ္မဏာနုသယ ကိလေသာလို့ ခေါ်တယ်။

ဒီတော့ကာ ဖြစ်ပေါ်လာတိုင်းသော အာရုံတွေကို မှတ်၊ သိမှတ်၊ သိနေတဲ့ပုဂ္ဂိုလ်သတ္တဝါဟာဘယ်ကလာပြီးကိလေသာရန်သူတွေ ဝင်ရောက်နှောင့်ယှက် နိုင်ပါတော့မလဲ၊ အမြဲတစေကိုယ်ကသာအနိုင်ရနေမှာပေါ့၊ ဒီတော့ မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ စားသမျှ၊ ထိသမျှ၊ သိသမျှအာရုံတရားတွေအပေါ်မှာ မြင်ရင်မြင်တယ်၊ ကြားရင်ကြားတယ်၊ နံရင်နံတယ်၊ စားရင်စားတယ်၊ ထိရင်ထိတယ်၊ သိရင်သိတယ်၊ အဲဒီလိုသာအမြဲတစေ ရှုမှတ်နေခြင်းဖြင့် ဆိုးသွမ်းချင်တိုင်း ဆိုးသွမ်းလှတဲ့ နွားငယ်ကြော့ကြမ်း စိတ်သရမ်းကိုစောင့်ဖမ်းမှသာဖမ်းလို့ရနိုင်ကြမှာပါပဲ။ ဒီတော့ကာ ရလာတဲ့ဒုလ္လဘ အခါမှာ ကြိုးစားလို့သာ ဖမ်းကြပါတော့။ ဖမ်းရမည့်စိတ်က နွားငယ်ကလေးနဲ့ တူတယ်ဆိုတော့နွားငယ်ကလေးဖမ်းပုံကိုလဲ နမူနာယူရမယ်ပေါ့၊ ဘယ်လိုတုန်းဆိုတော့ဘုရားရှင်တို့ဂုဏ်ပြုခံထားရတဲ့ဘုရားပွင့်ရာဌာန မဇ္ဈိမဒေသသားတောင်သူလယ်သမားဦးကြီးများကိုအစထားကာ များစွာသောကမ္ဘာ့တောင်သူလယ်သမား ဦးကြီးများတို့ဟာ မိမိတို့၏ ဝမ်းရေးနဲ့အများအဖို့ တာဝန်ကျေရေးအတွက် နွားနဲ့ဖက်ကာကျန်းမာရေးကို တောင့်ငဲ့ကွက်မှု မထားနိုင်ဘဲ အားခဲပြီးလုပ်ကိုင်နေကြရပါတယ်။ ၎င်းတို့၏ နွားမများဟာ နွားဟို့၏ဓမ္မတာအတိုင်း နွားကလေးများပေါက်ဖွားလာကြပါ

တယ်၊ပေါက်ဖွားပြီးပြီဆိုရင်ပဲ သွားချင်ရာသွား၊စားချင်ရာစား လားလားမှ အငြိမ်မနေ ဣန္ဒြေမရ ဖြစ်နေတော့ လုပ်ငန်းပိုင်ရှင်နဲ့လုပ်ငန်းခွင်မှာတွင်တွင်လှလှအသုံးမကျအောင် ဖြစ်နေတော့ နှိပ်ကွက်ဆုံးမရန် ဖမ်းသော်လည်း သူကလျင်မြန်လှတဲ့အတွက် ဖမ်းလို့မရ၊ ကိုင်လို့မရ၊ လိုက်လို့မမီ ဖြစ်နေတော့ လူတို့အညာ အစည်အားလျော်စွာ ကြိုးစားအသုံးပြုရပါတယ်။

ဘယ်လိုစပြီး အသုံးပြုရပါသလဲဆိုတော့ နွားကလေးများ နို့ဆာလာပြီဆိုရင် မိခင်နွားမကြီးနား ကပ်ပြီး နို့ကို ပာပ်ကာ ဦးခေါင်းကလေးနဲ့ ဆောင့်ဆောင့်ပေးလိုက်တော့မှ နွားမကြီး က နို့ချပေးပါတယ်၊အဲဒီလို နို့ကိုမက်မောနေတဲ့အချိန်ဦးစွာ ပထမလည်ပင်းမှာ မလျော့မတင်း လည်ပင်းကြိုးကလေး ချည် လိုက်ရပါတယ်။ ချည်ပြီးရင် နွားငယ်ကလေးကို ဖမ်းဖို့လွယ်ကူ သွားပါပြီ၊ လွယ်ကူတာထက် လွယ်ကူအောင် လည်ပင်းကြိုးမှ တစ်ဆင့် မရှည်မတို သုံးလွန်းတင် ကြိုးကလေးတစ်ချောင်း အကြောင်းအားလျော်စွာ ဖမ်းဖို့ဆက်သွယ်ကာ သွားချင်ရာ သွားသိုပြီး လွှတ်ထားပေမယ့် ကြိုးတန်းလန်းကို မြင်သမျှ သရမ်းချင်တိုင်း သရမ်း၍ မရတော့ဘူးဆိုတာ ရိပ်စားမိနေမှာပေါ့၊ ဒီတော့ နို့ညှစ်ချင်တဲ့အခါ လုပ်ငန်းခွင် မရှုပ်စေလိုတဲ့ အခါများမှာကြိုးကိုဆွဲကာချည်တိုင်မှာ ဂွင်းလည်အောင်ချည် နှောင်ထားလိုက်ပါက နွားငယ်တို့ရဲ့ဘုံးစံ ရှုန်းကန်လှည့်ပတ် ပါသော်လည်း ကြိုးခိုင်ခိုင်နဲ့ မြဲအောင် ချည်ထားမှုကြောင့် ငြိမ်ဝပ်ကာ နေရပါတော့တယ်။ ဒီလိုနဲ့ပဲ နဖားကြိုး၊ ထမ်းပိုးကြိုး၊ လက်ကိုင်ကြိုးစတဲ့ ကြိုးအမျိုးမျိုးနဲ့ ချည်နှောင် ထိမ်းသိမ်းထားရာတော့ မသောနိုင်ရှာတဲ ယဉ်ကျေးလှပ လိုဘိုင်းရ

သွားကာ နွားပိုင်ရှင်လယ်သမားရဲ့ ချမ်းသာမှုကို ပို့ဆောင်ရာ ဘိသကဲ့သို့ ဝေးရာပြေးသွားလို့ ဘေးများတတ်သော မိမိ၏ စိတ်တစ်လုံးကိုလည်း သတိတည်းဟူသော ကြိုးနဲ့ ခန္ဓာငါးပါး တည်းဟူသော ချည်တိုင်မှာ မယိုင်မလှဲအောင် ခိုင်ခိုင်မြဲမြဲချည် ထားပါလေ-ဟု မှာကြားတဲ့ ဒေသနာတရားက—

ယထာ ထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ နရော ဣဓ။
ဗန္ဓေယျေဝံ သကံ စိတ္တံ၊ သတိယာရမ္မဏေ ဒဠှံ။

ဣဓ၊ ဘဝဇာတ်ခုံ ဤလူ့ဘုံ၌။ နရော၊ ကိစ္စအောင်မြင် လုပ်ငန်းတွင်ဖို့ ပြုပြင်လိုလား နွားကျောင်းသားသည်။ ဝါ— အလုပ်စီးပွား အကျိုးများဖို့ လိုလားပြုပြင် နွားပိုင်ရှင်သည်။ ဝစ္ဆံ၊ စားချင်ရာစား၊ သွားချင်ရာသွား၍ လားလားမှအငြိမ် မနေ ဣန္ဒြေမရ အသုံးမကျသော နွားငယ်ကို။ ဒမံ-ဒမန္တော၊ အဟုတ်တန်းပင်လုပ်ငန်းခွင်မှာတွင်တွင်လှုလှု အသုံးကျအောင် ဆုံးမလိုသည်ဖြစ်၍။ ထမ္ဘေ သင့်တင့်လျော်စွာ တစ်နေရာဝယ် သေချာမယွင်းစိုက်ထားခြင်းဖြင့်ခိုင်တင်းမြဲခိုင်နွားချည်တိုင်၌။ နိဗန္ဓေယျ ယထာ၊ အရပ်နီးဝေး ထွက်မပြေးဘဲ ယဉ်ကျေးလှုပ လိုတိုင်းရ၍ သုခဖြိုးတင့် ညီးမလွင့်သောင် ကြိုးဖြင့်နှောင်ကာ ချည်ထားရာ သကဲ့သို့။ ဧဝံတထာ၊ ဤသို့ရှုရာ ဥပမာ့အတူ။ ဘိက္ခု သံသရာဘေး ရန်တဝေးကိုဥာဏ်တွေးဆင်ခြင် ယောဂီ ရှင်သည်။ သကံ စိတ္တံ၊ကမ္ဘာကမ္ဘေ အသချေ ဣန္ဒြေမရှိ ယနေ့ ထိအောင် မိမိဆိုင်ရာ စိတ်ယုတ်မာကို။သတိယာ၊ သုံးလွန်းတင် ကြိုးပုံမညီးဘဲ ပြည့်ဖြိုးခိုင်မာ အရာရာကို ကောင်းစွာသိမှတ် သတိဓာတ်ဖြင့်။ အာရမ္မဏေ၊ ချည်တိုင်အလား ပုံမခြားဘဲ ထင်ရှားပေါ်လာ မှတ်စရာခန္ဓာငါးပါး အာရုံတရား၌။ ဒဠှံ၊

မယိုင်မလဲ ခိုင်မြဲအောင်။ ဗန္ဓေယျ၊ နည်းလမ်းလှလှ စည်းကမ်းကျအောင်လို့ လမြဲစွာ ဖွဲ့ချည်ထားရာသတည်း။ ဝါ-ကြမ်းသမျှ ရမ်းသမျှ အစွမ်းလှလှဖြင့် ဖမ်းကြရာသတည်း။

အဲဒီလို ဒေသနာက ဥပမာနဲ့တကွ စိတ်တစ်လုံး အသုံးချပုံ ဆုံးမကြောင်းစကား ညွှန်ကြားတော်မူပါတယ်။ ညွှန်ကြားချက်ကို နာယူရတဲ့အတိုင်း ပုဂ္ဂိုလ်သတ္တဝါတွေက စိတ်အမျိုးအစားအများထဲမှ မိမိပိုင်သတဲ့ စိတ်အမူအရာမျှကို အသုံးကျအောင် မသုံးမကြဘူးဆိုရင်-စိတ်ကိုမမှတ် အရှုံးခံတတ်၊ မပြတ်ရောက်နေတာ-ဆိုတဲ့ဆောင်ပုဒ်အတိုင်းအရှုံးဘဝနဲ့သာရင်ဆိုင်ကြရအုံးမှာမလွဲပါဘူး။ ဒီလိုသာ အရှုံးပေးနေမယ်ဆိုရင်မအေးရတဲ့ အချိန်တွေသာ များနေမှာပေါ့၊ ဘာပြုလို့လဲ ဆိုတော့ မြင်သိစိတ်စသည်တွေ ဖြစ်ပေါ်နေတုန်း မြင်ဆဲခဏမှာ မြင်ရုံမျှသာ၊ ကြားဆဲခဏမှာ ကြားရုံမျှသာ၊ နံဆဲခဏမှာ နံရုံမျှသာ၊ စားဆဲခဏမှာ စားရုံမျှသာ၊ တွေ့ထိဆဲခဏမှာ တွေ့ထိရုံမျှသာ၊ ကြံဆဲခဏမှာ ကြံရုံမျှသာ၊ ရပ်တန့်ခြင်းမရှိပါဘဲ နှစ်သက်စရာ ချစ်ဂရာခင်မင်စရာကောင်းတာပဲ၊ စိတ်ပေါက်စရာ၊ စိတ်ကောက်စရာ၊ စိတ်ဆိုးစရာ၊ မုန်းစရာကောင်းတာပဲ-ဟု နှစ်သက်တဲ့စိတ်၊ ချစ်တဲ့စိတ်၊ ဆိုးတဲ့စိတ်၊ စိတ်ညစ်တဲ့စိတ်၊ ညှိုးဆဲချင်တဲ့စိတ်၊ ဤသို့စသောအားဖြင့် ဣဋ္ဌ အနိဋ္ဌ အားလျော်စွာ ဖြစ်ပေါ်ယှဉ်တွဲလာတတ်တဲ့အကုသိုလ်စိတ်အမူအရာများကိုပိုင်းခြားခွဲဝေကာ မမဲ့တဲ့သတိ၊ သိတဲ့ပညာ၊ မပါဘူးဆိုရင် အနေလဲ မချမ်းသာ၊ အသေလဲမချမ်းသာ ဖြစ်မှာဆိုတဲ့ ဆုံးမစကားကလေးက-

ကိုယ်မှတခြား၊ သူတပါး၏။ စိတ်အားဖြစ်ပုံ၊ မသိတုံ
လည်း၊ လုံးစုံအန္တရာယ်၊ ရောက်လိမ့်မယ်ဟု၊ ကြောက်

ဖွယ်တစ်၊ စိတ်မရှိဘူး၊မိမိစိတ်သာ၊ ဖြစ်ပုံများကို၊
ပိုင်းခြားခဲ့ဝေ၊ မသိချေသော်၊ အနေမချမ်း၊ လေ
မချမ်းသည်၊သြော်-အရှည်ပန်းတဲ့ အဝိဇ္ဇာပါတကား—

ဆိုဘဲ့ ဆိုးမစာအရ နေရေး,သေရေး မကောင်းတဲ့အပြင် အရှည် မအေးစရာတွေက ဖြစ်လာတဲ့ ဘဝသံသရာမှာ လင်နဲ့မယား သမီးသားနဲ့ စီးပွားဥစ္စာ များစွာအာရုံ ကာမဂုဏ်များဟာ ဘုံဆိုင့်ပါ၊ ဒါပေမယ့် ကိုယ်ပိုင်မှတ်ထင်ပြီး လိုချင်နှစ်သက် တပ်မက် ချစ်ခင်ကြကာ ရာသက်ပန်မက ဘဝခြားနေတာ တောင်မှ မခွာရက်နိုင်ကြတော့ ပြိတ္တာစသည်တွေ ဖြစ်ကြရပါ တယ်။ မှတ်လွယ်အောင် ဆောင်ပုဒ်လေးက—

"သိဆဲခဏ၊ လောဘတဏှာ၊ဖြစ်သူမှာ၊ ပြိတ္တာဖြစ်ရမည်" လို့ ဆိုပါတယ်။

တစ်ဖန် အလိုအတိုင်းမဖြစ်ပြန်တော့ ဒေါသမာန်မာနတွေ ဖြစ်လာတတ်ပါတယ်။ ဘယ်လိုလဲဆိုတော့ မြင်လိုက်ဘယ်ဆို မကြည်လင်တဲ့ မျက်နှာထားကြီးနဲ့ တဘက်သားကို သရော် မော်ကားလုပ်ကာ ခွေးနဲ့ရှူးတိုက်လို့ ခွေးကိုက်မှာကြောက်ပြီး သစ်ပင်ပေါ်တက်ပြေးနေတုန်း ငါ့အလုပ်ဝင်ရှုပ်တာသင်ရဟန်း ပဲ၊ သင့်ဆရာ ဘုရားဆိုတာက ငါ့အလုပ်ချိုးကို ရှုတ်ချပြော နေတာပဲ၊ ပြိုင်ဖက်ရှားဘဲ့ ငါလိုလူမျိုးများ စီးပွားမဲ့အောင် လုပ်လို့ ဘယ်ရမလဲ၊ လွတ်နိုင်ရိုးလားဆိုပြီး၊ အောက်ကနေ အဆိပ်လူးတဲ့ မြားနဲ့ လှမ်းလှမ်းထိုးလို့ လက်မအား,ခြေမအား ကိုးရိုးကားရားဖြစ်ပြီး လျှောကျလာတဲ့ ကိုယ်ရုံသင်္ကန်းက မုဆိုးပေါ်အုပ်သွားတော့ ဝူးဝါးစူးဝါးနဲ့ လဲကျသွားတုန်း ဖြုန်းခနဲဆို သူ့ခွေးတွေက ရဟန်းထင်မှတ်ပြီး ဝိုင်းကိုက်

လိုက်ကြတော့ အရိုးသာ ကျန်တော့တယ်။ မပြစ်မှားအပ်သော ရဟန်းတို့ပြစ်မှားလို့ ငရဲသွားရရှာတဲ့ လောကမှုဆိုးလို ဒေါသ မာန်မာနတွေဖြစ်နေပါက "ဒေါသစိတ်သာ ဖြစ်သူမှာ၊ မှန်စွာ ငရဲရောက်ရမည်။ မာနဓာတ်ဆိုး၊ စိတ်မှာပျိုး၊ အမျိုးယုတ် ပါသည်" လို့ ဆိုပါတယ်။

မှတ်ထားကြပေါ့၊ ဒါ့ပြင်ဤလောကကြီးမှာ အစစအရာရာ ကိုယ့်ထက်သာပြန်တော့ ဟဲ မနာလိုဝိတ်တွေ ဖြစ်လာတတ်ပါ တယ်။ ကိုယ့်ရှိတာများကျသော့လဲ သူတစ်ပါးလက်ရောက်ရှိ သွားမှာစိုးတဲ့ အလိုဆိုး နှမြောဝန်တို စိတ်တွေ ဖြစ်တတ်ပါ တယ်။ ဒါ့ကြောင့် "ဣဿာစိတ်ပုပ်၊ စိတ်မှာရှုပ်၊ အရုပ်ဆိုးရ မည်။ မစ္ဆေရသာ၊ ဖြစ်သူမှာ၊ မွဲပြာကျတတ်သည်" ဤသို့စတဲ့ အရှည်ပန်းစေနိုင်တဲ့စိတ်များ ကိုယ့်သန္တာန်မှာ မဖြစ်ပွားရအောင် အချိန်ယူကာ ပယ်ရှားသုတ်သင်စေလိုတဲ့ မြတ်စွာဘုရားရှင်က ဟောကြားမှုခဲ့ပါတယ်၊ ဟောကြားပုံက—

အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

ယောပုဂ္ဂိုလ်သော၊ အမျိုးအနွယ် အရွယ်အဆင်း ဘယ်သင်း ဘယ်သူမှတ်ယူမဆို အကြင်ပုဂ္ဂိုလ်သည်။ အတ္တာနံ၊ မိမိကိုယ်ကို ကိုယ့်ပြင်တခြား သူတပါးအား မှတ်သားမဆို ကိုယ့်ကိုယ်ကို ပင်။ ပိယံ၊ ချစ်အပ်၏ဟူ၍။ ပိယံ၊ အဘွားမပျက် ဘေးမသက် အောင် လေးနက်မေတ္တာ ချစ်စရာ ဟူ၍။ ဇေ ညာ၊ အကယ်၍ များ အသိအမှတ် ပြုခဲ့ငြားအံ့။ စေ၊ ဤသို့အနှုန ကိုယ်ပိုင်ဉာဏ် ဖြင့် ကေန်စိတ်ဘွင် အမှတ်ဆင်ခဲ့သည်ရှိသော်။ စေ၊ ဤသို့အတ္တ သစေ ပေမံ နတ္ထိ စာအရှိဖြင့် အသိအမှတ် ပြုလတ်မသွင်း

နှလုံးသွင်းခဲ့သည်ရှိသော်။နံ အတ္တာနံ၊ ထိုအတ္တာဟု ဆိုအပ်သော မိမိကိုယ်ကို။ သုရက္ခိတံ၊ ကောင်းစွာမဖောက် စောင့်ရှောက် အပ်သည်မည်အောင်။ သုရက္ခိတံ၊ကျမ်းဂန်အလျောက်လမ်း မှန်ရောက်အောင် စောင့်ရှောက်တတ်သူ ငါပဲဟူ၍ မှတ်ယူနိုင်း ထောက် ဆိုရလောက်အောင်။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။ ရက္ခေယျ၊ အေးအေးမြမြ ဘေးမခအောင် တေးဆကောင်းစွာ စောင့်ရှောက်ရာ၏။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပညာရှိ သော။သောပုဂ္ဂလော၊အမျိုးအနွယ် အရွယ်အဆင်း ဘယ်သင်း ဘယ်သူ မှတ်ယူမဆို ထိုပုဂ္ဂိုလ်သည်။တိဏ္ဏံ၊အစအလယ်အဆုံး အားဖြင့် သုံးပါးသောအရွယ်တို့တွင်။အညတရံ၊ အချိန်ပုညက် အရွယ်ဇာတ်ဖြင့် အမှတ်မထား တစ်ပါးပါးသော။ ယာမံ၊ အလုပ်အခွင့်အဆင်သင့်၍ ပြုကျင့်နိုင်ဖွယ် ချိန်အရွယ်၌။အတ္တာ နံ၊ မိမိကိုယ်ကို။ ပဋိဇဂ္ဂေယျ၊ ကိုယ်ပင်ကိုယ်သာ ခေတ်ကမ္ဘာ ဝယ် ချစ်စရာအမှန်ပဲရှယ်လို့ ညာဏ်စွဲကာ အမှတ်ကိုးကြဘော့ အမြတ်တနိုး သုတ်သင်ကြရာသတည်း။

**၁။ ဟောကြားသောဆရာတော်**....ဘဒ္ဒန္တ ကုသလသာမိ(နိုင်ငံ တော် သံဃမဟာနာယက အဖွဲ့ဝင်)။

**၂။ သိတင်းသုံးရာ နေရပ်**....မဟာဝဏ္ဏာရာမ ကျောင်းတိုက်၊ မော်လမြိုင်ကျွန်းမြို့။

**၃။ ဟောကြားသည့်ရက်** .... ၁၃၄၇- ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁၅ရက်။

**၄။ ဟောကြားသည့်နေရာ**....မြန်မာ့အသံမှ အသံလွှင့် ဟော ကြားသည်။

.... ○ ....

# စစ်မှန်သော ကိုးကွယ်ရာ
## တရားတော်

တရား နာယူကြသည့် ကလျာဏာနွယ်ဝင် သူတော်စင် အပေါင်းတို့၊ ယနေ့ ၁၃၄၀-ခုနှစ်၊ တော်သလင်း လပြည့် ဥပုသ်သီတင်းနေ့မှာ စစ်မှန်သော ကိုးကွယ်ရာအကြောင်းတရား တော်ကို ဟောကြားပါမယ်။ ဘာကြောင့် ဒီတရားကို ဟောရ ပါသလဲဆိုရင် လောကမှာရှိရှိသမျှပုဂ္ဂိုလ်တွေဟာ ချမ်းသာကို လိုချင်သူတွေချည်းသာ ဖြစ်ကြပါတယ်။ ဆင်းရဲကို လိုချင်သူ တစ်ဦးတစ်ယောက်မျှ မရှိပါဘူး။မည်သူမဆို ချမ်းသာကိုအလို ရှိပုံ လယ်တီဆရာတော်ဘုရားက....

> ချမ်းသာ သုခ၊ တစ်ခုမျှဉ်၊ လောက အထုံ၊ နိအကုန် စုရှိ၊ ပုပ္ပုရွရွ၊ မြင်သမျှလည်း၊ သုခဖို့ချည်း၊ လို့လ သည်း၏—

ဟု ပဋိစ္စသမုပ္ပါဒ် ဆောင်ပုဒ် လင်္ကာမှာ ဖော်ပြတော်မူခဲ့ ပါတယ်။

ဒီတော့ ချမ်းသာကိုရဖို့ ဘာလုပ်ရမလဲ-ဆိုတဲ့ မေးခွန်းဖြစ် လာနိုင်ပါတယ်။ စစ်မှန်သော ကိုးကွယ်ရာကို ကိုးကွယ်မှ ချမ်း သာကို ရမယ်။ ဒါ-အဖြေပါပဲ။ အဲဒီလို တစ်လောကလုံးက အလိုရှိနေတဲ့ ချမ်းသာကို ရစေရန် အလို့ငှါ ကိုးကွယ်တတ်ဖို့ အတွက် စစ်မှန်သောကိုးကွယ်ရာ တရားတော်ကို ဟောရခြင်း ဖြစ်ပါတယ်။

လူတွေဟာ ဘေးရန်ကိုကြောက်ခြင်း၊ သားရတနာကို ရလို ခြင်း၊ ပစ္စည်းလာဘ်လာဘ ရလိုခြင်းစသော အကြောင်းကြောင့်

ကိုးကွယ်ရာအမျိုးမျိုးကိုရှာနေကြပုံကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှာသီတင်းသုံးနေတော်မူစဉ် သဲပုံကြီး အနီးမှာ နေထိုင်သော အဂ္ဂိဒတ္တရသေ့ကြီးကို အကြောင်းပြု၍ ဟောကြားတော်မူပါတယ်။ အဂ္ဂိဒတ္တရသေ့ကြီးဆိုတာ ပသေနဒီကောသလမင်းကြီးရဲ့ ခမည်းတော်ဖြစ်သော မဟာကောသလမင်းကြီးရဲ့ ပုရောဟိတ်ဖြစ်ခဲ့ပါတယ်။ အဲ့ဒီ မဟာကောသလမင်းကြီး နတ်ရွာစံတဲ့အခါမှာ ဆက်လက်အုပ်စိုးတဲ့ ပသေနဒီကောသလမင်းလက်ထက်မှာလဲပုရောဟိတ်ရာထူးကို ဆက်လက်ရရှိခဲ့ပါတယ်။ ပသေနဒီကောသလမင်းအနေဖြင့်လည်း ခမည်းတော်ရဲ့ပုရောဟိတ်ပဲဆိုပြီး ရိုသေစွာဖြင့် ရာထူးမပျက်ဆက်လက်ခန့်ထားခဲ့ခြင်းဖြစ်ပါတယ်။ မိမိထံ ခစားရန်လာတဲ့အခါလည်း ခရီးဦးကြိုဆိုပါတယ်၊ တန်းတူနေရာမှာလည်း ထိုင်ခိုင်းပါတယ်၊ ဘုရင်က ဒီသောက်လေးစားလာတော့ အဂ္ဂိဒတ္တ ပုရောဟိတ်ကြီးက အားနာလာပါတယ်။ ဘုရင်ဆိုတာ ရွယ်တူပုရောဟိတ်နှင့်ဆက်ဆံရတာပိုပြီးစည်းစိမ်ရှိမယ်ရွယ်တူပုရောဟိတ်နှင့် လွတ်လတ်စွာဆက်ဆံနိုင်ပါစေ ဟူသော စိတ်ရင်းကောင်းဖြင့် နေရာဖယ်ပေးတဲ့ သဘောဖြင့် ရသေ့ရဟန်းပြုရန် ခွင့်ပန်ပြီး ရသေ့ဝတ်ခဲ့ခြင်းဖြစ်ပါတယ်။ အဂ္ဂိဒတ္တရသေ့ကြီးကိုအမှီပြုပြီး နောက်လိုက် ယောကျ်ားပေါင်း တစ်သောင်းလည်း ရသေ့ရဟန်း ပြုကြပါတယ်။

အဲ့ဒီရသေ့များဟာအင်္ဂတိုင်း၊ မဂဓတိုင်း၊ ကုရုတိုင်း ဤတိုင်းသုံးခု တို့၏ အကြားမှာ နေကြပါတယ်။ အဂ္ဂိဒတ္တရသေ့ကြီးက တပည့်တွေကို ဒီလိုဆုံးမပါတယ်။

''ကာမဝိတက် စသည်ကို ကြံစည်မိတဲ့ရဟန်းဟာ မြစ်ထဲက သဲတစ်ထုပ် တစ်ထုပ်ထမ်းပြီးသည်နေရာမှာ ပုံရမယ်''ဟုဆုံးမ ထားပါတယ်။ တပည့်တွေကလဲ ကာမဝိတက် စသည်ဖြစ်တဲ့ အခါ ဆရာဆုံးမတဲ့အတိုင်းလိုက်နာပြီးသဲတစ်ထုပ် တစ်ထုပ် ထမ်းလာ၍ ပုံကြပါတယ်။ ကြာတော့ သဲပုံဟာ အလွန် ကြီး မားတဲ့ သဲပုံကြီး ဖြစ်လာပါတယ်။

အဲဒီသဲပုံကြီးကို အဟိဆတ္တာ နဂါးမင်း အုပ်စိုးနေပါတယ်။ အင်္ဂတိုင်း မဂဓတိုင်း ကုရုတိုင်းတို့မှာ နေကြတဲ့ လူတွေဟာ လစဉ်လစဉ် ဒီ ရဟန်းများထံလာပြီး လှူဒါန်းပူဇော်ကြပါ တယ်။ အဲ့ဒီ လူအပေါင်းကို အဂ္ဂိဒတ္တရဟန်းကြီးက....

''တပည့်တို့-တောင်ကို ကိုးကွယ်ကြ၊ တောကို ကိုး ကွယ်ကြ၊ အရာမ်ဥယျာဉ်ကို ကိုးကွယ်ကြ၊ သစ်ပင်ကို ကိုးကွယ်ကြ၊အဲဒီတောင်တောဥယျာဉ် သစ်ပင်များကို ကိုးကွယ်လျှင် ဆင်းရဲမှ လွတ်မြောက်ကြလိမ့်မယ်''

ဟု ဟောကြားပါတယ်။

မြတ်စွာဘုရားသည်သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော် မှာ သီတင်းသုံးနေတော်မူစဉ် တစ်ခုသောနံနက်စောစော အချိန်မှာကျွတ်ထိုက်သူများကို ကြည့်တော်မူတဲ့အခါ တပည့် ရဟန်း တစ်သောင်းနှင့်တကွ အဂ္ဂိဒတ္တရဟန်းကြီးကို မြင်တော် မူ၍ ထိုရဟန်းများကို ဆုံးမရန်အတွက် အရှင်မောဂ္ဂလာန်ကို လွှတ်တော်မူလိုက်ပါတယ်။ အရှင်မောဂ္ဂလာန် ကြွသွား၍ အခုလိုက်အပြုလိုက်ရှိပါက ဆုံးမရန် ခက်ခဲမည်-ဟု ကြံစည် တော်မူပြီး အစုကွဲစေခြင်းငှါ မိမိ၏တန်ခိုးအာနုဘော်ဖြင့် ရေ လုံးရေပေါက်ကြီးသောမိုးကြီးကိုရွာသွန်းစေတော်မူပါတယ်။

ရသေ့များသည် မိုးရွာသဖြင့် စုရုံးနေရာမှ ထကြကာ မိမိ မိမိ၏ သင်္ခမ်းကျောင်းသို့ အသီးသီးဝင်ကြပါတယ်။

အရှင်မောဂ္ဂလာန်သည် အဂ္ဂိဒတ္တရသေ့ကြီးထံကိုသွား၍ "တစ်ညတည်းခိုဖို့နေရာပေးပါ"ဟု တောင်းပါတယ်။ရသေ့ကြီးက "ရသေ့တစ်ဦးလျှင် ကျောင်းတစ်ကျောင်းစီသာ ရှိ၍ အားလပ်သောနေရာမရှိကြောင်း"ပြတ်တောင်းစွာပြောကြားပါတယ်။ ထပ်မံ၍ နေရာညွှန်ကြားရန်ပြောသော်လည်းနေရာ မရှိဟုပင်ပြောပါတယ်။ထိုအခါ အရှင်မောဂ္ဂလာန်က "သဲပုံကြီးမှာ ဘယ်သူနေသလဲ"ဟု မေးပါတယ်။ "နဂါးကြီး တစ်ကောင် နေပါတယ်"ဟု အဂ္ဂိဒတ္တရသေ့ကြီးက ဖြေပါတယ်။"သဲပုံကြီးမှာတည်းခိုပါရစေ"ဟု အရှင်မောဂ္ဂလာန်က ခွင့်တောင်းပြန်ပါတယ်။"နေပါဟုငါမပေးဝံ့၊ နဂါးမင်း၏ အမူကားကြောက်မက်ဖွယ်ကောင်းလှ၏"ဟုမိမိအပေါ် တာဝန်မရှိရန်အဂ္ဂိဒတ္တရသေ့ကြီးကပြောပြန်ပါတယ်။"ရှိပါစေ၊ သင်ကသာ ငါ့အား သဲပုံကြီးနေရာမှာတည်းခိုခွင့်ပေးပါ"ဟု အရှင်မောဂ္ဂလာန်က ပြောပြန်ပါတယ်။ "ဒီလိုဆိုရင် သင့် သဘောဖြင့်ပင် နေသင့်မနေသင့်စဉ်းစားသိရှိပါ"ဟုအဂ္ဂိဒတ္တ ရသေ့ကြီးက ပြန်ပြောပါတယ်။

အရှင်မောဂ္ဂလာန်သည်သဲပုံကြီးသို့ကြွသွားလေသော်အဟိ ဆတ္တနဂါးမင်းကမြင်၍ ဤရဟန်းကို အခိုးလွှတ်၍ သတ်မည် ဟု ကြံစည်လျက် အဟိဆတ္တ နဂါးမင်းက အခိုး တထောင်း ထောင်း လွှတ်ပါတယ်။အရှင်မောဂ္ဂလာန်ကလည်းပြိုင်ဆိုင်၍ အခိုးလွှတ်ပါတယ်။ တလူလူထွက်သောအခိုးများဟာ ဗြဟ္မာ့ ပြည်တိုင်အောင်ပျံ့နှံ့သွားပါတယ်။အခိုးနှစ်မျိုးလုံးကပင်

အရှင် မောဂ္ဂလ္လာန်ကို မနှိပ်မက်ဘဲ အဟိဆတ္တနဂါးမင်းကိုသာ နှိပ်စက်ပါတယ်။

အဟိဆတ္တနဂါးမင်းသည်အခိုးအဟုန်မခံနိုင်သဖြင့် ဒေါသအမျက်ပြင်းစွာထွက်ကာအလျှံတပြောင်ပြောင်လွှတ်ပါတော့တယ်။ အရှင် မောဂ္ဂလ္လာန်ကလည်း တေဇောကသိဏစျာန်ကိုဝင်စား၍နဂါးမင်းနှင့်အပြိုင်အလျှံလွှတ်ပါကယ်။မီးအလျှံများဟာ ဗြဟ္မာ့ပြည်ထိအောင် ပျံ့နှံ့၍တက်ပါတယ်။

မီးအလျှံ နှစ်မျိုးလုံးဟာ အရှင် မောဂ္ဂလ္လာန်ကို မနှိပ်စက်ပါဘူး။ အဟိဆတ္တ နဂါးမင်းကိုသာ နှိပ်စက်ပါတယ်။နဂါးမင်းတစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်သလို ဖြစ်နေပါတယ်။ အင်္ဂုဒတ္တရသေ့ကြီးနှင့်တပည့်များက "နဂါးမင်းသည်ရဟန်းကိုမီးဟုန်းဟုန်းတောက်စေလေပြီ၊ရဟန်းသည် ငါတို့စကားကိုနားမထောင်သည့်အတွက် ပျက်စီး ရပြီ"ဟု ထင်မြင်နေကြပါတယ်။

အရှင် မောဂ္ဂလ္လာန်သည် နဂါးမင်းကို ဆုံးမ၍ မာန် မာနကင်းအောင် ပြုတော်မူပြီး၊ သဲပုံကြီးပေါ်၌ ထိုင်နေတော်မူပါတယ်။ နဂါးမင်းသည် သဲပုံကြီးကို မိမိ၏အခွေတို့ဖြင့် ဝန်းရံပတ်ပြီး စုလစ်မွန်းချွန်အထွတ်တပ်သည့် ဇရပ်တိုက်ခန်းအဝန်းပမာဏရှိသော ပါးပျဉ်းကြီးကိုဖန်ဆင်း၍ အရှင်မောဂ္ဂလ္လာန်ကိုယ်တော် အထက်၌ ရှိသေစွာဆောင်းမိုး၍ ထားပါတယ်။ ရသေ့များက ရဟန်း သေမသေ စုံစမ်းရန်သွားကြသောအခါ အကြောင်းစုံကိုသိကြ၍ အံ့သြကြရလျက် ဝန်းရံ၍တည်နေကြပါတယ်။

ထိုအခါ မြတ်စွာဘုရားရှင် ကြွလာသည်ကို မြင်၍ အရှင်မောဂ္ဂလ္လာန်သည် နေရာမှထကာ ရိုသေစွာ ရှိခိုးနေပါတယ်။ ရသေ့များက ယခုကြွလာသော ရဟန်းကြီးက သင့်ထက်မြတ်သလောဟု အရှင်မောဂ္ဂလ္လာန်ကို မေးမြန်းကြပါတယ်။ အရှင်မောဂ္ဂလ္လာန်က ဤရဟန်းမြတ်ကား ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ငါ၏ဆရာ မြတ်စွာဘုရားဖြစ်တယ်ဟုဖြေကြားတော်မူပါတယ်။

မြတ်စွာဘုရားရှင်သည် သဲပုံကြီး၌နေတော်မူလျက်အဂ္ဂိဒတ္တရသေ့ကြီးကို တရားနာခံအဖြစ် ခေါ်တော်မူပြီး "အဂ္ဂိဒတ္တ-သင့်တပည့်များအား လည်းကောင်း၊ ဒါယကာ ဒါယိကာမများအား လည်းကောင်း ဆုံးမသည့်အခါ အဘယ်ကဲ့သို့ဆုံးမပါသလဲ"ဟုမေးတော်မူပါတယ်။အဂ္ဂိဒတ္တရသေ့ကြီးကတပည့်များနှင့် ဒါယကာ ဒါယိကာများအား "တောင်တောဥယျာဉ်သစ်ပင်တို့ကို ကိုးကွယ်ရမည်၊ ၎င်းတို့ကို ကိုးကွယ်ပါက ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်သည်"ဟု ဆုံးမကြောင်း အမှန်အတိုင်းလျှောက်ထားပါတယ်။

ထိုအခါ မြတ်စွာဘုရားက- "အဂ္ဂိဒတ္တ- ထို တော တောင်ဥယျာဉ်သစ်ပင်တို့ကို ကိုးကွယ်ရာ၏ဟူ၍ ဆည်းကပ်သောသူသည်ဆင်းရဲဒုက္ခမှမလွတ်မြောက်နိုင်၊အမှန် စင်စစ်သော်ကား-မြတ်စွာဘုရားကို လည်းကောင်း၊တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကို လည်းကောင်း၊ ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်သော်သာလျှင် ခပ်သိမ်းသော ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်၏"ဟု မိန့်တော်မူကာ ဗဟုံ ဝေ သရဏံ ယန္တိ-စသော တရားဒေသနာ ငါးဂါထာကို ဟောကြားတော်မူပါတယ်။

(၁) ဗဟုံ ဝေ သရဏံ ယန္တိ ပဗ္ဗတာနိ ဝနာနိစ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

(အဂ္ဂိဒတ္တ၊ အဂ္ဂိဒတ္တဟုနာမတွင်လေ့ ရှိရသေ့)။ ဘယတဇ္ဇိတာ၊ ထိုထိုဘေးဖြင့် ခြိမ်းခြောက်အပ်ကုန်သော။ မနုဿာ၊ လူတို့သည်။ ဝေ၊ စင်စစ်။ ဗဟုံ၊ မြားစွာသော။ ပဗ္ဗတာနိစ၊ ဣသိဂိလိတောင်, ဝေပုလ္လတောင်, ဝေဘာရစသော တောင်တို့ကိုလည်းကောင်း။ ဝနာနိစ၊ မဟာဝုန်တော်, ဂေါသိင်္ဂအင်ကြင်းတော စသည်တို့ကို လည်းကောင်း။ အာရာမရုက္ခစေတျာနိ၊ ဝေဠုဝန်ဥယျာဉ်, ဇီဝကသရက်ဥယျာဉ်အစရှိသော အရာမ်ဥယျာဉ်များ၊ ဥဒေနနတ်ကွန်းသစ်ပင်, ဂေါတမ နတ်ကွန်းသစ်ပင်စသော သစ်ပင်များကို လည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ယန္တိ၊ ဘေးကင်းကာရန်ကွာ၍ကြံရာရာပြီးပြတ်ဖို့ ဆည်းကပ်ကြလေကုန်သတည်း။

(၂) နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

အဂ္ဂိဒတ္တ၊ ဤတောင်တောဥယျာဉ် သစ်ပင်တို့ကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ် မြတ်သော ကိုးကွယ်ခြင်းမဟုတ် ဤတောင်တော ဥယျာဉ် သစ်ပင်တို့ကို ကိုးကွယ်ခြင်းကို အစွဲပြု၍ ခပ်သိမ်းသော ဆင်းရဲဒုက္ခမှ မလွတ်မြောက်နိုင်။

(၃) ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

(၄) ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယဉ္စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

အင်္ဂုဒတ္တ၊ အရိယာဂိုဏ်းဝင် လူ ရှင်ရဟန်းသည်ဘုရားကို လည်းကောင်း၊ တရားကို လည်းကောင်း၊ သံဃာကို လည်းကောင်း ကိုးကွယ်ရာဟူ၍ လောကုတ္တရာသရဏဂုံ စိတ်တူပ္ပါဒ်ဖြင့် ဆည်းကပ်ကိုးကွယ်၏။ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ မဂ္ဂသစ္စာဟူသောသစ္စာလေးပါးကိုမပျောက်မပြန်လောကုတ္တရာ မဂ်ပညာဖြင့် မျက်မှောက်ထင်ထင် သိမြင်နိုင်၏။

(၅) ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

အရိယာနွယ်ဇာတ် ပုဂ္ဂိုလ်မြတ်၏ သုံးရပ်မှန်စွာ ဘုရား, တရား, သံဃာကို ကိုးကွယ်ခြင်းသည် ဘေးကင်းသောကိုးကွယ်ခြင်းမည်၏။ မြတ်သော ကိုးကွယ်ခြင်းမည်၏။ ယင်းသို့ကိုးကွယ်ခြင်းကို အစွဲပြု၍ ခပ်သိမ်းသော ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်၏။ ဤတရားဒေသနာ ငါးဂါထာကို ကြားနာရသော ရသေ့တို့ဟာ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်အရဟတ္တဖိုလ်သို့ရောက်ကြ၍ မြတ်စွာဘုရားကို ရှိခိုးပြီး ရှင်ရဟန်းအဖြစ်ကိုတောင်းခံကြပါတယ်၊ ထိုအခါမြတ်စွာဘုရားက သင်္ကန်းတော်အတွင်းမှ ရွှေလက်တော်ကို ဆန့်တန်း၍-ဧထ ဘိက္ခဝေါ-ရဟန်းတို့ လာကြလော၊ စရထဗြဟ္မစရိယံ၊ သုံးပါးသိက္ခာသာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြကုန်လော့-ဟူ၍ဧဟိဘိက္ခုခေါ်တော်မူသဖြင့် ဧဟိဘိက္ခုရဟန်းများ ဖြစ်သွားကြပါတယ်။

သည်ဒေသနာတော်မှာ ဘုရား, တရား, သံဃာ ရတနာသုံးပါး ကိုးကွယ်ခြင်းနှင့် စပ်လျဉ်း၍ ဘယ်အခါမှ သရဏဂုံ

မပျက်နိုင်တော့သည့် အရိယာ၏ကိုးကွယ်ခြင်းကို အမှတ်တင်ပြီး မြတ်စွာဘုရားဟောကြားတော်မူပါတယ်။ အရိယာဖြစ်သူသာ ချမ်းသာစစ်ကို ရနိုင်ပါတယ်။ အဲဒီလို ချမ်းသာစစ်ကိုရနိုင်သော အရိယာဖြစ်ရေးကို ရှေးရှုပြီး ဟောတော်မူခဲ့တာဖြစ်လေတော့ အရိယာအဖြစ်ဖြင့် ရတနာသုံးပါးကို ကိုးကွယ်နိုင်သည့်အဆင့်သို့ ရောက်အောင်အရိယာမဖြစ်ကတည်းကစစ်မှန်သော ကိုးကွယ်ရာမျက်ခြေမပြတ် မခံသင့်ဘူးဆိုတာ ထင်ရှားပါတယ်။ အစကောင်းမှ အနှောင်းသေချာနိုင်ပါတယ်။

အချို့ကတော့ ရတနာသုံးပါးကို မျက်ခြေမပြတ်သလိုဖြစ်တတ်ကြပါတယ်။ပဋ္ဌာကအဂုတ္တိုရ်မှာတိုးတက်ကြီးမွားကြောင်းတရားငါးပါးဟောရာမှာ နတ်များကို ပူဇော်ပသခြင်းလည်းပါပါတယ်။ ပူဇော် ပသနိုင်ပါတယ်။ သို့သော်လည်း နတ်ရဲ့ကူညီစောင့်ရှောက်မှုကို ရယူချင်တဲ့ဆန္ဒ အားကြီးပြီး ပူဇော်ပသရုံမျှမကဘဲ ကိုးကွယ်သည့်အဆင့်သို့ မရောက်သင့်ဘဲရောက်နေတတ်ကြပါတယ်။ စင်စစ်အားဖြင့်တော့ ဘာမဆိုက ကိုယ်ပြီး ပုံထားသူများကဲ့သို့နတ်ကိုယုံကြည်ပြီးပုံမှုမျိုးမဖြစ်သင့်ပါဘူး။ရတနာသုံးပါးအပေါ်၌အာရုံပြုလွန်းလေကောင်းလေဖြစ်သော်လည်းနတ်များအပေါ်၌အလွန်အကျွံ ပုံ၍ ယုံခြင်းမျိုးကား မလိုလားအပ်ပါဘူး။အချို့ ဆိုရင်ဘုရားကို ဆွမ်းတော်တင်ဖို့ သတိမရဘဲ နတ်ပွဲကိုတော့ ငှက်ပျောသီး မနွမ်းစေရအောင် တရိုတသေ တယုတယ ပြုစုပသကြတယ်။ ဘုရားထက်ပို၍ ရိုသေလေးစားသော ပူဇော်မှုမျိုး ဖြစ်သဖြင့် မိမိ၏ ဗုဒ္ဓဘာသာ မပီသမှုကို ဖော်ပြရာ ရောက်ပါတယ်။ အဲဒါမျိုးကို ရှောင်ရှားရန် သတိပြုဖို့ လိုအပ်ပါတယ်။

မဟာဇနကဇာတ်မှာသင်္ဘောပျက်တဲ့အခါ သင်္ဘောသား ခုနစ်ရာတို့က ငိုယိုကြပါတယ်။ နတ်တွေကို ကိုးကွယ်ရှိခိုးကြပါတယ်။ ဒါပေမဲ့ နတ်တွေက မကယ်ပါဘူး။ သင်္ဘောသား ခုနစ်ရာဟာ သမုဒ္ဒရာအလယ်မှာ ငါး လိပ် မကန်းတို့၏ အစာဖြစ်သွားကြပါတယ်။ ဇနက မင်းသားကတော့ နတ်တွေကို ရှိမခိုးပါဘူး။ သင်္ဘောပျက်၍ နစ်မွန်းသိတဲ့အခါ ထောပတ်သစ်ကို သကြားနှင့်နယ်၍ ဝစွာစားပြီး ခိုင်ခံ့သောပုဆိုးနှစ်ထည်ကိုရေမဝင် စေခြင်းငှာ ဆီဆွတ်ကာဝတ်၍သင်္ဘောရွက်တိုင်ထက်သို့တက်ကာ မိတ္ထိလာပြည်ရှိရာဆီသို့ မှန်းပြီးခုန်လိုက်ပါတယ်။ ငါးလိပ်တို့ စားရာကိုလွန်၍ တစ်ဥသဘလောက်ဝေးသောအရပ်သို့ ကျရောက်ပါတယ်။ သမုဒ္ဒရာမှာ ခုနစ်ရက်တိုင်တိုင် ကူးခတ်ပါတယ်။ လပြည့်ဝန်းကိုမြင်၍ ဥပုသ်နေ့ ဖြစ်ကြောင်းသိရှိပြီး ဥပုသ်စောင့်ပါတယ်။ ထိုအချိန်မှာ-မိဘကို ရိုသေစွာ လုပ်ကျွေးခြင်း၊သူတပါးတို့အားချစ်ခင်သနားခြင်း၊ အလှူပေးခြင်း၊သီလဆောက်တည်ခြင်းစသည့် ဂုဏ်နှင့် ပြည့်စုံသော သူတို့ကို မဟာသမုဒ္ဒရာ၌ နစ်မွန်း၍ မသေစေလင့်—ဟု စတုလောကပါလနတ်မင်းကြီးလေးယောက်တို့ကမဏိမေခလာ နတ်သမီးအား ထိုနစ်မွန်းသောသူတို့ကို ကယ်တင်ရန်အလို့ငှာ သမုဒ္ဒရာ၌အစောင့်ထားကြပါတယ်။ ယင်း နတ်သမီးကခုနစ်ရက်အတွင်းမှာနတ်စည်းစိမ်ခံစားခြင်းဖြင့် မေ့လျော့၍မကြည့်မိပါ၊ ခုနစ်ရက်မြောက်သော အခါ ကြည့်ရှုလိုက်ရာ ဘုရားအလောင်းကိုမြင်၍ စကားအပြန်အလှန် မေးမြန်းပြောဆိုပြီးနောက် မဏိမေခလာ နတ်သမီးက ဘုရားအလောင်းကိုပွေ့ချီ

ကာ မိတ္တိလာပြည်သို့ ဆောင်ပြီး သရက်ဥယျာဉ်ရှိ မင်္ဂလာ ကျောက်ဖျာထက်မှာ သိပ်ထားခဲ့ပါတယ်။

သူတော်ကောင်းများကို နတ်ကကယ်ဆယ်ကြောင်း၊နတ်ကို ရှိခိုးသူများကို(သူတော်ကောင်း မဟုတ်လျှင်) နတ်ကမကယ် ဆယ်ကြောင်း သိစေခြင်းငှာ ဒီဇနကမင်းသား ဇာတ်လမ်း တစ်ပိုင်းတစ်စကိုထည့်၍ ဟောရခြင်း ဖြစ်ပါတယ်။ယခုတရား နာကြသော သူတော်စင်များသည် စစ်မှန်သော ကိုးကွယ်ရာ ဖြစ်သော ဘုရား၊တရား၊သံဃာကိုဘယ်တော့မှ မပျက်သော လောကုတ္တရာ သရဏဂုံဖြင့် ဆည်းကပ်ကိုးကွယ်နိုင်သည်အထိ ဒါန သီလ ဘာဝနာတရားများကို ကြိုးစားဖြည့်ကျင့်နိုင်ကြ ပါစေ-ဟု အာသီသပြုကာ ရတနာသုံးပါးကို ကိုးကွယ် ဆည်း ကပ်လျှင် ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြောင်း မြတ်စွာ ဘုရားဟောကြားတော် မူအပ်သော ဒေသနာဂါထာ ပါဠိ အနက်ကို ရွတ်ဆို၍ တရားတော်ကို နိဂုံးချုပ်ပါမည်။

ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။

ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(အဂ္ဂိဒတ္တ၊အဂ္ဂိဒတ္တနာမတင်လေ့ အိုရသေ့)။ခေါ၊စင်စစ် ဧတံ၊အရိယာနွယ်ဇာတ် ပုဂ္ဂိုလ်မြတ်၏ သုံးရပ်မှန်စွာ ဘုရား တရား၊သံဃာကို သဒ္ဓါဖြိုးကြွယ် ဤသို့ ဆည်းကပ်ကိုးကွယ် ခြင်းသည်။ခေမံ၊ ဘေးကင်းသော။သရဏံ၊ကိုးကွယ် ဆည်း ကပ်ခြင်းမည်ပေ၏။ ဧတံ၊အရိယာနွယ်ဇာတ် ပုဂ္ဂိုလ်မြတ်၏ သုံးရပ်မှန်စွာ ဘုရား၊တရား၊သံဃာ ကို သဒ္ဓါဖြိုးကြွယ် ဤသို့ ဆည်းကပ် ကိုးကွယ်ခြင်းသည်။ဥတ္တမံ၊ မြတ်သော။ သရဏံ ကိုးကွယ်ဆည်းကပ်ခြင်းမည်ပါပေ၏။ ဧတံသရဏံ၊ အရိယာ

နှယ်ဇာတ် ပုဂ္ဂိုလ်မြတ်၏ သုံးရပ်မှန်စွာဘုရား၊ တရား၊ သံဃာကို သဒ္ဓါဖြိုးကြွယ် ဤသို့ ဆည်းကပ်ကိုးကွယ်ခြင်းကို။ အာဂမ္မ၊ အစွဲပြု၍။ သဗ္ဗ ဒုက္ခာ၊ ခပ်သိမ်းသော ဝဋ်ဆင်းရဲမှ။ ပမုစ္စတိ၊ လွတ်မြောက် နိုင်ပါပေ၏။ ပမုစ္စတိ၊ စစ်မှန်သော ကိုးကွယ်ရာကို ဖြိုးကြွယ်သဒ္ဓါ အကြီးအမြတ်ဖြင့် ဆည်းကပ်ကာ မချွတ်မယွင်းမြဲသည်မို့ ဝဋ်ဆင်းရဲမှ ကင်းလွတ်ရမည်သာ ဖြစ်ပါလေသတည်း။

၁။ ဟောကြားသောဆရာတော်-ဆရာတော်ဘဒ္ဒန္တတိက္ခသာရ
(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)

၂။ သီတင်းသုံးရာနေရပ်-မြစည်းခုံစာသင်တိုက်၊ တောင်ငူမြို့။

၃။ ဟောကြားသည့်ရက် - ၁၃၄၈ - ခုနှစ်၊ တော်သလင်း လပြည့်နေ့၊(၁၈-၉-၈၆)။

၄။ ဟောကြားသည့်နေရာ....မြန်မာ့အသံမှ အသံလွှင့် ဟောကြားသည်။

# စက်လေးပါးစုံ လှည့်လည်ပုံ

## တရားတော်

ယနေ့ ဘုန်းကြီးဟောမည့် တရားတော်က စက်လေးပါးစုံ လှည့်လည်ပုံ တရားတော် ဖြစ်ပါတယ်။ ဒီတရားတော်မှာ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်တော်လာ စက္ကသုတ္တန် တရားတော်ဖြစ်ပါတယ်၊တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့ ဒီတရားတော်ကို တည်ငြိမ်သော စိတ်ထားဖြင့် နာကြားကြစေချင်ပါတယ်။

ဓမ္မမေဃေန ဝဿန္တေ၊ သဗ္ဗေ ဟောန္တု အနာသဝါ။

ယေတ္တ ပစ္ဆိမကာ သတ္တာ၊သောတာဗန္နာ ဘဝန္တုတေ။

ဘဝန္တော သပ္ပုရိသာ၊ နှလုံးပျော့ပျောင်း အို-သူတော်ကောင်းတို့။ ဧတ္ထ၊ ဤကရားနာကြား လူပိုလ်အများတို့တွင်၊ ယေသတ္တာ၊တရားတော်ကို နာကြားလိုကြတဲ့ အကြင်သူတော်ကောင်းအပေါင်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ တေသတ္တာ၊ တရားတော်ကိုနာကြာ လိုကြတဲ့ ထို သူတော်ကောင်းတို့သည် ဓမ္မမေဃေန၊ တရားတော်တည်းဟူသော မိုးဖြင့်။ ဝဿန္တေ၊ ရွာဖွိုးသွန်းချသည်ရှိသော်။ အနာသဝါ၊ အာသဝေါလေးဖြာကင်းကွာကုန်ပြီးရဟန္တာပုဂ္ဂိုလ် ကြီးတို့သည်။ဟောန္တု၊ တရားနာရင်း ဉာဏ်မြင်လင်း၍ မကြာမီချ ဖြစ်နိုင်ကြပါစေကုန်သတည်း။ဧတ္ထ၊ ဤတရားနာကြား လူပိုလ်အများတို့တွင်။ ယေသတ္တာ တရားတော်ကို နာကြားလိုကြတဲ့ အကြင်ပုဂ္ဂိုလ်အပေါင်းတို့သည်။ ပစ္ဆိမကာ၊ဂုဏ်အားဖြင့် အယုတ်ဆုံးအညံ့

ဆုံးဖြစ်ကြကုန်၏။ တေသတ္တာ၊ တရားတော်ကို နာကြားလိုကြတဲ့ ထိုပုဂ္ဂိုလ်အပေါင်းတို့သည်။ သောတာပန္နာ၊ စူဠ သောတာပန်အပြီးပုဂ္ဂိုလ်ကြီးတို့သည်။ ဟောဿု၊ တရားနာရင်း ဉာဏ်မြင်လင်းသဖြင့်မကြာမှီ ဖြစ်နိုင်ကြပါစေကုန်သတည်း။

ဤကဲ့သို့ရှေးပညာရှိ သူတော်ကောင်းများဖြစ်ကြတဲ့ပုဂ္ဂိုလ်ကြီးများတို့သည် တရားတော်ကို နာကြားကြတဲ့ တရားနာပရိသတ်တို့အပေါ် အာရုံပြုလျက် တောင့်တခြင်း အာသီသကို ထားတော်မူခဲ့ကြပါတယ်။

တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့- အလွန်တရာ ရခဲလှတဲ့လူအဖြစ်ကို ရကြပြီး ဗုဒ္ဓ သာသနာတော်နှင့်လည်း ကြုံရဆုံရဖြစ်နေကြပါတယ်။ ရခဲလှစွာသော လူအဖြစ်ကို ကောင်းစွာလှလှ နေကြတဲ့အခါမှာလောကီယခုဘဝ ချမ်းသာရေးအတွက် စက်လေးပါးပေါ် အချက်ကျကျတည်ရှိကြကာ အပြစ်ကင်းအောင် ပစ္စည်းရှာနိုင်ကြပြီးလျှင် ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြလျက် တစ်ဘက်ကလည်း သံသရာဝဋ်ဆင်းရဲမှ တကယ်အချက်ကျကျ ထွက်မြောက်နိုင်ကြရန်စိတ်ရည်သန်ပြီး ဘုရားဟောဖေါ်စက်လေးပါးစုံ လှည့်လည်ပုံတရားတော်ကို ကောင်းမြတ်သောသတိတရားဖြင့်နာကြားနိုင်ကြပါစေလို့ တောင့်တမှု အာသီသပြုပါတယ်။ ထိုအာသီသ အားလျော်စွာ-

ဘုရား ဟောဖေါ် တရားတော် အပေါင်းတို့တွင်ယနေ့ဟောကြားမည့် စက္ကသုတ္တန်တရားတော်ကို နာကြားကြဖို့ ကျင့်ကြံနိုင်ကြဖို့ပါပဲ။ ဋ္ဌိက္ကသုတ္တန် တရားတော်အရ ဘဝခရီးသည်တွေမှာ စက်လေးပါးနှင့် တွေ့ကြုံပြည့်စုံနေတဲ့ အခါမျိုး ကြုံကြိုက်ပါက လျှမ်းလျှမ်းတောက် လောကီစည်းတွေ တိုး

ပွားပြီး အကျိုးများနိုင်ပါတယ်။အချို့သူတို့မှာ စက်လေးပါး နှင့်ပင် တွေ့ကြုံနေကြရသော်လည်း ယင်းစက်လေးပါး တရားတော်မြတ်ကို အားမကိုး သတိမပြုဘဲ မျက်ကွယ်ပြုကာ ပျက်ပြားတဲ့အတွက်ကြောင့် ရရှိပြီး စည်းစိမ်ချမ်းသာမှ ဆုတ်ယုတ်ပျက်ပြားသွားနိုင်ပါတယ်။

စက်လေးပါးနှင့် ပြည့်စုံတဲ့အတွက်ကြောင့် ကြီးပွား တိုးတက်တဲ့ သူတို့မှာ ဇောတိက ဇဋိလ စသော သူဌေးကြီးများနှင့် လေးကျွန်းပိုင်စိုး စကြာမင်းမျိုးကဲ့သို့ ပုဂ္ဂိုလ်မျိုးတွေ ဖြစ်ကြပါတယ်။ ယင်းစက်လေးပါးကို အလေးမထား ဆုတ်ယုတ်ပျက်ပြားတဲ့ အတွက်ကြောင့် ကုဋေရှစ်ဆယ် ကြွယ်ဝနေတဲ့ မဟာဓနသူဌေးကြီးများမှာ ဘဝ၏ ယုတ်ညံ့မှုအဖြစ်သို့ မရှုမလှ ရောက်သွားရပါတယ်၊ ဒါ့ကြောင့် စက်လေးပါးနှင့် ပြည့်စုံအောင် ထိန်းသိမ်းနေထိုင်တတ်ဖို့ စက်လေးပါး မချွတ်ယွင်းစေဖို့သတိပြု မှတ်သားကျင့်ဆောင်ထားကြရမည်ဟု ဆိုလိုပါတယ်။

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊လောကီဘက်မှာသာမကဘဲ လောကုတ္တရာဘက်မှာလဲ ယင်းစက်လေးပါးနှင့် ပြည့်စုံပါမှ ဒီသာသနာပွင့်လင်းပြီး ခေတ်ကောင်းကြီးနှင့် ကြုံကြိုက်နေတဲ့အခိုက်မှာ အနည်းဆုံး တစ်မဂ်တစ်ဖိုလ်လောက်ရအောင်အားထုတ်သင့်လှပါဘယ်၊မိမိတို့ဟာပုထုဇဉ်ဘဝနဲ့ သေသွားလျှင် ဘယ်ဘုံဘယ်ဘဝဘယ်ဌာနရောက်မည်ဆိုတာ ဘယ်သူမှ မသိနိုင်ပေဘူး။ ပုထုဇဉ်ဘဝဟာ သစ်ပင်ပေါ်မှ ဝါရော်နေတဲ့ သစ်ရွက်ကလေးလိုပါပဲ၊လေအသင့်ကြွေခိုက်မှာ ကျချင်ရာသို့ ကျသွားနိုင်ပါတယ်။

ဒီတော့ သာသနာတော်ကြီးနှင့် ကြုံကြိုက်တုန်း အသိတရား လဲ ပြည့်ဝတုန်း စက်လေးပါးနဲ့လဲ ကြုံကြိုက်တုန်းအချိန်အခါ မှာ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ချောက်ကြီးအတွင်းသို့ မကျရောက် ကြရလေအောင် ကြိုးစားဖို့ လိုပါတယ်။ ဒါကြောင့် သံသရာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရန် လိုလားတောင်းတနေတဲ့ သူများ သည် စက်လေးပါးနှင့်ကြုံခိုက်မှာ တင်မဂ်တစ်ဖိုလ်အသိ ရောက် အောင် ရုပ်နာမ်ဓမ္မတို့ကို ကွဲကွဲပြားပြား ခြားနားပြီး ထင်ထင် ရှားရှား အသိပွားအောင် အားထုတ်သင့်ကြပါတယ်။

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့—ဒီနေရာ မှာ စက်ဆိုတာ ဘယ်သဘောရှိသလဲ၊ စက်လေးပါးဆိုတာ ဘာလဲ၊ စက်လေးပါးရဲ့ ကာလပိုင်းခြားပုံက ဘယ်လိုလဲ၊ စက် လေးပါး၏ အကြောင်းအကျိုးလည်ပတ်ပုံက မည်သို့လဲဆိုတာ ကို ရှေးဦးစွာ သိမှတ်ထားဖို့ရန် လည်းကောင်း၊ ထိုသို့သိမှတ် ထားပြီးလျှင် မိမိတို့အတွက် ပထမဆုံးဘဝ၏ အဖော်မှန် အဖော်စစ်အဖြစ် အလေးအနက် ခံယူထားဖို့ရန်လည်းကောင်း သိရှိထားဖို့ လိုအပ်ပါတယ်။

စက်ဟူသော ဝေါဟာရ စကားလုံးကို ပညာရှင်တို့က အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြပါတယ်။ ဒီနေရာမှာ စက်ဆိုတဲ့ သဘောသည် လည်ပတ်တတ်တဲ့ သဘောရှိကြောင်းကို-စတ္တာရိ သမ္ပတ္တိစက္ကာနိ ဝတ္တန္တိ ဃဋိယန္တိ ယေဝ ါတိ အဌော-ဟု အဋ္ဌ က ထာဆရာမြတ်က ဖွင့်ပြတော်မူထားပါတယ်။

ယင်းစက်လေးပါးကို ဘုရားရှင်က ဤသို့ ဟောတော်မူ ထားပါတယ်။

၁။ ပတိရူပ ဒေသဝါသစက် = သင့်လျော်လျောက်ပတ်သော အရပ်၌ နေထိုင်ရခြင်း။

၂။ သပ္ပုရိသူပနိဿယစက် = ကောင်းမြတ်မှန်ကန် သူတော်မွန်များနှင့် ပေါင်းဖော်ရခြင်း။

၃။ အတ္တသမ္မာပဏိဓိစက် = မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထိန်းသိမ်းထားနိုင်ခြင်း။

၄။ ပုဗ္ဗေစကတပုညတာစက် = ရှေးယခင်ကပြုခဲ့ဖူးသော ကောင်းမြတ်သော(ကုသိုလ်)မှုရှိခြင်းတို့ဖြစ်ပါတယ်။

၎င်းကဲ့သို့ စက်လေးပါးရှိကြောင်းကို ဘုရားရှင် ဟောကြားခဲ့ပါတယ်။

ယင်းစက်လေးပါးကို ကာလနှင့်ပိုင်းခြားသတ်မှတ်ပါလျှင် ပုဗ္ဗေစကတပုညတာစက်ဆိုတာဟာ အတိတ်ကာလဟုမှတ်ပါ။ ပတိရူပ ဒေသဝါသစက်၊ သပ္ပုရိသူပနိဿယစက်၊ အတ္တသမ္မာပဏိဓိစက် ၎င်းစက်သုံးပါးကို ပစ္စုပ္ပန်ကာလဟု ပိုင်းခြားသတ်မှတ်ထားပါတယ်။ ထပ်၍ ထင်ရှားအောင် ရှင်းပြရလျှင် လွန်ခဲ့သော အတိတ်ကာလက ပြုလုပ်ခဲ့တဲ့ အမှုအလုပ်သဘောတွေဟာ (ဝါ)ဒါန၊သီလ၊ဘာဝနာကောင်းမှုကံတွေဟာအတိတ်ကာလ အတိတ်ဘဝက ပြုခဲ့သောကောင်းမှုကုသိုလ်များဖြစ်ပါတယ်။ပုဗ္ဗေစကတပုညတာစက်ဟု ဆိုလိုပါတယ်။ ယင်းပုဗ္ဗေစကတပုညတာစက်သည် အတိတ်ကာလစက် ဖြစ်ပါတယ်။ အဲဒီပြုခဲ့သော ကံတွေကြောင့်ယခုလက်ရှိပစ္စုပ္ပန်ကာလမှာ ပတိရူပဒေသဝါသစက်-သင့်တင့် လျောက်ပတ်သော အရပ်ဒေသ၌ နေထိုင်ရခြင်း၊ သပ္ပုရိသူပနိဿယစက်-ကောင်းမြတ် မှန်ကန်သူတော်မွန်များနှင့် ပေါင်းဖော်ရခြင်း၊အတ္တသမ္မာပဏိဓိစက်-

မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထိန်းသိမ်းထားနိုင်ခြင်း ဟူသော စက်သုံးပါးသည်ပစ္စုပ္ပန်ကာလစက်ဖြစ်ပါတယ်။ ယခု မျက်မှောက်ပစ္စုပ္ပန်ဘဝမှာ ပြုလုပ်သော စက်လေးပါးသည် ပင် အနာဂတ်ဘဝအတွက် ပုဗ္ဗေစ ကတပုညတာစက်အဖြစ်ဖြင့် ဆက်၍ လည်ပတ်ပြန်ပါတယ်။

ယင်းစက်လေးပါးကို အတိုကောက် မှတ်သားရန်မှာ.... ပု-ပ-သ-အ-ဟု မှတ်သားနိုင်ပါတယ်။ ပု-အရ ပုဗ္ဗေစကတပုည တာစက်ဟု ဆိုလိုပါတယ်။ ပ-အရ ပတိရူပဒေသဝါသစက်၊ သ-အရ သပ္ပုရိသူပနိဿယစက်၊ အ-အရ အတ္တသမ္မာပဏိဓိစက် ဟု အသီးသီး ဆိုလိုပါတယ်။

စက်လေးပါးနှင့် စပ်၍ ကျက်မှတ်ရန်မှာ....

ပု—ပ—သ— ၊ စက်လေးဝ၊ကိုယ်က လှည့်နိုင်ရန်။
လှည့်နိုင်ပါမူ၊ လူ့ဘဝ၊ရောက်ရကျိုး ရှိပြန်—

လို့ ကျက်မှတ်ထားကြဖို့ လိုပါတယ်။

စက်လေးပါး၏ လည်ပတ်ပုံသဘောကို ဤသို့ သိရှိနိုင်ပါ တယ်။ အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် အတိတ်ကာလက ပြုခဲ့ သော ကောင်းမှုစက်ကြောင့် ပစ္စုပ္ပန်ကာလ၌—

၁။ ရှေးကပြုခဲ့သော ကောင်းမှုရှိရ၏။
၂။ သင့်တင့်လျောက်ပတ်သောအရပ်ဒေသ၌နေထိုင်ရ၏။
၃။ ကောင်းမြတ်မှန်ကန် သူတော်မွန်များနှင့် ပေါင်းဖော် ရ၏။
၄။ မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်း ထားနိုင်၏။

ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် အတိတ်စက်ကြောင့် အသစ်ဖြစ်သော ပစ္စုပ္ပန်စက်သုံးပါးကို ပိုင်ဆိုင်သူဖြစ်ရပြန်ပါတယ်။ ဤသို့လျှင် စက်လေးပါးတို့သည် အဆက်မပြတ် လည်ပတ်၍နေသည်ကို တွေ့နိုင်ကြပါတယ်။

ဤသို့ စက်လေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ထစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် တစ်ဘဝထက် တစ်ဘဝ၊ ချမ်းအေးသာယာသောဘဝ၊ ကောင်းမွန်သော ဘဝသို့သာ ဖော်ပြပါစက်လေးပါးတို့က အချင်းချင်း အထောက်အကူအပံ့ ပြုကြကုန်သောကြောင့် ရောက်ရှိခံစားနိုင်ကြရခြင်း ဖြစ်ပါတယ်။

စက်လေးပါးသည် အဆက်မပြတ်လည်ပတ်နေသော်လည်း မိမိတို့ အားထုတ်မှုအားလျော်စွာ အရှိန်အဟုန် အင်အားအသေးအကြီးကို အမှီပြု၍ နတ်ပြည်၌လည်း အနိမ့်စားအလတ်စား အမြတ်စား အား ဖြင့် နတ်ဘုံခြောက်ဘုံ ဟူ၍ ခွဲခြားတည်ရှိပြန်ပါတယ်။ ဗြဟ္မာ့ဘုံ၌လည်း စျာန်အင်အား အသေးအကြီးအားဖြင့် ဗြဟ္မာနှစ်ဆယ်ဟူ၍ ခွဲခြား တည်ရှိပြန်ပါတယ်။ ထို့အတူ လူ့ဘုံတစ်ဘုံတည်း၌ပင်—

၁။ စက်လေးပါးချို့တဲ့နေသူ၊

၂။ လူဟူ၍ခေါ်ရုံမျှ အခေါ်ခံရသူ၊

၃။ လူ့အဆင့်အတန်းနှင့် ပြည့်စုံသောသူ၊

၄။ ထူးခြားသော ပုဂ္ဂိုလ်ထူးဖြစ်သူ—

ဟူ၍ အမျိုးမျိုးတွေ့ရှိနိုင်ပါတယ်။ အဲဒါ စက်လေးပါးပြည့်စုံမှုမပြည့်စုံမှု အင်အားအလိုက် အကျိုးပေးကြောင်း သိရှိနိုင်ကြပါတယ်။

ယခုပစ္စုပ္ပန် တစ်ဘဝတည်း၌ပင် စက်လေးပါး ဖြစ်ပုံကို တရားနာပရိသတ်အပေါင်းတို့ ကြားနာသိမှတ်စေရန် ဟောပါဦးမည်။ ဥပမာ-အကြင် သမထဝိပဿနာကို စီးဖြန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်—

၁။ ပုဗ္ဗေစ ကတပုညတာစက်—ဟူသော ရှေးက ပြုခဲ့ဖူးသော ကောင်းမှုကံကြောင့် ယခု ပစ္စုပ္ပန် ကာလ၌ သမထဝိပဿနာ စီးဖြန်းရာဌာန ဖြစ်သော ပတိရူပ ဒေသဝါသစက် အရပ်သို့ ရောက်ရှိပါတယ်။

၂။ ပတိရူပ ဒေသဝါသစက်—ဟူသော သမထ ဝိပဿနာ စီးဖြန်းရာဌာနသို့ ရောက်ရှိသောကြောင့် သူတော်ကောင်းကို အမှီရခြင်းတည်းဟူသော သပ္ပုရိသူပ နိဿယစက်နှင့် တွေ့ကြုံကြ ဆက်ဆံကြရပါတယ်။

၃။ သပ္ပုရိသူပနိဿယစက်-ဟူသော သူတော်ကောင်းနှင့် တွေ့ကြုံ ဆုံကြ ဆက်ဆံကြရသောကြောင့် မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ထိန်းသိမ်းထားနိုင်သော အတ္တသမ္မာ ပဏိဓိစက်ကို ရရှိခံစားကြရပါတယ်။

၄။ အတ္တသမ္မာ ပဏိဓိစက်—ဟူသော မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ထိန်းသိမ်းနိုင်သောကြောင့် ယခုဘဝ မိမိပြုအပ်သော ဘာဝနာကုသိုလ် ပါရမီသည် ပုဗ္ဗေစကတပုညတာစက်ဖြစ်လာပြန်ပါတယ်။ ဤသို့အားဖြင့် စက်လေးပါးသည် ယခုပစ္စုပ္ပန်ဘဝ၌ပင် လည်ပတ်၍ နေပါတယ်။

ယခုပြုလုပ်သော ကတပုညတာစက်သည် အနာဂတ်ဘဝ အတွက် အထောက်အကူအပံ့ပြုသော စက်ဖြစ်၍ အနာဂတ်ဘဝမှ ထောက်ရှုကြည့်ပြန်လျှင် ထို ကတပုညတာ စက်သည်

ပုဗ္ဗေစ ကတပုညတာစက်အဖြစ်ဖြစ်လာပါတယ်။စက်လေးပါး ရှိသည့်အနက် ပုဗ္ဗေစ ကတပုညတာ စက်သည် ကျန် ပတိရူပ ဒေသဝါသစက်၊ သပ္ပုရိသူပနိဿယစက်၊ အတ္တသမ္မာပဏိဓိ စက် သုံးပါးကိုဖြစ်စေကြောင်း၊ အဋ္ဌကထာဆရာက ဖော်ပြ ထားပါတယ်။

ဒါကြောင့် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း တို့သည် ဤစက်လေးပါးနှင့်ပတ်သက်၍ အတိတ်စက်မှပစ္စုပ္ပန် စက်၊ ပစ္စုပ္ပန်စက်မှ အနာဂတ်စက်သို့ အရှိန်ကောင်းစွာဖြင့် လည်ပယ်နေပါလျှင် နောက်ဆုံး၌နိဗ္ဗာန်ရွှေပြည် သို့ ရောက်ကြ ရမည် ဖြစ်ပါတယ်။

ဤစက်လေးပါး တရားတော်နှင့်စပ်၍ ပတိရူပဒေသဝါသ ၌နေရခြင်းစက်တစ်ပါးကြောင့် ပြည့်စုံရပုံသာဓကမှာ-မြတ်စွာ ဘုရားသည် သာဝတ္ထိပြည်၏ မြောက်တံခါးအနီးရွာ၌ ဆွမ်းခံ ပြီးနောက် ပြန်ကြွတော်မူလာခဲ့ရာ တံငါသည် တစ်ဦးနှင့်တွေ့၍ အမည်ကို မေးသောအခါ တံငါသည်က အရိယာ—အမည်ရှိ ကြောင်း၊ အရိယာဟု ခေါ်ကြောင်း လျှောက်ထားသော်။ ထို အခါ သတ္တဝါတို့ကို ညှဉ်းဆဲ မသတ်ဖြတ် သနားကြင်နာ တတ်သောသူကိုသာ အရိယာခေါ်ကြောင်းကို ဓမ္မပဒဒေသနာ ၌ မြတ်စွာဘုရားရှင်က —

န တေန အရိယော ဟောတိ၊ ယေန ပါဏာနိဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ၊ အရိယောတိ ပဝုစ္စတိ။

ဟု ဟောတော်မူပါတယ်။ ဥပါသက၊ ဒါယကာ။ ယေန၊ အကြင်ကြောင့်။ ပါဏာနိ၊ သတ္တဝါတို့ကို။ ဟိံသတိ၊ညှဉ်းဆဲ ၏။ တေန၊ ထိုသို့ညှဉ်းဆဲခြင်းကြောင့်။ အရိယော၊ အရိယာ

မည်သည်။ န ဟောတိ၊ မဖြစ်။ သဗ္ဗပါဏာနံ၊ အလုံးစုံသော သတ္တဝါတို့ကို။ အဟိံသာ မညှဉ်းဆဲခြင်းကြောင့်။ အရိယော တိ၊ အရိယာမည်၏ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏-ဟု ဟောကြားတော်မူသည်၏ အဆုံး၌ တံငါသည်သည် သောတာပန်တည် ပါတယ်။

ဒါ့ကြောင့် စက်လေးပါး တရားတော်ဟာ အကျိုးများလှကြောင်း သိရှိနိုင်ပြီးလျှင် ဤစက်လေးပါးတရားကို မမေ့မလျော့ နှလုံးသွင်းပြီးပြည့်စုံအောင် စောင့်ထိန်းဖို့ လိုပါတယ်။ ဤကဲ့သို့ စောင့်ထိန်းပြီးလျှင် တရားနာ ပရိသတ်အပေါင်းသူတော်ကောင်းတို့သည် မိမိတို့ဘဝကို နှလုံးသွင်း သိရှိထားရမှာက- ပုထုဇဉ်ဘဝဆိုတာ မြဲသော လားရာဂတိ မရှိသေးကြောင်းကို အဘိဓမ္မာပိဋက ဓမ္မဟဒယဝိဘင်း၌—

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂန္တံပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ။

ဟု လာရှိပါတယ်။ ပုညတေဇေန၊ ကောင်းမှုရှိန်စော် အာနုဘော်သည်။ ဥက္ခိတ္တာ၊ အခွင့်သင့်စဉ် မြှင့်တင်အပ်ကုန်သည်ဖြစ်၍။ ကာမရူပဂတိံ၊ ဘုံဆောင်ကြွင်း ဗိမာန်နန်းတို့ တင့်ဆန်းနတ်ဘုံ ဗြဟ္မာဘုံသို့။ ဂတာ၊ ထိန်တဝင်းဝင် အရှိန်ပြင်းလျက် ချဉ်းနင်းဝင်ရောက်ကြ ပုထုဇဉ်မှန်သမျှတို့သည်။ ဘဝဂ္ဂန္တံ။ ဘုံပေါင်းတမွတ်တုဘက်လွတ်ႉသည့် အထွတ်တကဲခြုံ ဘဝဂ်ဘုံသို့။ သမ္ပတ္တာပိ၊ ကမ္ဘာမြောက်မြား အောက်မသွားဖို့ထောက်ထားပလေ ရောက်သွားကြစေကာမူ။ ဒုဂ္ဂတိံ၊ ဒုက္ခအဖုံဖုံ အမျိုးပေါင်းစုံသည့် တလုံလဲလဲ အပါယ်ထဲသို့။ ပုနအာယန္တိ၊ ကောင်း

မှုန်ရိုဖျင်း အဟုန်ကင်းကာ ဒုံရင်းတစ်ဖန် ရောက်ကြရပြန်လေသတည်း။

ထိုဒေသနာတော်အရ ပုတုဇဉ်ဘဝသည် နတ်ပြဟ္မာပင်ဖြစ်ကြသော်လည်း ထိုနတ်ပြဟ္မာတို့၏လားရောက်ရာဂတိမမြဲသေးကြောင်းကို အာရုံပြုပြီး ပုတုဇဉ်ဘဝက လွတ်မြောက်အောင် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မေ့မေ့လျော့လျော့ မနေကြပဲ အပါယ်ဘေးမှ လွတ်မြောက်ကြောင်း တရားများကို အရေးတကြီး ရှာမှီးဖို့လိုပါတယ်၊ ဒါကြောင့် မိမိတို့ဘဝအတွက် အားကိုးရာအစစ်ရှာထားကြဖို့ အကြောင်းကို ဓမ္မဒေသနာတော်၌....

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

အကြင်သူသည် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရသူထက် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းကမြတ်၏ဟု ဟောတော်မူထားပါတယ်၊ ဒါကြောင့် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် သတိပဋ္ဌာန်တရားတော်လာ/အာနာပါနဿတိ စသော သတိပဋ္ဌာန် တရားကို ပွားများအားထုတ်သင့်ကြပါတယ်။ သို့သော် သတိမရှိပါကမပွားသင့်ကြောင်းကို နာဟံ ဘိက္ခဝေမုဋ္ဌသတိဿ အသမ္ပဇာနဿ အာနာပါနဿတိ ဝဒါမိဟု ဥပရိပဏ္ဏာသ ဒေသနာတော်၌ ဟောတော်မူထားသည့်အတွက် သတိတရား ရှိဖို့လိုပါတယ်။ ထိုသတိတရားကို အရအမိ လက်ကိုင်ထားပြီး

အာနာပါနဿတိကို ပွားများ အားထုတ်နိုင်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါတယ် အာနာပါနဿတိကိုပွားများအားထုတ်သည့်ရှိသော်သတိပဋ္ဌာန်လေးပါးနှင့် ပြည့်စုံခြင်း၊ဗောဇ္ဈင်ခုနစ်ပါးနှင့်လဲ ပြည့်စုံခြင်း၊ ဝိဇ္ဇာဝိမုတ္တိနှင့်လဲ ပြည့်စုံခြင်း ဖြစ်ပုံကို အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေတိ-ပ-ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေတိ ဟု ဟောထားပါတယ်။

ထို့ကြောင့် တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့သည် ပုထုဇဉ်ဘဝမှ အရိယာ သူတော်စင်ဘဝ ဖြစ်အောင် အာနာပါနဿတိပွားများအားထုတ်ရန်သင့်ပါတယ်၊လောကီဝိပဿနာကုသိုလ်အဆင့်ကို အခြေခံပြီး လောကုတ္တရာကုသိုလ်အဆင့်သို့ ရောက်ရှိစေနိုင်သော စက်မျိုးကို လည်အောင် လှည့်နိုင်ဖို့ ကြိုးစားအားထုတ်ကြရန် ဖြစ်ပါတယ်။ ယခုအခါ စက်လေးပါး တရားတော်ကို နာကြားရပြီးဖြစ်၍ မိမိအကျိုးနှင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအကျိုးအတွက် ကောင်းမွန်စွာ စက်လည်နိုင်ပါက ပစ္စုပ္ပန်စက် ကောင်းခြင်းကြောင့် အနာဂတ်စက်ကောင်းရခြင်းကို အောက်ပါ ဓမ္မပဒ လာ ဒေသနာဖြင့် တရားတော်ကို နိဂုံးချုပ်ပါမည်။

ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သောပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိံ မတ္တနော။

ကတပုညော၊ ဆည်းပူး အားထုတ် ပြုလုပ်အပ်သော ကောင်းမှုရှိသော သူသည်။ ဣဓ၊ ယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌။

မောဒတိ၊ ဝမ်းမြောက်ရ၏။ ပေစ္စ၊ တမလွန်လောက နောက်ဘဝ၌။ မောဒတိ၊ ဝမ်းမြောက်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန် တမလွန်နှစ်တန်သောဘဝတို့၌။ မောဒတိ၊ ဝမ်းမြောက်ရ၏။ အတ္တံနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ၊ အကုသိုလ် မရောမယှက် သက်သက်စင်ကြယ်သောကုသိုလ်ကံကို (ဝါ) ကုသိုလ်ကံ၏ ပြည့်စုံခြင်းကို ဒိသွာ၊ မြင်၍။ သော၊ ထိုသူသည်။ မောဒတိ၊ ဝမ်းမြောက်ရ၏။ သော၊ ထိုသူသည်။ ပမောဒတိ၊ အထူးထူး အပြားပြား ဝမ်းမြောက်ရလေတော့သတည်း။

၁။ **ဟောကြားသောဆရာတော်**....ဆရာတော် ဘဒ္ဒန္တဉာဏ ဝံသ (နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်)
၂။ **သီတင်းသုံးရာနေရပ်** ....ဇောတိကာရုံကျောင်းတိုက်။ တိုက်ကြီးမြို့။
၃။ **ဟောကြားသည့်ရက်**....၁၃၅၁-ခုနှစ်၊ ဝါခေါင်လကွယ်၊ (၃၀-၈-၈၉)
၄။ **ဟောကြားသည့်နေရာ**....မြန်မာ့အသံမှ အသံလွှင့်ဟောကြားသည်။

○

# ဇရာသုတ္တန် တရားတော်

ဘုန်းကြီးမြန်မာ့အသံကနေပြီးသံယုတ်ပါဠိတော်မှာလာတဲ့ “ဇရာသုတ္တန် တရားတော်” ကို ဟောပါမယ် သူတော်ကောင်း အပေါင်းတို့။

မြတ်စွာဘုရားသခင်ဇေတဝန်ကျောင်းတော်မှာသီတင်းသုံး နေတော်မူစဉ်တချိန်သောညဥ့်ကာလမှာနတ်သားတစ်ယောက် ဘုရားရှင်ထံ ချဉ်းကပ်ရောက်လာပြီး....

ကိံသု ယာဝ ဇရာ သာဓု၊ ကိံသု သာဓု ပတိဋ္ဌိတံ။
ကိံသု နရာနံ ရတနံ၊ ကိံသု စောရေဟိ ဒူဟရံ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....

(၁) အဘယ်တရားသည်၊ အိုသည့်အခါ တိုင်အောင် ကောင်းပါသနည်း။

(၂) အဘယ်တရားသည်စွဲမြဲစွာတည်နေလျှင်ကောင်းပါ သနည်း။

(၃) အဘယ်တရားသည်နှစ်သက်ဖွယ်ရာ ရတနာမည်ပါ သနည်း။

(၄) အဘယ်တရားကို ခိုးသူတွေ မခိုးယူနိုင်ပါသနည်း လို့ပုစ္ဆာလေးချက် သဘောနက်ကို ကွက်ကွက်ကွင်းကွင်း သိမြင် လင်းအောင် ဖြေရှင်းတော်မူပါမည့်အကြောင်းကို ဘုရားရှင် အား ရိုသေစွာ လျှောက်ထား တောင်းပန်လာပါသည်။

အဲဒီနတ်သား၏ အမေးစကား လျှောက်သံကို ကြားတော်မူတဲ့အခါ မြတ်စွာဘုရားရှင်က—

"သီလံ ယာဝ ဇရာ သာဓု၊ သဒ္ဓါ သာဓု ပတိဋ္ဌိတာ။
ပညာ နရာနံ ရတနံ၊ ပုညံ စောရေဟိ ဒုဟရံ။

အို- ဒါယကာနတ်သား....

(၁) ဆံပြု သွားကြွေ သွားရေယိုယွင်း အိမင်းသည့်တိုင်၊ ကောင်းတဲ့တရားက သီလတရားဖြစ်ပါတယ်။

(၂) မိမိသန္တာန်မှာ စွဲမြဲစွာ တည်နေ လျှင် ကောင်းတဲ့ တရားက သဒ္ဓါတရားဖြစ်ပါတယ်။

(၃) လူတို့၏နှစ်သက်ဖွယ်ရာရတနာတရားက ပညာတရား ဖြစ်ပါတယ်။

(၄) ခိုးသူတွေမခိုးယူနိုင်တာက ဒါနစတဲ့ကုသိုလ်ကောင်းမှုတရား ဖြစ်ပါတယ်လို့ သိလိုရေးနှင့် မေးလျှောက်လာတဲ့ နတ်သားအား မေတ္တာရှေ့ထား ကရုဏာတရားဖြင့် ဖြေကြားတော်မူပါတယ်။

ယခုလိုမြတ်စွာဘုရားဖြေကြားဘော်မူသွားတဲ့အချက်လေးချက်ကို ဆက်လက်ပြီး အနည်းငယ် အကျယ်အားဖြင့် ရှင်းပြပါဦးမယ်။ သီလဆိုသော စကားသည် သီရ-သဒ္ဓါနှင့် သီလ-သဒ္ဓါတို့မှ ဖြစ်ပေါ်လာသော စကားဖြစ်ပါတယ်။ ထို သီရသဒ္ဓါနှင့် သီလသဒ္ဓါတို့သည် ဦးခေါင်းဟူသောအနက်ကို ဟောပါတယ်။ သတ္တဝါတို့မှာ ဦးခေါင်းပြတ်၍ ဦးခေါင်းမရှိပါလျှင် ခန္ဓာကိုယ်တစ်ကိုယ်လုံး ပျက်စီးပြီးအသုံးမဝင် အခွံးကြီးခွံးရ

သလို ကုသိုလ်ကောင်းမှုသီလပျက်စီးပြီး သီလကျင့်ဝတ်မရှိခဲ့ပါ လျှင် အလုံးစုံပျက်စီးပြီး အချည်းနှီးဖြစ်၍ အကျိုးခံစားဖို့မရ ရှိနိုင်တော့ပါဘူး။ ဒါကြောင့် သီလတရားသည် ကုသိုလ်တရား ဟူသမျှတို့ရဲ့ ဦးခေါင်းသဖွယ် ဖြစ်ပါပေတယ်။

တစ်နည်းအားဖြင့် လူ့ဘောင်လောက ဟူသမျှ၌ အေး၏ ငြိမ်းအေးခြင်းကို သီတလလို့ ခေါ်ဆိုရပါတယ်။ ဝဏ္ဏလောပ နည်းဖြင့် တ-ကိုချေထားသဖြင့် သီလလို့ဆိုရပါတယ်။သတ္တဝါ တို့ရဲ့သန္တာန်မှာစန္ဒကူးစသော လောကမှာရှိကြသော ဆေးဝါး အမျိုးအပြားတို့ဖြင့် ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်တဲ့ နေ့ညဉ့် မစဲ အမြဲပူလောင်နေတဲ့ ကိလေသာ အပူဟူသမျှတို့ကို သီလ တရားက ငြိမ်းအေးသွားအောင် ပယ်ဖျောက်ခြင်းငှာ စွမ်း ဆောင်နိုင်ပါတယ်။ဂင်္ဂါရေစသည်တို့ဖြင့် ဆေးကြောသုတ်သင် ခြင်းငှါ မစွမ်းနိုင်သော ကိလေသာ အညစ်အကြေးတွေကိုလဲ သီလတည်းဟူသော ရေစင်ဖြင့် ဆေးကြောသုတ်သင် မြူစင်စေ ပါတယ်။ ယခုပြဆိုခဲ့တဲ့ သီလတရားများသည် ရွှေ, ငွေ, ပုလဲ, လည်ရှဲ,နားတောင်း အစရှိကုန်သော များစွာကုန်သောလူတို့၏ တန်ဆာအပေါင်းတို့နှင့် မဆက်ဆံသော သူတော်ကောင်းတို့၏ တန်ဆာအထူးလဲဖြစ်ပါတယ်။ သီလတရားသည် ဆောက်တည် ခြင်း လက္ခဏာရှိသောကြောင့် မည်သူမဆို ဆောက်တည်နိုင်ကြ တယ်၊ ကျင့်သုံးနိုင်ကြပါတယ်။လူများလဲ့ လူ့ကျင့်ဝတ်ဖြစ်တဲ့ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါး စသော သီလများရှိကြပါတယ်။ ရှင်သာမဏေများလဲ ရှင်သာမဏေတို့ အလျောက် ၁၀-ပါး သီလနှင့် လိင်၊ဒဏ်၊သေခိယ၊ စုဒ္ဒသခန္ဓကဝတ်လို့ခေါ်တဲ့ သီလ- များ ရှိကြပါတယ်။ ရဟန်းတော်များမှာလဲ ရဟန်းတော်တို့

အလျောက် အကျဉ်းအားဖြင့် ၂၂၇-သွယ် အကျယ်အားဖြင့် ကုဋေ ကိုးထောင်တစ်ရာ့ ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင်ဆိုတဲ့ သီလတော်များ ရှိကြပါတယ်။

**သီလတရား အရွယ်သုံးပါး တင့်တယ်ပုံ**

လူ့ဘောင်လောကမှာရှိကြတဲ့ ရွှေ, ငွေ, ပတ္တမြား, လည်ရွဲ နားတောင်းအပေါင်းတို့နှင့် အဖြူ,အနီ အစရှိသော ဝတ်စား တန်ဆာမျိုးစုံများသည် လူငယ်,လူလတ်,လူကြီးရယ်လို့ အရွယ် အားဖြင့် သုံးမျိုးသုံးစား ရှိကြသည်တွင် မိမိတို့ အရွယ်အား လျော်စွာ ဝတ်စားဆင်ယင်ပါမှ လှပတင့်တယ်နိုင်ကြပါတယ်။ ကြည့်ရှုလို့ကောင်းကြပါတယ်။ ခလေးသူငယ်တို့၏ ဝတ်စား တန်ဆာများကို လူရွယ် လူလတ်တွေ သက်ကြီး ရွယ် အို တွေ ဝတ်ဆင်ထားပါက မတင့်တယ်-မလှမပ ကြည့်ရှုလို့ မကောင်း ပါဘူး။

၅-ပါး၊ ၈-ပါး၊ ၁၀-ပါး စသော သူတော်ကောင်းတို့၏ တန်ဆာအထူးဖြစ်သောသီလကတော့ မတင့်တယ်သောအရွယ် ကြည့်လို့မကောင်းသောအရွယ်ရယ်လို့မရှိပါဘူး။ခလေးအရွယ် လူမမယ်များ စောင့်ထိန်းလဲ တင့်တယ်လှပါတယ်။ အလယ် အလတ်တန်းတွေ စောင့်ထိန်းရင်လဲ တင့်တယ်ပါတယ်။ လူအို သူအိုကြီးတွေ စောင့်ထိန်းရင်လဲ တင့်တယ်လှပါတယ်။ ဘယ် အရွယ်မဆို အရွယ်သုံးမျိုးသုံးစားလုံးမှာ ယနေ့ ဖွားကာစ ခလေးမှစ၍ ဆံဖြူ သွားကြေ သားရေ ယိုယွင်း အိုမင်းသည့် တိုင်အောင် ခါးဝတ်ပုဆိုးကဲ့သို့ မကျိုးမပေါက် မပျောက် ကြားရအောင် ကျင့်သုံး ဆောက်တည်ထားပါက တင့်တယ် လှပနိုင်ကြပါတယ်။ အဟော့ ဝတာယံ သီလဝါ-ဟု သိမြင်

သော လူအပေါင်းတို့က ရိုသေလေးစားပြီး ကောင်းချီးပေးမှု အံ့ဩမှုပြုကြပါတယ်။ သူတော်သာမက နတ်ဘုံ့ဘုံကသဲ ထို့အတူ ရိုသေလေးစား ကောင်းချီးဩဘာ ပြုကြပါတယ်။

ရှင်သာမဏေများမှာလဲ ရှင်သာမဏေတို့ စောင့်ထိန်းရမည့် ကျင့်ဝတ်သီလသိက္ခာများကို လုံခြုံစွာထိန်းသိမ်းစောင့်ရှောက် ကြည်ညိုလောက်အောင် နေထိုင်သွားပါက လူ့နတ် အများ၏ လေးစားကြည်ညိုခြင်းကို ခံရမှာဖြစ်ပါတယ်။

ရဟန်းတော်များမှာလဲ ရဟန်းတော်တို့၏ သိက္ခာသီလများ သည် အာပရိယန္တ အဆုံးအပိုင်းအခြားမရှိအောင် ဘယ်လောက် ပင် များပြားကြသော်လဲ -

(၁) အာပတ်ခုနစ်ပုံကို ဖြူစင်အောင် သုတ်သင်မှုဆိုတဲ့ ပါတိမောက္ခ သံဝရသီလ။

(၂) အာရုံ ၆-ပါးတို့၌ အဘိဇ္ဈာ ဒေါမနဿစသည် မဖြစ် ပွားအောင် စောင့်ထိန်းမှုဆိုတဲ့ ဣန္ဒြိယသံဝရသီလ ။

(၃) ကုလဒူသက အနေ့သနတို့ကို ရှောင်ရှား၍ ဘုရား အစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော ပစ္စည်းလေးပါးကို မှိဝဲသုံးဆောင်မှု ဆိုတဲ့ အာဇီဝ ပါရိသုဒ္ဓိသီလ။

(၄) ဆိုခဲ့ပြီးသည့် မိစ္ဆာဇီဝတို့မှရှောင်ကြဉ်၍ ရရှိသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံး ဆောင်မှုဆိုတဲ့ ပစ္စယသန္နိဿိတသီလ-

တည်းဟူသော စတုပါရိသုဒ္ဓိသီလခေါ်တဲ့ ဘုရားပညတ်တဲ့ သီလ ၄-ပါးစင်ကြယ်ထားပါက လူနတ်အများ၏ လေးစား ကော်ရော် ပူဇော်ခြင်းကို ခံယူနိုင်ကြမှာ ဖြစ်ပါတယ်။

## သီလရနံ့ လွန်မွှေးပြန့်

လူ့ဘောင်လောကမှာ ရှိကြတဲ့ စမ္ပါယ်, ကြက်ရိုး, ဂမုန်း, ခတ္တာ, နှင်းဆီ, ဒေါန, သော်က, မာလာစသော ပန်းတို့၏ရနံ့နှင့် ယခုမျက်မှောက်ခေတ် သိပ္ပံနည်းအရ ဖော်စပ်ထားသော ရေမွှေး-ပေါင်ဒါစသော ရနံ့တို့သည် လေညာမှ လေအောက် မပြောပလောက် အနည်းငယ် သာ လျှင် မွှေးပြန့်နိုင်ပါတယ်။ လေအောက်မှလေညာသို့ဆန့်တက်၍ မွှေးပြန့်ခြင်းငှာ မစွမ်းနိုင်ပါဘူး၊ လူ့ပြည်တစ်ခုလုံးကိုလဲ မွှေးရနံ့မပေးနိုင်ပါဘူး၊ နတ်ပြည် ဗြဟ္မာပြည် ဆိုတာကိုတော့ ဘယ်မှာ မွှေးပြန့်နိုင်ပါတော့မလဲ၊ ဘယ်နည်းနှင့်မှ မမွှေးပြန့်နိုင်တော့ဘူးပေါ့။

ရဟန်းရှင် လူ မည်သူမဆို သီလရှိသော ပုဂ္ဂိုလ်တို့၏ ဂုဏ်ရနံ့ကတော့ လေညာ လေအောက် ထုတ်ချင်းပေါက်၍ ထက်အောက်မကျန် မွှေးပြန့်နိုင်ပါတယ်၊ လူ့ဘုံမှက နတ်ဘုံ ဗြဟ္မာဘုံတိုင်အောင်လည်း ကောင်းသတင်းနှင့် ကျော်စောသံတွေဟာ ယုံဆုံ ရနံ့ ပြန့်တလှိုင်လှိုင် တကြိုင်ကြိုင်မွှေးကြူနိုင်ပါတယ်။

## သီလရှိမှ လိုတိုင်းရ

'ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ" ဟု အင်္ဂုတ္တိုရ် အဋ္ဌကနိပါတ်၊ ဒါနူပပတ္တိသုတ် လာသည်နှင့်အညီ အရိယာသူတော်ကောင်းတို့သည် နှစ်သက်အပ် ချီးမွမ်းအပ်သော ရဟန်း ရှင် လူ မည်သူမဆို ကိုယ်ကျင့် သီလနှင့်ပြည့်စုံ၍ သီလရှိသူဖြစ်ပါလျှင် လောကီဘက်ဆိုင်ရာ မည်သည့်အရာမဆို မိမိတို့အလိုရှိတိုင်းရနိုင်ပါတယ်။ ဘောင့်တ တိုင်းလဲ ပြည့်စုံနိုင်ပါတယ်။ ထင်တိုင်းလဲ ပေါက်နိုင်ပါတယ်။ ကြံစည်တိုင်းလဲ

အောင်မြင်နိုင်ပါတယ်။ စရိယာပိဋကအဋ္ဌကထာမှာလဲစိန္တာ မဏိ ကူဋသည ပတ္တမြားရတနာကြီးနှင့်တူတယ်၊ ကပ္ပရုက္ခသာ ဒိသ ပဒေသာပင်ကြီးနှင့်လဲ တူတယ်၊ အလိုရှိတာကို ပေးစွမ်း နိုင်ပါတယ်လို့ ထောက်ခံထားပါတယ်။

လောကုတ္တရာဘက်ကြတော့လဲ သီလာနုဿတိအနေဖြင့် မိမိ တို့၏သီလကို ဆင်ခြင်သုံးသပ်လိုက်ပါက စိတ်နှလုံး ရွှင်ပြုံးဝမ်း သာမှု ပါမောဇ္ဇ၊ နှစ်သက်မှုပီတိ၊ ကိုယ်စိတ်နှစ်ပါးငြိမ်းအေးမှု ပဿဒ္ဓိ၊ ချမ်းသာမှုသုခ၊ စာည်ကြည်မှု သမာဓိတရားတွေရပြီး ယထာဘူတဉာဏ် ခေါ်တဲ့ ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော ဝိပဿနာဉာဏ်မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို ရရှိလျက် နိဗ္ဗာန်ကို လည်း မျက်မှောက်ပြုနိုင်ပါတယ်။

## သဒ္ဓါတရား၏ ကောင်းမြတ်ပုံ

သီလတရား၏ကောင်းမြတ်ပုံကို ပြောပြီးတဲ့ အခါ သဒ္ဓါ တရား၏ ကောင်းမြတ်ပုံကို ပြောပြပါဦးမယ်-သူတော်ကောင်း အပေါင်းတို့၊ သဒ္ဓါ တရားသည် သရုပ်အားဖြင့် လေးမျိုးရှိ ပါတယ်။

(၁) အာဂမသဒ္ဓါ = ဘုရားအလောင်းတော်တို့ ဆုပန် သည်မှစပြီး၊ ဒါန သီလစသည် အစဉ်လိုက် ပါလာ သော သဒ္ဓါမျိုး။

(၂) အဓိဂမသဒ္ဓါ = အရိယာ သာဝကတို့၏ မဂ်ဉာဏ်- ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို သိမြင်ရသော သဒ္ဓါမျိုး။

(၃) သြကပ္ပနသဒ္ဓါ။ ရတနာသုံးပါးနှင့် ကံ, ကံ၏ အကျိုးတို့ကို သိမြင်ကြရသောကြောင့် မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါမျိုး။

(၄) ပသာဒသဒ္ဓါ = ကြည်ညိုအပ် ကြည်ညိုသင့် ကြည်ညိုထိုက်သော ဘုရားအစရှိသော ရတနာ သုံးပါးတို့၏ ဂုဏ်တော် တန်ခိုးတော်တို့ကို သိရ, မြင်ရ, ကြားရတဲ့ အခါ ကြည်ညိုသောသဒ္ဓါမျိုးရယ်-လို့ လေးမျိုးလေးစားရှိပါတယ်။

ထိုလေးပါးတို့တွင် ဒီနေရာမှာ သြကပ္ပနသဒ္ဓါမျိုးကို ဆိုလိုပါတယ်၊ ဒီသြကပ္ပန အစလသဒ္ဓါ တရားမျိုးကလေး မိမိသန္တာန်မှာ စွဲမြဲစွာတည်ရှိနေပါလျှင် လူ့ဘုံ လူ့ဘဝမှ အရှုံးမရှိတော့ဘဲ လူဖြစ်ရကျိုး နပ်သောကြောင့် ကောင်းဆိုတဲ့ အမည်ကို ရနိုင်ကြပါတယ်။

## သဒ္ဓါတရားသည် မြတ်သောဥစ္စာ

ကို 'သဒ္ဓီဓ ဝိတ္တံ' ပုရိသဿ သေဋ္ဌံ-ဤလောက၌ ယောကျ်ား မိန်းမဟူသမျှ၏ မြတ်သောဥစ္စာကား အဘယ်ပါနည်းလို့ အာဠဝကဘီလူးက မြတ်စွာဘုရားအား လျှောက်ထားတဲ့ အခါ မြတ်စွာဘုရားက "သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ"အာဠဝက နာမည်ထူး ဒါယကာဘီလူး၊ဤလောက၌ ယောကျ်ား-မိန်းမဟူသမျှ၏ မြတ်သောဥစ္စာကား၊ လောကီ လောကုတ္တရာ သဒ္ဓါတရားနှစ်ပါးပင်တည်းဟု ဟောကြားတော်မူပါတယ်။ လိုရင်းအဓိပ္ပါယ်ကတော့ ရွှေ, ငွေ အစရှိသော ပစ္စည်းဥစ္စာများသည် မိမိတို့အလိုရှိရာ အသုံးအဆောင် အရပ်ရပ်ကို သုံးဆောင်ရခြင်း

ကိုအကြောင်းပြု၍ ရရှိဖြစ်ပွားရသဖြင့် ကိုယ်၏ချမ်းသာမှု ကာယိက သုခ၊ စိတ်၏ချမ်းသာမှု စေတသိကသုခ နှစ်ပါးကို ပြီးမြောက်အောင် ရွက်ဆောင်သလို၊ မွတ်သိပ် ဆာလောင်ခြင်း၊ စသော ဆင်းရဲဘေးကို တားမြစ်နိုင်သလို၊ ဆင်းရဲ မွဲတေခြင်း ဘေးကိုလဲ ငြိမ်းစေနိုင်သလို၊ ပု ဗ်-ပတ္တမြားအစရှိသော အဖိုးတန်ရတနာများကိုလဲ ရရှိနိုင်ခြင်း၏အကြောင်းဖြစ်သလို၊ သိမြင်သူ လူအပေါင်းတို့၏ ကောင်း၏-ကောင်း၏ဟု ချီးမွမ်းခြင်းကို ရွက်ဆောင်နိုင်သလို ဤနည်းတူ လောကီ-လောကုတ္တရာ သဒ္ဒါတရားနှစ်ပါးကလည်း ဆိုင်ရာဆိုင်ရာ လောကီအကျိုး ဝိပါက်ချမ်းသာ၊ လောကုတ္တရာအကျိုး ဝိပါက်ချမ်းသာ နှစ်ပါးတို့ကို ရွက်ဆောင်နိုင်ပါတယ်။ ထိုယုံကြည်ချက် သဒ္ဒါတရားကို အမှီပြုပြီး အကျင့်မှန် လမ်းမှန်ကို ကျင့်ကြံနိုင်ကြသော သူတို့အဖို့ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ အစရှိသော သံသရာ ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကိုလဲ ပယ်ရှားတားမြစ်နိုင်သောကြောင့် မြတ်သောဥစ္စာလို့ ဆိုရပါတယ်။

## သဒ္ဒါတရားရှိမှ ဩဃလေးပါးမှ ကူးမြောက်နိုင်ပုံ

ကထံသု တရတိ ဩဃံ၊ အဘယ်တရားသည် ဩဃလေးခန်း ရေပြင်ကြမ်းကို ဆုံးခန်းတိုင်ရောက် ကူးမြောက်နိုင်ပါသနည်းလို့ အာဠဝက ဘီလူးက သာယာကြည်နူးစွာ မြတ်စွာဘုရားအား မေးလျှောက်တဲ့ အခါ မြတ်စွာဘုရားက "သဒ္ဒါယ တရတိ ဩဃံ" အာဠဝက နာမည်ထူး ဒါယကာဘီလူး သဒ္ဒါတရားဖြင့် ဩဃလေးခန်း ရေပြင်ကြမ်းကို ဆုံးခန်းတိုင်ရောက် ကူးမြောက်နိုင်တယ်လို့ ဖြေကြားတော်မူပါတယ်

ဤကဲ့သို့ အာဠဝက ဘီလူးအား သဒ္ဓါတရားဖြင့် ဩဃ လေးပါးမှ ကူးမြောက်နိုင်ကြောင်းဖြင့် မြတ်စွာဘုရား ဖြေကြားတော်မူချက်ကို ဆက်လက်ပြီး အနည်းငယ် ရှင်းပြလိုပါတယ်။ ယောကျ်ား,မိန်းမဟူသမျှတို့၏ သန္တာန်၌ တည်ရှိနေသော သဒ္ဓါတရားတည်းဟူသော သဒ္ဓိန္ဒြေသည်—

(၁) သူတော်ကောင်းတို့ကို ပေါင်းသင်းမှီဝဲ ဆည်းကပ်ခြင်း-သပ္ပုရိသ သံသေဝ၊

(၂) သူတော်ကောင်းတို့၏ တရားစကားကို နာကြားခြင်း-သဒ္ဓမ္မဿဝန၊

(၃) အသင့်အားဖြင့် နှလုံးသွင်းခြင်း-ယောနိသော မနသိကာရ၊

(၄) လောကုတ္တရာ တရား ကိုးပါးအား လျော်သော သမထဘာဝနာ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်ခြင်း-ဓမ္မာနုဓမ္မပဋိပတ္တိ-

တည်းဟူသော သောတာပတ္တိမဂ်ကို ရကြောင်းဖြစ်သော သောတာပတ္တိယင်တရားလေးပါး၏ အခြေခံမူလအကြောင်းရင်းတရား ဖြစ်ပါတယ်။

ထိုတရားလေးပါးကို သဒ္ဓါတရားနှင့် ပွားများအားထုတ်ပါမှ သောတာပန် အရိယာဖြစ်ပြီး ဩဃလေးပါးကို ကူးမြောက်နိုင်ပါတယ်။ သဒ္ဓါတရားကြောင့်အရိယာဖြစ်၍ ဩဃလေးပါးမှ ကူးမြောက်ပြီးသောသူသည် ဘဝသံသရာ သမုဒ္ဒရာကိုလဲ ကူးမြောက်နိုင်ပါတယ်။ ဝဋ်ဆင်းရဲကိုလဲ လွန်မြောက်နိုင်

ပါတယ်၊ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ပြီး အသင်္ခတနိဗ္ဗာန ဓာတ်ကို မျက်မှောက်ပြုနိုင်ပါတယ်။ ဤကဲ့သို့ သပ္ပုရိသသံသေဝမှစ၍ နိဗ္ဗာန်တိုင်အောင် အကျိုးထူးတရားများကို ရရှိနိုင်ခြင်းသည် သဒ္ဓါတရားရှိမှ သဒ္ဓါတရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်မှသာလျှင် ရရှိနိုင်သည် ဖြစ်သောကြောင့် မိမိတို့သန္တာန်မှာ စွဲမြဲစွာတည်နေလျှင် ကောင်းတဲ့တရားဟာ သဒ္ဓါတရားဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

## ပညာသည် လူတို့အတွက် ရတနာမည်ပုံ

သဒ္ဓါတရား၏ ကောင်းမြတ်ပုံကို ရှင်းပြပြီးဖြစ်၍ ပညာတရား၏ ရတနာမည်ပုံကိုလဲ ပြောပြပါဦးမယ်၊ လူ့ဘုံလူ့ဘဝ လူရယ်လို့ ဖြစ်လာကြလျှင် အသက်မွေးမှု အခြေပြုဖြစ်တဲ့ တစ်တန်း၊ နှစ်တန်းမှစ၍ သင်ကြားရတဲ့ပညာတွေ၊ မိမိတို့ ရိုးရာဘာသာအလိုက် တတ်မြောက်ရတဲ့ ပညာတွေ၊ တောင်သူ လယ်သမားများမှာလဲ ထွန်ယက်စိုက်ပျိုးပုံစတဲ့ပညာတွေ၊ ကုန်သည်ပွဲစားများမှာလဲ ရောင်းဝယ်ဖောက်ကားပုံစသော ပညာတွေ၊ အမှုထမ်း အရာထမ်းများမှာလဲ အဆင့်အတန်းအလိုက် တတ်ကျွမ်းထိုက်တဲ့ ပညာတွေ မရေမတွက်နိုင်အောင် များပြားလှပါတယ်။ ဒါကြောင့် တောသူတောင်သား ဆင်းရဲသားမှအစ တိုင်းပြုပြည်ပြု သာသနာပြုနေကြသော ပုဂ္ဂိုလ်များအထိ မိမိ-မိမိတို့၏ ဆိုင်ရာ လောကီပညာများကို ကျွမ်းကျင်လိမ္မာတတ်မြောက်ပါမှစားဝတ်နေရေး ရှာမှီးရသော ကိစ္စတွေကို ကျော်လွှားကာ ချမ်းသာကြရလေသောကြောင့် လူတို့၏ နှစ်သက်ဖွယ်ရာ ရတနာမည်ပါတယ်။

ထိုမှတစ်ဆင့် တက်၍လောကုတ္တရာဘက်ဆိုင်ရာ ပညာများကို လေ့လာလိုက်စား၍ ရှုမှတ်ပွားများပါလျှင် မိမိ၏ ခန္ဓာကိုယ်၌ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ မမြဲခြင်းသဘော၊ဆင်းရဲခြင်းသဘောတွေကို မိမိ၏ စိတ်ထဲဉာဏ်ထဲ စွဲမှု သတိပြုမိပါက လယ်ပြင်မှာ ဆင်သွားသလို ပုဂ္ဂိုလ်သတ္တဝါမရှိ ရုပ်နာမ်သာရှိ၏ဟု သိသောဉာဏ်၊ ဖြစ်ပျက်ကို သိသောဉာဏ် အစရှိသော ဉာဏ်ပညာတွေ ထင်ရှားစွာ ဖြစ်ပေါ်လာပြီး ယခုရော နောင်ပါ ဘေးရန်ကွာ၍ ချမ်းသာရရလေသောကြောင့် နှစ်သက်ဖွယ်ရာ ရတနာဟု ဆိုအပ်ပါတယ်။

## ကုသိုလ်ကောင်းမှုကို ရန်သူမျိုး ၅-ပါး မခိုးယူ မနှောင့်ယှက်နိုင်ပုံ

ပညာတရား၏ နှစ်သက်ဖွယ်ရာ ရတနာမည်ပုံကို ပြောပြပြီး၍ ကုသိုလ်ကောင်းမှု တရားစုများကို ခိုးသူတွေ မခိုးယူနိုင်ကြောင်းကိုလဲ ပြောပြပါဦးမယ်။

မိမိတို့မှာရှိကြသော ပစ္စည်းဥစ္စာရတနာများသည် ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေသောကြောင့် အများဆိုင်ပစ္စည်းများသာ ဖြစ်ကြပါတယ်။ကိုယ်ပိုင်ကိုယ်ဆိုင် အစစ်မဟုတ်ကြပါဘူး၊စေတီ-ပုထိုး အစရှိသော ဒါနပြုရာခုနစ်ဖြာ၌ လှူဒါန်းပေးကမ်း စွန့်ကြဲမှုစသော ကုသိုလ်ဆုပ်ကို မြှုပ်နှံထားမှသာလျှင် ကိုယ်ပိုင်-ကိုယ်ဆိုင်များဖြစ်၍ ခိုးသူများမခိုးနိုင်တော့ပါဘူး၊လူသွားရာ အရိပ်ပါသလိုအလှူရှင်နောက်သို့ လိုက်ပါလာသောကြောင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသုခ ပြည့်စုံရ၍ ကောင်းဆိုတဲ့ အမည်ကိုရပါတယ်-သူတော်ကောင်း အပေါင်းတို့။

ယခု ဟောကြားခဲ့သော ဇရာသုတ္တန်တရားတော်ကို ရိုသေစွာ နာယူကြကုန်သော သူတော်ကောင်း အပေါင်းတို့သည် သီလကို ကျင့်သုံးနိုင်ကြပါစေ၊ သဒ္ဓါတရား တည်ရှိအောင် ကြိုးစားနိုင်ကြပါစေ၊ အသိအလိမ္မာ ဉာဏ်ပညာများ ကြီးမားနိုင်ကြပါစေ၊ ကုသိုလ်ကောင်းမှု နေ့,ည ပွားနိုင်ကြပါစေ-ဟု တိုက်တွန်းလိုပါတယ်။ ဒီတရားလေးပါးကို မိမိ-မိမိသန္တာန်၌ အစဉ်ကိန်းအောင်းဆောင်ရွက်ပြီး သံသရာတစ်ဖက်ကမ်းသို့ အပြီးတိုင် ရောက်ရှိအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

၁။ ဟောကြားသောဆရာတော် - ဆရာတော် ဘဒ္ဒန္တပညိန္ဒ (စွန်လည်) (နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်)။

၂။ သီတင်းသုံးရာနေရပ် - ဂဏပါမောက္ခကျောင်း၊ တမူးမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဟောကြားသည့်ရက် - ၁၃၅၁-ခုနှစ်၊ တော်သလင်းလကွယ်၊ (၂၉-၉-၈၉)။

၄။ ဟောကြားသည့်နေရာ - မြန်မာ့အသံမှ အသံလွှင့်ဟောကြားသည်။

ဤလောကတွင် . . .

၁။ အပြစ်ကင်းစင်၍ ကောင်းသောအကျိုးကို ဖြစ်ထွန်းစေတတ်သော ကုသိုလ်တရားများနှင့်

၂။ အပြစ်နှင့်တကွ မကောင်းကျိုးကို ဖြစ်ထွန်းစေတတ်သော အကုသိုလ်တရားများဟူ၍ တရားနှစ်ပါးရှိပါသည်။

ထိုတရားနှစ်ပါးတို့တွင် ကုသိုလ်ဖြစ်သောတရားများကို ဓမ္မကံတရားများဟူ၍လည်းကောင်း၊ အကုသိုလ်ဖြစ်သောတရားများကို အဓမ္မကံတရားများဟူ၍လည်းကောင်း ခေါ်ဝေါ်ပညတ်သမုတ်အပ်၏။

ယင်းသို့ဖြစ်၍ မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာ တစ်နေရာတွင်

ဓမ္မာဓမ္မ၊ ကံနှစ်ဝတွင်
အဓမ္မစစ်၊ ထိုကံညစ်ဖြင့်
နစ်၏ပါယ်ရွာ၊ ဓမ္မာကား
နတ်ရွာဂတိ၊ ဆောင်တတ်ဘိ၏

ဟူ၍ ရေးဖွဲ့တော်မူခဲ့ပေသည်။

ဤစာအုပ်တွင် အဓမ္မကံတရားများကို ရှောင်ရှား တတ်၍ ဓမ္မကံတရားများကို ပွားများတတ်ကြစေရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ခေတ်နှင့် အညီ ဟောကြားတော်မူထားကြပါသည်။

စီစဉ်သူ
အရှင်ကုသလဗုဒ္ဓိ (ကောင်းကြွယ်)